
ဆုပြည့်စုံထွန်းစာပေ

## ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိစာစဉ်



၉၁

# နဝမမြောက်ရွှေကျင်သာသနာပိုင်
# စံကင်းဆရာတော်ဘုရားကြီး

ဘဒ္ဒန္တစန္ဒာဘိဝံသ

**ဆုပြည့်စုံထွန်းအယ်ဒီတာအဖွဲ့**

ဆုပြည့်စုံထွန်းစာပေ

အမှတ် - ၅၀၈/၅၁၂ (၂-ခ)၊ ပထမထပ်၊
ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃၊
Mail - qualityph@gmail.com

## ပုံနှိပ်မှတ်တမ်း

**မျက်နှာဖုံး** - မောင်နေကြည်

**ထုတ်ဝေသည့်ကာလ** - ၂၀၁၆ ခုနှစ်၊ မတ်လ (ပထမအကြိမ်)

**ထုတ်ဝေသူ** - ပြည့်စုံထွန်းစာပေ၊ ဒေါ်ခင်မာရွှေ(၀၀၂၅၆)၊


အမှတ် ၅၀၈/၅၁၂ (၂-ခ)၊ ပထမထပ်၊ ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၃၈၃၆၆၄၊ ၃၈၆၈၃၃

**ဖလင်** - Eagle ၊ **စာအုပ်ချုပ်** - ရွှေသမီး၊

**ပုံနှိပ်တိုက်** - ကြိုးပေလွှပုံနှိပ်တိုက်၊ ဒေါ်ယဉ်ယဉ်မွန် (၀၀၂၃၈)

**အုပ်ရေ**- ၅၀၀ အုပ်၊ **တန်ဖိုး** - ၂၀၀၀ ကျပ်




# နဝမမြောက်ရွှေကျင်သာသနာပိုင်
# စံကင်းဆရာတော်ဘုရားကြီး
# ဘဒ္ဒန္တစန္ဒာဘိဝံသ

# မ ာ တိ က ာ


| | | |
|---|---|---|
| အခန်း (၁) | ကျွန်သပေါက်ဘဝမှာ<br>လူအဖြစ်နှင့် ကျွန်မခံတော့ | ၇ |
| အခန်း (၂) | လူ့လောက အရှုပ်အထွေးမှ<br>လွတ်မြောက်ရေးရခဲ့ပြီ | ၄၃ |
| အခန်း (၃) | သာသနာအတွက် အရေးပါသောဘဝ စတင်လာ | ၆၆ |
| အခန်း (၄) | စံကင်းဆရာတော် အမည်တော်ရရှိခြင်း | ၈၆ |
| အခန်း (၅) | ဘူမိနက်သန် အောင်မြေမှန်သည့်<br>မန္တလေးသို့ ပြန်ရောက်ခြင်း | ၁၁၄ |
| အခန်း (၆) | ရွှေတောင်ကြီးဖြင့် ပြိုလေပြီ | ၁၂၄ |
| အခန်း (၇) | ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးဘဝ | ၁၄၁ |

# ဆုပြည့်စုံထွန်းစာပေတိုက်၏ အစီရင်ခံစာ

ကျွန်တော်၏ စာပေတိုက်အနေဖြင့် အမျိုးဘာသာ သာသနာအတွက် အကျိုးရှိမည့် အတ္ထုပ္ပတ္တိစာစဉ်များကို ထုတ်ဝေရန် တိုက်အယ်ဒီတာများ၊ ပြင်ပ ပညာရှင်ဆရာကြီးများနှင့် စည်းဝေးတိုင်ပင်ခဲ့ပါသည်။ ပထမဦးစွာ သာသနာတော်အတွက် ထင်ရှားသည့် ကျေးဇူးကြီးမားခဲ့ကြသော ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိများအား စတင်ရေးသားကြရန် ဆုံးဖြတ်ကြပါသည်။ အယ်ဒီတာအဖွဲ့ဝင် ဆရာကြီးများမှာ ပရိယတ္တိစာပေနှင့် မြန်မာစာပေဘက်တွင် ကျွမ်းကျင်ကြသော ပုဂ္ဂိုလ်ကြီးများဖြစ်သည့်အားလျော်စွာ သူတို့လေ့လာဖတ်မှတ်ထားပြီး စတင်ရေးသားနိုင်သော ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိစာစဉ်ဖြင့်သာ စတင်ရန် အကြံပြုကြပါသည်။ ယနေ့ခေတ်ကာလသည် စာအုပ်ထူထူကြီးများအား အချိန်ပေးဖတ်ရှုရန် ခက်ခဲသည့်အားလျော်စွာ စာမျက်နှာ ၁၅၀နှင့် ၂၀၀အတွင်းစာအုပ်ဆိုဒ်ဈေးနှုန်းတညီတည်းနှင့်ဝယ်ယူဖတ်ရှုနိုင်ရန် စီစဉ် ထားပါသည်။

အယ်ဒီတာအဖွဲ့ဝင်များဖြစ်ကြသော ဦးစိန်လှိုင်(မဟာဝိဇ္ဇာ)၊ ဦးအေးချို (မဟာဝိဇ္ဇာ)၊ ဦးထင်ဇော် (မဟာဓမ္မာစရိယ၊ ဒီယဘာဏက)၊ ကိုရွှေသောင်း ဝင်း(ဓမ္မာစရိယ)၊ ဦးလှသိန်းထွဋ်(ဓမ္မာစရိယ၊ B.A, H.G.P, သာသနာ့ရေးရာ

ပညာရှင်၊ ပိဋကတ်တော် အင်္ဂလိပ်ဘာသာပြန်စာတည်း)၊ ဦးဉာဏ်လင်း (အင်္ဂမဟာအကျော်၊ ပါဠိပါရဂူ)၊ ဒေါက်တာဉာဏ်ထွန်း (တွဲဖက်ဌာနမှူး၊ သုတေသနနှင့် ဘာသာပြန်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ရန်ကုန်)၊ စသည်တို့နှင့် ဆက်လက်ညှိနှိုင်း တိုင်ပင်ကာ စာစဉ်များကို ရနိုင်သလောက် စီစဉ်ထုတ်ဝေသွားမည် ဖြစ်ပါ သည်။

ယခုစာအုပ်ကို ဆရာဦးလှသိန်းထွင်မှ ရေးသား၍ အယ်ဒီတာများက ဝိုင်းဝန်းတည်းဖြတ်ထုတ်ဝေပါသည်။ အခြားသော နိုင်ငံရေး၊ စီးပွားရေး၊ အနုပညာ၊ အမျိုးသားရေးဆိုင်ရာ စသော နယ်ပယ်အသီးသီးမှ ရဟန်း ရှင် လူ ပုဂ္ဂိုလ်တို့၏ အတ္ထုပ္ပတ္တိများအား ရေးသားနိုင်သော ဆရာများအား လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။ လိုအပ်သော အကြံပြုချက်များကိုလည်း ပေးပို့အကြံပြုနိုင်ပါသည်။

**ဆုပြည့်စုံထွန်းစာပေ**

# အခန်း (၁)
# ကျွန်သပေါက်ဘဝမှာ လူအဖြစ်နှင့် ကျွန်မခံတော့

မြန်မာနိုင်ငံတို့၏ ဘုရင်သီပေါမင်းတရားကြီးသည် အင်္ဂလိပ်နယ်ချဲ့ လက်အောက်ကျရောက်ကာ ပါတော်မူသောနေ့က မြင်ကွင်းဖြစ်သည်။

အသက် ၁၅ နှစ်အရွယ်ခန့်ရှိ ပိန်ပိန်ပါးပါး လုလင်ကလေးတစ်ယောက်သည် မြတောင်တိုက်အနောက် ဉောင်ကုန်းတန်းထိပ်မှနေ၍ အများနှင့်အတူ သီပေါမင်းနှင့် မိဖုရားကြီး စုဖုရားလတ်တို့သည် ဗီရိုလှည်းကလေးဖြင့် ကိုလိုနီစစ်သားများအကြားမှ ပါတော်မူသွားသည်ကို ဝမ်းနည်းစွာဖြင့် ကြည့်လျက်ရှိသည်။ အနီးအနားရှိ လူအများမှာလည်း ငိုသူငို၊ အံကြိတ်သူ အံကြိတ်၊တက်ခေါက်သူတက်ခေါက်နှင့်ဖြစ်လျက်ရှိသည်။ထိုလုလင်ကလေးသည် ထိုနေရာမှာပင် ထိုမြင်ကွင်းကိုကြည့်၍ စိတ်ထဲ၌ ခိုင်မြဲသော ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်လိုက်သည် "ကျွန်သားပေါက်ဘဝမှာတော့ ငါ လူအဖြစ်နှင့် သူ့ကျွန်မခံတော့ပြီ။ သာသနာ့ဘောင်ကို ပြန်ဝင်ဖြစ်အောင်ဝင်၍ ကျွန်ဘဝမှ လွတ်အောင် ရုန်းတော့မည်"

ထိုလုလင်ကလေးမှာကိုရင်လူထွက်ကလေးဖြစ်သည်။ မိခင်ကြီးနှင့် အစ်မကြီးများ အဖော်မရှိသဖြင့် အဖော်ရစေရန် ကိုရင်ဘဝမှထွက်ကာ လှည်းမောင်းရင်း မိခင်ကြီးကို လုပ်ကျွေးနေသော လှည်းသမားကလေး ဖြစ်သည်။ ကိုရင်ဘဝမှ ထွက်ခဲ့ရသည့် နဂိုအခြေအနေကပင် သာသနာ့ဘောင်၌ မပျော်ပိုက်၍ ထွက်ခဲ့ရခြင်း မဟုတ်ရကား သာသနာ့ဘောင်သို့ ပြန်ဝင်ရောက်ရန် အမြဲတမ်း စိတ်ကိုဦးတည်ထားခဲ့သူ ဖြစ်၏။ ယခုကဲ့သို့ ထီးသုဉ်း နန်းသုဉ်း မြို့သုဉ်း သုညသုဉ်းသုံးဝတွင် လူဖြစ်လာရ တို့ဘဝသည် သေတော်မှတည့် အော်ကောင်း၏ဟူသော ဆီးပန်းနီဆရာတော်၏ အူလှိုက်သဲလှိုက် ဝမ်းနည်းဆွေးမြေ့စွာ ညည်းညူမှုကိုကြားရသောအခါ မူလအမိဋ္ဌာန်မှာ ပိုမိုခိုင်မြဲသွားသည်။ မြန်မာတို့၏မျက်နှာများတွင် ပြုံးပျော်ရွှင်လန်းမှု ပျောက်ကွယ်၍ ဝမ်းနည်းပူဆွေးမှုတို့ ရိုက်ခတ်ခံနေရပုံမှာ အမိမဲ့သား ရေနည်းငါးပမာ အားကိုးရာ ရှာမရ ဘဝရှေ့ရေး လမ်းစပျောက်နေကြပုံ ပေါ်လွင်နေလေသည်။ ထိုလုလင်ငယ်ကလေးကား ဆုံးဖြတ်ချက်အတိုင်း အကောင်အထည်ဖော်ကာ သူ့ကျွန်မခံ သူ့အောက်မဝင် ဘုရားရှင်၏သားတော်အဖြစ် သာသနာ့ဝန်ကို ထမ်းဆောင်ခဲ့သဖြင့် လူဝတ်ကြောင်ဘဝမှ လွတ်မြောက်ကာ ကိုရင်ဘဝတွင် အခြေခံစာပေကို သင်၊ ရဟန်းဘဝတွင် ပိဋကတ်စာပေ အခြေလှလှ ကျွမ်းကျင်တတ်မြောက်ရပြီး စာချဘုန်းကြီးဘဝဖြင့် ပျော်မွေ့ကာ နောက်ဆုံးတွင် ဆရာတော်၊ ဆရာတော်ကြီး၊ ဘုန်းတော်ကြီးဘဝမှ ရွှေကျင်သာသနာပိုင် သက်တော်ရှည် သက်တော် ၁၀၂ နှစ်ထိ သာသနာ့ဝန်ကို ထမ်းဆောင်ခဲ့သည့် အဘိဓဇမဟာရဋ္ဌဂုရု စံကင်းဆရာတော်ဘုရားကြီးပင် ဖြစ်လေသည်။

စံကင်းဆရာတော်ဘုရားကြီးသည် မိဋ္ဌာန်ချက်ခိုင်ခိုင်ချ၍ သာသနာ့ဘောင်သို့ဝင်ရောက်ကာသာသနာ့ဝန်ကိုစွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည်မှာ သက်တော် ၁၀၂ နှစ်တိုင်အောင် ငယ်မူပြန်ခြင်းမရှိ သူငယ်ပြန်ခြင်းမရှိ ပကတိတည်ကြည်ငြိမ်သက် ထက်မြက်သော စိတ်ဓာတ်၊ မြဲမြံသောသတိ၊ လေးနက်သောသမာဓိ၊ မဆုတ်မနစ်သော ဖွဲလုံ့လဝီရိယစွမ်းအား ဥဿာဟ ခွဲခြမ်းစိတ်ဖြာ ဝေဖန်ဆန်းစစ် သုံးသပ်မျှော်မြင်တတ်သော ဉာဏ်ပညာစွမ်းအားတို့ဖြင့်

ရွှေကျင်ဂိုဏ်းကြီးကို ဦးစီးအုပ်ချုပ်လျက် တွေ့ခဲ့ကြုံခဲ့ ရင်ဆိုင်ခဲ့ရသော ပြဿနာအထွေထွေအရပ်ရပ်ကို ဓမ္မဝိနယသဘာဝနှင့်အညီ ဦးဆောင်မှု ပေးနိုင်ခဲ့သည်။

## ဇာတိဒေသနှင့် လူငယ်ဘဝ

"အင်္ဂါဦးလွင် မင်းတုန်းဘဝရှင်" ဆိုသည့်အတိုင်းပင် မင်းတုန်းမြို့စားသည် ၁၂၁၄ ခုနှစ်၌ နောင်တော်ပုဂံမင်းထံမှ အမရပူရရွှေနန်းကို လွှဲပြောင်းသိမ်းယူခဲ့သည်။ မင်းတုန်းမင်း နန်းတက်သည်နှင့် တစ်ပြိုင်နက် နောင်တော်ပုဂံမင်းလက်ထက်က အင်္ဂလိပ် - မြန်မာ ဖြစ်ပွားခဲ့သော စစ်ပွဲသည် မပြီးမပြေရှိနေခဲ့ရာမှ အင်္ဂလိပ်မြန်မာ ဒုတိယစစ်ပွဲကြီးသည် အလိုအလျောက် ရပ်စဲသွားခဲ့သည်။ ထိုစစ်ပွဲပြေငြိမ်းမှုကို အခွင့်ကောင်းယူ၍ မင်းတုန်းမင်းကြီးသည် မြို့သစ်တည်ရေးနှင့် ပဉ္စမသင်္ဂါယနာတင်ရေး သာသနာတော် သန့်ရှင်းတည်တံ့ရေးတို့ကို အောင်မြင်စွာစီမံနိုင်ခဲ့သည်။ ၁၂၁၇ ခုနှစ်တွင် ပဉ္စမသင်္ဂါယနာတင်ပွဲကြီးအတွက် ပထမခြေလှမ်းဖြစ်သော သာသနာတော်သန့်ရှင်းရေးအတွက် ဓမ္မဝိနယ အမိန့်တော်ပြန်တမ်းကို ထုတ်ပြန်ခဲ့သည်။ အလဇ္ဇီဒုဿီလ သာသနာဖျက်များရန်မှ ကာကွယ်ရန် ဖြစ်သည်။ ၁၂၂၁ ခုနှစ်၌ မြို့ရိုး ကျုံး လောကမာရဇိန်စေတီ၊ သိမ်၊ မဟာအတုလဝေယန်ကျောင်း၊ ပိဋကတ်တိုက်၊ သုဓမ္မာဇရပ်တို့ကို စတင်တည်၍ မြို့တည်မော်ကွန်းစိုက်ခဲ့သည်။ အုတ်ကျစ်ကျောက်အေး မန္တလေးဟု မှတ်သားခဲ့၏။

၁၂၂၂ ခုနှစ်၌ ပဉ္စမသင်္ဂါယနာတင်ပွဲအတွက် လိုရင်းပဓာန၊ ပိဋကတ်သန့်စင်အောင် စိစစ်၍ ကျောက်ထက်အက္ခရာ တင်ခဲ့သည်။ ထိုနှစ်၌ပင် ဓမ္မဝိနယနှင့်အညီ သာသနာပြုတော်မူသော ၁၉ ဝါရ ရွှေကျင်ဆရာတော်ကလေးကို ရှိမ်းမကားရွာမှ ရွှေမြို့တော်သို့ ပင့်၍ ကိုးကွယ်သာသနာပြုစေခဲ့သည်။ ဆရာတော်၏သာသနာပြုမှုကြောင့် ရဟန်းသံဃာလောကတွင် သီလဝန်တို့၏ ဓမ္မဝိနည်းရောင် ထွန်းပြောင်းတောက်ပလာချိန်မှာပင် ပြည်သူတို့ပါ သီလဝန္တဖြစ်ရေးအတွက် ဂရုဓမ္မအမိန့်တော်ပြန်တမ်းကို လစဉ်လဆန်း ၅ ရက်တိုင်း စည်လည်ထုတ်ပြန်ခဲ့သည်။


## စံကင်းဆရာတော်လောင်း ဖွားတော်မူ

မင်းတုန်းမင်းကြီးသည် ရွှေကျင်ဆရာတော်နှင့် ဆရာဒကာလက်တွဲ၍ သာသနာပြုနေစဉ် ၁၂၃၂ ခုနှစ် နတ်တော်လပြည့်ကျော် ၅ ရက် ညဥ့် မြန်မာနာရီ ၂ ချက်တီးကျော်၊ စက်နာရီ ၁၂ နာရီ ၃၀ မိနစ် ၃၀ စက္ကန့် ၆ ရက်အင်္ဂါနေ့သို့ အဝင် ဖြိုးစွာရာသီမှ ခရီးစခဲ့သော တနင်္ဂနွေနေမင်းသည် ကန်ရာသီသို့ အရောက်တွင် ရွှေကျင်ဂိုဏ်းကြီး၏ နဝမသာသနာပိုင်လောင်းလျာ နောင်နှစ်ပေါင်း ၈၀ ကျော်သောအခါ ကျင်းပမည့် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး၏ သံဃနာယကကြီးတစ်ပါးအဖြစ် ဆောင်ရွက်တော်မူမည့် စံကင်းဆရာတော်လောင်းလျာကို မီးရှူးသန့်စင်တော်မူသည်။

ခမည်းတော်ကြီးမှာဦးရေအိုင်ဖြစ်ပြီးမယ်တော်ကြီးကားဒေါ်မင်းထပ်ဖြစ်လေသည်။ ဆရာတော်လောင်းလျာကို ဖွားမြင်တော်မူ၍ သုံးလ ငါးရက်ရောက်သောအခါ ပဥ္စမသင်္ဂါယနာပွဲကြီးကို မန္တလေးမြို့၌ ကျင်းပခဲ့သည်။ သင်္ဂါယနာနှစ်တန်းမီလိုက်သော ထူးခြားသည့် သက်တော်ရှည်ဆရာတော်ကြီးဖြစ်သည်။

## အဘိဓဇမဟာရဋ္ဌဂုရု စံကင်းဆရာတော်ဘုရားကြီး၏ ဇာတာတော်

ဇယတု။ သက္ကရာဇ် ၁၂၃၂ ခု ဒီယနစ်ကြွင်း ၁၃၂ ရသာ၊ နတ်တော်လပြည့်ကျော် ၆ ရက် ၃ အင်္ဂါနေ့သို့အဝင် (၁၈၇၀ ပြည့် ဒီဇင်ဘာလ ၁၃ ရက်) မြန်မာပဟိုရ်ညဥ့် နှစ်ချက်တီးကျော် ၁ နာရီ ၂ ပါဒ် ၆ ဗီဇနာ၊ ၁ ပြာဏ်၊ ၇ ခရာ အချိန်ကန်လင် ကြကင့်စန်း ၂ လ်ာ ဟောရက် ၄ ဟူးတရင်း ၅ တေးနွင်းနက္ခတ် ၁၁ လုံး၊ ၃ ပါဒ်၊ ၃ ယင်္ဂီ၊ ၃၁ ဝိယင်္ဂီ၊ ၂၄ အနုယင်္ဂီထက် လင်္ဂစီးလျက် ထိုနာရီ၏ တည့်နက္ခက်ကား အဒြနက္ခတ်၊ ၆၈ အံသာ ၇ လိတ္တာ မွန်းတည့်သော မင်္ဂလာအခါတွင် ရတနာသုံးပါး ဦးထိပ်ထားလျက် ဘုန်းပညာလက္ခဏာနှင့်ပြည့်စုံစွာသော သတို့သား (မောင်ကောင်း) ကို မာတာမိခင် ဖွားသန့်စင်သည် နာမဘွဲ့တော်ကား ဘဒ္ဒန္တစန္ဒာဘိဝံသဆရာတော်ဘုရား၏ ဇာတာ၊ အာယု ၁၂၀ ရှည်စေသော်ဝ်။




၆ စင်
၂ ၈
၉ ၁
၄၅ ၉
၉
၅၆

| | |
|---|---|
| ၉ | ၃ |
| ၁၂ | ၀ |
| ၁၅ | ၂၄ |
| ၁၈ | ၂၁ |

ဦးကောင်းဟူသော ငယ်မည်နှင့် စံကင်းဟူသော နာမည်ကျော် အမည် နှစ်ရပ်ကို ပေါင်းစပ်လိုက်လျှင် ဦးကောင်းစံကင်း ဖြစ်လာသည်။ နံသင့်ဂဏန်းကောက်ယူသောအခါ ၁၂၃၂ ဖြစ်သဖြင့် ဆရာတော်၏ ဖွားသက္ကရာဇ်အတိုမှတ်ရန် လွယ်ကူပြန်သည်။

## ဇာတိဒေသ လင်းယဉ်ရွာက

ဇာတိမြေဒေသမှာ စစ်ကိုင်းတိုင်းမြောက်ဘက် ရွေးမြန်မာအတိုင်း အတာအရ ၈ တိုင်၊ ယခုလက်ရှိမြစ်ကြီးနားသွား မီးရထားလမ်း ခက်ခဘူတာမှ အနောက်ဘက် ၄ မိုင်အကွာနှင့် ရွှေဘိုကားလမ်း ဆားတောင်မငါးရွာ၏ အရှေ့ဘက် ၅ မိုင်ကွာဝေးသော လင်းယဉ်ရွာဖြစ်၏။ အနီးအနားရှိ ဘောက်သောက်ရွာနှင့်တွဲ၍ "လင်းယဉ်ဘောက်သောက်" ဟု လူသိများ၏။ တစ်ရွာနှင့်တစ်ရွာ တစ်မိုင်ခန့် ဝေးကွာ၏။ လင်းယဉ်ရွာဟောင်းသည် မြောက်ဘက်က ဖြစ်၏။ ဘောက်သောက်ရွာဟောင်းက တောင်ဘက်မှာ ရှိ၏။ ပင်းယခေတ်ကပင် ထင်ရှားစည်ကားသောရွာကြီးများဖြစ်၏။ ၁၂၄၉ ခုနှစ်မတိုင်မီမန္တလေးခေတ်၌ ကား ကုန်းကြီးရွာ၊ တောင်ကုန်းရွာ၊ ရှမ်းကုန်းရွာများတိုးလာ၍ လင်းယဉ်ငါးရွာဖြစ်လာ၏။ လင်းယဉ်ရွာသူကြီးမှာဦးလူသဲဖြစ်၏။ ဦးလူသဲသည်သာသနာရေး

တာဝန်ခံဆရာတော်တို့၏ ဩဝါဒကိုနာခံ၍ အုပ်ချုပ်ရ၏။ ရွှေကျင်ဆရာတော်ကြီး၏ညီနှစ်ဝမ်းကွဲတော်စပ်သော ဘုန်းကြီးဦးနရိန္ဒမှာ လင်းယဉ်ရွာသာသနာရေး တာဝန်ခံ ဖြစ်သည်။ စံကင်းဆရာတော်လောင်းလျာ၏ မိဘများသည် ဘုန်းကြီးဦးနရိန္ဒဩဝါဒခံ လင်းယဉ်သူကြီးအုပ်ချုပ်သော တောင်ကုန်းရွာ၌ မီးရှူးသန့်စင်ဖွားမြင်ခဲ့သည်။ ထို့ကြောင့်ပင် "ဦးကောင်းစံကင်း ထေရ်မင်းဖွားမြင် ရွာလင်းယဉ်" ဟု မွေးသက္ကရာဇ်နှင့် မွေးရပ်မြေဇာတိဒေသကို မှတ်တမ်းတင်နိုင်ခဲ့သည်။

လင်းယဉ်မြေသည် သာသနာပိုင်ဆရာတော်ကြီးကဲ့သို့သော သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်ကျော်ကြီးကို မွေးဖွားပေးခဲ့သကဲ့သို့ပင် အသခ်ယာစောယွမ်း တရဖျားကြီးစသော မင်းတရားကြီးများနှင့် မြန်မာ့ကဗျာစာဆိုတော် အကျော်အမော် ရှင်မဟာရဋ္ဌသာရ ဆရာတော်ကြီးသည်လည်း လင်းယဉ်အနွယ်ဝင်ပင် ဖြစ်ပေသည်။

## ကိုယ့်အမည်ကို သယ်ဆောင်လာ

ဆရာတော်လောင်းသည် အရွယ်နှင့်မလိုက်အောင် ဆိတ်ငြိမ်မှုကို နှစ်သက်၏။ မွေးကင်းစကပင် စိတ်ကောင်း၏၊ အေးချမ်း၏၊ မိဘကို ဒုက္ခမပေး၊ ဘေးလူကို အနှောင့်အယှက်မပြု၊ အပူဒဏ် အအေးဒဏ်ကို သည်းခံတတ်၏။ ဤသို့သော သဘောကို မြင်တွေ့သိမြင်ရသော ဗေဒင်ဆရာ ဦးသာညိုသည် သားငယ်အတွက် ရက်ချုပ်ရေး၍အမည်ပေးရန် တွက်ချက်ကြည့်ပြီး တဲနီးချင်း ဦးရေအိုင် ဒေါ်မင်းထပ် တို့ကိုရက်ချုပ်ရေးမေး၏။ "ကလေးက သူ့နာမည်နဲ့ သူလာတာပဲ၊ ကောင်းတဲ့ကလေးဆိုတော့ မောင်ကောင်းပေါ့" ဤသို့ဖြင့် အနွတ္ထသညာ မောင်ကောင်းဟူသော အမည်ကို ပိုင်ဆိုင်လာတော့သည်။

## မွေးချင်းများ

ဆရာတော်တွင်မွေးချင်းအနေဖြင့်၆ယောက်ရှိသည်။မောင်ကောင်းမှာ ဒုတိယသားဖြစ်သည်။ အစ်မ မလှအုံ၊ နမ မလှဆုံ၊ နမ မလှယုံ၊ ညီ

မောင်လူလု၊ ညီ မောင်လူဘ၊ ညီ မောင်ချစ်ပိုတို့ ဖြစ်ကြသည်။ မလှအုံသည် မွေးချင်းတို့တွင် အကြီးဆုံးဖြစ်သည်။ မလှအုံနှင့် မောင်ကောင်းမှာ မိတူဖတူ ဖြစ်၍ ကျန်နမများနှင့် ညီများမှာ အမိတူအဖကွဲများ ဖြစ်ကြသည်။ အိမ်ထောင်ကျသူကျ၍ သားသမီး မြေးအဆက်အနွယ်များသာ ကျန်ကြတော့သည်။

## တဲကလေးမှ ရွှေမြို့တော်သို့

"ကောင်းမှုရှင်ပင်ဖြစ်သော်လည်း ကောင်းမှုကံ မရင့်မှည့်သေးသမျှ ကောင်းကျိုးမခံစားရသေးဘဲ အည့်များနှင့် တွေ့ရသေး၏။ အကြင်အခါ၌ ကောင်းမှုကံရင့်မှည့်၏။ ထိုအခါ ကောင်းမှုရှင်ပီပီ အလီလီသော ကောင်းကျိုးတို့ကို တွေ့လာရတော့သည်" ဟု ဘုရားရှင်ဟောပြတော်မူခဲ့သည့် ကုသိုလ်၊ အကုသိုလ် သဘာဝဓမ္မအကျိုးပေးအလှည့်အခွင့်ကို ချဲ့ဖွင့်ဟောပြတော်မူခဲ့သကဲ့သို့ပင် အတိတ်က အလုပ်ကောင်းလုပ်ခဲ့သော မောင်ကောင်းလေးသည် ကလေးငယ်ဘဝက ကုသိုလ်အကျိုးသက်ရောက်မှု ခံစားခွင့်မရသေးပေ၊ ထိုးမည့်ဆင် နောက်တစ်လှမ်းဆုတ်ဆိုသည့်အလား အခွင့်ကြုံမှ စုပြုံအကျိုးပေးမည့်ဟန်ဖြင့် ငုပ်ကွယ်၍ နေခဲ့သည်။ ထို့ကြောင့်ပင် လူ့လောကထဲသို့ ရောက်လာကာစကံကြီးရှင်မောင်ကောင်းသည်ဆိုးဝါးသောလောကဓံကျီစားမှုကို ခံရတော့၏။ လူ့လောကသို့ခြေချ၍ မကြာမီမှာပင် ဖခင်ကြီးကွယ်လွန်ခဲ့သည်။ မိသားစုအတွက် ရွှေတောင်ကြီး ပြိုလေပြီ။ မယ်တော်ကြီးဒေါ်မင်းထပ်သည် လူမမယ်ကလေးနှစ်ယောက်နှင့် ကသီလင်တဖြစ်ရသည်။ နောက်ဆုံးတွင် မိမိရပ်ရွာလင်းယဉ်၌ ဆက်လက်နေထိုင် လုပ်ကိုင်စားသောက်ရန် အခက်အခဲတွေ့လာသဖြင့် ညီမများရှိရာ မန္တလေးနေပြည်တော်သို့တက်ပြီး ကျပန်းအလုပ် လုပ်ကိုင်စားသောက်ခြင်းက ပိုမိုအဆင်ပြေနိုင်မည်ထင်၍ တဲကလေးကိုပိတ်ဆို့ပြီး သားအမိသုံးယောက် မန္တလေးရွှေမြို့တော်ကြီးသို့ တက်လာခဲ့ကြသည်။ မန္တလေးမြို့ သူဌေးတန်း (ယခုကြေးနန်းရုံး မြောက်ဘက်ဝင်းတောင်ဘက်တန်း)၌ အခြေအနေပေးသမျှ နေထိုင်ကြရလေသည်။ တစ်နေ့၌ ဒေါ်မင်းထပ်သည် ညီမများနှင့် အဆင်မပြေသဖြင့် ရင်သွေးငယ်မောင်ကောင်း

ကို ချီပွေ့လျက် နေအိမ်မှထွက်ခဲ့၏။ အမရပူရတောင်သမန်ရွာ အမျိုးများအိမ် သွားမည်စိတ်ကူး၍ လာခဲ့၏။ လောကဓံကျီစားမှုကိုမသိဘဲ နေပူထဲတွင် မိခင် ရင်ခွင်ရိပ်၌ စိတ်ချက်လက်ချ မှေးအိပ်လျက် လိုက်ပါလာခဲ့၏။ သားကလေး နိုး သွားမှာစိုး၍ ဒေါ်မင်းထပ်သည် ဘုရားကြီးတိုက်အနီးဇရပ်တွင် ခဏနား၏။ ကလေးကို တယုတယချပြီး သိပ်၏။ အေးချမ်းစွာအိပ်ပြီး ဘာမှမသိဘဲရှိနေ သော သားငယ်ကိုကြည့်ရင်း မိမိတို့၏ ဘဝအခြေမလှပုံတွေးမိကာ မျက်ရည် များ တွေတွေကျခဲ့ရသည်။ ထိုအချိန်မှာပင် ကျောက်ဆည်နယ်က ဘုရားဖူး တစ်စု အထုပ်အပိုးတွေနှင့် ရောက်လာပြီး "အလို ရှင်ထပ် မှတ်တယ်"ဟု အဒေါ်ကြီးတစ်ဦးက ဆို၏။ "ဘောက်သောက်က အစ်မများပါလား။ အခု ကျောက်ဆည်ဘက် နေကြမဟုတ်လား" စသည်ပြောဆိုနှုတ်ဆက်ကာ သား အမိနှစ်ယောက် အခြေအနေကိုကြည့်၍ သနားသွားပြီး တတ်အားသမျှ ဝိုင်းဝန်းထောက်ပံ့လိုက်ကြ၏။

"ဒကာမကြီးအပေါ် ဒီကျေးဇူးတစ်ခုကိုပဲ ဆပ်လို့မကုန်နိုင်ဘူး။ ခရီး သွားတုန်းဖြစ်ပေမဲ့ ချမ်းချမ်းသာသာ အိပ်ပါစေဆိုတဲ့ မေတ္တာစေတနာနဲ့ ခရီး ဆိုင်းပြီး သိပ်တယ်။ မိဘမေတ္တာ သည်မျှကြီးပေတယ်လို့ အမြဲတမ်း သတိရ လွမ်းဆွတ်မိတယ်" လို့ ဆရာတော်ကြီးသည် အကြောင်းတိုက်ဆိုင်တိုင်း မယ်တော်ကြီး၏ဂုဏ်ကျေးဇူးကို သတိတရပြောလေ့ရှိသည်။ စံကင်းမှပြန်ကြွ လာခြင်း၊ လင်းယဉ်ရွာ၌ ဝါဆိုခြင်း စသည်ဖြင့် ချီးမြှောက်ခဲ့သည်။

## စာတော်ပြန် သွား မင်းသားကလေး

ဒေါ်မင်းထပ်တို့ မြို့ပေါ်တက်၍ ရရာအလုပ်ဖြင့် အသက်မွေးရ၍ ဆင်းရဲသော်လည်း မြို့တော်အဆောင်အယောင်ထည်ဝါမှုကြောင့် ကျက်သ ရေမင်္ဂလာရှိသော အတွေ့အထိကို တွေ့ထိခံစားရသည့်အခါ ကြည်နူးမှုလေး များကို ခံစားရသည်။ မြို့၏ ထည်ဝါမှုတွင် နစ်မျောမိကြသေး၏။ သားအမိ ပြန် လည်တွေ့ဆုံသည့် အိပ်ရာဝင်ရာ ညအခါ၌ လေအပင့်တွင် လွင့်ပျံလာသော နန်းတွင်းမှ နောင်... ဒိုင်း... ဟူသော ဗဟိုရ်သံ၊ ကျုံးတော်တွင်း ရေကင်းလှည့်

သော လေ့ငယ်တို့မှ တီးမှုတ်သော ရေကင်းသံတို့ကို ကြားရသည့်အခါ ပိုမိုကြည်နူးစရာ ဖြစ်နေတော့၏။ ပြလမ်းတစ်လျှောက် "နီးနီးကြားကြား အိပ်ကြဗျ" ဟူသောကင်းသမားအော်သံသည်ပင်နားထောင်ကောင်းသလိုဖြစ်နေ၏။ စားဝတ်နေရေးအတွက် စိတ်ပျက်ရမှုရှိတတ်သော်လည်း ကြည်နူးဖွယ်မြို့ကျက်သရေတို့ကို ကြားရတွေ့ရ ခံစားရသောအခါ ဒုက္ခကိုပင် မေ့ပျောက်သွားတတ်လေသည်။

မောင်ကောင်း လေးနှစ်သားအရွယ် အသိစိတ်ကလေးဝင်စပျိုးပြီး စူးစမ်းလိုစိတ် စူးစမ်းသောအကြည့်ဝင်လာပြီ ဖြစ်သည်။ ၁၂၃၇ ခုနှစ် နယုန်လဆန်း ၁၅ ရက်နေ့တွင် မန္တလေးတောင်အနီး ကျောက်တော်ကြီးဘုရားဝန်းကျင်သုဓမ္မာဇရပ်တန်းအနီးအပါး၌ ရဟန်းရှင်လူတို့ ပြည့်ကြပ်နေ၏။ "သီပေါမြို့စားကလေး ပထမပြန်ပွဲဝင်မတဲ့၊ စာပြန်ထွက်တော်မူလာမတဲ့၊ တယ်ပြီး ပါရမီထူးတဲ့ မင်းသားကလေးပဲ" စသည်ဖြင့် ပြောဆိုသံမစဲဖြစ်နေသည့် လူအုပ်ကြီးထဲတွင် ဦးလေးဖြစ်သူ ဦးရွှေရင်၏ပခုံးထက်က လေးနှစ်သားအရွယ် မောင်ကောင်းသည် လူမျိုးစုံတို့ကို လိုက်ကြည့်နေ၏။ ထိုစဉ်မှာပင် သီပေါမင်းသားကလေးသည် ရွှေနန်းတော်ကြီး ဦးထိပ်တံခါးဆီမှ စည်တော်စုံ တီးရွမ်းသံနှင့်အတူ ရထားဆင်မြင်း ရှေ့ဝင်းနောက်ဝင်းခင်းလျက် မင်းညီမင်းသား မှူးမတ်အပေါင်း ခြံရံကာ ထွက်ကြွလာသည်။ ထွက်တော်မူလာပြီဟူသော အသံနှင့်အတူ လမ်းအနီးနေသူတို့ ပုဆစ်မြေချ ထိုင်လိုက်ကြသည်။ ဦးလေးပခုံးပေါ်က လေးနှစ် သားမောင်ကောင်းသည် လှည့်ပတ်ကြည့်လိုက်သောအခါ ဝေါတော်ပေါ်က ခေါင်းပေါင်းဖြူဖော့လုံးနှင့် ၁၇ နှစ်အရွယ် သီပေါမင်းသားလေးကို စူးစိုက်ကြည့်နေ၏။ သူ့ကို လူတွေက ထမ်းသွားကြတယ်။ ငါ့ကိုလည်း ဦးလေးက ထမ်းထားတာပဲဟု တွေးနေမိသည်။

## ခရစ်ယာန်ကျောင်းမှ သာသနာပိုင်လောင်း ကျောင်းသားလေး

အမေထပ်တို့မိသားစု သူဌေးတန်းရပ်ကွက်မှ ရိုးတိုက်ကြီးအနီး ခရစ်ယာန်ကျောင်းအနောက်ဘက် မန်ကျည်းပင်ဈေးသို့ ပြောင်းရွှေ့သည်။ မောင်

ကောင်း ငါးနှစ်အရွယ်ရှိပြီး တစ်နေ့သောအခါ မောင်ကောင်းသည် ခရစ်ယာန်ဘုရင်ဂျီကျောင်းအနီး၌ နေရသည်ဖြစ်ရာ ကျောင်းနားချိန်တိုင်း ထိုကျောင်းသို့သွား၍ အိမ်နီးချင်းဖော်များဖြစ်ကြသော မောင်ပု၊ မောင်စုစသော သူငယ်ချင်းများနှင့် ကစား၏။ ထိုနေ့မှာ နောက်ကျနေသဖြင့် ကျောင်းတက်ခါစ စာမအံ့မီအချိန်ရောက်သွား၏။ စာအံသံလည်း မကြားရ၊ ကစားဖော်ကျောင်းသားများကိုလည်း မတွေ့ဖြစ်သဖြင့် ကျောင်းပေါ်သို့ တက်သွား၏။

မင်း ဘာလို့လာသလဲ စာသင်ချင်သလားဟု ဆရာကြီးက မေး၏။ မောင်ကောင်းကလေးကလည်း ဟုတ်ကဲ့ စာသင်ချင်ပါသည်ဟု ဖြေ၏။ ဆရာကြီးသည် ကကြီး ခခွေး သင်ပုန်းကြီးအနီးတွင် ထိုင်နေကြသော ကလေးများအနီးတွင် နေရာပေးလေသည်။ ထိုနေ့ကစ၍ ခရစ်ယာန်ဘုရင်ဂျီကျောင်းသားဖြစ်လေသည်။ အိမ်နီးချင်းမောင်ပု၊ မောင်စုတို့နှင့် ကျောင်းသို့မှန်မှန်သွား၏။ မောင်စုမှာနောင်အခါရေနံချောင်းမြို့ခရစ်ယာန်ကျောင်းဘုန်းကြီးဖြစ်သွား၏။ ခရစ်ယာန်ဘုရားရှိခိုးများချပို့သင်ကြားပေးသဖြင့်ရနေ၏။ ခရစ်ယာန်နှစ်သက်ကူးအခါ၌ ကျောင်းသားကြီးများဦးစီးလျက် ငွေကောက်ခံကာ သံတဲကျောင်းဆရာကြီးထံ သွားကြရ၏။ ပန်းစီးလက်ဆောင်ပေးကြရ၏။ ဆရာကြီးက ပိုက်ဆံဝေ၏။ ဟိုအိမ် သည်အိမ်လှည့်ပတ် ပျော်ရွှင်ကြ၏။

ရိုးတိုက်နေရာရှိ အင်္ဂလိပ်ကုမ္ပဏီကြီးတစ်ခုက အင်္ဂလိပ်မလေး ဒေစီဒက်ကီတို့နှင့် ခင်မင်ကြ၏။ အစ်မဖြစ်သူ မလှအုံနှင့် မိန်းမချင်းဖြစ်၍ ပိုခင်ကြ၏။ အထူးအဆန်းပစ္စည်းလေးများကို ပေးသဖြင့် ဝမ်းသာရ၏။ တစ်နှစ်ကျော်နှစ်နှစ်နီးပါး ကြာသွားသည်။

## ဗုဒ္ဓဘာသာကျောင်းသို့ မိခင်ကြီးက ပို့ဆောင်ပေး

မယ်တော်ကြီး ဒေါ်မင်းထပ်သည် အင်္ဂလိပ်ခရစ်ယာန် အသိုင်းအဝိုင်းအတွင်း မိမိရင်သွေးငယ် ရောက်နေသည်ကို အနည်းငယ်မျှ မနှစ်မြို့ပေ။ ခရစ်ယာန်အယူအဆ ဘုရားရှိခိုးစာပေတို့အောက် ကျရောက်သွားလျှင် မိမိသားလေးဘဝတစ်ခုလုံး ဆုံးရှုံးနစ်နာတော့မည်။ ဗုဒ္ဓဘာသာ မိဘနှစ်ပါးမှ မွေး

ဖွားသူပီပီ မြန်မာ့စဉ်လာ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုဖြစ်သည့် "နှစ်ဆယ့်လေးပွင့် ပန်းသုံးဆင့်၊ ကိုယ်နှင့်မကွာ ပန်ရမည်" ဟူသော မြန်မာ့ယဉ်ကျေးမှုအမွေ ဗုဒ္ဓ ဘာသာဓလေ့ထုံးစံကို မပန်ဆင်ရက ရင်သွေးငယ် ဒုက္ခရောက်တော့မည်ဟု နားလည်ထား၏။

မြန်မာဗုဒ္ဓဘာသာတို့သည် ဘုရားဂုဏ်တော်ပန်းကိုးပွင့်၊ တရားဂုဏ် တော်ပန်း ခြောက်ပွင့်၊ သံဃာဂုဏ်တော် ပန်းကိုးပွင့် ပေါင်း ၂၄ ပွင့်သော ဂုဏ် တော်ပန်းနှင့် ဘုရားတည်းဟူသော အမြတ်ဆုံးပန်း၊ တရားတည်းဟူသော အမြတ်ဆုံးပန်း၊ သံဃာတည်းဟူသော အမြတ်ဆုံးပန်းဟူသော သရဏဂုံပန်း သုံးပွင့်၊ ရတနာသုံးပါးတည်းဟူသော အမြတ်ဆုံး ပန်းသုံးပွင့်တို့ကို ကိုယ်နှင့် မကွာ ပန်ဆင်ထားရမည်။ ဂုဏ်တော် ၂၄ ပါး ပဋ္ဌာန်းပစ္စည်း ၂၄ ပါးနှင့် သရဏဂုံ သုံးပါး၊ ရတနာသုံးပါးတို့ကို အသက်နှင့်ထပ်တူ ခံယူဆောင်ထားရမည်ဟု ဗုဒ္ဓ ဘာသာ မြန်မာတို့ရင်ဝယ် သံမှိုနက်သကဲ့သို့ ခံယူစွဲမြဲပန်ဆင်မြဲဖြစ်သည့် ဤ ပန်းမြတ်တို့ကို ပန်ဆင်ထားမှ ဘဝသံသရာခရီးလမ်းဝယ် ဖြောင့်တန်းမည်။ ပန်ဆင်ခွင့်မရပါက အပါယ်လေးပါး ဘေးကြီးနှင့် ဒုဂ္ဂတိဘေးကြီးတို့ ကြုံတွေ့ရ မည်ဟု မှန်ကန်စွာ ယုံကြည်ထားကြသည်။

ပျံ့လှိုင်စွင့်စွင့် ဂုဏ်ပန်းဆင့်ကို လေ့လာခွင့်ရဖို့ လိုပေသည်။ ဗုဒ္ဓ သာသနာတော်၏ အေးရိပ်ကို ခိုလှုံရပါမှ သဒ္ဓါစိတ်အားပြည့်လျက် နှစ်ဆယ့် လေးခုသော ပန်းမြတ်များနှင့် သုံးဆင့်သော ဂုဏ်အမြိုက်ကို ရင်ဝယ်ပိုက်နိုင် ကြပေလိမ့်မည်။ ဂုဏ်တော်ပန်းနှင့် သရဏဂုံပန်း နေ့စဉ်ဆောင်ထားပန်ထားဖို့ ဆိုလျှင် ဗုဒ္ဓယဉ်ကျေးမှုကို ပို့ချပေးသော ဗုဒ္ဓသာသနာပြု ဘုန်းတော်ကြီး ကျောင်းသို့ ပို့အပ်ရမည် ဖြစ်သည်။ ထို့ကြောင့် ဇာတိရပ်မြေသို့ ပြန်ရန်လိုအပ် လာတော့သည်။ လင်းယဉ်ရွာရှိ ရွာဦးကျောင်းဆရာတော် ဘုန်းကြီးဦးနရိန္ဒ သည် ဗုဒ္ဓတရားတော်တို့ဖြင့် တန်ဆာဆင်ထားသော မြန်မာ့ယဉ်ကျေးမှုစာပေ တို့ကို အခြေခံကစ၍ သင်ကြားပေးလျက်ရှိသည်။ ရင်သွေးငယ်၏ဘဝသည် နနယ်သေးသည်။ ပတ်ဝန်းကျင်မကောင်းလျှင် ဗုဒ္ဓဘာသာဘဝမှ ဘာသာ တစ်ပါးသို့ပြောင်းသွားနိုင်သည်။ ဤအရေးသည် ရင်သွေးငယ်အတွက် အရေး

ကြီးလှသည်။ ဒီဘဝလူဖြစ်လာပါလျက် သံသရာတစ်လျှောက် အပါယ်လေးပါး သို့ ရောက်ရမည့်အရေးဖြစ်၍ မိမိဒုက္ခခံကာ ကယ်တင်ရတော့မည်ဟု ဆုံးဖြတ် ချက်ချလိုက်သည်။

ထို့ကြောင့် ၁၂၃၉ ခုနှစ်၌ တစ်နှစ်ကျော် နှစ်နှစ်နီးပါး ဆက်ဆံထိတွေ့ ခဲ့ရသော ခရစ်ယာန်အသိုင်းအဝိုင်းနှင့် မန္တလေးနေပြည်တော်မှခွာ၍ စစ်ကိုင်း နယ်လင်းယဉ်ရွာသို့ ပြန်ခဲ့ကြသည်။ ရွာသို့ရောက်လျှင် မယ်တော်ကြီးသည် ရင်သွေးငယ်မောင်ကောင်းကို ဗုဒ္ဓဘာသာနယ်ပယ်ဖြစ်သော လင်းယဉ် ကျောင်းကြီးဆရာတော်ထံသို့ အပ်နှံလိုက်လေသည်။

## ဘုန်းကြီးဦးနရိန္ဒ

လင်းယဉ်ကျောင်းကြီးကို စတင်တည်ထောင်သော ဘုန်းတော်ကြီး မှာ ဘုန်းကြီးဦးနရိန္ဒဖြစ်သည်။ သက္ကရာဇ်၁၂၁၄ ခုနှစ်လောက်ကတည်ထောင် ခဲ့သည်။ ပထမ၌ ကျောင်းမြေဟူ၍ သီးခြားမရှိခဲ့၊ လင်းယဉ်ရွာအရှေ့ဘက် ဖိုး ကန်ဘုရားကုန်းရွာနှင့် ကပ်လျက် ဆားတွင်းတွေအနီးတဝိုက်ကို ကျောင်းမြေ အဖြစ် သတ်မှတ်ကြသည်။ ယခု ကျောင်းကြီး၏ မြောက်ဘက်ကျောင်းဆောင် ကို စတင်ဆောက်သည်။ ယခု သုံးနေသော မြောက်ဘက်ကန်မှာလည်း ထိုစဉ် က ဆားတွင်းဖြစ်သည်။ နောက်မှ ချဲ့ထွင်၍ ကန်လုပ်ခဲ့ကြသည်။ ဘုန်းကြီး ဦးနရိန္ဒသည် ရွှေကျင်ရွာသားဖြစ်သော်လည်း ငယ်ငယ်ကပင် လင်းယဉ်ဘက် ရောက်နေသည်။ မိဘများပြောင်းရွှေ့လာသဖြင့် လိုက်ပါခဲ့ရသည်။ ရှမ်းကုန်း ရွာ အနောက်ဘက် လေပွေကုန်းရွာကလေး၌ နေထိုင်ကြသည်။ အိမ်ကြီးအိမ် ကောင်းမရှိ၊ ရွာနေရာမှ မန်ကျည်းပင်ကလေးတွေ ရှိသည်။ ရွှေဘိုမင်း ထွက် လာပြီး ရွှေဘိုကနေ ပြန်တိုက်တုန်း မီးရှို့ခံခဲ့ရသည်။ ပထမရွှေကျင်ဆရာတော် ကြီးနှင့် ဘိုးညီအစ်ကိုတော်သည် သက်တော် ၇၃ နှစ် ၁၂၅၇ ခုနှစ်မှာ ပျံတော် မူသည်။

## ဆရာတော် ဝေါဟာရ

တော်ဟူသော အသုံးသည် ဘုရင်နှင့်စပ်သော အသုံးဖြစ်၏။ ဘုရင်နှင့် စပ်သမျှကို အမိန့်တော်၊ နန်းတော်၊ မြို့တော်၊ ဆွေတော်၊ မျိုးတော်စသည်ဖြင့် "တော်" တပ်၍ သတ်မှတ်ကြသည်။ ဘုရင်ကိုးကွယ်သော ဆရာဘုန်းကြီးကိုလည်း "ဆရာတော်" ဟု "တော်" တပ် သတ်မှတ်ကြသည်။ ရှေးက ဘုန်းကြီးများ အသက်သိက္ခာ ဝါကြီးချင်းတိုင်းကြီးစေကာမူ မင်းကိုးကွယ်မခံရရင် "ဆရာတော်" ဟု မခေါ်ရပေ၊ ရာဇဂုရုမှသာ ဆရာတော်ခေါ်ကြသည်။ တောဘုန်းကြီးများမှာ ရာဇဂုရုဆိုတာ မြင်ဖူးတာမဟုတ်၍ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက် ဘုန်းတော်ကြီး ဘုန်းကြီးဟုသာ သုံးရိုးရှိခဲ့သည်။

ရာဇဂုရုတွေသာ သံတံဆိပ်ကြီးတွေ ကပ်တယ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်တွေတော့ ထန်းရွက်ရေးပြီး ကျည်တောက်ထဲ ထည့်ကပ်တယ်၊ "စာချွန်" လို့ ခေါ်တယ်၊ ထန်းရွက်အရင်းက ချွန်ထားရတယ်၊ အဖျားကလည်း အချွန်အတိုင်းထားရတယ်၊ ဆင်းရဲသားတွေရေးတော့ အဖျားကုံးထားရတယ်၊ သာရေး နာရေးဖိတ်တဲ့အခါ ဒါနဲ့ရေးဖိတ်ကြတာပဲ၊ တစ်ရွာတစ်ရွာမှာ ကညစ်ရေးတတ်သူ ရှိရတယ်၊ သီပေါမင်းလက်ထက်ရောက်တော့ ဗလာစာအုပ်ကလေးများပေါ်လာပြီး တံဆိပ်ကြီးတွေက ထန်းရွက်ပေါ် ဒီတိုင်းတင်ပြီး ရိုက်ရတာပဲ၊ စာလုံးအကွင်းလိုက် ထင်တယ်။

## ဆရာဒကာ

ပုဂံခေတ်ရှင်အရဟံနှင့် အနော်ရထာဘုရင်ကြီးတို့ လက်ထက်မှစ၍ မြန်မာ့လူ့ဘောင်တွင်ဗုဒ္ဓသာသနာထိပ်ဆုံးသို့ရောက်လာသည်။ ဦးဆောင်သူအဖြစ် ရဟန်းသံဃာတော်တို့က ဆရာအဖြစ်ဆောင်ရွက်ပြီး လူဒါယကာ ဒါယိကာမ ဥပါသကာ ဥပါသိကာမတို့က ဦးထိပ်ရွက်နာခံ ကိုးကွယ်ကြပြီး ပစ္စည်းလေးပါး လိုလေသေးမရှိ လှူဒါန်းကြသည်။ ဆရာဒကာ အစဉ်အလာဖြင့် မြန်မာ့ လူ့ဘောင်ကို တည်ဆောက်ခဲ့ကြပြီး ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး စဉ်ဆက်မပြတ် တိုးတက်နေစေရန် ရင်သွေးငယ်တို့ကို ဆရာဘုန်းကြီးများထံ

အပ်နှံ၍ ဗုဒ္ဓဘာသာစာပေယဉ်ကျေးမှုကို အခြေခံမဏ္ဍိုင်ပြုထားသော မြန်မာ့အမျိုးသားယဉ်ကျေးမှုကို တည်ဆောက်ခဲ့ရာ နှစ်ပေါင်းထောင်ချီ၍ ကြာညောင်းခဲ့သော်လည်း ရှေးရိုးစဉ်လာ အမျိုးသားရေးလက္ခဏာတို့သည် ခိုင်မာစွာ တည်တံ့ထွန်းကားခဲ့သည်။ ဘုန်းတော်ကြီးကျောင်းသားဘဝ လေ့လာကြည့်ကြစို့။

လင်းယဉ်ရွာဘုန်းတော်ကြီး ဦးနရိန္ဒသည် ရွာဦးရွာထိပ်မှနေ၍ ကျောင်းသားသူငယ် ရှင်ငယ်ရဟန်းငယ်များအား ဗုဒ္ဓတရားတော် အခြေခံသော သင်ခန်းစာတို့ကို ပို့ချပေးသည်။ လူ့လောကတွင် လူတစ်ဦးအနေဖြင့် မြန်မာ့လူ့ဘောင်ကို တည်ဆောက်ကြမည့် လူငယ်တို့သည် ဒီဘဝလည်း ချမ်းသာကြီးပွားငြိမ်းချမ်းသာယာစွာ ဘဝတည်ဆောက်တတ်ရန်နှင့် သံသရာဝယ် ကျင်လည်ရာ၌ သုဂတိဘဝတို့ဖြင့် အဆင့်မြင့်မြင့် ရုပ်ရေ ရူပကာ ပြည့်ဝစုံလင်လှပအချိုးကျပြီး ဒုက္ခကင်းဝေးချမ်းသာစွာ နေထိုင်နိုင်ရေးနှင့် နောက်ဆုံးဘဝ ရှာန်မင်ဖိုလ် နိဗ္ဗာန်ချမ်းသာရရှိစေရန် ဘုရားရှင် ဆုံးမသွန်သင်တော်မူထားသည့် ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ ကျင့်စဉ်များကို စနစ်တကျ သင်ကြားပေးလိုက်သည်။ ဗုဒ္ဓဘာသာမြန်မာလူငယ်တို့သည် ဘုန်းတော်ကြီးကျောင်းထွက်များဖြစ်၍ လောကသဘောကို ဝေဖန်ပိုင်းခြား အထင်သားမြင်စေသည်။ စစ်မှန်သော ဗုဒ္ဓဓမ္မတို့ ရင်ဝယ်ကိန်းသွားသဖြင့် တွေ့ကြုံလာရသည့် လောကဓံကို ကြံ့ကြံ့ခံ ရင်ဆိုင်ကျော်ဖြတ်နိုင်ကြသည်။ လောကဓံနှင့် ကြုံလာလျှင် တုန်လှုပ်ချောက်ချားပြီး မိမိကိုယ်ကိုသတ်သေမှု စသော မလိုလားအပ်သည့် ဘဝဖြစ်စဉ်တို့ မရှိသလောက် ရှားခဲ့ကင်းဝေးခဲ့သည်။

လေးနက်သော ဗုဒ္ဓတရားတော်ကို နှုတ်ဝယ်တွတ်တွတ် အလွတ်ရအောင် ရွတ်စေကျက်စေသည်။ ရွာဦးဆရာတော်သည် ရပ်သူရွာသားတို့ကို ဆုံးမကန့်မြစ်တရားရှိသူများ ဖြစ်စေသည်။ စာအခြေခံရှိပြီး၍ အပိုဘာသာအဖြစ် လေ့လာလိုသူများအား လူမှုကျင့်ဝတ်များ ဗျိုက်ဗျာဗေဒင်ပညာများကိုပါ သင်ကြားပေးသည်။ ဤသို့လောကရေး၊ ဓမ္မရေး၊ တရားဆေးစုံကို တိုက်ကျွေးဝေငှ ဂါမဝါသီရဟန်းတို့၏ ဝန်တာတို့ကို လိုကွက်ပျော့ကွက် မရှိရလေအောင် ထမ်းဆောင်တော်မူသည်။

လုမ္ဘာသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ရန်ကုန်


ထို့ကြောင့် နံနက်စောစောအချိန် ညဦးအချိန်တို့၌ ကြေးစည်သံ ခေါင်းလောင်းသံ ဘုရားရှိခိုးဝတ်ပြုသံ စာပြန်သံတို့ဖြင့် ကြည်နူးဖွယ် ဖြစ်နေသည်။ နေ့အချိန်တို့၌လည်း စာအံသံ စာကျက်သံတို့ဖြင့် သောသောညံလျက်ရှိသည်။ ရဟန်းသာမဏေ သူငယ်ကျောင်းသားတို့ဖြင့် စည်ကားလျက်ရှိသည်။ ကျောင်းတော်ကြီး၏ကျက်သရေကို အပြည့်အဝ ဆောင်နေပေသည်။ များသောအားဖြင့် ဘုန်းကြီးကျောင်းသားများသည် ကျောင်းအိပ်၊ ကျောင်းစားများ ဖြစ်ကြသည်။ နံနက်စောစော လေးနာရီထိုးလျှင် အုန်းမောင်း ကလတက်ထိုးစည် တစ်မျိုးမျိုး ထိုးသဖြင့် ကျောင်းသား ကိုရင် ဘုန်းကြီးအားလုံး အိပ်ရာထကြပြီး ဘုရားရှိခိုးကြရသည်။ အရုဏ်တက်ချိန်တွင် ဘုရားဆွမ်းတော်ကပ်ပြီး ဆရာဘုန်းကြီး ရဟန်းကိုရင်တို့ အရုဏ်ဆွမ်း ဘုဉ်းပေးကြသည်။ ရှေးခေတ်က ဒကာများသည် အရုဏ်ဆွမ်း နေ့ဆွမ်းကို အလှည့်ကျချက်ကြသဖြင့် ပို့ဆွမ်းလည်းဖြစ်နိုင်သည်။ လူများလျှင် ကျောင်းသားကိုရင်တို့သည် ဆန်ပြုတ်စသည်ကို ပြုတ်ကြပြီး အရုဏ်ဆွမ်းအဖြစ် သုံးကြသည်လည်း ရှိသည်။ အရုဏ်ဆွမ်းစားပြီးလျှင် ကျောင်းသားကိုရင်တို့ ကျောင်းဝင်းအတွင်း တံမြက်လှည်းခြင်းစသော ကျောင်းဝေယျာဝစ္စလုပ်ကြပြီး ၇ နာရီလောက်မှ ၉ နာရီလောက်ထိ မနက်ပိုင်း စာအံကြရသည်။ ၉ နာရီခွဲလောက်တွင် ဆွမ်းခံထွက်ကြပြီး ၁၁ နာရီလောက်တွင် နေ့ဆွမ်းဘုဉ်းပေးကြသည်။ ၁၂ နာရီမှ ၁ ချက်တီးအထိ ဘုန်းတော်ကြီးများ ခေတ္တအနားယူ ကျိန်းစက်ကြသည်။ ၁ ချက်တီးမှ ညနေ ၅ နာရီထိ စာသင်ကြပြန်သည်။ ၆ နာရီထိ ကျောင်းသားများ ကစားကြ၊ ဆော့ကြ စိုက်ပျိုးရေး၊ သန့်ရှင်းရေးလုပ်ကြပြီး ရေမိုးချိုးကြသည်။ ကျောင်းသားတို့ ညစာစားကြပြီး ည ၇ နာရီလောက်တွင် ဘုရားဝတ်တက်ရှိခိုးကြရသည်။ ဘုရားရှိခိုးပြီးနောက် နေ့လယ်ဘက်က အံရွတ်ကျက်မှတ်ထားသော စာများကို အလွတ်ပြန်ဆိုကြရသည်။ ည ၉ နာရီ ၁၀ နာရီလောက်တွင် အိပ်စက်ကြပြီး မနက်လေးနာရီတွင် အိပ်ရာမှထကာ တစ်နေ့တာလုပ်ငန်း လုပ်ဆောင်ကြရပြန်သည်။ ဤလုပ်ငန်းစဉ်မှာ မြန်မာတစ်ပြည်လုံးရှိ ဘုန်းတော်ကြီးကျောင်းအားလုံးလုပ်ဆောင်ကြရသဖြင့် မြန်မာ့လူ့ဘောင်သည် ရှမ်း၊ ချင်း၊ ကချင်၊ မွန်၊

၂၉၅၉၂

ရခိုင်၊ ဗမာ ဒေသကွဲသွားကြသော်လည်း ဘ၀စည်းကမ်းမှာ တညီတညာ တည်း စုစည်းပြီး စည်းကမ်းကျပြီး ဖြစ်တော့သည်။ ထို့ကြောင့် နှစ်ပေါင်း ထောင်ချီ၍ ညီညာတက်ကြွ စည်ကမ်းကျသော ထေရဝါဒ ဗုဒ္ဓသာသနာတော် ကို ပြည်လုံးအနှံ့ တစ်ပုံစံတည်း လိုက်နာနိုင်ခဲ့ခြင်း ဖြစ်သည်။ ဗုဒ္ဓဘာသာ သာသနာတော်ကို အခြေခံပြု၍ တည်ဆောက်ခဲ့သော မြန်မာ့ယဉ်ကျေးမှု လှပ့ဘောင်သည်လည်း လူမျိုးစုကွဲ ဒေသကွဲသော်လည်း မကွဲမပြား တသား တည်း စည်းလုံးခဲ့ခြင်းဖြစ်သည်။

ဒကာ၊ ဒကာမတို့ဘက်ကလည်း လိုလေသေးမရှိ လှူဒါန်းကြသဖြင့် ရွာဦးရွာထိပ်ရှိ ဘုန်းတော်ကြီးကျောင်းသည် ဟည်းနေအောင် ကြီးကျယ် ကောင်းမွန်လှပအချိုးကြပြီး ကျောင်းဝင်းကြီးများမှာလည်းကျယ်ဝန်းသန့်ရှင်း သီးပင်စားပင်တို့နှင့် ပြည့်နက်နေလေသည်။ အာရာမဟူသော ဝေါဟာရနှင့် အညီ နလုံးမွေ့လျော် ပျော်ရွှင်ကြည်နူးဖွယ်ကောင်းလှလေသည်။ ဆွမ်းကွမ်း များမှာ ပိုလျှံနေမြဲ ဖြစ်သည်။ နွေရာသီ ကောက်စပါးသိမ်းနံပေါ်ချိန်တွင် သာ သနာ့အမွေဆက်ခံနေဖို့ ရှင်လောင်းလှည့်ပွဲ ရှင်ပြုရဟန်းခံပွဲများ အမြဲတမ်း ကျင်းပသည်။ သို့ဖြစ်၍ ကျောင်းသား ကိုရင် ဦးပဥ္စင်း ဘုန်းကြီး ဆရာတော် အထိ သာသနာ့ဝန်ထမ်းအရံအင်အားကိုအမြဲတမ်းပြည့်စုံခဲ့သည်။ ဘုန်းတော် ကြီးဦးနရိန္ဒနှင့် လင်းယဉ်ရွာသားတို့ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ တာဝန်ကျေခဲ့ လေသည်။

## သီပေါမင်းတရား နန်းတက်ခြင်း

မောင်ကောင်းတို့သားအမိ ရွာပြန်ရောက်ပြီး နောက်တစ်နှစ်ဖြစ် သော ၁၂၄၀ ပြည့်နှစ်သည် နန်းတွင်းရေး ရှုပ်ထွေးသောနှစ် ဖြစ်သည်။ မင်း တုန်းမင်းကြီး မကျန်းမမာဖြစ်နေသည်။ အခြေအနေမကောင်းလှ၊ ညီတော် အိမ်ရှေ့စံကနောင်မင်းသားကြီး နတ်ရွာစံပြီးသည့်နောက် လစ်လပ်လျက်ရှိ သော အိမ်ရှေ့အရာကို အရည်အချင်းပြည့်ဝ၍ အများက ထင်ကြေးပေးနေ သော သုံးဆယ်မင်းသား မက္ကရာမင်းသား ညောင်ရမ်းမင်းသားကြီးများကို

ကျော်၍ သီပေါမင်းသားရသည်။ နန်းတွင်းရေး အခြေအနေအရ မင်းပြောင်း မင်းလွှဲ ကေန်ဖြစ်တော့မည်။ ထိုနှစ်သီတင်းကျွတ်လဆန်း ၆ ရက်နေ့တွင် မင်းတုန်းမင်းနတ်ရွာစံ၍ သီပေါမင်းသား နန်းတက်လာသည်။ မကြာခင်မှာပင် မင်းသားတွေကို ဖမ်းကုန်သည်။ ညောင်ရမ်းညီအစ်ကို အင်္ဂလိပ်သံရုံး ရောက် နေပြီး ညောင်ရမ်းတို့ အောက်ပြည်ရောက်သွားပြီး မင်းသား မင်းသမီးတွေ ကံဆိုးရာကြသည် စသော စိတ်မချမ်းမြေ့ဖွယ်သတင်းများ နန်းတွင်းမှ နေ့စဉ် လိုလို ဆက်တိုက်ထွက်နေသည်။ ကြားရသူတိုင်း စိတ်မချမ်းသာ၊ နောင် ဘယ်လိုဖြစ်လာဦးမည်ကို စိုးရိမ်ကြောင့်ကြစိတ်ဖြင့် နားစွင့်နေကြသည်။

ထိုအချိန်မှာပင် တိုက်တိုက်ဆိုင်ဆိုင် တဘောင်တစ်ခု ပေါ်လာ၏။ "ယပ်ခပ်လို့ မယ်မအေး၊ ရေချိုးလို့ မယ်မအေး၊ ပထမပြန် ရှင်လူထွက် နန်း တက်မှအေး" ဖြစ်၏။ ခဏချင်းပျံ့နှံ့သွား၏။ တိုင်းပြည်ကြီးတော့ အေးတော့ မယ်၊ တဘောင်ပေါ်တာ တိုင်းပြည်အေးမယ့် နိမိတ်ပဲ၊ တဘောင်လည်းဖြစ်၊ အရှုးက ဆိုတာလည်းဖြစ်တော့ ကေန်အေးချမ်းဝပြောတော့မှာပဲဟု မြန်မာတို့ အလေ့အတိုင်း ယုံကြည်လိုက်ကြ၏။

နေပြည်တော်၌ သတင်းအမျိုးမျိုးထွက်၍ နိုင်ငံရေးဇာတ်ကွက် မလည်နိုင်အောင် ရှိနေသော်လည်း လင်းယဉ်နယ်၌ သတင်းအမျိုးမျိုး မကြား ရ၊ နားအေး၏၊ နားလည်းမထောင်အား။ လယ်ရိတ်ဖို့၊ စာခြောက်ဖို့၊ နွားကျောင်း ဖို့၊ စပါးနယ်ဖို့၊ စပါးသိမ်းပြီးအလှူလုပ်ဖို့ ကိုယ့်အလုပ်နှင့် ကိုယ့်စိတ်ကူးနှင့်သာ အချိန်ကုန်ကြရ၏။ ဆရာတော်ဦးနရိန္ဒကျောင်း၌လည်း ဣန္ဒြေမပျက် စာ ကျက်သံ ညံ့မြည့်နေ၏။ ဝတ်တက်ကြေးစည်သံ တဝေဝေနှင့် စိုပြည်မြဲ စိုပြည် နေ၏။ မောင်ကောင်းသည်လည်း စာအံ၍ကောင်းနေ၏။ တက်ထားသော စာ ရခါနီးလေလေ ပျော်လေအော်လေ ဖြစ်၏။ နငယ်ဝဆွဲနွ၊ နငယ်ဝဆွဲရေးချ နွာ၊ နငယ်ဝဆွဲရေးချဝစ္စနလုံးပေါက် နွား၊ ဟော… နွား ဖတ်တတ်ပြီ၊ ဩ… ဒို့အိမ်က ဒို့နွားကြီးကို ရေးချင်ရင် ဒီလိုရေးရတာကိုး…။

တစ်နေ့သောအခါ မောင်ကောင်းကို လက်ထောက်ဦးပဥ္စင်းကြီးက စာသင်ပေးလျက်ရှိ၏။ ကကြီးရေး တသတ်ကတ်၊ ကကြီးရေးတသတ်ကတ်၊

ကကြီးရေး နသတ်ကန်၊ ကကြီးရေးနသတ်ကန် ဟင်... ဒီမှာလည်း "ကန်" တွေ့နေပြန်ပြီ။

"အမယ် မင်းက ချတာမလိုက်ဘဲနဲ့ ဘယ်များ "ကန်" ရှိသေးလို့လဲ" "ကကြီးရေးသေးသေးတင် "ကံ" တုန်းက တွေ့ပြီးပါပြီ ဘုရား" "ဟေ... ဟုတ်သဟော့၊ အေး...မင်းတယ်ဟုတ်တဲ့လူပဲ" ဟု ချီးမွမ်းခံရ၏။

စိစစ်တတ်သော ဝိစာရဏာဉာဏ်ရှိသူ မောင်ကောင်းသည် ဆရာပြောရုံ စာအုပ်ထဲပါရုံနှင့် မပြီး၊ ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစား၏။ ယှဉ်ကြည့်၏၊ တိုက်ဆိုင် ညှိနှိုင်းကြည့်၏။ ဝေဖန်နှိုင်းချိန်၏။ မောင်ကောင်းသည် အသက်ငယ်၍ နနယ်သော်လည်း စိစစ်တတ်သောဉာဏ် ကိုယ်စီပါရှိလာသူပီပီ ဆရာချပေးသည်ကို အမှတ်မဲ့လိုက်ဆိုနေသည်မဟုတ်။ မိမိ မိသမျှသော ပင်ကိုဉာဏ်ဖြင့် နှိုင်းယှဉ်ကြည့်နေ၏။ "ကံ" နှင့် "ကန်" အသံတူသော်လည်း အနက်အဓိပ္ပာယ်မတူကြောင်း ဆင်ခြင်နေ၏၊ နမော်နမဲ့မနေခဲ့။

လောကနီတိသင်သောအခါ သိန္ဓေသိပ္ပံ၊ သိန္ဓေဓနံ၊ သင်ရ၏၊ ကောဓသ - အမျက်ကို၊ သိန္ဓေ - ဖြည်းဖြည်းထွက်ရာ၏ဟု ဆိုရသောအခါ ကျောင်းတွင်းရှိ မန်ကျင်းပင်ကြီး၏ အမျက်ကြီးကို မျက်စိထဲမြင်လာ၏။ အဓိပ္ပာယ်မှန်မသိ၍ ညရောက်သောအခါ အမေကို မေး၏။ "အမျက်ဆိုတာ ဖြည်းဖြည်းထွက်ရမယ်တဲ့။ မန်ကျည်းပင်ကြီးက အမျက်ကြီးလည်းကြာလှပြီဖြည်းဖြည်းပဲကြီးတယ်" ဟု မောင်ကောင်းက သူ့အမေကို ပြောပြ၏။ သူ့သားမောင်၏ အဓိပ္ပာယ်အလွဲ ဖွင့်ဆိုနေသည်ကို ရယ်၏။ "အမျက်ဆိုတာ သစ်ပင်အမျက်ကို ပြောတာမဟုတ်ဘူးကွယ့်။ စိတ်ဆိုးတာကို ပြောတာ" "ဩော်... စိတ်ဆိုးတာ ဖြည်းဖြည်းဆိုးရမတဲ့လား။" "အေး ... ဟုတ်တယ်၊ ဤသို့ဖြင့် နမော်နမဲ့မနေခဲ့၊ သင်ပြီးသမျှ မိမိဉာဏ်ကလေးဖြင့် တွေးတောစဉ်းစား၏။ မသိရသေးသည်ကို သိရသဖြင့် ပျော်လာ၏။ မသိတာလေးတွေ သိရတော့မယ်ဆိုသော အသိစိတ်က နှိုးဆွပေးသဖြင့် စာသင်ရသည့် အလုပ်၌ ပျော်ရွှင်နေလေသည်။

## နွားကျောင်းသားဘဝ

မောင်ကောင်းသည် တောင်သူမိဘများမှ ဆင်းသက်သူပီပီ မိဘတို့၏ တောင်သူအလုပ်ကို ကူညီခဲ့ရသည်။ မိဘတို့လယ်ရိတ်အလုပ်များ အလုပ်ပွနေရ နွားကျောင်းသားအလုပ်ကူလုပ်ခဲ့ရသည်။ စပါးတွေ ရိတ်စမို့ နွားလွှတ်မကျောင်းရဘူး။ တောမှာသွားပြီး ကျောင်းရတယ်။ အိမ်က လူကြီးတွေမအားလို့ နွားကျောင်းလိုက်ရဖူးတယ်။ တစ်လလောက်ကြာတယ်။ မယ်တော်ကြီးဟာ နောက်အိမ်ထောင်ပြုရတယ်။ အဲဒီနောက်အိမ်ထောင် ဒကာကြီးရဲ့တူနဲ့ နွားကျောင်းလိုက်ရတယ်။ မြက်ခင်း ဘယ်နားမှာရှိတယ်ဆိုတာ မသိလို့ အဖော်နဲ့လိုက်ရတယ်။ညနေသုံးနာရီလောက်ဘောက်သောက်ရွာအနောက်က ဆည်ကြီးသွားပြီး နွားရေတိုက်ရတယ်။ ညနေကျ ပြန်မောင်းလာရတယ်၊ ဒီဆည်ကြီးဆိုတာ ဘယ်တော့မှ ရေပြတ်တယ် မရှိဘူး။

## ရှင်သာမဏေဘဝ

ဗုဒ္ဓဘာသာတရားတော်တွင် ရှင်သာမဏေပြုမှုသည် သာသနာ့ဒါယဇ္ဇ သာသနာ့အမွေခံမှုဖြစ်၍ လွန်စွာအရေးကြီးသည်။ သီရိဓမ္မာသောကမင်းကြီးသည် ဗုဒ္ဓဘာသာဝင်ဖြစ်လာသည့်အချိန်မှစ၍ ငွေအသပြာကုဋေကုဋာ ကုန်ကျခံကာ သာသနာတော်အတွက် ကျောင်းဆောက် စေတီတည် ရေတွင်းရေကန် လှူဒါန်းမှုပေါင်းများစွာ ပြုခဲ့သည်။ ရေတွင်းပေါင်း ၈၄၀၀၀၊ ရေကန်ပေါင်း၈၄၀၀၀၊ကျောင်းပေါင်း၈၄၀၀၀၊စေတီပေါင်း၈၄၀၀၀လှူဒါန်းခဲ့သည်။ထိုမျှလှူဒါန်းခဲ့သဖြင့် မိမိသည် သာသနာ့အမွေခံဖြစ်ပြီဟု ယုံကြည်ကာ အရှင်မဟာမောဂ္ဂလိ ပုတ္တတိဿမထေရ်ကြီးကို သာသနာ့အမွေခံ ဖြစ်ပါပြီလားဟု တိုက်ရိုက်မေးခဲ့သည်။ အရှင်မြတ်က

"မင်းမြတ် တစ်စုံတစ်ဦးသော ကြွယ်ဝသူသည်လည်းကောင်း၊ ဆင်းရဲသူသည်လည်းကောင်းမိမိ၏ရင်နှစ်သည်းချာသားသမီးရတနာများကို သာသနာတော်သို့ သွတ်သွင်းကာ ရှင်သာမဏေ ရှင်ရဟန်းပြုစေ၏။ ဤသို့သော သူကို သာသနာ့အမွေခံဆိုထိုက်သည်"ဟု မိန့်တော်မူသည်။ "ပြဟ္မာ့

ပြည်တိုင်အောင် ပြည့်မောက်ဖြိုးဝေသော အလှူဝတ္ထုတို့ကို ပေးလှူသော်လည်း ထိုသူသည် ပစ္စည်းလေးပါးဒကာ၊ အလုပ်အကျွေး ဥပဋ္ဌာကသာ ဖြစ်ပေ၏"ဟု ရှင်းပြတော်မူ၏။ ထိုစကားတော်သည် ဗုဒ္ဓဘာသာဝင်တို့၏ ရင်ထဲ၊ အသည်းထဲ၊ နလုံးထဲ စွဲဝင်သွား၏။ မိမိတို့၏ သားသမီးသူတစ်ပါးတို့၏ ကိတ္တိမသားသမီးတို့ကို သာသနာ့အမွေခံ ဖြစ်စေရန် ရှင်ပြုရဟန်းခံပွဲသည် မြန်မာတို့အတွက်မရှိမဖြစ်မလုပ်မဖြစ်သောကုသိုလ်ကြီးဖြစ်သည်။ ရှင်မပြုရသေးသမျှ လူရာမဝင်သေးဟုပင် စွဲထင်ထား၏။ မင်္ဂလာဆောင်မှုစသော လူ့ကိစ္စများကို မလုပ်ခင် ရှေးဦးဆုံး ရှင်ပြုရဟန်းခံ လုပ်ကြရသည်။ ကောင်းမြတ်သော မြန်မာ့ယဉ်ကျေးမှုဓလေ့ ထုံးစံတစ်ရပ်ဖြစ်ရုံသာမက သာသနတော်မြတ်အတွက် အမွေဆက်မပြတ်အောင် စီမံဖန်တီးထားခြင်း ဖြစ်သည်။ ရှင်သာမဏေရှိမှ ဦးပဉ္စင်းများရှိမည်။ ဦးပဉ္စင်းများရှိမှ ကျောင်းထိုင် သာသနာပြုဘုန်းကြီးများရှိမည် အမှန်ပင်ဖြစ်၍ လွန်စွာအရေးပါသော အရေးအကြီးဆုံး မွန်မြတ်သည့် သာသနာရေသောက်မြစ် ရှင်သန်ရေးပင် ဖြစ်သည်။

ထိုအစဉ်အလာကို ရိုသေစွာလိုက်နာပြီး သဒ္ဓါတော်အားကောင်းသော ဒုတိယခမည်းတော်ကြီး "ဦးဆိုး" နှင့် မယ်တော်ကြီး "ဒေါ်မင်းထပ်" တို့သည် သားရတနာမောင်ကောင်းကို ၁၂၄၂ ခုနှစ် တပို့တွဲလတွင် ရှင်ပြုပွဲကျင်းပခဲ့ကြသည်။ လှူဒါန်းကျွေးမွေးမှု ပြုလုပ်ရှီးမြှောက် ထောက်ပံ့ပေးကြသည်။ ပင့်သံဃာ ၁၅ ပါးတို့အား ဒုကုဋ်၊ အပေါ်ရုံ၊ ခါးဝတ်သင်းပိုင်အားဖြင့် သင်္ကန်းသုံးထည်စီ လှူဒါန်း၏။ ဧည့်ပရိသတ်တို့အားလည်း မဲဇလီဟင်းချို၊ ငါးခြောက်ထောင်းဟင်း၊ ရေတတ်သီးထောင်းတို့ဖြင့် ဧည့်ခံကျွေးမွေး၏၊ တောရွာအလိုက် သိုက်သိုက်မြိုက်မြိုက် အလှူပွဲကြီး ဖြစ်လေသည်။

## ထိုခေတ်က သင်္ကန်းလှူပုံ

ထိုခေတ်က သင်္ကန်းလှူပုံမှာ ယခုခေတ်နှင့် မတူပေ။ အဆင်သင့်ချုပ်ပြီးဆိုပြီး ဆိုင်ကဝယ်၍ မရသေးပေ။ သင်္ကန်းလှူမည့် အလှူရှင်က ပိတ်ကိုဝယ်၍ အလှူသို့ကြွရောက်ရန် ပင့်ထားသော ကျောင်းများသို့ သွားရောက်ပို့

အပ်ထားရသည်။ ဘုန်းကြီးများကိုယ်တိုင် မိမိတို့ အတိုင်းအတာအလိုက် သင်္ကန်းပိတ်စကို သင်္ကန်းဖြတ်တောက်ချုပ်ပြီးမှ အလှူဒကာက အိမ်သို့ပြန်ယူ၍ အမှတ်အသားထားပြီး ဆေးဆိုးရသည်။ လှူဒါန်းချိန်၌လည်း မှတ်သားထားသည့်အတိုင်း သံဃာတော်တို့အား ဆက်ကပ်လှူဒါန်းရသည်။

မောင်ကောင်းတို့ ရှင်ပြုသောနှစ်က မိုးလေမုန်ကန်သဖြင့် တောင်သူတို့ အလုပ်ဖွံ့ဖြိုးကြသည်။ "အဲဒီနှစ်က ရွာနားမှာ လယ်မလုပ်ရတဲ့ လယ်အကွက် မရှိဘူး။ စပါးခင်းတွေ စိမ်းစိုပိုင်းနေတယ်၊ တောင်သူတွေ အလုပ်ကောင်းပါတယ်၊ မိုးလေမမှန်လို့သာ ခက်တာ၊ ကိုယ့်မိုးနဲ့ကိုယ် လုပ်ရမယ်ဆိုရင်တောင် သူ့အလုပ်လောက် လုပ်လို့ကောင်းတာ ဘယ်ရှိမလဲ . . . လို့ ရှမ်းကုန်းရွာ လယ်သမားဒကာတစ်ယောက်က ပြောဖူးတယ်၊ မိုးမှန်လေမှန်ရင်တောင် သူရတာပဲ၊ အဲဒီနှစ်က ဒို့အိမ်နွားတစ်ရှဉ်းလုပ်တာ စပါး ၃၀၀ တင်းလောက်ရတယ်" ဟု မိန့်ခဲ့သည်။

## သင်္ကန်းလေးနှင့် သပ္ပာယ်လှသည့် ကိုရင်လေး သို့မဟုတ် ကိုရင်စန္ဒ

ကျောင်းသားမောင်ကောင်းသည် ယခုအခါ သာမဏေ အသုံးအဆောင် အစုံအလင်ဖြင့် ကိုရင်ကောင်း ဖြစ်လာသည်။ သင်္ကန်းကလေးနှင့် သပ္ပါယ်လှသည်။ ရုပ်အဆင်းက ကြည်လင်နေသည်။ မျက်နှာလေးက ပြုံးပြုံးကလေးနှင့်မို့ အေးဆေးတည်ကြည်သောအသွင်ကို ဆောင်နေသည်။ ဘုန်းတော်ကြီးဦးနရိန္ဒသည် လမင်းသီတဂူ အသွင်တူနေသဖြင့် "ရှင်စန္ဒ" ဟု ဘွဲ့သမုတ်ခဲ့သည်။ ဝတ်ပုံ၊ ရှုံပုံ၊ သွားပုံ၊ လာပုံ၊ စားပုံ၊ သောက်ပုံ၊ နေပုံ၊ ထိုင်ပုံ၊ အညစ်အကြေးစွန့်ပုံထိ ပါဝင်သော ဘုရားရှင်အလိုတော်ကျ သေခိယသိက္ခာပုဒ်တို့ကို နွေးထွေးစွာ သင်ပေးသဖြင့် သမဏသာရုပ္ပဘုရားသားတော် မြေးတော် ကိုရင်ကောင်းလေး ဖြစ်လာသည်။ ဥပဇ္ဈာယ်ဆရာတော်၏ သွန်သင်ကောင်းမှုကြောင့် သာသနာထိပ်တန်း သာသနာပိုင်လောင်း ကိုရင်လေးသည် ကြာပဒုံမာအသွင် ပွင့်အာရန် အရှိန်ယူနေသည်။ ရှေးခေတ်က မြန်မာတို့သည် ရှင်သာမဏေအဖြစ် သင်္ကန်းဝတ်ခဲ့ဖူးသူများသာ ဖြစ်ကြသဖြင့် ရှင့်ကျင့်ဝတ်

သေခိယကို သယ်ယူတတ်မြောက်ပြီးကြပြီ ဖြစ်သည်။ ရှင်ဘဝဖြင့် တစ်လကိုး သီတင်း အနည်းဆုံးလေ့ကျင့်ခဲ့ကြသဖြင့် ကံမကောင်းအကြောင်းမလှ၍ လူ့ဘောင်သို့ ပြောင်းခဲ့ကြသောအခါ ဤကမ္ဘာတွင် အလိမ္မာဆုံး အယဉ်ကျေးဆုံး၊ အသိမ်မွေ့ဆုံး၊ စည်းကမ်းအကျဆုံး လူတော်လူကောင်း လူယဉ်ကျေးသူများဖြစ်လာကြသည်။

## မိဘနှမများကိုင့်၍ လူထွက်ခဲ့ရ

၁၂၄၃ ခုနှစ်၊ တစ်ဝါ၊ ယခု ၁၂၄၄ ခုနှစ်တစ်ဝါ ဝါနှစ်ဝါရပြီး အသက်ကလည်း ၁၃ နှစ်ပြည့်တော့မည်။ နတ်တော်လပြည့်ကျော်လျှင် ၁၄ နှစ်ထဲရောက်ပြီး ဆရာတော်ထံ စာသင်ခဲ့ရာ နှစ်နှစ် နှစ်ဝါရပြီဖြစ်၍ အခြေခံစာပေသင်ကြားမှုပြည့်စုံပြီဖြစ်သည်။ အထက်တန်း စာပေကြီးများကို လေ့လာနိုင်ဖို့ အဆင်သင့်ဖြစ်နေပြီး ဗုဒ္ဓမြတ်စွာ ပရိယတ္တိသာသနာ့တာဝန်ကို ထမ်းဆောင်ဖို့ရန် အားမာန်သွင်း၍ ရှေ့သို့ဆက်ရန် ဟန်ပြင်လျက် ရှိသည်။ ထိုအချိန်တွင် အိမ်တွင်းရေးအခြေအနေက ဖန်လာသည်။ မိခင်မှာ ရွာတွင်နေရသော်လည်း အစ်မဖြစ်သူမှာ မြို့မှာနေရသည်။ အစ်မက ရှင်လူထွက်ပြီး မြို့၌ သူနှင့်အတူလာနေရန် ပြောလာသည်။ မောင်လေးနဲ့ဆိုတော့ အစ်မအားရှိတာပေါ့။ တိုင်ပင်ဖော်တိုင်ပင်ဖက်လည်းဖြစ်တာပေါ့ဟုမကြာမကြာ ဆိုလာသည်။ ကိုရင်လောင်းမှာ ၁၄ နှစ်အရွယ် လူပျိုဖြန်းလေးဖြစ်လာသဖြင့် အကူအညီပေးနိုင်သော အရွယ်ဖြစ်လာသည်။ အစ်မကို စောင့်ရှောက်ရမည့်တာဝန်ရှိတာတော့ အမှန်ပင်၊ သာသနာ့တာဝန်ကို ထမ်းဆောင်လိုသော စိတ်ကလည်း အားကောင်းနေသည်။ ထိုသို့ လွန်ဆွဲနေရင်း ၁၂၄၄ ခုနှစ် ဝါကျွတ်တော့မည် ယတိပြတ်ဆုံးဖြတ်၍ မရသေး။ သည်လိုဖြင့် သီတင်းကျွတ်သောအခါ ရှင်လိင်ပြန်ပြီး ခေတ္တအလည်သဘောဖြင့် အစ်မရှိရာ မန္တလေးသို့ သွားရောက်ရန် စဉ်းစားပြီး မန္တလေးတက်လာခဲ့သည်။

သားမရှိသဖြင့် အမေထပ်လည်း မန္တလေးသို့ တက်လာသည်။ ယခင်နေခဲ့သော မန်ကျည်းပင်ဈေးနေအိမ်သို့ ရောက်လာပြန်သည်။ နေရကြပ်

သဖြင့် အဒေါ်များရှိရာ ညောင်ကုန်းလှည်းတန်းဘက်သို့ မကြာမကြာ ရောက်သွားကြသည်။ နောက်တော့ ယခု မစိုးရိမ်တိုက်အနောက်ဘက်သို့ ပြောင်းရွှေ့နေထိုင်ကြသည်။

## လှည်းသမားလေး မောင်ကောင်း

အဒေါ်များရှိရာ ယခုညောင်ကုန်းလှည်းတန်းသို့ ပြောင်းရွှေ့နေထိုင်သောအခါ အဒေါ်များက ဒို့အလုပ်ယူလုပ်ပေါ့ဆိုပြီး လှည်းတစ်စီးပေးသည်။ အဒေါ်များက လှည်းနှစ်စီးထောင်ပြီး လှည်းခေါင်းအလုပ် လုပ်ကြသည်။ လှည်းဦးစီးအဖြစ် ဂေါ်ဝိန်သင်္ဘောဆိပ်နှင့် ဈေးချိုကုန်ပို့ပေးရ၏။ လှည်းခေါင်းက သုံးခေါက်တစ်ခေါက်နှုန်းနှင့် လှည်းဦးစီးကို ရှင်းသည်။ ကူလီခတစ်မတ်၊ လမ်းခွန်တစ်မူးကို ကုန်သည်များက ကျခံရသည်။ လမ်းတွေက ခုလိုမကောင်းသေး၊ ဂေါ်ဝိန်လမ်းတစ်လမ်းပဲ ကျောက်ခင်းထားတယ်။ ဒီပြင်လမ်းတွေကတော့ မြေလမ်းချည်းပဲ။ နွေခါဆို ဖုန်တွေ၊ မိုးခါ ရွံ့ဗွက်တွေ၊ ဈေးချိုနားတောင် ဗွက်ရှိတယ်။ ရေးက ဈေးချိုရုံတွေဟာ တဲတန်းကြီးတွေပဲ၊ မိုးအခါများ ရွှံ့ထဲသွားကြရတယ်။ ဆိုင်ရောက်မှ ခြေဆေးပြီး ဆိုင်ပေါ်တက် ဈေးဝယ်ရတယ်။ မလွန်ဈေးတို့လည်း ဒီလိုပဲ စသည်ဖြင့် လှည်းသမားဘဝ အတွေ့အကြုံကို မိန့်ခဲ့သည်။

မောင်ကောင်းသည် ဤသို့ ပင်ပန်းဆင်းရဲစွာ စီးပွားရှာနေရသော်လည်း ကုသိုလ်ရေး၌ မေ့လျော့နေသည်မဟုတ်။ ဥပုသ်နေ့ဆိုလျှင် နံနက်ပိုင်းတွင် ရေပန်းတိုက်ဓမ္မာရုံ၌ သီလဆေးတရားနာသည်။ တရားပူဇော်ပွဲ သူ့ဒကာနှင့်သူ သုံးလေးပွဲပြင်ထားသည်။ ဓမ္မကထိကပုဂ္ဂိုလ်က သုံးလေးပါး၊ တရားကယပ်ထောင်၊ သည်လောက်နာရသည်ပင် အားမရအောင်ရှိသည်။ ဥပုသ်စောင့်ထားသဖြင့် ညဥ့်ရောက်လို့ ဝမ်းခေါင်းဟာပြီး ဆာလာသောအခါ ကိုယ့်သီလကို ပိုပြီးသတိပြုမိ၏။ အစသိက္ခာပုဒ်လည်း မကျိုးသေး၊ အဆုံးသိက္ခာပုဒ်လည်း မပျက်သေး၊ မပြတ်သေး။ အလယ်သိက္ခာပုဒ်တွေကလည်း ပေါက်ခြင်း ကျားခြင်း ကွက်ခြင်း မရှိသေး။ မေထုန်ငယ် ၇ ပါး၊ အမျက်ထွက်ခြင်း ရန်ညှိုးဖွဲ့ခြင်း

စသော ယုတ်မာသော တရားတို့ အနှိပ်အစက်မခံရသေးပါကလားဟု သတိရ ဝမ်းမြောက်ကာ ဆာလောင်မွတ်သိပ်မှုကို ဖျောက်ပစ်လိုက်ရသည်။

တစ်ခါတစ်ရံ အလုပ်များလှ၍ ဥပုသ်စောင့်ခွင့်မရသောအခါ လူ့ဘဝ ရပါလျက် ဥပုသ်သီလကလေးမျှ မစောင့်နိုင်ပါတကားဟု မိမိ၏ဘဝကို စက်ဆုပ်လာသည်။ ဝမ်းနည်းလာသည်။ ၁၄ - ၁၅ - ၁၆ နှစ်အရွယ် လူငယ်တို့ဘာဝ အပျော်အပါးများတတ်သည့်အရွယ်တွင် သီတင်းသည့် သူတော်စင်ကလေး ဖြစ်နေသည်မှာ နေကွမ္မဝှာသယမာတတ်ခံ ရင့်သန်လှသောကြောင့် ဖြစ်တော့သည်။

## အမဲသားစားပါက မောင်းကြော်ဒဏ်ကြောင့် ရှာပြန်လက်ဆောင် ဖုံးယူခဲ့ရ

မောင်ကောင်းတစ်ယောက် ရှာမရောက်သည်မှာ ကြာပြီဖြစ်၍ အစ်မ မလှအုံနှင့် မောင်နမနှစ်ယောက် ဝါခေါင်လသစ္စာဂူဘုရားပွဲသို့ သွားကြသည်။ မန္တလေး မရမ်းခြံမြစ်ဆိပ်မှ ၄က်လှေဖြင့် သဲဖြူချောင်းရှာ (မင်းကွန်း) သို့ ကူးသည်။ ထို့နောက် ပဒ္ဒမှဖြတ်ကာ လင်းယဉ်သို့ သွားရသည်။ ရှာအရှေ့ပေါက် ရောက်သောအခါ မိမိတို့ရှာနေစဉ်က မွေးထားခဲ့သော ခွေးကလေးနှစ်ကောင်ကို တွေ့ရသည်။ သခင်ကို မှတ်မိသဖြင့် ဝမ်းသားအားရ ပြေးလာကြသည်။ ညို တုတ်ဆိုသော ခွေးကလေးမှာ ခြေတစ်ဖက်နာနေ၏။ မလှအုံက ကိုင်ကြည့်သောအခါ အရိုးကျိုးနေသည်ကို တွေ့ရ၏။ မောင်ကောင်းမှာ ဆီမန်းတတ်သဖြင့် ဆီရှာပြီး ဆီကိုမန်းသည်။ မေတ္တာကရုဏာဓာတ်အရှိန်နှင့် ဥပုသ်သီလ အရှိန်ကြောင့် ခွေးကလေးခြေထောက်ကို တယုတယ လိမ်းပေးရာ အရိုးများ ပြန်ဆက်သွားပြီး ကောင်းသွားသည်။

ဘုရားပွဲပြီး၍ မောင်နမနှစ်ယောက် မြို့သို့ပြန်ကြသောအခါ လက်ဆောင်အဖြစ်ပေးလိုက်ကြသဖြင့် အမဲခြောက် အနည်းငယ်ပါလာသည်။ ယူရ အခက် မယူရအခက်ဖြစ်နေရာမှ နောက်ဆုံးတွင် တောင်းအောက်ဆုံးမှ ထည့်၍ယူခဲ့ကြသည်။ အပြစ်မကင်းသော အလုပ်ဖြစ်၍ မလုံမလဲရှိလှသော်

လည်း အစစ်အဆေးတော့ မခံခဲ့ရပေ။ ထိုခေတ်က နွားမသတ်ရ၊ အမဲသား မစားရ တွေရှိက ဖမ်းမိပါက မောင်းကြော်ဒဏ်ခံကြရတယ်။ မင်းတုန်းမင်း တရားကြီးလက်ထက်က နွားသတ်၊ အမဲသားစားသူများ တွေရှိပါက နွားသတ် သူအဖြစ် အမဲသားစားသူအဖြစ် ကြေညာမောင်းခတ်၍ မြို့တွင်းလှည့်ပြစေ လေသည်။

## အမဲသားမစားရ အမိန့်တော်

ဆရာတော်ကြီးက ဤသို့ မိန့်ခဲ့သည်။

"ရွာကပြန်လာတော့ အမဲခြောက်ပါလာတယ်။ အပြစ်မကင်းတာမို့ စိုးရိမ်လိုက်ရတာ၊ ဘာမှတော့ မဖြစ်ပါဘူး။ ရှင်ဘုရင်ကြီး (မင်းတုန်းမင်းတရား ကြီး) လက်ထက်တုန်းက နွားမသတ်ရ၊ အမဲသားမစားရဘူး။ သူ့ဟာသူ သေ ရင် ကျောင်းပို့ရတယ်။ ညောင်ကုန်းလှည်းတန်းမယ် နွားတစ်ကောင်သေလို့ ရေပန်းတိုက်ပို့တာတွေဖူးတယ်။ယယ်ယယ်ရွာကျောင်းနေတုန်းကအမဲခြောက် ကျီးစောင့်ရဖူးတယ်။ ရှင်ဘုရင်ကြီးက အလွန်လိမ္မာတယ်။ စားလည်း စားစေ ချင်တယ်၊ သတ်စားမှာလည်း စိုးတယ်။ ဒါကြောင့် နွားသေရင် ကျောင်းလှူရ မယ်အမိန့်ထုတ်တယ်။ကျောင်းလှူတော့ဘုန်းကြီးတွေဖျက်နိုင်တာမှမဟုတ် ဘဲ။ လူတွေဖျက်တော့ ဝမ်းတွင်းသားတို့ဘာတို့ ရတာပေါ့လို့ လူကြီးတွေ ပြော ကြတယ်။ အမဲသားကို ဘီလတ်သားတဲ့၊ ဆတ်သားတဲ့၊ လက်တို့သားတဲ့ ခေါ် ကြတယ်။

## ဦးကောင်းလိမ်ထုတ်

၁၂၄၇ ခုနှစ်ကိုတော့ မြန်မာတို့ မေ့မရနိုင်ပေ။ ကိုယ့်လူမျိုး၊ ကိုယ့် သခင်နှင့်နေလာခဲ့ကြရာမှကုလားဖြူကိုသခင်လုပ်၍ကျွန်ဘဝရောက်ရသော နှစ်ဖြစ်သောကြောင့် ဖြစ်သည်။ ထိုအချိန် မြန်မာတို့ ကံဆိုးချိန်ဖြစ်သည်။ ကံ ဆိုတာ အလုပ်ကောင်းမှ ကံကောင်းတယ်။ အလုပ်ကောင်းလျှင် ကံကောင်း သည်၊ အလုပ်ညံ့လျှင် ကံညံ့မည်ဟု ဆိုကြသည်။ ကံကောင်းလိုလျှင် အလုပ်

ကောင်း လုပ်ကြဖို့ပင် ဖြစ်သည်။ လုပ်နည်းလုပ်ဟန် "မှု" မမှန်ဘဲ ကံကောင်း ချင်၍ မဖြစ်၊ ကံဆိုးကံညစ်နှင့်သာ တိုးရပေလိမ့်မည်။ မန်လည်ဆရာတော်က မဃဒေဝလင်္ကာသစ်၌ ဤသို့ဆိုခဲ့သည်။

"ချမ်းသာမထိုက် ကံလျှင်မိုက်က ဉာဏ်မိုက်တတ်စွာ ဤလူ့ ရွာဝယ် ကံသာအရင်း မှတ်တုံလျှင်းလော့၊ ကံဖျင်းလူမိုက် ကံမလိုက်က တခိုက်မဟုတ် အားထုတ်ရာရာ လုပ်ပါသမျှ ထိခိုက်ရ၏"

ပစ္စုပ္ပန်အလုပ်ကောင်းဖို့ အတိတ်ကံပွင့်လန်းရန် လိုအပ်သကဲ့သို့ အတိတ်ကံ အခွင့်သာရန်လည်း လက်ငင်းအလုပ်က ဆော်နှိုးပင့်ကော် ထုတ် ဖော်ပေး၏။ ပစ္စုပ္ပန်လုပ်ရပ်သည် အနာဂတ်ကာလအတွက်လည်း အကြောင်း ကံအဖြစ် တည်ရှိပေလိမ့်မည်။ အတိတ်အနာဂတ်ပစ္စုပ္ပန်လုပ်ရပ်များသည် အချင်းချင်း ပစ္စည်းပစ္စယုပ္ပန် ဆက်သွယ်လျက် ရှိကြပေသည်။

မြန်မာအစိုးရအဖွဲ့အတွင်း၌ အလုပ်အဆင်မပြေ ဖြစ်နေကြ၏။ တချို့ က "မိမိတို့က အရှင်သခင်အပေါ် သစ္စာရှိရမည်။ အင်္ဂလိပ်ကုလားဖြူရန် ဟူသမျှကို မှုစရာမလို၊ မိမိတို့မှာ ထက်လှသော ဓားရှိနေပြီ၊ ထို့ပြင် မိတ်ဆွေ ကောင်းပြင်သစ်တို့ကလည်းအသင့်၊ပြင်သစ်တို့နှင့် ပူးပေါင်းပြီးအင်္ဂလိပ်တို့ကို တွန်းလှန်လျှင် ခံနိုင်မည်လော..."ဟု မြင်ကြ၏။ ထိုအုပ်စုကို သီပေါမင်း၏ မိဖုရားခေါင်ကြီး စုဖုရားလတ်က ထောက်ခံအားပေးသည်။

အခြားတစ်ဖက်ကမူ လက်ရှိသီပေါဘုရင်ကို အားမရမကျေနပ်။ "သည်ဘုရင်နှင့် အလုပ်လုပ်၍မဖြစ်၊ သည်အတိုင်းဆက်နေလျှင် တိုင်းပြည် ခက်မည်၊ ဘုရင်လဲမှ တိုင်းပြည်အခြေအနေကို ထိန်းနိုင်မည်" ဟု ယုံကြည်ကြ ၏။ ထိုအုပ်စုကို ကင်းဝန်မင်းကြီး ခေါင်းဆောင်၍ ဆင်ဖြူမရှင်မယ်တော် မိဖုရားကြီးက ထောက်ခံ၏။

"ဆင်ဖြူမရှင် မိဖုရားကြီးနှင့် ကင်းဝန်မင်းကြီးတို့က ဘုရင်လဲချင်ကြ တယ်။ ကုလားပြည်ရောက်နေတဲ့ ညောင်ရမ်းမင်းသားကြီးကို ဆင်ဖြူမရှင် မိဖုရားကြီးက သူ့သမီးအကြီးနဲ့ လက်ဆက်ပြီး နန်းတင်ဖို့ စိတ်ကူးရှိတယ်။ သီပေါကို နန်းတင်တာလည်း သူတို့၊ သူတို့ထင်သလို မဖြစ်ဘူး ထင်ပါရဲ့"

ကင်းဝန်တို့သည် သီပေါမင်းကို နန်းတင်ခဲ့ကြသည်ကား မှန်၏။ သို့သော်မိမိတို့ဆွဲဆောင်ပြုပြင်၍မရ။ခေတ်အခါနှင့်မလျော်သောအတွေးအခေါ်သမားတို့၏ခြယ်လှယ်မှုကိုသာ ခံနေရမှန်း သိလာသောအခါစိတ်ပျက်လာကြ၏။ဥရောပနိုင်ငံကြီးများ၏ဆောင်ရွက်ပုံတိုးတက်ပုံတို့ကိုမြင်တွေ့လာရသော ကင်းဝန်တို့အဖွဲ့ ခေတ်နောက်ကျသော အသိုင်းအဝိုင်းနှင့် ထိုအသိုင်းအဝိုင်း နောက်တကောက်ကောက်လိုက်နေသော ဘုရင်တစ်ပါးအပေါ် အားမရနိုင်အောင် ဖြစ်လာရမည်မှာ ဓမ္မတာပင် ဖြစ်သည်။

ရှေ့ဆောင်ဘုရင်သည် ခေတ်ကာလ အခြေအနေမှန်ကိုသိ၍ သူ့နေရာနှင့်သူ အချက်ကျအောင် လိမ္မာပါးနပ်စွာ ဆောင်ရွက်နိုင်ပါမှ အမျိုးသား စည်းလုံးမှုရ၍ တိုင်းပြည်ကို ကယ်တင်နိုင်မည်ဟု ကင်းဝန်မင်းကြီးတို့က ယူဆကြ၏။ ထို့ကြောင့် သူတို့အတွက် ဘုရင်လဲပစ်ရန်မှတစ်ပါး အခြား လုပ်ဆောင်ရန် နည်းလမ်းမရှိတော့ပေ။ သို့မဟုတ်ဘဲ သည်အတိုင်း ဆက်နေပါက ကင်းဝန်တို့သည် ခေတ်ကာလအခြေအနေမှန်ကို မသိသော လူ့အန္တစာရင်းဝင် ဖြစ်ကြပေလိမ့်မည်။ ထိုသို့မဟုတ်ပါကလည်း အင်္ဂလိပ်၊ ပြင်သစ် တစ်ဦးဦးထံ တိုင်းပြည်ကို ရောင်းစားနေသော အမျိုးသားသစ္စာဖောက်များ သာ ဖြစ်ကြပေလိမ့်မည်။

ဤအခြေအနေအရ ဘုရင်လဲရန် အကြံရှိသော ကင်းဝန်တို့သည် မိမိတို့အကြံ ထမြောက်အောင်မြင်ရေးအတွက် ညောင်ရမ်းမင်းသားတို့ကို ချုပ်ကိုင်ထားသော အင်္ဂလိပ်တို့အား အစွမ်းကုန် အလျှော့ပေးကြရတော့၏။

ဤသို့အုပ်စုကြီးနှစ်စုသည် ကျောပေးပြေးနေကြသော လူနှစ်ယောက်ကဲ့သို့ နီးစပ်မှုမရနိုင်ဘဲ ကြာလေဝေးလေ ကြာလေကွာလေ ဖြစ်နေ၏။ ကိုယ့်အားကိုယ်ကိုး ကိုယ့်အမြင်ဖြင့် ကိုယ်ထင်ရာကို လုပ်နေကြ၏။ တစ်ဖက်က အလုပ်ကို တစ်ဖက်က သဘောမတူနိုင် အနှောင့်အယှက်လုပ်သည်။ တန်ခိုးပြိုင် အာဏာပြ အချင်းချင်းချကြ၏။ ယခုကဲ့သို့ အရေးကြီးလှသော အချိန်တွင် အမျိုးသားအင်အားစုကြီး ပြိုကွဲနေရသည်မှာ အဆိုးဆုံးဖြစ်သည်။ နိုင်ငံတော်လုံခြုံမှုအတွက် ရှိသင့်ရှိထိုက်လာသော ကာကွယ်ရေး ပြင်ဆင်မှုလည်း လုံလောက်အောင် မရှိပေ။

"ရှင်ဘုရင်ဟာ နန်းတွင်းရေးကိစ္စ ပွဲလမ်းသဘင်ကိစ္စတွေနဲ့ပဲ အချိန်ကုန်နေ ထင်ပါရဲ့ ဒီပြင်ကိစ္စတွေ ကောင်းကောင်းသိပုံမပေါ်ဘူး။ ဝန်ကြီးတွေက ဘုန်းတော်ကြောင့် သာယာဝပြောပါတယ်။ ဘုန်းတော်ကြောင့် ဘာပါဆိုတာနဲ့ ပြီးနေရတယ်။ နောက်ဆုံး ဖုံးဖိမရမှ အချိန်လွန်မှ သိရဟန်ရှိတယ်။ ဘာမှ ထိန်းသိမ်းနိုင်တာ ကွပ်ကဲနိုင်တာ မတွေ့ရဘူး။ စစ်တပ်တွေ ဘာတွေရှိပေမဲ့ စားလောက်အောင်၊ ဝတ်လောက်အောင်၊ ထောက်ပံ့နိုင်တာ မဟုတ်ဘူး။ မြင်းဆိုလည်း တပ်မြင်းတွေဟာ အပိန်ဆုံးပဲ။ ဘယ်သူမှ ဂရုစိုက်ကျွေးတာ မဟုတ်ဘူး။ ပုလည်း ပုသေးတယ်၊ အင်္ဂလိပ်မြင်းတွေနဲ့ ယှဉ်ကြည့်လိုက်မှ ပိုကြည့်ရဆိုးတာ၊ အကျဉ်းသားတွေလည်း အစိုးရက မကျွေးဘူး။ ထမင်းစားချိန် ရောက်ရင် နောက်ကအစောင့်နဲ့ ထမင်းထွက်တောင်းရတယ်။ သံခြေကျင်းကြီးတွေ တချွမ်ချွမ်နဲ့ မကြာမကြာ မြင်ရဖူးတယ်။ လက်နက်တွေဆိုလည်း စစ်တိုက်ပြီးရင် စုပုံထားလိုက်တာပဲ။ နောက်စစ်ထွက်မှ ထုတ်ပေးတယ်။ အချို့ဓားများ သံချေးတက်နေလို့ အတော်နတ်ယူရတယ်လို့ ပြောကြတယ်"

ဤကဲ့သို့ ဘုရင်က နားမလည် မလုပ်တတ်၊ မှူးမတ်တွေက အချင်းချင်း ကွဲ၊ ကိုယ်လိုရာဆွဲ သံတော်ဦးတင်၊ ဘုရင်က မစဉ်းစားဘဲ အမိန့်ချခြင်းဖြင့် မြန်မာနိုင်ငံ၏ အခြေအနေသည် လှေကွဲစီးနေရသူပမာ လှော်ရင်းနစ်တော့မည့် အခြေဆိုက်လျက် ရှိသည်။ အလုပ်မှုမမှန်၍ ကံဆိုးနေကြ၏။ ကံမကောင်း၍ အလုပ်မှားကြရပါသည်ဟု ဆိုနိုင်ပါသည်။ ဘုရင့်အစိုးရ အလုပ်မှာ ကံဆိုးသောအခါ ပြည်သူတို့လည်း ကံဆိုးကြသည်။ ခိုးကြသည်၊ တိုက်ကြသည်။ တောပုန်းဆူပူကြသည်။ လှေသင်းအတွင်းဝန်လို ပုဂ္ဂိုလ်ကြီးမျိုးကပင် သူပုန်တို့ကို ချော့ခေါ်သိမ်းသွင်းယူရသည့်တိုင်အောင် အတင့်ရဲလာကြသည်။ ဤသို့ ပြည်တွင်း မငြိမ်မသက်ရှိသည်မှာ "ဗုဒ္ဓဟူးနံ့ညံ့တဲ့နှစ်မို့" ဟု ဗေဒင်အစွဲဖြင့် ဆိုသူက ဆိုကြသည်။

"၁၂၄၆ ခုနှစ်က မန္တလေးထောင်ထတယ်၊ စစ်ကိုင်းနယ်ဒီပဲရင်းနယ်တွေမှာ သူပုန်ထတယ်။ အဲဒီနှစ် ဗုဒ္ဓဟူးနံ့ညံ့တယ်လို့ ဆိုကြတယ်။ ထောင်ထ

တော့ လူတစ်ယောက် နစ်ယောက်ကြောင့် ထကြရတယ်။ ဒါပေမဲ့ အကုန်အသတ်ခံရတယ်။ သံခြေကျင်းကြီးတွေနဲ့ ပြေးကြ လွှားကြ"

## ယတြာချေ ဗေဒင်အစွဲကြောင့် ဘေးရန်ငြိမ်းမှာလား

၁၂၄၆ ခုနှစ်ဗုဒ္ဓဟူးနံညှံ့တယ်၊ တိုင်းပြည်မငြိမ်ဘူးဆိုကြသလို ၁၂၄၇ ခုနှစ်လည်း "ကြာသပတေးနံ ပျက်ကိန်းရှိတယ်" ဟု အဟောထွက်ပြန်တယ်။ ကြာသပတေးနံ ရတနာပုံမြို့ကြီးတော့ မလွဲမရှောင် ပျက်ရတော့မည်ဟု အယူသီးကြပြန်သည်။ သဘင်သည်တို့ ပြောဆိုတိုင်း ဖြစ်တတ်သည်ဟူသော သဘောဖြင့် "ဘုန်းတော်ဟုန် ဘုန်းတော်ဟုန် အောက်ပြည်ကြီးက မြို့ရန်ကုန် ကုလားတွေပြေးလို့ကုန်" ဟု နိမိတ်ဖတ်၍ သဘင်သည်တို့က ဗေဒင်ကိန်းကို ချေကြသည်။ မြစ်ရိုးကို လျှောက်ပါလို့ မုန့်ခြောက်ကိုဝါး အလိုကွယ် ကိုကုလား ရယ် ပြေးပါတော့လားဟု ပြည်သူတို့က သီဆိုဆန္ဒပြကြသည်။ သီပေါ်ဘုရင် ကိုယ်တိုင်ကလည်း ပုဏ္ဏားတို့ထံ ဇာတာတော်စစ်ဆေး၍ ယတြာအမျိုးမျိုး ချေသည်။ ထိုသို့သဘင်သည်တို့ နိမိတ်ဖတ်တိုင်း သီပေါမင်း၏ ဘုန်းတော်ဟုန်ကြောင့် မြို့ရန်ကုန် ကုလားတွေပြေးကြကုန်သလော။ ပြည်သူတို့ ဆန္ဒပြ သီဆိုခြင်းကြောင့် မြစ်ရိုးတစ်လျှောက် မုန့်ခြောက်ဝါးသူတွေ ပြေးကြပါ၏လော၊ သီပေါမင်း၏ ယတြာချေခြင်းကြောင့် ဘေးရန်တို့ကော ပြေပျောက်ကြပါ၏လော...

မိမိတို့လုပ်ကွက်များ၍ ကံဆိုးနေကြသည်ကို မပြုပြင်ဘဲ ဤကဲ့သို့ အခြေအမြစ်မရှိသော အစွဲ၊ အခြေအမြစ်မရှိသော လုပ်ရပ်တို့ဖြင့်သာ အချိန်ကုန်နေကြသည်။ ၁၂၄၇ ခုနှစ် တော်သလင်းနစ်ရက်နေ့၌ လက်နက်စက်ရုံမှ ထွက်သော သေနတ်များကို ဘုရင်ကိုယ်တိုင် စစ်ဆေးပါ၏။ သို့သော် အခါနှောင်းခဲ့လေပြီ။ နန်းသက် ၇ နှစ်ရှိ၍ အင်္ဂလိပ်တို့နှင့် နွှဲရမည့်စစ်ပွဲ မလွှဲမရှောင်သာတော့ပြီဆိုမှ လက်နက်တိုက် စစ်ဆေးကာကွယ်ရေးကိစ္စ သတိရခြင်းသည် တိုင်းပြည်၏တာဝန်အရှိဆုံးဘုရင်တစ်ပါးအဖို့အလျှဉ်းမသင့်လျော်သည့် ရက်ဖွယ်ရာပင် ဖြစ်သည်။

## ကြိုတင်ပြင်ဆင်မှုမရှိဘဲ စစ်ပွဲနှင့်ရင်ဆိုင်ခဲ့သော ရလဒ်ဆိုး ရင်ကျိုးခဲ့ရပြီ

တိုင်းရေးပြည်ရေး ရှုပ်ထွေးနေစဉ် အင်္ဂလိပ်တို့၏ ယုတ်မာသော မာယာထောင်ချောက်ပေါ်လာသည်။ ဘုံဘေဘားမား သစ်ကုမ္ပဏီသည် မြန်မာအစိုးရ၏ သစ်တောထဲမှ သစ်များကို အခွန်မပေးဘဲ ခိုးယူခုတ်ခဲ့သည့် သစ်ခိုးမှုအရေအတွက်မှာ လွန်စွာများပြားကြောင်း စာရင်းဇယားနှင့် အတိအကျ သိရှိရသဖြင့် ငွေကြေးငွေ နှစ်သန်းသုံးသိန်း ချမှတ်ခဲ့သည်။ အကွက်ချောင်းနေသောသစ်ခိုးသူတို့သည်လျော်ကြေးမပေးနိုင်ကြောင်းမတရားဒဏ်ရိုက်ခြင်းဖြစ်ကြောင်း အင်္ဂလိပ်ဘုရင်ခံထံ လိမ်ညာတင်ပြကြသည်။ မြန်မာအစိုးရက အင်္ဂလိပ်ကုမ္ပဏီပိုင်ဆင်နှင့် သစ်တောပစ္စည်းများကို သိမ်းယူလိုက်သည်။

၁၂၄၇ ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ ရက် (၂၂.၁၀.၁၈၈၅) နေ့တွင် အင်္ဂလိပ်တို့က မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကိုပါ ထိပါးစော်ကားသော တောင်းဆိုချက်ရောက်လာသည်။ မြန်မာအစိုးရက သစ်ဖိုး နှစ်သန်း သုံးသိန်းကိုခွင့်လွှတ်၍သိက္ခာထိန်းသိမ်းသည့်အနေဖြင့် "မြန်မာနိုင်ငံတော်၏နိုင်ငံခြားကိစ္စများကို အင်္ဂလိပ်အစိုးရက အုပ်ချုပ်စီမံရန်ဟူသော အချက်ကိုမူ "ကြားနိုင်ငံကြီး တစ်ဦးဦး၏ ဆုံးဖြတ်ချက်အတိုင်းသာ ဖြစ်သင့်သည်" ဟု ပြန်ကြားလိုက်သည်။

ထိုသို့အရေးအခင်းကြီးများ ဆက်တိုက်ဖြစ်ပေါ်လာပြီးနောက် မြန်မာဘုရင့်အစိုးရအတွင်း၌ စစ်တိုက်သင့် မတိုက်သင့် အချေအတင် အပြင်းအထန်ငြင်းခုံခဲ့ကြသည်။ တိုင်းတာမင်းကြီးတို့က "ကုလားဖြူကို ကြောက်ရမည်လော တိုက်သာတိုက်ပါ" ဟု ဆိုကြ၏။ ထိုအဆိုကို စုဖုရားလတ်က လက်ခံ၏။ ကင်းဝန်မင်းကြီးက "အင်္ဂလိပ်တို့အင်အားကြီးသည်။ ဤတစ်ကြိမ်ရှိပါစေဦး၊ အလိုရှိရာပေး သာယာငြိမ်အေးပြော၍ ပြန်လွှတ်မည်။ ဤအရေးပြီးသောအခါမှ လူသူလက်နက် အင်အားစုဆောင်းပြီး နိုင်ငံတွင်းမှ အပြီးအပိုင် တိုက်ထုတ်ပစ်မည်" ဟု တင်လျှောက်သည်။ ထိုအဆိုကို စုဖုရားလတ်က လုံးဝလက်မခံပေ။

ကင်းဝန်မင်းကြီး၏သဘောမှာ ရန်သူတို့က ရာဇသံပေး၍ စော်ကားနေသည်မှာ မှန်သော်လည်း ယှဉ်ပြိုင်နိုင်လောက်သော ပြင်ဆင်မှုမရှိသေး၊ အခက်အခဲအားလုံးကို စေ့စပ်ဆွေးနွေးခြင်းဖြင့်သာ ဖြေရှင်းနိုင်လိမ့်မည်ဟု ယုံကြည်သည်။

နိုင်ငံတော်ကို အသစ်ပြန်လည်ပြုပြင်ရမည်။ အဖက်ဖက်က နိမ့်ကျနေသည်ကို ပြုပြင်နိုင်ရန် အစိုးရအဖွဲ့ပြောင်းလဲရန် ဘုရင်လဲရန် လိုအပ်သည်။ ထိုလိုအပ်ချက်ကလည်း အင်္ဂလိပ်တို့နှင့် ပြေလည်လျှင် ဖြစ်နိုင်လောက်သည်။ စစ်ပြိုင်ဆိုင်လျှင်ကား ထိုမျှော်လင့်ချက်အားလုံး ဆုံးမည်။ ထို့ကြောင့် စစ်ရှောင်နိုင်ဖို့ အရေးအကြီးဆုံး ဖြစ်သည်ဟု ဆိုလိုသည်။ နောက်ဆုံးတွင် သီပေါမင်းက "မိစ္ဆာတို့၏ရန်စစ်ကို ငါကိုယ်တော်မြတ်ကိုယ်တိုင်ထွက်၍ ကွပ်ကဲနှိမ်နင်းတော်မူမည်" ဟူသော အမိန့်တော်ဖြင့် စစ်တိုက်ရန် ဆုံးဖြတ်လိုက်သည်။

## ဆရာတော်ကိုယ်တွေ့ စစ်ချီပုံ

ဆရာတော်သည် မိမိငယ်စဉ်က မန်ကျည်းပင်ဈေးနေအိမ်မှနေ၍ မြင်လိုက်ရသော စစ်ချီတက်သွားပုံကို မှတ်မိသမျှ ဆက်လက်မိန့်ကြားသည်။ "မန်ကျည်းပင်ဈေးနေတုန်း စစ်ထွက်သွားတာ မြင်လိုက်ရတယ်။ တချို့က သေနတ်ထမ်း၊ တချို့က ဓားထမ်း အိုးခွက်ထမ်းသူထမ်းနဲ့ ခါးတောက်ကျိုက်သူကျိုက်နဲ့ ခါးပုံထိုးဝတ်သူဝတ်ပြီး အရှေ့ကနေ အနောက်သွားတယ်၊ ဒို့လင်းယဉ်က ကျောင်းဆရာအိမ်မောင် (အမကကျောင်းအုပ်) တို့ ဘေးကြီးဦးပေါ်ရုံတဲ့၊ ခု မန္တလေးနေတဲ့ ငပြားတို့ရဲ့ အဘိုးဦးလူကြီးတဲ့။ သူတို့နှစ်ယောက် လှေသင်းအတွင်းဝန်တပ်ထဲပါတယ်၊ မင်းလှခံတပ်ကနေ တိုက်ကြရတယ်။ အင်္ဂလိပ်တို့က မင်းလှခံတပ်သိမ်းတော့ ခံတပ်မြို့ရိုးပေါ် လှေကားထောင်တက်လာကြလို့ ခုတ်ချကြရတယ်တဲ့။ မနိုင်လို့ပြေးကြရတော့ သေနတ်အပေါ်ထောင်ပစ်တယ်၊ သူတို့နှစ်ယောက်လုံး သေနတ်ကိုယ်စီနဲ့ ရွာရောက်လာကြတယ်။ လှေသင်းတို့က နောက်မှ လှေတပ်နဲ့သွားကြတယ်။ မြင်းခြံက ခံတိုက်တယ်"

## ရှောင်တိမ်းရန်အကြံ လက်လျှော့လိုက်ကြရ

နန်းတွင်း၌မူ ကင်းဝန်မင်းကြီးတို့ အရေးသာလာသည်။ လက်ငင်းအခြေအနေအရကင်းဝန်တို့၏လက်တွင်းကျရောက်နေကြရသဖြင့်တိုင်းတာတို့မလှုပ်ရဲ၊စုဖုရားလတ်လည်းအလျှော့ပေးရတော့၏။၁၂၄၇ခုနှစ်တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက် (၂၅.၁၁.၁၈၈၅) တွင် ရန်သူတို့ မြင်းခြံသို့ ဝင်သည်။ မင်းမိဖုရားနှင့် သမီးတော် မယ်တော်တို့ မြို့တော်ကထွက် ရွှေဘိုဘက် တိမ်းရှောင်ပြီး တစ်မျိုးစီစဉ်ရန် စဉ်းစားကြသည်။ ကင်းဝန်မင်းကြီးတို့က "မိဖုရားမကျန်းမာလှပါ။ မယ်တော်ကြီးအသက်ကြီးပီ သမီးတော်တွေကလည်း ငယ်လွန်းနေသည်။ ထို့ကြောင့် ရှောင်တိမ်းမှု မသင့်တော်ပါကြောင်း သူတို့လိုလားချက်များကိုပေးလိုက်လျှင် အေးငြိမ်းသွားပါလိမ့်မည်" ဟု အကြံပေး တားမြစ်ကြသဖြင့် ရှောင်တိမ်းရန် အကြံကို လက်လျှော့လိုက်ကြတော့၏။

## စစ်ပြေငြိမ်းရေးအဖွဲ့စေလွှတ်

မြို့တော်၌ တိုင်းပြည်၏တာဝန်ခံဖြစ်သော ဘုရင်မရှိလျှင် ပြုလုပ်မည့်ဆွေးနွေးမှုအားလုံးမဖြစ်နိုင်တော့။ သို့ဆိုလျှင် မျှော်လင့်ထားသောဆွေးနွေးမှုရလဒ်များအားလုံး ဆုံးရှုံးကြရပေလိမ့်မည်။ ထို့ကြောင့် ကင်းဝန်တို့က ရှောင်တိမ်းရန် မလိုလားပေ။ နောက်ရက် (တန်ဆောင်မုန်း လပြည့်ကျော် ၅ ရက်) စစ်ပြေငြိမ်းရေးအဖွဲ့လွှတ်သည်။တောင်းဆိုသမျှပေးမည်။တောင်းဆိုချက်တို့ကို စဉ်းစားရန် အချိန်လုံလောက်စွာမရ၍ ဤကဲ့သို့ အဆင်မပြေဖြစ်ရပါသည်။ မြန်မာတို့၏ဂုဏ်သိက္ခာကို ထိန်းသိမ်းသည့်အနေဖြင့်သာ ခုခံတိုက်ခိုက်ရခြင်းဖြစ်ပါသည်။ ရှေးက ဆက်သွယ်ရင်းအတိုင်း မိတ်ဆွေမပျက် ဆက်လက်ဆောင်ရွက်ကြရန် စသည်ပါသော သဝဏ်လွှာပေးလိုက်သည်။

ကင်းဝန်မင်းကြီးသည် သူ၏ကမ်းလှမ်းချက်ကို လက်ခံလိမ့်မည်ဟုမျှော်လင့်ထား၏။ အင်္ဂလိပ်တို့နှင့် ပြေလည်လျှင် မြို့စောင့်တပ်ဖြင့် ဘုရင်ကိုနန်းချ၍ အင်္ဂလိပ်တို့နှင့် ပါလာသည်ဆိုသော ညောင်ရမ်းမင်းသားကို နန်းတင်

ရန် ဖြစ်၏။ ကင်းဝန်မင်းကြီးအကြံကို အချို့ပုဂ္ဂိုလ်ကြီးများ ရိပ်မိဟန်ရှိသည်။ ပါးနပ်လှသောကင်းဝန်မင်းကြီးသည်စစ်ခေါင်းခွဲ၍စစ်ရှောင်ရန်အပြင်းအထန် စီမံခဲ့သည်။ သူ၏ဘက်တော်သား မြို့ဝန်ဦးပေစိကို မြို့စောင့်တပ်တာဝန်ပေး ထားသည်။ နေပြည်တော်ကိုအပိုင်စီးထား၏။ စစ်အေးအဖွဲ့ပြန်ရောက်လာ၏။ မရေရာသောအဖြေကိုသာ ရ၏။ စစ်ပြေငြိမ်းရန် အမိန့်မပါကြောင်း မန္တလေး အရောက်ချီတက်၍သိမ်းယူရန်သာအမိန့်ပါကြောင်းမြန်မာဘုရင်ကိုယ်တော် နှင့်တကွ လက်နက်ကိုင်တပ်မတော်ပါ လက်နက်ချအပ်စေလိုကြောင်း ငါ ပြန်ကြားလိုက်သည်ဟု ဗိုလ်ချုပ်ပရင်းဒါဂတ် ပြောလိုက်သည်။

၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက် (၂၇.၁၀.၁၈၈၅) နေ့ "လက်နက်ရုပ်သိမ်းစေ" ဟု လွှတ်တော်က ကြေးနန်းဖြင့် အလျင်အမြန် ဆင့်ဆိုသည်။ ရန်သူတို့သည် မြန်မာတို့ မျှော်လင့်သလို အင်းဝတွင် ရပ်တန့် မနေဘဲ အင်းဝခံတပ်၊ စစ်ကိုင်းခံတပ်၊ သပြေတန်းခံတပ်တို့မှ လက်နက်တွေ သိမ်းပြီး ခြောက်ရက်နေ့တွင် သူတို့ရည်ရွယ်ချက်အတိုင်း မန္တလေးသို့ ဆန် တက်လာတော့သည်။ အင်္ဂလိပ်တွေ ဆန်တက်လာပြီး ရွှေမြို့တော်အနီး ရောက်လာပြီဟု ကြားရသောအခါ ကင်းဝန်မင်းကြီးသည် သူတို့ပြန်ကြားချက် အတိုင်းစကားမှတည်ပါ့မလားဟုရတက်မအေးနိုင်အောင် ရှိနေ၏။ ယဉ်ကျေး သော တိုင်းကြီးပြည်ကြီးသားပီပီ ကတိတည်တန်ကောင်းပါရဲ့ဟု အားတင်း ဖြေဖျောက်ရင်း မရေရာသော အနာဂတ်ကာလကို စောင့်ကြိုနေမိ၏။

နံနက် ၁၀ နာရီအချိန်တွင် ရွှေမြို့တော် ဂေါဝိန်ဆိပ်ကမ်းသို့ အင်္ဂလိပ် သင်္ဘောများ ကပ်မိပြီဟု ကြားရလျှင် ညောင်ရမ်းကိုယ်တော် ပါသလားဟု စုံစမ်းရန် စာရေးတော်ကြီးကို ကင်းဝန်မင်းကြီး လွှတ်လိုက်၏။ အင်္ဂလိပ်တို့က ထိုစာရေးကြီးကို ဖမ်းထားလိုက်၏။ နောက်တော့ အင်္ဂလိပ်တို့သည် ကတိ လုံးဝမတည်ဘဲ နန်းတော်သို့ ချီတက်လာခဲ့သဖြင့် ဦးကောင်းလိမ်ထုတ် မန်းမြို့ ပြုတ်ဟု တွင်ခဲ့သည်။ ဦးကောင်းလိမ်ထုတ် ၁၂၄၇ ခုနှစ်တွင် ကျွန်ဖြစ်ခဲ့ရလေ သည်။

## ပါတော်မူရှုခင်း

၁၂၄၇ ခု တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက် (၂၇.၁၁.၁၈၈၅) နေ့ နံနက်ပိုင်းတွင် ညောင်ရမ်းမင်းသားပါသတဲ့စသော သတင်းများ ပျံ့နှံ့နေ၏။ မင်းပြောင်းမင်းလွှဲတော့ ကြုံရပြန်ပြီ။ အရေးတော်ပုံ ပေါ်ပြန်ပြီဟု ကျီးလန့်စာစား ဖြစ်နေကြသည်။ အရေးတော်ပုံကို အခွင့်အရေးယူ၍ ခိုးဆိုးတိုက်ခိုက်ရန် ကြံနေသည့် တောကြောင်များကလည်း တလှုပ်လှုပ်တရွရွ အချို့က ညောင်ရမ်းကိုယ်တော်ပါသည်ဆိုသည့် သတင်းကြောင့် ပြေးကြည့်ကြသည်။ မင်းလောင်းကြိုကြသည်။ ဂေါဝိန်ဆိပ်ရောက်သောအခါ သူတို့မျှော်လင့်သော ညောင်ရမ်းကို မမြင်ကြရ။ ကုလားမည်းတွေ၊ မြင်းတွေ၊ လက်နက်တွေ ကုလားဖြူဗိုလ်တွေ ကို မြင်ကြရသည်။ လှေအုပ်ကြီးထဲတွင် ဘုန်းကြီးများလည်း ပါ၏။ မြန်မာတို့က ကိုယ်ဖြစ်ချင်သလိုတွေး၍ လာရောက်ကြည့်ရှုကြသည်ကို အင်္ဂလိပ်တို့က မြန်မာလူအုပ်ကြီးသည် သူတို့ကို ကြိုဆိုကြသည့် လူထုကြီးအဖြစ် မှတ်တမ်းတင်ခဲ့ကြသည်။

အင်္ဂလိပ်တို့သည် ကင်းဝန်မင်းကြီးအလာကိုပင် မစောင့်တော့ဘဲ ချီတက်လာခဲ့ကြသည်။ နန်းမြို့အထွက်တွင် တွေ့ပြီး သူတို့နှင့်အတူ ပြန်လှည့်လိုက်လာခဲ့ရသည်။

ကုလားစစ်တပ်ကြီး နန်းတော်ဝိုင်းထားတယ် ရပ်နေကြတယ်။ ပြုန်းခနဲ မဝင်ဘူး။ ကင်းဝန်မင်းကြီးတို့ရောက်လာမှ ကင်းဝန်မင်းကြီးက ရှေ့ဆောင်ဝင်တယ်။ မင်းကြီးက သေနတ်ကိုင် တံခါးစောင့်တွေကို မင်းတို့အသာနေ ဘာမှမလုပ်ကြနဲ့လို့ ပြောတယ်။ အင်္ဂလိပ်တွေက မြန်မာတံခါးစောင့် ၂၅ ယောက်ဆိုရင် ပန်ချာပီစစ်သား ၅၀ အစောင့်ထားခဲ့တယ်။ အစောင့်တွေက ပန်ချာပီတွေချည်းပဲ။ ဂေါ်ရာတွေက ရှင်ဘုရင်ဖမ်းတဲ့အထဲပါတယ်။ ဗမာစစ်သားတွေ ညကျတော့ မရှိတော့ဘူး ထွက်သွားကြတယ်။

အင်္ဂလိပ်တို့သည် မြို့သိမ်းပြီး ပထမတစ်ရက်လုံး ဝင်ထွက်ခွင့်ပေးထားသည်။ ထိုအခွင့်အရေးကိုယူ၍နန်းတွင်းနေထိုင်ရောက်ပေါက်ခဲ့ကြသော မြန်မာတို့ကရန်သူ့လက်ရောက်မည့်အတူရရာယူကြသည်။ ထိရောက်အောင်

ရကြဟန်မရှိပါ။ နောက်ရက်များရောက်မှ အဝင်အထွက် စည်းကြပ်လာသည်။ မန္တလေးမြို့၏ အခြေအနေသည် လှုပ်ရှားလျက်ရှိသည်။ သတင်းအမျိုးမျိုး ပျံ့နှံ့နေ၏။ ဘယ်မင်းသားက ပြန်တိုက်လိမ့်မယ်စတဲ့ သတင်းတွေ ပျံ့နေတယ်။ မြို့ထဲ စစ်တလင်းဖြစ်လိမ့်မည်ဆိုပြီး မနေရဲကြဘူး။ ဒို့လည်း မန်ကျည်းပင်ဈေးက ညောင်ကုန်းလှည်းတန်း ပြောင်းခဲ့ကြတယ်။ မြို့အနှံ့ ရွက်ထည်တဲတွေနှင့် စစ်သားတွေ လုံခြုံမှုရအောင် လုပ်ကြတယ်။

## နယ်ချဲ့လက်အောက်ကျရောက်ရလေပြီး

၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် ညနေ ၅ နာရီခန့်တွင် အေလမ်းအတိုင်း အရှေ့မှ အနောက်သို့ အင်္ဂလိပ်စစ်တပ်ခြံရံခေါ်ဆောင်လာသော ထီးဖြူမိုး နွားကထားသော ဗီရိုလှည်းနှစ်စီးကို မြင်ကြရသည်။ မောင်ကောင်းသည် ညောင်ကုန်းလှည်းတန်းရပ်မှထွက်၍ ရွှေတချောင်း အနောက်နစ်ပြ ယခု မစိုးရိမ်ကျောင်းတိုက်ကြီး၏ မြောက်ဘက် ၃၅ လမ်း (ဂေါ်ဝိန်လမ်း) အနီးမှကြည့်လျက်ရှိသော လူအုပ်ကြီးတွင် ပါဝင်မြင်တွေ့လိုက်ရ၏။

ဒို့နိုင်ငံတော့ သူ့ကျွန်ဖြစ်ပြီ ဟူသော အသိဖြင့် ငိုရှိုက်သူများအကြားတွင် ဝမ်းနည်းသလို ဖြစ်သော်လည်း ၁၅ နှစ်အရွယ် လူငယ်တို့ သဘာဝမခံချင်စိတ်က ပိုပြင်းထန်နေ၏။ လက်နက်ကိုသုံး စည်းလုံးရိုင်းပင်း အချင်းချင်း သွေးစည်းတစ်ပေါင်းတည်း တွန်းလှန်ကြရမည်။ ရန်သူကို လက်နက်ဗလာ တစ်ယောက်တည်းသာဖြစ်သော ၁၅ နှစ်သား လူငယ်သည် သည်လူအုပ်စစ်တပ်ကြီး အလယ်တွင် အဘယ်သို့ပြုနိုင်ပါအံ့နည်း၊ နောက်ဆုံး၌ "ဟယ်... သူ့ကျွန်အဖြစ်နဲ့တော့ ကုလားဖြူတွေအောက် ဒူးထောက်၍ မနေတော့ဘူး။ သာသနာ့ဘောင် ပြန်ဝင်တော့မည်" ဟု ဆုံးဖြတ်လိုက်လေသည်။

အင်္ဂလိပ်တို့သည် နန်းတွင်းမှ ပစ္စည်းများ သယ်ဆောင်ရေးအတွက် လှည်းများကို အသုံးပြုသယ်ခဲ့ကြသည်။ အချို့သော ပစ္စည်းများကို စောစောထဲက ပို့ထားကြ၏။ အချို့ပစ္စည်းများကိုမူ သယ်ယူရန် အချိန်နီးမှ စီစဉ်နိုင်ကြ၏။ အရှင်နှစ်ပါးကိုခေါ်ဆောင်သော တပ်ကြီးနောက်မှ အချို့လှည်းများလိုက်ကြရ

၏။ ညနေ ၆ နာရီ ၁၅ မိနစ်အချိန်တွင် သီပေါဘုရင်နှင့် မိသားစုတို့သည် သင်္ဘောထက်သို့တက်လှမ်းခြေချအရှင်သခင်ဘဝကိုအဆုံးသတ်ကြရတော့သည်။ ဤကား မြန်မာတို့ ကိုယ့်ဘုရင် ကိုယ့်အရှင်နှင့် လွတ်လပ်သော လူမျိုးအသွင်မှ လျှောကျသက်ဆင်း ကျွန်စာရင်းဝင်ရခြင်းပင် ဖြစ်လေသည်။

သခင်လည်းဆုံးနန်းလည်းသုဉ်းခဲ့လေပြီ။ ပဟိုရ်သံကင်းဒေါင်းအလံလည်း ဆင်းခဲ့ရလေပြီ။ ပြအိုးပြာသာဒ် မြို့ရိုးတို့သည်လည်း နန်းရိုးလည်းအက်ပြအိုးပျက်၍နေလေပြီတကား။ နေ့လည် ၃ နာရီ မိနစ် ၃၀ မှာ နန်းတော်မှ ထွက်ခွာခဲ့ရပြီး ညနေ ၆ နာရီ ၃၀ ခန့်မှာ ဂေါဝိန်ဆိပ်ကနေ သူရိယလို့ရေးထားတဲ့ သင်္ဘောအိုကြီးနှင့် ခေါ်သွားတယ်။ သူရိယနေမျိုးက ဆင်းသက်ခဲ့တဲ့ မြန်မာမင်းကို သူရိယခေါ်တဲ့ သင်္ဘောစုတ်ကြီးနဲ့ နှိမ့်ချခေါ်ခဲ့ပြီး အိန္ဒိယပြည် မဒရပ်မြို့ ရတနာဂီရိသို့ ခေါ်သွားလေသည်။

# အခန်း (၂)
# လူ့လောက အရှုပ်အထွေးမှ လွတ်မြောက်ရေးရခဲ့ပြီ

ဈေးချိုတော်ကို ကြီးစိုးလျက်ရှိသော တရုတ်ကုလားဗမာ အနည်းငယ်တို့က နေ့အခါမှာသာ အခြေအနေကြည့်၍ ခေတ္တဆိုင်ဖွင့်လှစ်ကြပြီး ညဥ့်အခါတွင် ဝင်ပေါက်သာချန်၍ လုံခြုံအောင် ပိတ်ဆို့စောင့်ရှောက်ထားကြ၏။ သေနတ်သံတွေ ညဥ့်တိုင်းကြားနေရ၏။ အင်္ဂလိပ်တို့က ဓားပြအဖြစ်သတ်ဖြတ်ခံရသူတွေ မနည်းပေ။ သူခိုး ဓားပြတွေ ထကြသလို သူ့ကျွန်မခံလိုစိတ်ဖြင့် လှုပ်ရှားသူတို့လည်း ရှိကြ၏။ သည်လိုအချိန်အခါမျိုးတွင် အရေးကြီးတော့ သွေးနီးမှ အဆိုအတိုင်း သွေးနီးချင်းစုနေကြသော ညောင်ကုန်းလှည်းတန်းသည် စည်းလုံးညီညွတ်မှုရှိလျက် တောင်ဘက် မြောက်ဘက် လုံခြုံအောင်ပိတ်လျက်အဝင်အထွက်ကစစည်းကြပ်စောင့်ရှောက်ကြ၏။ညဥ့်အခါသေနတ်သံပေး၍ညီညွတ်မှုအင်အားကို အသိပေးကြ၏။ အခြားရပ်ကွက်များမှ မအိပ်ရဲကြသော သူတို့လာရောက်အိပ်ကြသည်။ သည်လိုခေတ်ပျက် ကာလပျက်ကြီးတွင် ကိုယ့်အားကိုယ်ကိုး၍ ကိုယ့်အမျိုးကို စောင့်ရှောက်ကြရမည် မဟုတ်ပါလော။ အင်္ဂလိပ်တို့ကို ပြန်တိုက်ရန် အကြောင်းပြုပြီး စာရင်းလာ

ကောက်သူများလည်း ရှိ၏။ အရေးတော်အတွက် ခင်ဗျားဆီက လူဘယ်လောက် ရနိုင်မလဲဟု ရပ်ကွက်အုပ်ကြီးထံ လာရောက်ကြ၏။ အင်္ဂလိပ်သူလျှိုတွေကလည်း ဖြစ်နိုင်သဖြင့် အထူးသတိထားရတယ်။ အမှားမခံပေ၊ ရှုပ်ထွေးပွေလီနေချိန်ဝယ် မည်သူ့ကိုမျှ ယုံကြည်ရသည်မဟုတ်သေး။ သစ္စာဖောက်တို့ကို အသုံးပြု၍ အင်္ဂလိပ်တို့က မြန်မာပြည်ကြီးတစ်ခုလုံးကို မတရား သိမ်းပိုက်ပြီးပြီ မဟုတ်ပါလော။

သတ္တဝါတို့သည်ဘေးအန္တရာယ်ရောက်လာသောအခါဘေးကင်းရာကို ရှာကြမြဲ ဓမ္မတာဖြစ်၏။ လုံခြုံရာနေရာများကို ရွှေ့ကြ ပြောင်းကြ ပြေးလွှားကြ၏။ မောင်ကောင်းတို့မိသားစုလည်း ဤသို့ရှုပ်ထွေးပွေလီမတည်ငြိမ်သောအခါတွင် ရွာသို့ပြန်နေကြရန် စိတ်ကူးကြ၏။ ရွာဆိုလျှင် ဆွေမျိုးတွေ သိုက်သိုက်ဝန်းဝန်းနှင့် ပို၍လုံခြုံစိတ်ချရမည်။ မိဋ္ဌာကုလားတွေလည်း ရောက်ကြဦးမည် မဟုတ်၍ အေးလိမ့်မည်အထင် ရှိ၏။ လှည်းဆယ်စီးလောက်ဖြင့် စိန်ပန်းရပ် သန်လျက်မော်မှ အနောက်ဘက်သို့ကူးကြရန် စီစဉ်၏။ လှည်းတွေနွားတွေ ကူးဖို့ပြင်ဆင်နေစဉ် အနောက်ဘက်လမ်းမှကူးလာသော လူတစ်ယောက်က "ခင်ဗျားတို့ မသွားကြနဲ့၊ အလုခံရလိမ့်မည်။ ဟိုဘက်မှာ (ရွာတွေဘက်မှာ) သိပ်အခြေအနေဆိုးနေတယ်" ဟု အချိန်မီ အသိပေးသဖြင့် သွားဖို့အစီအစဉ်ဖျက်ကာ လှည့်ပြန်ခဲ့ကြရ၏။ မြို့မှာမအေး၍ တောသို့ပြေးမည် စီစဉ်သော်လည်း တောမှာလည်း ဆူပူလျက်ရှိနေသည်။ တောရောမြို့ပါ လုယက်ခိုးဆိုး လူဆိုးလူသွမ်းတို့ သောင်းကျန်းလျက် ရှိနေလေသည်။ ဤသို့သော ကာလမျိုးတွင် ဘယ်နေရာမှာမှ အေးကွက်ကို ရှာ၍မရကြပေ။

အင်္ဂလိပ်တို့သည် ငြိမ်ဝပ်ပိပြားရေးအတွက် ဆူပူလှုပ်ရှားသူတို့ကို အကြမ်းနည်းဖြင့် နှိမ်သည်၊ ဖမ်းသည်၊ သတ်သည်၊ တစ်ဖက်က အလုပ်ပေးသည်၊ လမ်းပြင်ခိုင်းသည်၊ မြေတူးတာ ဖို့ခိုင်းသည်၊ အခကြေးငွေမှာ လူကြီးငါးမူး၊ ကလေးတစ်မတ်။ တစ်နေ့လုပ် တစ်နေ့စားရသော ဆင်းရဲသားတို့အဖို့ မငြင်းနိုင်၊ ဝမ်းရေးအတွက်က အရေးကြီးနေသည်။

"ဆူလို့ ဖမ်းမိတဲ့လူတွေကို နန်းတော်ကြီးတောင်မျက်နှာ အလယ်တံခါး အရှေ့ဘက်မြို့ရိုးကိုကပ်ပြီး သေနတ်နဲ့ ပစ်သတ်တယ်။ ဆူနေတာ သုံးရက်လောက်ကြာတယ်။ နောက်တော့ ငြိမ်လာသည်။ သူတို့က အလုပ်ပေးတယ်၊ လမ်းတွေပြင်တယ်၊ လှူကြီးငါးမူး၊ ကလေးတစ်မတ်၊ မြေတူး တာဖို့ အလုပ်ခိုင်းတယ်"

တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲ ရက်တွေကြာ၍ လတွေကူးလာသောအခါ အသွားအလာ အလုပ်အကိုင်များ အနည်းငယ်အခြေကျစပြုတယ်။ ကင်းဝန်မင်းကြီးနှင့် မြို့တော်ဝန်ဟောင်း ဦးပေစိတို့က ငြိမ်ဝပ်ပိပြားရေးအခန်းက အင်္ဂလိပ်တွေကို ကူညီဆောင်ရွက်ပေးတယ်။ ကင်းဝန်မင်းကြီးက အထက်မြန်မာနိုင်ငံမှာ ဆင်းရဲသားတို့အလုပ် မကြပ်တည်းစေရန် အလုပ်လက်မဲ့ ပြဿနာမပေါ်စေရန် ကုလားကူလီတွေခေါ်မလာဖို့ အင်္ဂလိပ်အစိုးရကို ပြောထားသဖြင့် မန္တလေး၌ ကုလားကူလီ ရှားတယ်။ အောက်ပြည်မှာတော့ နေရာတကာ ကုလားတွေချည်းပဲ ဖြစ်တယ်။

## မောင်ကောင်းတစ်ယောက် ရှင်သာမဏေဝတ်ပြီ

ပါတော်မူစဉ်နေ့က သူ့ကျွန်မခံလိုစိတ်ဖြင့် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်ကလည်းရှိ၊ တစ်ပြည်နှင့်တစ်ပြည် တစ်ယောက်နှင့်တစ်ယောက် အနိုင်အထက်ပြုကြ၊ ပစ္စည်းယူ လူသတ်ကြ ကြောက်စရာအကုသိုလ်မှုတွေ လုပ်နေကြသည်ကို မြင်တွေ့နေရသဖြင့် "တစ်ဝမ်းတစ်ခါးအတွက် ပြုကြရသော အမှုတွေကား ကြမ်းတမ်းလှ၏။ ဆိုးဝါးခက်ထန်လှချေ၏..."ဟု သံဝေဂဉာဏ်ကလည်း ပင့်ကော်နှိုးဆော်ပေးပြန်သဖြင့် မောင်ကောင်းသည် ပွေရှုပ်လှသော လူ့လောကမှ ရုန်းထွက်လွတ်မြောက်ရေးကိုသာ တွေးတောစိတ်စောနေမိတော့၏။ အခြေအနေ ငြိမ်သက်စပြုလာသည်နှင့် တစ်ပြိုင်နက် ငြီးငွေ့လှပြီဖြစ်သော လူ့လောကမှ ထွက်မြောက်ရှင်သာမဏေပြုလုပ်ခွင့် ပေးပါရန် မိဘများအဒေါ် ဦးလေးတို့ကို ပန်ကြားခွင့်ပန် ခွင့်တောင်းတော့သည်။

မိဘဆွေမျိုးများမှာလည်း သာသနာစိတ်ရှိသူများပီပီ ဝမ်းမြောက်ဝမ်းသာ ခွင့်ပြုလိုက်လေသည်။ ထို့ကြောင့် ၁၂၄၇ ခုနှစ် တပေါင်းလ၌ ရေပန်းဆရာတော်ကြီးထံ ရှင်သာမဏေဝတ်၍သာသနာ့အေးရိပ်ကို ခိုလှုံလိုက်တော့သည်။ လူ့လောက အရှုပ်အထွေးမှ လွတ်လပ်ရေးရခဲ့ပေပြီ။ သူရွံမုန်းလှသောနယ်ချဲ့ကုလားဖြူလက်အောက် ဒူးထောက်အညံ့ခံ သူ့ကျွန်ဘဝမှ လွတ်မြောက်ခဲ့လေပြီ။ ရှင်စန္ဒဟု ဘွဲ့ပေးခဲ့လေသည်။

## မန္တလေးတာရိုးကြီးကျိုး၍ ရေကြီးခြင်း

အင်္ဂလိပ်လက်အောက် ကျရောက်ပြီးနောက် ၁၂၄၈ ခုနှစ် တော်သလင်းလတွင် မန္တလေးတာရိုးကြီးကျိုး၍ မကြုံဖူးသော ရေဘေးကြီးကို ကြုံရတော့၏။ ရှင်စန္ဒသည် ရေပန်းဆရာတော်ထံ ကိုရင်ဝတ်နေချိန် ဖြစ်၏။ ရေပန်းတိုက်ထဲက ကျောင်းကြီးမှာ ဘုန်းကြီးတစ်ပါး ကိုရင်တစ်ပါး ကျောင်းသားတစ်ယောက် နေကြ၏။ ဆရာတော်က ပြောပြ၏။ "ဒို့တစ်သက်မှာ တာရိုးတစ်ခါပဲကျိုးဖူးတယ်။ တာရိုးကျိုးတော့ ဒုက္ခရောက်ကြရတယ်။ ဒို့အသက် ၁၆ နှစ်ထဲမှာပေါ့။ အင်္ဂလိပ်ဝင်လို့ ၁၀ လရှိတဲ့အချိန် ၁၂၄၈ ခုနှစ် တော်သလင်းလပြည့်ကျော် တစ်ရက် နှစ်ရက်လောက်ပေါ့။ ၁၈၈၆ ခုနှစ် စက်တင်ဘာလ ၁၃/၁၄ ရက်ပေါ့၊ ညနေ သုံးနာရီကျော်ကျော်အချိန်မှာ ရေဘေးအော်သံကြားရတယ်။ တာရိုးကျိုးပြီ မြစ်ရေတွေဝင်ကုန်ပြီ၊ အသံတွေဆူညံသွားတယ်။ ရေပန်းတိုက်တောင်ဘက် ဦးပေစိစေတီတော်ကြီးရဲ့ မြောက်ဘက်မှာ ရေမြောင်းရှိတယ်၊ အဲဒီရေမြောင်းဆီကနေပြီး ရေလုံးကြီးတွေ အတင်းဝင်လာတာပဲ။ ယခုလက်ရှိမစိုးရိမ်တိုက်သို့ ဝိသုဒ္ဓါရုံတိုက်တို့ မရှိသေးဘူး။ အိမ်မြင့်ဆိုလို့ တစ်အိမ်မှ မရှိသေးဘူး။ ကိုယ့်ရှိတဲ့ လှည်းပေါ်ကလေးတွေနှင့် ပစ္စည်းတွေ တင်မောင်းပြေးကြတယ်။ လွတ်သူလည်းရှိ မလွတ်သူလည်းရှိပေါ့။ မြတောင်တိုက်ထဲမှာ စုနေကြရတယ်။

ညောင်ကုန်းလှည်းတန်းက လူတစ်ယောက် လက်ပံပင် လှည်းတန်းကို လှည်းနဲ့ အပြေးမောင်းတယ်။ ဟိုရောက်တော့ ရေက သူ့အရင် ရောက်နေ

ပြီး အရှေ့ဘက်မောင်းပြန်တယ်။ ရွှေတချောင်း မရောက်ခင် ရေကရောက်နေတယ်။ မြန်မာဘုရင်များလက်ထက်က တာရိုးကြီးကို တောင်မြောက်တည့်တည့်ဖို့ထားတယ်။ကျောက်သပိတ်မြောက်ဘက်လောက်မှာအရှေ့အနောက် တစ်ဆစ်ချိုး ဖြစ်နေတယ်။ အရှေ့အနောက်ဖို့ထားတဲ့ တာရိုးမှာ ကျိုးတာဆိုတော့ မန္တလေးအနောက်ပိုင်းထဲ ရေတွေတစ်ဟုန်ထိုး တိုးဝင်လာပြီး အားလုံး ရေမြုပ်ကုန်တယ်။ ၁၂၄၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော်မှပဲ ရေကျသွားတယ်။

တာကျိုးတဲ့ည ရေပန်းတိုက်ကျောင်းကြီး အထက်ထပ် ကြမ်းပြင်ပေါ်မှာ အိပ်ကြရတယ်။ သန်းခေါင်ကျော်တော့ ရေပုတ်သံတွေ လှိုင်းသံတွေကြားရပြီး ရေတွေတက်လာတာပဲ။ ကျောင်းလှေကားကြီးပြုတ်ပြီး ပါသွားတယ်။ လှေတစ်စင်းမျောလာတယ်။ ဘုန်းကြီးနဲ့ ဒို့ တက်စီးပြီး လှေကားကြီး လိုက်ရှာကြတာ ရွာပိုင်းသင်္ချိုင်းနားမှာ ပြန်တွေ့ရတယ်။ ကျောင်းပေါ်နေလို့ မဖြစ်တော့လို့ ကျောင်းပေါ်မအိပ်ဘဲ မျောလာတဲ့တိုင်တွေနှင့် ကျောင်းရှိတိုင်ဟောင်းတွေ စုစည်းပြီး ကျောင်းနားမှာ ဖောင်ဖွဲ့နေကြရတယ်။ ဖောင်ပေါ်မှာ ၁၀ ရက်ကျော်ကျော်နေကြရတယ်။မြတောင်တိုက်ကြီးအနီးအနားတစ်ဝိုက်မှာရေဘေးဒုက္ခသည်တွေ ပြည့်ကြပ်နေတယ်။ ကုန်းမြင့်တဲ့ပြတိုင်းမှာ စုနေကြရတယ်။ ဈေးချို ၂၆ လမ်း၊ ၈၃ လမ်းထောင့်ထိ လှေနဲ့သွားရတယ်။ ဈေးချိုမှာ နစ်တောင်သုံးတောင်လောက် ရေနက်တယ်။ အိမ်တော်ရာဘုရားစေတီ ခြေရင်းထိ ရေတက်နေတယ်။ မဟာရံတံတိုင်းပေါ်တော့ မကျော်ဘူး။ မိုးကောင်းတိုက်ခင်မကန်တိုက်တွေမှာ ရေ လေးတောင်လောက် ရှိတယ်။

အနောက်ပိုင်း သင်္ဖာတိုက် အကောက်ဝန်မင်းတိုက်တွေကတော့ ရေသာဝင်တယ်၊ ကျောင်းအပေါ်ထပ်မှာ သီတင်းသုံးလို့ရတယ်။ ဦးပေစိဘုရားကြီး မဟာရံတံတိုင်း ရေမြုပ်နေလို့ လှေကြီးတွေလာတဲ့အခါ တိုက်မိတယ်။ တောခွင်တိုက်ကြီးက အတော်နိမ့်တယ်။ အလယ်ရွှေကျောင်းကြီးအပေါ်ထပ်မှာ နေလို့မဖြစ်ဘူး။ ကင်းဝန်မင်းကြီးတိုက် အလယ်တိုက်မကြီးအပေါ်ထပ်ကို ရေမရောက်ဘူး။ သံဃာတွေ အဲဒီမှာ စုနေကြရတယ်။ ဘေးအရံကျောင်းတွေ

ကတော့ ရေဟာ ပန်းဆွဲထိနေတယ်။ မင်းကွန်းတိုက် ဘေးမဲ့တိုက်များ ရေမြုပ်ကုန်တယ်။ ရွှေတချောင်းက လှမ်းကြည့်လိုက်ရင် အနောက်ဘက် တောင်ဘက် မြောက်ဘက် ရေပြင်ကြီးဖြစ်နေတယ်။ ဧရာဝတီမြစ်နဲ့ တစ်ဆက်တည်းပဲ။

## ရွာတွေစုပေါင်း ပေါင်းစုလိုက်

နယ်ချဲ့တို့ဟာ လှည့်ကွက်သုံး၍ နိုင်ငံကို အလွယ်တကူ သိမ်းပိုက်နိုင်ခဲ့သော်လည်း အေးငြိမ်းအောင် အုပ်ချုပ်ရန် အခက်တွေ့လျက်ရှိသည်။ အုပ်ချုပ်ရေးလွယ်ကူစေရန် ရွာငယ်များကို နီးစပ်ရာ ရွာကြီးများသို့လည်းကောင်း၊ ရွာငယ်အချင်းချင်းလည်းကောင်း၊ စုပေါင်းလိုက်သည်။ ရွာပတ်လည် ဆူးတပ်ကြီးများကို နစ်ထပ်ပြုလုပ်ရသည်။ ဆူးတပ်နစ်ထပ်ကြားက ကင်းလှည့်စောင့်ရောက်ရ၏။ ဘောက်သောက် ကုန်းကြီး တောင်ကုန်း ရှမ်းကုန်း လေးရွာတို့ကို လင်းယဉ်ရွာသို့ ပြောင်းရွှေ့စုပေါင်းစေကာ လင်းယဉ်ရွာကြီး တစ်ရွာတည်းအဖြစ် အသိအမှတ်ပြု အုပ်ချုပ်၏။

ဆူးတပ်ကြီးများ ရွာပတ်လည်အမြင့် လက်ခုပ်တစ်ဖောင်အထု သုံးလေးတောင် နစ်ထပ်ပြုလုပ်ကြရ၏။ ဆူးတပ်များအကြားမှ ကင်းလှည့်စောင့်ရောက်ကြရ၏။ အုပ်ချုပ်ရေးပိုင်းက မကြာမကြာ လာရောက်စစ်ဆေး၏။ အမိန့်မနာခံလျှင် သို့မဟုတ် မနာခံဟု ယူဆခံရလျှင် တာဝန်ရှိသူကို ဖမ်း၏။ ရွာကို ဒဏ်တပ်၏။ မြန်မာဆင်းရဲသားတို့သည် စီးပွားရေးမကောင်းသည့်ကြားမှ သူတို့ကို အခွန်ဆက် လက်ဆောင်ထိုး ဒဏ်ဆောင်ကြရသဖြင့် နာလန်မထူနိုင်အောင် ရှိကြ၏။

ကိုရင်စန္ဒသည် ထိုနစ် ရွာကျောင်းသို့ပြန်၍ ဝါဆိုသည်။ လင်းယဉ်ကျောင်းကြီးဆရာတော်အထံ သဒ္ဒါနှင့် ဗေဒင်သင်ယူ၏။ ဗေဒင်ဘက်က တော်တော်ခရီးရောက်၏။ ပန်ချာပီစစ်သားတွေ နယ်လှည့်လာတဲ့အခါ ကျောင်းထဲ တည်းကြသည်။ ဗိုလ်လုပ်သူက ရွာလူကြီးတွေကိုခေါ်ပြီး ရွာဆူးရိုးနိမ့်တယ်၊ ပါးတယ်နဲ့ အပြစ်တင် လူကြီးများက မနိမ့်ကြောင်း ထူတဲ့အကြောင်း

ပြောပြီး လိုက်ကြည့်စစ်ဆေးရန်ပြောပေမဲ့ မရဘူး။ ဘယ်လောက်မြင့်မြင့် ဘယ်လောက်ထူထူ ကျွန်ုပ်က နိမ့်တယ်ဆိုရင် နိမ့်တာပဲ။ လိုက်မကြည့်နေနိုင်ဘူးလို့ ပြောတယ်။ နောက်ပိုက်ဆံပေးမှ ရွာဆူးရိုးမြင့်ပြီး ထူသွားတော့တယ်ဟု ဆရာတော် ကိုယ်တွေ့နယ်ချဲ့တို့၏ အပြုအမူကို ပြုံးရယ်ကာ မိန့်တော်မူ၏။

## လင်းယဉ်ရွာသို့ ရွှေကျင်ဆရာတော်ကြွစဉ် ဖူးမြင်ခဲ့ရ

၁၂၄၉ ခုနှစ်က ရွှေကျင်ဆရာတော်ကြီး လင်းယဉ်ရွာသို့ ကြွတော်မူလာသည်။ ဆရာတော်ဘုရားကြီးနောက်မှ လှည်းတစ်စီးဖြင့် ကပ္ပိယများ အပြုအစု ပါလာသည်။ လင်းယဉ်ကျောင်း၌ တည်းခိုတော်မမူဘဲ ကုန်းကြီးရွာ၏ မြောက်ဘက်တောရလောက်သော သဲချောင်း၌ စခန်းချရပ်နားတော်မူသည်။ ရွှေကျင်ဆရာတော်ကြီးသည် ညနေချိန်တွင် ကိုရင်စန္ဒတို့နေရာ လင်းယဉ်ကျောင်းကြီးသို့ အလည်အပတ် ကြွရောက်တော်မူလာသည်။ ကြိုဆို ဖူးမြော်နေကြသော ဘုန်းတော်ကြီးဦးနရိန္ဒနှင့် တပည့်သံဃာတော်တို့အား သန်လျင်ပေါ်မှနေ၍ သန်လျင်လိုက်ကာ အဝတ်ကို ဖွင့်လှစ်ကြည့်ရှု ကျောင်းဝင်းအနေအထားကို အကဲခတ်လျက် ဦးနရိန္ဒကျောင်းက ပြန့်ပြူးသာယာပေသားပဲဟု နှုတ်ဆက်မင်္ဂလာစကား မိန့်ကြားတော်မူ၍ မိမိတည်းခိုရာ သဲချောင်းသို့ ပြန်ကြွတော်မူ၏။

ရွှေကျင်ဆရာတော်ကြီးသည် ညဦးအခါ မိမိစခန်းချရာချောင်း၌ တရားဟောတော်မူသည်။ လင်းယဉ် ဘောက်သောက် အနီးအပါးရွာများမှ ရဟန်းသာမဏေ ဒကာ၊ ဒကာမများ တရား လာရောက်နာယူကြသည်။ ကုန်းကြီးရွာက ဦးဖော့ဆိုတာ အဲဒီတုန်းက အနှစ် ၃၀ လောက်ပဲ ရှိသေးတယ်။ တရားနာအပြီးထန်းရေမသောက်တော့ပါဟုဆရာတော်ကြီးထံလျှောက်ထားဝန်ခံလိုက်ပြီး အဲဒီကစ၍ ထန်းရေပြတ်သွားတယ်။

ကိုရင်စန္ဒသည် ရွှေကျင်ဆရာတော်ကြီးကို ဖူးခွင့်ရပြီးသည့်အချိန်မှစ၍ နောက်တစ်ဖန်ဖူးခွင့်ရရှိရေးကိုသာ မျှော်လင့်တောင့်တလျက်ရှိသည်။ ထိုတောင့်တချက်သည် မကြာမီ ပြည့်လာ၏။ အကြောင်းကား မင်းကွန်းဌေ

တောင် တောရ၌ သီတင်းသုံးလျက်ရှိသော ဆရာတော်ကြီးကို လင်းယဉ်ဘုန်းတော်ကြီးနှင့်အတူ လိုက်ပါဖူးမြော်ခွင့်ရသောကြောင့် ဖြစ်သည်။ ထိုစဉ်က ညဥ့်အခါ ဝါးရုံကြီးအနီး ကမ္ဘဋ္ဌာန်းကျောင်းကလေး၌ တရားဟောတော်မူသော ဆရာတော်ကြီးကို ဖူးတွေ့ရသည်မှာ ဘယ်အခါမျှ မေ့ပျောက်မရသော ကြည်နူးစရာ အတွေ့အကြုံတစ်ခု ဖြစ်ပေတော့သည်။ ကိလေသာ ငြိမ်းအေးအောင် တကယ်အားထုတ်နေသူ သံဃာတော်များကို ဖူးတွေ့ရသူတိုင်း နှလုံးစိတ်ဝမ်း အေးချမ်းရမည်သာ ကေန်ဖြစ်ပေသည်။

## ကိုရင်စန္ဒပညာသင်ရန် မြတောင်တိုက်သို့ ရောက်ရှိခြင်း

ကိုရင်စန္ဒသည် ၁၂၅၀ ပြည့်နှစ်တွင် လင်းယဉ်မှ မန္တလေးမြို့မြတောင်တိုက်သို့ ပညာသင်ယူရန် ရောက်ရှိလာသည်။ လူငယ်ဘဝဖြင့် မန္တလေးသို့ ရောက်ခဲ့ဖူး၏။ ခရစ်ယာန်ကျောင်းသားလုပ်၍ပင် ပညာသင်ခဲ့ဖူးသေး၏။ ယခု တစ်ခေါက်မှာ ခြေလှမ်းသစ်တစ်မျိုးဖြင့် တန်ဖိုးမဖြတ်နိုင်သော ရည်ရွယ်ချက်ဦးတည်ကာ ရောက်လာခြင်း ဖြစ်သည်။ မြတောင်သို့ ရောက်လာခြင်းမှာ ဘောက်သောက်ရွာမှ ဦးပဥ္ဇင်းများ မြတောင်တိုက်တွင် ရှိနေခြင်းကြောင့် စပ်နွယ်ရောက်လာခြင်း ဖြစ်၏။ ကိုရင်စန္ဒသည် တောင်ဘက်ပေါက်လမ်း အရှေ့ဘက်မှ သူရဲဝန်မင်း မောင်ခေါင်ကျောင်းတွင် ပညာသင်ယူနေထိုင်ခဲ့ရသည်။ ရန်ကုန်ကျောင်းဟုလည်းအမည်တွင်ခဲ့၏။တိုးကြောင်ကလေးဇာတိဘုန်းကြီး ဦးကုမာရမှာ ကျောင်းဘုန်းကြီး ဖြစ်၏။ ဘုရားကြီးတိုက်ဆရာတော် ဦးရန်ကုန်နှင့် ညီအစ်ကိုတော်၍ သဒ္ဒါကြီး အပြောကောင်းလှ၏။

ကိုရင်စန္ဒကို ဂရုတစိုက် စာသင်ပေးသူမှာ ရှိမ်းမကားနဘဲပင်လှ ဇာတိ ဦးဝိရိယတည်း။ စာချဘုန်းကြီးမဟုတ်သော်လည်း ကိုရင်စန္ဒကို ခင်မင်၍ သူစွမ်းနိုင်သမျှသင်ပေးခြင်းဖြစ်၏။ သဒ္ဒါကြီး သင်္ဂြိုဟ် ပါတိမောက် ကစ္စီ အဠကထာ ဋီကာကျော်စသော ပိဋကတ်အခြေခံကျမ်းများကို တစ်ကျမ်းပြီး တစ်ကျမ်း ပို့ချပေးခဲ့သည်။

ကိုရင်စန္ဒသည် ပင်ကိုဉာဏ်ထက်မြက်သူဖြစ်၏။ ဉာဏ်ကောင်းတယ်၊ စာတော်တယ်ဟု ချီးမွမ်းခံရ၏။ ကိုရင်စန္ဒသည် မြတောင်တိုင်တွက် ကိုရင်ဝါ တစ်ဝါ၊ ရဟန်းဝါ နှစ်ဝါအားဖြင့် သုံးဝါကြာမျှ နေထိုင်ခဲ့သည်။ ရဟန်း နှစ်ဝါအရတွင် ပါရာဇိကဏ်အဋ္ဌကထာကို သင်ယူပေါက်ရောက်ခဲ့သည်။ မြတောင်တိုက်ကြီးသည် ကိုရင်စန္ဒ၏ နှလုံးသားတွင် ပိဋကမျိုးစေ့ ချပေးခဲ့သော ပင်ရင်းမူလကျောင်းတိုက်ကြီး ဖြစ်လေသည်။

၁၂၅၀ ပြည့်နှစ် မန္တလေးမြို့ အနောက်ပြင် ၃၅ လမ်းနှင့် ၈၅ လမ်း ထောင့်ရှိ ရတနာဘူမိရပ် မြတောင်တိုက်ကြီးကိုကြည့်လျှင် အံ့သြဖွယ်ရာ တွေ့မြင်ရသည်။ အနှစ်သာရအားဖြင့် လူမျိုးခြားလက်အောက်ရောက်၍ သာသနာတော် ညှိုးခြောက်ရတော့မည့်အချိန်တွင် သက်စွန့်ကြိုးပမ်း သာသနာ့ဝန်ထမ်းကြမည့် သာသနာ့အာဇာနည်များ၏ သာသနာရေးလှုပ်ရှားရာ ဌာနကြီးတစ်ခု အဖြစ် တွေ့မြင်ရသည်။ သာသနာ့အာဇာနည်များသည် ထီးကျိုးနန်းပြို သာသနာပြုမင်းပုဂ္ဂိုလ် မရှိတော့လင့်ကစား သာသနာရေးတွင် အားသေးမာန်လျော့ လက်လျှော့ကြဟန် မရှိပေ။ အစဉ်တက်ကြွ သာသနာရေးကိစ္စ ဆောင်ရွက်လျက် ရှိကြ၏။ သံဃာတော်တို့၏ သင်္ကန်းရောင်ကြောင့် ရွှေကျောင်းတော်ကြီးသည် ရွှေတောင်ကို နေရောင်ဟပ်သည်နယ်ပို၍ပင် ပြောင်လက်နေသည်ဟု ထင်ရ၏။ စာဖတ်သံ၊ စာကျက်သံ၊ စာပြန်သံ၊ စာအံသံတို့ဖြင့် အားမာန်အပြည့် ညံလျက်ရှိသည်။ ဘုရားတပည့်သားပီပီ ဝိပတ္တိခေတ် ကြုံလာသော်လည်း မတုန်လှုပ်၊ ကိုယ့်အလုပ်ကိုယ်လုပ်ကြသည်။

ထိုစဉ်က မြတောင်ရှိ သံဃာတော်များအကြားမှ ကိုရင်တစ်ပါး၏ အသွင်မှာ ရိုးသားမှုတည်ကြည်မှုတို့ဖြင့် ပြည့်စုံနေသည်။ ရှင်ပြုံးကြည်သာ သူ့မျက်နှာကပင် သူ၏အတွင်းစိတ်ဓာတ်ကို ဖွင့်လှစ်ပြနေသလို ရှိ၏။ မြင်ရသူတိုင်းက ဖိုးရွှေလမင်းအသွင် ထင်ကြ၍ သူ့ကို ခင်မင်ကြသည်။ သူကား နဝမ ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်လောင်းလျာ ရှင်စန္ဒပင် ဖြစ်ပေသည်။

## ဘုရင်ခေတ် နောက်ဆုံးကုသိုလ်

ရွှေကျင်ငါးတိုက်အဝင် မြတောင်တိုက်ကို ၁၂၂၉ ခုနှစ်တွင် မင်းတုန်းမင်းတရားကြီးက ဆောက်လုပ်စေ၏။ မဏိသေလာရာမ မြတောင်တိုက်ဟု ကမ္ပည်းတင်ကာ သမီးတော်မြတောင်မင်းသမီးအား အပ်နှင်းပြီး သမီးတော်၏ ဆရာ အရှင်အာလောကကို လှူခဲ့သည်။ သမီးတော်စုဖုရားလတ်၏ ကုသိုလ်တော် ဖြစ်၏။ မြတောင်မင်းသမီး စုဖုရားလတ်သည် သီပေါမင်း၏ မိဖုရားခေါင်ကြီးဖြစ်လာသောအခါ မိမိဆရာတော်အတွက် ထိုက်တန်သော ကျောင်းကြီးတစ်တိုက်လှူရန် စီမံခဲ့သည်။ မြတောင်ဆရာတော် ညွှန်ပြရာ စိတ်ကြိုက်ဖြစ်သည့် ရတနာဘူမိရပ် ပုခန်းထိပ်ထားဥယျာဉ်ကို မိဖုရားကြီးဝယ်ပြီး ၁၂၄၃ ခုနှစ်မှစ၍ ဆောက်၏။ ၁၂၄၄ ခုနှစ်တွင် အရံကျောင်းကြီးလေးဆောင်ပြီး၏။ ၁၂၄၄ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်နေ့မှစ၍ အလယ်ဗဟိုရွှေကျောင်းကြီးနှင့် ကျန်အရံကျောင်းကြီးတို့ကို ဆောက်၏။ ၁၂၄၇ ခုနှစ်တန်ဆောင်မုန်းလဆန်းတွင် မဟာရံတံတိုင်းကြီးမှတစ်ပါး အားလုံးပြီး၏။ မဏိရတနာရာမ တိုက်အမည်ပေးပြီး မဟာရတနာဘုံမိစံဟု ရွှေကျောင်းတော်ကြီးကို အမည်တပ်၏။ မဟာရတနာဘုံစံ တန်ဖိုးမှာ ၅၄၇၆၈၅၆ ကျပ် ဖြစ်၏။ သံပရာသီတစ်လုံးဖိုးဟု ဆိုရိုးပြုခဲ့၏။

ကျောင်းတော်ကြီးပြီး၍ ကျောင်းလှူတ်ပူဇော်ပွဲ ဆင်နွှဲရန် စံနန်းတော် ထီးဖြူတော်ရုံစသည်တို့ကို ဆောက်လုပ်လျက်ရှိ၏။ သို့သော်လည်း သီပေါမင်းနှင့် ကျောင်းအမမိဖုရားတို့ ၁၂၄၇ခုနှစ် တန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့တွင် အင်္ဂလိပ်တို့ ဖမ်းခေါ်ရာသို့ လိုက်ခဲ့ရ၏။ မင်းမိဖုရားနှစ်ပါးတို့သည် အင်္ဂလိပ်စစ်တပ် ဝိုင်းရံလိုက်ပါလာသော ဇီရိုလှည်းနှင့် နန်းတော်မှ ညနေ ၃ နာရီ ၃၀ မိနစ်တွင် ထွက်ခဲ့ကြရာ ကျောင်းတော်ကြီးရှေ့သို့ ညနေ ၅ နာရီ လောက်တွင် ရောက်ရှိ၏။ အင်္ဂလိပ်တို့သည် ဘုရင်နှင့် မိဖုရားကို အလှူတ်မပေးဘဲ ဝေါဝိန်ဆိပ်သို့အရောက် မြန်နိုင်သမျှ မြန်စေရန်အတွက် ရပ်တန်း၍ဖြစ်စေ အခမ်းအနားကျင်းပ၍ဖြစ်စေ ကျောင်းရေစက်ချပွဲကို ကျင်းပခွင့်မပေး

ဘဲ ဗီရိုလှည်းပေါ်မှ ရွှေကျောင်းတော်ကြီးကို မျှော်ကြည့်ရုံသာ ကြည့်ခွင့်ရခဲ့သည်။ ကျောင်းလှူတ်ပူဇော်ပွဲကြီး မလှူပ်နိုင်ရာခဲ့ချေ။

မဃိရတနာရာမ မြတောင်တိုက်ကြီးသည် အလွန်ခမ်းနားကြီးကျယ်လှ၏။ အလယ်ဗဟိုမှ ရွှေကျောင်းတော်ကြီး အရှေ့ဘက်မှ ရွှေရေးကျောင်းကြီးနှစ်ကျောင်း၊ မြောက်ဘက်မှ စားတော်ဝန်မင်းကျောင်းနှင့် ဒေးဝန်းအကောက်ဝန်ကျောင်း၊ အနောက်ဘက်မှ အတွင်းပတ်မြို့ဝန်မင်းကျောင်း ဖောင်ဝန်မင်းကျောင်း၊တောင်ဘက်မှသူရဲဝန်မင်းမောင်ခေါင်ကျောင်းနှင့်သူရဲဝန်မင်းမောင်လုံးကျောင်းတို့သည် ရှုမငြီးဖွယ် ဆန်းပြားတင့်တယ်ကြပါလေသည်။ အရှေ့ဘက်မှ ရွှေရေးကျောင်းကြီးနှစ်ကျောင်းတို့မှာ အချင်းချင်း ကျောင်းဦးလှည့်ထားပြီး မြတောင်တိုက်ကြီးသည် ရှေးမြန်မာပိဋကတ အနုပညာလက်ရာမွန်များကို စုပုံပြီး အစွမ်းကုန်ပြသထားသော မြန်မာ့ပိဋကတ ပြခန်းကြီးသဖွယ်ဖြစ်၏။ ဘုရင်ခေတ်၏လက်ရာများသည် မြတောင်တိုက်တွင် အဆုံးသတ်ခဲ့သည်။ မြတောင်တိုက်ကြီးသည် ဘုရင်ခေတ် နောက်ဆုံးကုသိုလ်တော်ကြီးဖြစ်လေသည်။ မျက်မှောက်ခေတ်တွင်ကား ထိုမြတောင်တိုက်ကြီးမှ မြန်မာ့ပိဋကတလက်ရာများကို ကြည့်ရှုခွင့်မရတော့ပေ။ ကိုရင်စန္ဒတို့ ပညာသင်ချိန်တုန်းက ရွှေကျောင်းတော်ကြီးနှင့် အရံကျောင်းကြီးရှစ်ကျောင်းတို့သည် သစ်လွင်လှပနေတုန်းဖြစ်သော်လည်း ဒုတိယကမ္ဘာစစ်တွင် မီးလောင်ဆုံးရှုံးသွားပြီဖြစ်သည်။

## မိဖုရားကြီး စုဖုရားလတ်၏ ငယ်ဆရာတော်

မြတောင်တိုက်ကြီး၏ အဓိပတိဆရာတော်မှာ မိဖုရားကြီး စုဖုရားလတ် ငယ်ဆရာတော် ဖြစ်သည်။ သားတော် သမီးတော်တို့ ကိုးကွယ်ရန် မင်းတုန်းမင်းကြီးက ရွှေကျင်ဆရာတော်ကြီးထံ ဘုန်းကြီးတောင်းသောအခါ သီပေါမင်းသားအတွက် တောင်တော်ဆရာတော်၊ မြတောင်မင်းသမီး စုဖုရားလတ်အတွက် မြတောင်ဆရာတော်တို့ကို ညွှန်ပြခဲ့သည်။ ရွှေကျင်တိုက်သို့အတော်ကြီးမှ ရောက်လာကြသည်။ မြတောင်ဆရာတော်မှာ သင်္ဂဇာဆရာ

တော်၏တပည့် ဖြစ်သည်။ ရွှေကျင်ဆရာတော်ကို ကြည်ညိုရ၍ ရွှေကျင်ဆရာတော်ထံ ရောက်လာသည်။ ၁၂၃၀ ပြည့်နှစ်မှ ၁၂၄၄ ခုနှစ်အထိ ရွှေကျင်တိုက်အဝင် မဏိသေလာရာမ မြတောင်တိုက်၌ သီတင်းသုံးခဲ့သည်။ ထိုမှတစ်ဖန် အနောက်ပြင် မဏိရတနာရာမ မြတောင်တိုက်သို့ ၁၂၄၄ နှစ်မှာ ရွှေ့ပြောင်း သီတင်းသုံးခဲ့သည်။

မြတောင်ဆရာတော်သည် မိဖုရားကိုးကွယ်သော ဆရာတော် ဖြစ်သော်လည်း လာဘ်လာဘ အရှိအသေခံရမှု ကျော်ကြားမှုတို့ မက်မောခြင်း မရှိပေ။ လာဘသိလောကသက္ကာရတို့သည် သူတော်ကောင်းတို့အတွက် အန္တရာယ်ကြီးဖြစ်သည်ဟူသော ဘုရားစကားတော်ကို အလေးအနက် လိုက်နာသည်။ မဏိရတနာမြတောင်ကျောင်းတိုက်ကြီး တည်ဆောက်၍ ၁၂၄၄ ခုနှစ်တွင်နေ့ကောင်းရက်သာရွေးပြီး ရေ့ဝင်းနောက်ဝင်းခင်း၍မင်းခမ်းမင်းနား ဖြင့်ပင့်ရန်မိဖုရားကြီးကစီစဉ်ထားသည်ကိုဆရာတော်သိသောအခါတစ်ရက် ကြိုပြီးညအချိန်တွင် ဦးပဉ္စင်းတစ်ပါးကပ္ပိယတစ်ယောက်ခေါ်၍တိတ်တဆိတ် အနောက်တိုက်သစ် မဏိရတနာမြတောင်တိုက်သို့ ကြွရောက်နေထိုင်ခဲ့သည်။ နောက်ရက်အချိန်ကျ၍ အပင့်ရောက်သောအခါ ညကပင် ပြောင်းရွှေ့ကြွသွားပြီဖြစ်ကြောင်း သိရသဖြင့် အခမ်းအနား ဖျက်သိမ်းလိုက်ရသည်။ လာဘသက္ကာရသိလောကို မက်မောမှုမရှိသော မိမိဆရာတော်ကို မိဖုရားကြီးသည် ပို၍ပင် ကြည်ညိုမဆုံး ဖြစ်ရလေသည်။

ဘုရင်ခေတ်ကမင်းမိဖုရားများထံစာသွင်းသောအခါအများအားဖြင့် "မေတ္တာစာဆက်သွင်းအပ်သည်၊ သာသနာဒါယကာ မဟာဓမ္မရာဇ" စသည်ဖြင့် ဝိသေနသနပုဒ်တွေ ထည့်စီ၍ စာသွင်းလေ့ရှိကြသော်လည်း မြတောင်ဆရာတော်ကမူ မြှောက်လုံးမပါ လိုရင်းတိုရှင်း ရေးလေ့ရှိသည်။ တစ်ခါက မိဖုရားကြီးထံ ရေးသွင်းသောစာမှာ "နန်းမတော် ပိတ်ငါးအုပ်လောက် အလိုရှိသည်" ဟုသာ ရေးသားပို့ခဲ့သည်။

ထိုစာကို မိန်းမစိုးက ပြင်ဆင်ခဲ့သည်။ နန်းတော်နှင့် စာပေးစာယူ ဆက်သွယ်နိုင်ရန် မြတောင်ဆရာတော်ဘုရားကြီးထံ မိန်းမစိုးတစ်ယောက်

ထားသည်။ ၎င်းမိန်းမစိုးက နန်းတော်နှင့် အဆက်အသွယ်လုပ်ရသည်။ ဆရာတော်ကြီးကိုယ်တိုင် နန်းတော်သို့ ဝင်ထွက်ခွင့် ရှိပါသည်။ အထက်ပါ ဆရာတော်၏စာကို မိန်းမစိုးက နန်းတော်သို့ပို့ရာ နန်းတော် နန်းတွင်း စာရေးတော်ကြီးများက စာရေးတာရိုးလွန်းတယ်ဟုဆိုပြီး ထီးနန်းဟန် ပြင်ဆင်ရေးသား၍ မိဖုရားကြီးထံ ဆက်သွင်းလေရာ မိဖုရားကြီးက "ဒါ ဘယ်ကစာလဲ ငါ့ဆရာတော်စာ မဟုတ်ဘူး..." ဆိုပြီး လွှင့်ပစ်လိုက်သည်။ ထိုအခါမှ စာရေးတော်ကြီးများက အကျိုးအကြောင်းလျှောက်တင်၍ စာမှန်ကို ဆက်သကြရသည်။ မိဖုရားကြီးက စာဖတ်ပြီး ဒါမှ ငါ့ဆရာတော့်စာဟု ဆိုလေသည်။

မြတောင်ဆရာတော်ဘုရားကြီးသည် သီတင်းသုံးဖော်အချင်းချင်း အပေါ်လည်း ငါဟာမင်းဆရာပဲဟူသော သဘောဖြင့် ဝင့်ဝါပလွှားတော်မူလေ့မရှိပေ။ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးဟူသော ပညာရှိတို့စံထုံးကို လက်သုံးပြုတော်မူလေ့ရှိသည်။ တစ်ခါက မြတောင်ဆရာတော်ဘုရားကြီးသည် ကိုရင်ငယ်တစ်ပါးကိုခေါ်၍ ခင်မကန်တိုက်သို့ ပေစာသွားရောက်ထုတ်ယူရာ ပေစာထုတ်ပေးသူ ဦးပဥ္စင်းက မြတောင်ဆရာတော်ကြီးမှန်းမသိ၍ အများနှင့်အတူရောရ၍ တန်းစီခိုင်းပြီး ထုတ်ပေးသည်။ ဆရာတော်ကလည်း မိမိ မည်သူမည်ဝါဟု မပြောပြ၊ စာရင်းမှတ်ရန် ဘွဲ့အမည်မေးသောအခါ "ဦးအာလောက၊ မြတောင်တိုက်" ဟုသာ ပြောသည်။ နောက်တစ်ခေါက် ပေစာထုတ်သောအခါ၌လည်း အများနှင့်ရော၍ ထုတ်နေသည်ကို ခင်မကန်တိုက်အုပ်မြင်၍ "ဆရာတော်ဘုရား ဒီကြွတော်မူပါဘုရား" ဟု ပင့်ကာ နေရာထိုင်ခင်းပေး၍ ပင့်သည်။ အလိုရှိသော ပေစာများကိုလည်း စာရင်းမမှတ်ဘဲ ထုတ်ပေး၏။ ယခင်က တစ်အင်္ဂါချင်းသာ ထုတ်ပေးလေ့ရှိသော်လည်း ဆရာတော်ကြီးကိုမူ အလိုရှိသမျှ အထုပ်လိုက်ပေး၏။ ထိုအခါကျမှ မိဖုရားကြီးဆရာ နာမည်ကြီး မြတောင် ဆရာတော်ကြီးမှန်း သိကြသည်။ မြတောင်ဆရာတော်ကြီး၏ နိဝါတ နိမာန ဂုဏ်မာနမရှိသော ဂုဏ်ကား မြတ်နိုးဖွယ်ကောင်းလှပေသည်။

## ဆွမ်းခံဝတ်မချတ်စေရ

ဥတ္တိဋ္ဌေနပွမဇ္ဇေယျ ဆွမ်းခံမှုမမေ့သင့်ဟု ဘုရားရှင်ဟောကြားတော်မူသော ဓမ္မပဒလာဂါထာတော်နှင့်အညီမိဖုရားကြီးကိုးကွယ်သောဆရာတော်ဘုရားကြီးဖြစ်သော်လည်း အမြဲဆွမ်းခံကြွတော်မူသည်။ ဆွမ်းခံထွက်ရာတွင် ဆရာတော်ကြီးနောက်မှ ရဟန်း ကိုရင်တို့ လိုက်ပါတန်းစီကြွကြရသဖြင့် ဆွမ်းခံတန်းကြီး ဖြစ်သည်။ မန္တလေးမြို့၌ ဆွမ်းခံတန်းကို မြတောင်ဆရာတော်ကြီးက စတင်သည်ဟု အမိန့်ရှိဖူးသည်။ မြတောင်ဆရာတော်ကြီးသည် ဘွဲ့တံဆိပ်တော်သုံးထပ်ရ ဆရာတော်ကြီးဖြစ်သည်။ အမြင့်ဆုံးဘွဲ့တံဆိပ်တော်မှာ "အာလောကာဘိဇေ အတုလာဓိပတိ သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဖြစ်သည်။ ရွှေကျင်ဆရာတော်ကြီး၏ ကြီးကြပ်မှုဖြင့် သီပေါမင်းတရားလက်ထက်ကိုးဌာနသာသနာပြုစီမံကိန်းတွင်မြတောင်ဆရာတော်သည်ပထမဌာနကြီး၏ဦးစီးဆရာတော် ဖြစ်သည်။

ပထမဌာန အာလောကာဘိဇေ အတုလာဓိပတိ သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ မြတောင်ဆရာတော် အရှင်အာလောကကို မြောက်လားသော် မတ္တရာ စဉ့်ကူမြို့ တောင်လားသော် မြစ်ငယ်၊ အရှေ့လားသော် တောင်ခြေ၊ အနောက်လားသော် ဧရာဝတီအထိ ရွှေမြို့တော် မြတောင်တိုက်ကနေ၍ သာသနာပြုစေသည်ဟု ရွှေကျင်နိကာယ သာသနာဝင် စာမျက်နှာ ၁၁၂ ၌ ဖော်ပြထားသည်။

## ကိုရင်စန္ဒ၏ ရဟန်းခံပွဲ

မြတောင်ကျောင်းတိုက်တွင် ပညာရင်နို့သောက်စို့ခဲ့သော ကိုရင်စန္ဒသည် ယခု ၁၉ နှစ်ပြည့်ခဲ့ပြီဖြစ်၍ ၁၂၅၁ ခုနှစ် တပေါင်းလပြည့်နေ့တွင် ရဟန်းခံပွဲ ကျင်းပသည်။ လူသားတို့၏ ဆန္ဒအရ တပေါင်းလပြည့်နေ့တွင် လမင်းစန္ဒာ လင်းရောင်ဖြာ၍ သတ္တဝါတို့ဆန္ဒနှင့်အညီ အေးမြသော ရောင်ဝါလွှတ်ကာ ပေါ်ထွက်လာခဲ့သည်။ ကမ္ဘာတည်ဦးစအခါ သူရိယခေါ် နေမင်းကြီးသည် ရောင်ခြည်တစ်ထောင် အလင်းဆောင်၍ သတ္တဝါတို့အတွက် အလင်းရောင် ပေးခဲ့

သည်။ နေရောင်ခြည်ကြောင့် ရဲရင့်မှုစိတ်ဓာတ် ဖြစ်ပေါ်လာသဖြင့် သူရိယဟု နေမင်းကြီးကို သမုတ်ခဲ့သည်။ ညနေချိန်ခါ နေဝင်ပါသော် သတ္တဝါတို့ သန္တာန်၌ ကြောက်စိတ်ဝင်ကာ အားငယ်လာသဖြင့် နေမင်းကြီးနှင့် အလားတူ အရောင် အလင်း ထွန်းလင်းတောက်ပသော ကမ္ဘာ့တန်ဆာအရာတစ်ခု ပေါ်ထွက်လာ ပါမူ ကောင်းပေလိမ့်မည်။ ပေါ်ထွက်လာပါစေဟု သတ္တဝါတို့၏ တောင့်တမှု ဆန္ဒအရ အရှေ့ကောင်းကင်စွန်းမှ လမင်းကြီးပေါ်လာခဲ့သည်။ အေးမြသော အလင်းရောင်ကို ဖြန့်ဝေပေးသဖြင့် ဆန္ဒပြည့်ဝပျော်ရွှင်ခဲ့ကြ သည်။ ထို့ကြောင့် ထိုအရာကို ဆန္ဒဟုခေါ်ခဲ့သည်။ အချိန်ကြာညောင်း ကာလပြောင်းလာမှ စန္ဒ ဖြစ်လာသည်။ ထိုနေ့သည်ကား တပေါင်းလပြည့်နေ့ည ဖြစ် လေသည်။

ယခုလည်း မြန်မာနှင့် ကမ္ဘာလူသတ္တဝါတို့ အကျိုးအတွက် ဘုရား သားတော် ရွှေကျင်ဆရာတော် နေမင်းကြီးကြောင့် ထေရဝါဒ သံဃာတော်တို့ ရဲရင့်တောက်ကြွား သာသနာရောင် လင်းထိန်ခဲ့သည်။ ရွှေကျင်ဆရာတော် နေမင်းကြီးကွယ်လွန်သော်လည်း လမင်းတို့လင်းရောင် ဆက်ကာဆက်ကာ အလင်းဖြာခဲ့သည်။ ယခုလည်း နဝမမြောက် ရွှေကျင်သာသနာပိုင်လောင်း လျာ ဖိုးလမင်းကြီး ရှင်စန္ဒသည် ယခုတပေါင်းလပြည့်နေ့မှာပင် သာသနာ ရောင်လင်းစေမည့် ဦးပဥ္စင်းဦးစန္ဒအဖြစ် ဥပသမ္ပဒကံ ခံယူခဲ့သည်။ ရွှေကျင် နိကာယ သံဃာရာဇာကြီးဖြစ်မည့် ကိုရင်စန္ဒသည် တပေါင်းလပြည့်နေ့မှာပင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိလာခဲ့လေသည်။

တပေါင်းလပြည့်သည် ဆောင်းရာသီ၏ နောက်ဆုံးနေ့ဖြစ်သည်။ ဆောင်းမှနွေအကူး ရာသီဥတုသည် အေးလည်း မအေးလွန်း၊ ပူလည်း မပူ လွန်း ရွက်ဟောင်းကြွေ ရွက်သစ်ဝေကာ ရှုလိုက်တိုင်းကြည်နူးစရာ အခါသမ ယ ဖြစ်သည်။ နွေဦးသင်းပျံ့ ပန်းရနံ့ကလည်း ကြိုင်လှိုင်နေသည်။ တစ်ပင်မှ တစ်ပင် ထွက်ဝင်ကွန့်မြူး ကျေးငှက်တို့ကည်း ရင့်ကျူးနေကြသည်။ ထိုကဲ့သို့ သာယာလှပ ဩကာသလောကကြီး လှပနေချိန်တွင် မန္တလေးမြို့ရေပန်းတိုက် ၌ ကိုရင်စန္ဒ၏ ဥပသမ္ပဒ မင်္ဂလာပွဲ ဆင်နွှဲခဲ့သည်။ မြဲတောင်ဆရာတော်ဘုရား ကြီးနှင့် တိုက်အုပ်၊ တိုက်ကြပ်၊ စာချဘုန်းကြီးများ၊ ရေပန်းဆရာတော်နှင့် ပင့်

သံဃာအပါး ၂၀ တို့ ကြွရောက်ချီးမြှောက်ကြသည်။ မြတောင်ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ မယ်တော်ကြီး ဒေါ်မင်းထပ်နှင့် ညီအစ်မတစ်စုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရဟန်းခံခဲ့သည်။ သံဃာတော်တို့အား ကြာဆံဆွမ်းကပ်လှူသည်။ ကိုရင်စန္ဒ ရဟန်းခံရာသိမ်မှာ ရေပန်းတိုက်သိမ်ဖြစ်သည်။ ရေပန်းတိုက်သည်ကား ဦးစန္ဒာဘ၀နှင့် ဆက်စပ်နေသည်။

## ရဟန်းဘ၀ သီလအဓိက

ဦးစန္ဒ ရဟန်းဖြစ်လာသောအခါ စာပေကျမ်းဂန်ကို အားစိုက်သင်ယူရင်း ရဟန်းကျင့်ဝတ်များကို စင်ကြယ်အောင် အထူးဂရုပြုခဲ့၏။ ရဟန်းဘ၀ ရပ်တည်ရာကား သီလပင် ဖြစ်သည်။ ဝိနည်းမလေးစားဘဲ သီလပျက်လျှင် ရေသောက်မြစ်ပြတ်သော သစ်ပင်ကဲ့သို့ သာသနာသက် ကုန်ဆုံးတော့၏။ သီလမှာ အကျဉ်းအားဖြင့် ၂၂၇ သွယ် အကျယ်အားဖြင့် ကုဋေ ၉၀၀၀ ကျော်ရှိ၏။ များပြားလှသော သီလကို မည်သို့ထိန်းသိမ်းစောင့်ရှောက်ပါမည်နည်းဟု စဉ်းစားလျှင် ကြက်သီးထဖွယ်ပင်။ သို့သော် သီလဟူသည် ကိုယ်နှင့် နှုတ်နှစ်မျိုးကို ထိန်းသိမ်းရုံနှင့် လုံပါသည်။ သီလလုံမှ သမာဓိရနိုင်၏။ သမာဓိပြည့်စုံမှ ပညာပန်းတိုင် လှမ်းကိုင်နိုင်ပေမည်။ သီလကိုမှီ၍ သီလပေါ်ရပ်တည်ပြီး မဂ္ဂတရားကို ပွားစေရ၏။ ထို့ကြောင့် ပဋ္ဌင်းဖြစ်စ ဦးစန္ဒသည် သာသနာတော်တွက် အရေးပါလှသော သီလကို စင်ကြယ်အောင် စောင့်ထိန်းရင်း တစိဝရိကသောသာနိက၊ ကောသနိက၊ ပတ္တပိဏ္ဍိကစသော ဓုတင်အကျင့်များဖြင့် အရောင်လက်အောင် ဆောင်ရွက်ခဲ့သည်။

ရဟန်းတစ်ပါးအတွက် ပါတိမောက္ခသံဝရသီလ စင်ကြယ်မှု ကိလေသာခေါင်းပါးအောင် ဓုတင်ဆောင်မှု ဝတ်ကြီးဝတ်ငယ် ဝတ္တရားကျေပွန်မှုတို့သည် အဓိကဆောင်ရွက်ရမည့်ကျင့်စဉ်များ ဖြစ်၏။

ဝတ္တံ့အပရိပူရေန္တော သီလံ နပရိပူရတိ၊
အသုဒ္ဓသီလော နေကဂ္ဂေါ စိတ္တေကဂ္ဂံ န ဝိန္ဒတိ။
ဝိက္ခိတ္တစိတ္တော ဓမ္မေဓော၊ သမ္မာဓမ္မံ န ပဿတိ၊

အပသသမာနော သဒ္ဓမ္မံ၊ သမ္မာဒုက္ခာနမုစ္စ တိ၊
တသ္မာ ဟိ ပဏ္ဍိတော ပေါသော၊ ဝတ္တံ အပရိပူရယေ"

စကားတော်အရ ဝတ်ကြီးဝတ်ငယ်မဖြည့်ကျင့်လျှင် သီလမပြည့်စုံနိုင်၊ သီမစင်ကြယ် မပြည့်စုံလျှင် စိတ်တည်ငြိမ်မှု သမာဓိမရနိုင် စိတ်ပျံ့လွင့်သူလူမိုက်သည် တရားတော်ကို အမှန်အတိုင်း မသိမြင်နိုင်။ တရားကို မမြင်လျှင် သံသရာဝဋ်မှ မလွတ်နိုင်။ ထို့ကြောင့် ပညာရှိသည် ဝတ္တရားကိုပြည့်အောင် ဖြည့်ကျင့်ရမည်ဟု ခံယူကာ ပဥ္စင်းပျို ဦးစန္ဒသည် ဝတ္တရား၊ သီလ၊ ဓုတင်တို့ကို ဖြည့်ကျင့်ရင်း ပိဋကစာပေတို့ကို သင်ယူခဲ့လေသည်။ ဦးစန္ဒသည် ဆရာဝတ်တပည့်ဝတ် မချွတ်စေရ မြတောင်ဆရာတော်ကြီးဝတ်ကို အမြဲဖြည့်ခဲ့သည်။

မြတောင်တိုက်သံဃာတို့သည် ညဘက်တွင် ဘုရားဝတ်တက်ရ၏။ ဘုရားရှိခိုးပြီးလျှင် မြတောင်ဆရာတော်ကြီးက ဩဝါဒပေးတတ်၏။ ဆရာတော်ကြီးသည် တိုတိုပင် ပေးတတ်၏။ အများနဲ့နေတဲ့အခါ သည်းခံဖို့ များများ ပေဘာ၏။ ခိုက်ရန်ဖြစ်ပွား ဆဲဆိုကြတဲ့အခါ "သူများက ဆဲတာဆိုတာ ကိုယ့်ဆီရောက်လာတာ မဟုတ်ဘူး။ ကိုယ်မှာ နာတာလည်းမဟုတ်ဘူး၊ ကိုယ်ကသာ ကိုယ့်ဆီရောက်တယ်ထင်ပြီးစိတ်ဆိုးတာ" စသည်ဖြင့် ဆုံးမတတ်၏။ ဆုံးမပြီး ကျောင်းကြွသွားတယ်။ တောင်ဘက်မျက်နှာမှု ခြေဆင်းထိုင်တယ်၊ ထည်ထည်ဝါဝါမနေ၊ နီးကြောဖျာကလေးတစ်ချပ်၊ သင်္ကန်းနွမ်းကလေး ခေါင်းအုံးနွမ်းကလေးလောက်နဲ့ပဲ နေတယ်။ အဲဒီလိုနေတုန်း ဝတ်ဖြည့်ရတယ်။ ဦးစန္ဒ၏ စာသင်သားဘဝကား အားရဖွယ်ရှိလှသည်။

## ဝိသုဒ္ဓါရုံ၏ ဂုဏ်သတင်း

မြတောင်တိုက်ရောက်လာသောအခါ ရွှေကျင်ဆရာတော်ကြီး၏ ညာလက်ရုံးကြီးဖြစ်သော ဝိသုဒ္ဓါရုံဆရာတော်ကြီး၏ ဂုဏ်ရနံ့တို့ကို ရှူရှိုက်ရပြန်သည်။ "ဝိသုဒ္ဓါရုံဆရာတော်ကြီးက ဥပမိရုပ်တော် တယ်ခံ့ညားတာပဲ၊ အရပ်အမောင်းကောင်း၊အသံတော်ကလည်းကောင်း၊မျက်နှာတော်ကလည်း ကြည်လင် မြင်ရရုံနှင့်ပင် တကယ့်ကြည်ညိုစရာကြီးပါပဲဟု ပြောသံကို နားမှာ

ဝဲနေသည်။ "ဝိနည်းသိက္ခာပုဒ်တော်ကို သူမတူအောင် လေးစားတာပဲ။ ဣန္ဒြေ တော်လည်း ကြီးမားတော်မူပါပေတယ်၊ စာပေကျမ်းဂန်နှင့် ပတ်သက်လာရင် မသိတာကို မရှိပါဘူး။ ဝိနည်းဘက်ကရော သုတ္တန်အဘိဓမ္မာဘက်ကပါ နိုင်နင်းတော်မူပါပေတယ်"ဟု ချီးမွမ်းသံများသည် နားလျှံမျှ ကြားခဲ့ရသည်။ "ဒို့မြတောင်တိုက်နေစဉ်က ဝိသုဒ္ဓါရုံဆရာတော်ကြီးရဲ့ဂုဏ်သတင်းတွေ ဘုန်းကြီးဦးကုမာရထံမှလည်း ကြားရ၊ ရှိမ်းမကားသား ဦးပဥ္စင်းတွေထံမှလည်း ကြားရအဝေးကကြည်ညိုနေခဲ့ရတယ်" လို့ မိန့်တော်မူခဲ့သည်။

## အရှေ့ဝိသုဒ္ဓါရုံတိုက်သို့

၁၂၅၃ ခုနှစ်တွင် ဦးစန္ဒသည် စာချဆရာ ဦးဝီရိယနှင့်အတူ မြတောင်တိုက်မှ အရှေ့ဝိသုဒ္ဓါရုံတိုက်သို့ ရွှေ့ပြောင်းနေထိုင်ခဲ့သည်။ ဆင်ဖြူမရှင် မိဖုရားကြီးသည် အလယ်ကျောင်းတော်ကြီးနှင့်တကွ မည်သည့်ကျောင်းတိုက်များမှာမှ မရှိသေးသော ရေ၊ ကျုံးထောင့်တို့၌ ရေကန်၊ အမြင့်ငါးတောင်ရှိသော အုတ်တံတိုင်းတို့ဖြင့်အလွန်တင့်တယ်ခမ်းနားကြီးကျယ်လှသော မဟာဝိသုဒ္ဓါရာမတိုက်ကြီးကို တည်ထောင်သည်။ အရှေ့ဝိသုဒ္ဓါရုံတိုက်သည် မူလက မဟာဗိုလ်ဆရာတော်ကြီး သီတင်းသုံးရန် ရည်စူး၍ ဆောက်ခဲ့သည်။ မဟာဗိုလ်ဆရာတော်ကြီးသည် အရှေ့ဝိသုဒ္ဓါရုံတိုက်၌ ခေတ္တမျှသာ သီတင်းသုံးပြီး မဟာဗိုလ်တောရသို့ ပြန်ကြွသည်။ ထိုအခါ မင်းတုန်းမင်းနှင့် ဆင်ဖြူမရှင်တို့သည် ရွှေကျင်ဆရာတော်မဟာဗိုလ်ဆရာတော်တို့၏ညွှန်ပြချက်အရရွှေခွန်တောရ၌ သီတင်းသုံးနေသော ရွှေကျင်ဆရာတော်၏တပည့် အရှင်ဝိသုဒ္ဓါစာရကို ပင့်၍ ၁၂၃၄ ခုနှစ် ကဆုန်လတွင် ရေစက်ချလှူခဲ့သည်။ မဟာဝိသုဒ္ဓါရာမတိုက်ဟူသော အမည်သည် မူလက အရှင်ဝိသုဒ္ဓါစာရ ဆရာတော်ကို မရည်ညွှန်းသော်လည်း ဘွဲ့တော်နှင့် တိုက်ဆိုင်နေသည်မှာ အံ့ဩဖွယ်ကောင်းလှသည်။

ရွှေကျင်တိုက်စည်းမျဉ်းနှင့်အညီ အာမခံဆရာရှိမှ တိုက်က လက်ခံသဖြင့် ဦးစန္ဒကို ဦးနာဂိန္ဒက အာမခံသည်။ အာမခံဆရာနှင့်အတူ ဝိသုဒ္ဓါရုံဆရာတော်ကြီးထံ နိသ္သယည်းယူရန်သွားသည်။ ရဟန်းတော်များသည် ငါးဝါ

မပြည့်မချင်း ဥပဇ္ဈာယ်ဆရာနှင့် တစ်ညဥ့်မျှကင်းကွာ၍ မနေရချေ။ ဥပဇ္ဈာယ်နှင့် ကွာနေခဲ့လျှင် နိဿယည်းဆရာရှာပြီး အတူနေရ၏။ ဝိသုဒ္ဓါရုံဆရာတော်ကြီးထံ နိဿယည်းဟူသောအခါ "အာစရိယော မေ ဘန္တေ ဟောဟိ၊ အာယသ္မတော နိဿာယ ဝစ္ဆာမိ" လို့ ပါဠိလိုဆိုပြီး အနက်ပေးရာ အာယသ္မတော အရှင်ဘုရားအား ဆိုမိ၏။ ထိုအခါ ဆရာတော်ကြီးက အာယသ္မတောတိ ဥပယောဂတ္ထေ သာမိ ဝစနံဟု မိန့်တော်မူလျှင် ချက်ချင်းပြင်၍ အာယသ္မတော အရှင်ဘုရားကိုဟု ဆိုလိုက်သည်။ အင်း မောင်နာဂိန္ဒတပည့်က လူတော်ပဲဟု ဝိသုဒ္ဓါရုံဆရာတော်ကြီးက မိန့်တော်မူလိုက်သည်။ ထိုအခါမှစ၍ ဝိသုဒ္ဓါရုံဆရာတော်ကြီးသည် ဦးစန္ဒကို အသိအမှတ်ပြုတော်မူသည်။

## ပညာစမ်းခြင်း

ဝိသုဒ္ဓါရုံဆရာတော်သည် ဦးစန္ဒကို အာရုံစိုက်၍ အကဲခတ်တော်မူသည်။ နေပုံ၊ ထိုင်ပုံ ရိုးသားသည်။ အပြောအဆို သိမ်မွေ့သည်။ ပင်ကိုဉာဏ်ရှိပုံရသည်။ စာတော်ပုံရသည် စသည်ဖြင့် မှတ်ချက်အမျိုးမျိုးချတော်မူသည်။ ဦးစန္ဒမှာလည်း ဆရာသမားများအနီး ကပ်ရသည်ကို ကြောက်၍ရှောင်တတ်သူ မျိုးမဟုတ်ပေ။ ဆရာသမားထံ သွားရ အနီးကပ်ရနေရသည်ကိုပင် ပျော်စရာလောက် အောက်မေ့နေသူ ဖြစ်သည်။ သို့ဖြစ်၍ ဝိသုဒ္ဓါရုံဆရာတော်ကြီးအနီး ညဥ့်တိုင်းလိုလို ဝတ်ဖြည့်ရောက်လေ့ရှိ၏။ တစ်နေ့တွင် ဝတ်ဖြည့်လာသူ ဦးစန္ဒကို ဆရာတော်ကြီးက ပညာစမ်းမေးခွန်းမေး၏။

"မောင်စန္ဒ ဒီကျောင်းကြီး ဘာသားနဲ့ လုပ်ထားသလဲ"

"ကျွန်းသားနဲ့ပါဘုရား" "ဒီကျောင်းကျွန်းသားအပြင် အခြားကျွန်းသား ရှိသေးသလား..." "ရှိပါဘုရား၊ ဒီပြင့်အသားများရော အမျိုးစုံရှိပါဘုရား..." "ဒါဖြင့် ဒီကျောင်းကျွန်းသားမှတစ်ပါး အခြားကျွန်းသားများနှင့် အခြားသားမျိုးစုံကိုဖယ်လိုက်ရင် ဘာရှိသေးသလဲ..." ဒီကျောင်းကျွန်းသာရှိပါဘုရား..."

"မောင်စန္ဒ... အလယ်လက်နှင့်နီးတဲ့လက်နဲ့ နီးတဲ့လက် ဘယ်နချောင်းလဲ..." "သုံးချောင်းပါဘုရား..." ရုတ်တရက် အဖြေခက်သော မေးခွန်းများကို ဆရာတော်ကြီးကမေးပြီး ဦးစန္ဒကို ပညာစမ်းကြည့်၏။ သံဃာများထဲမှ ဦးစန္ဒကို ဆရာတော်ကြီးက အသိအမှတ်ပြုသည်မှာ သာမန်မဟုတ်ပေ။ ခဲယဉ်းလှလေသည်။

## ဝိသုဒ္ဓါရုံတွင် ပညာသင်စဉ်

ဦးစန္ဒ ဝိသုဒ္ဓါရုံတိုက်သို့ရောက်စ နဝကောသလ္လကျမ်းကို ဦးဦးဖျားဖျား ဝိသုဒ္ဓါရုံဆရာတော်ကြီးထံမှ ညဝါအဖြစ် ဆိုရသည်။ ဝိနည်းအဋ္ဌကထာကြီးများကို နေ့ဝါအဖြစ် တက်ရသည်။ ဝိသုဒ္ဓါရုံဆရာတော် ရေးစီရင်ထားသော ဝိနည်းသင်စ ပုဂ္ဂိုလ်များအတွက် နဝကောသလ္လကျမ်းကို ရှေ့ပြေးသင်ရသကဲ့သို့ အဘိဓမ္မာသင်စ ပုဂ္ဂိုလ်များအဖို့ "ပရမတ္ထ သရုပဘေဒနီ" ကို ရှေးဦးပထမ သင်ကြရသည်။ ဦးစန္ဒသည် စာတက်ဖော်များနှင့်အတူ ပရမတ္ထ သရုပဘေဒနီကို ညဝါအဖြစ် ဆိုရသည်။ ဦးစန္ဒသည် ဆရာတော်ကြီးမေးသမျှ သွက်လက်စွာ ဖြေဆိုနိုင်သဖြင့် "မောင်စန္ဒ... တယ်သရုပ်မြင်ပါကလား တချို့စာချဘုန်းကြီးတွေထက်ပင် မောင်စန္ဒက မြင်တယ်" ဟု ဆရာတော်၏ ချီးကျူးမှုကို ခံရသည်။

ပရမတ္ထ သရုပဘေဒနီကျေမှ သဂြိုဟ် ပါဠိနှင့် ဋီကာကျော်ကို တက်ရသည်။ ပြီးမှ မာတိကာ၊ ဓာတုကထာ၊ ယမိုက်၊ ပဋ္ဌာန်းတို့ကို ဆိုရသည်။ ပဋ္ဌာန်းကုန်သောအခါ ပရမတ္ထသရုပမှ ပြန်စရသည်။ ဤသို့ တစ်ကျော့ နှစ်ကျော့လောက် သင်မိသောအခါ အဘိဓမ္မာဘက်က ကျွမ်းကျင်ကြတော့သည်။

## နတ္ထိဘောပညတ်

ဦးစန္ဒအဘိဓမ္မာသင်စက "နတ္ထိဘောပညတ်သည် အဇ္ဈတ္တတရားလည်းမဟုတ် ဗဟိဒ္ဓတရားလည်းမဟုတ်" ဟုဆိုရာ၌ သဘောမကျနိုင်ရှိနေ၏။ အဇ္ဈတ္တမဟုတ်လျှင် ဗဟိဒ္ဓတရားဖြစ်သင့်သည်ဟု ယူဆထား၏။ ဆရာတော်ကြီးကို လျှောက်ထား၏။ ပြန်လှန်မေးခွန်းထုတ်ခြင်းဖြင့် အဇ္ဈတ္တ ဗဟိဒ္ဓ

နှစ်ပါးလုံး မဟုတ်ကြောင်း သဘောပေါက်စေ၏။

မောင်စန္ဒ ဆွမ်းခံရဲ့လား၊ ဆွမ်းမခံပါဘုရား... ဒါဖြင့် သပိတ်ကောရှိရဲ့လား... သပိတ်မရှိပါဘုရား.... အဲဒီမရှိတဲ့သပိတ်ဟာ မြေသပိတ်လား၊ သံသပိတ်လား...ဦးစန္ဒသည် သဘောပေါက်သွားသည် ရှင်လင်းကျေနပ်သွား၏။ "မရှိတဲ့သပိတ်ကို မြေသပိတ်လို့လည်း မဆိုနိုင်၊ သံသပိတ်လို့လည်း မဆိုနိုင် သလို နတ္ထိဘောပညတ်ကို အဇ္ဈတ္တရယ် ဗဟိဒ္ဓရယ်လို့ ဘယ်မှာဆိုနိုင်ပါ့မလဲ..."

## ဓာတုကထာချိုးရေး

ဦးစန္ဒသည် အဘိဓမ္မာသင်ယူစဉ် ဓာတုကထာကျမ်းကို သင်ယူဆိုရင်း ဓာတုကထာချိုးကို ရေးခဲ့၏။ ဓာတုကထာကို ညအခါ စာအုပ်မပါဘဲ ညဝါဆိုရာတွင် မှတ်မိလွယ်အောင် ကြံဆောင်အားထုတ်ခြင်းဖြစ်သည်။ တုတ်လှမ်းဆရာတော်ကြီးက ဓာတုကထာချိုးကို ရေး၏။ သဘောတရားချိုး ဖြစ်သည်။ ဝိသုဒ္ဓါရုံဆရာတော် ငယ်စဉ်က ရေးခဲ့သော ဓာတုကထာချိုးက သရုပ်ချိုး ဖြစ်သည်။ ဦးစန္ဒရေးသော ဓာတုကထာချိုးက သဘောရော သရုပ်ပါ ပါဝင်သည့် သဘာဝသရုပ်ပြအချိုးဖြစ်၍ ပိုမိုပြည့်စုံသည်။

## မဟာတုလွတ်ဝေယန်ကျောင်းတော်ကြီး မီးသင့်ခြင်း

ဦးစန္ဒဝိသုဒ္ဓါရုံရောက်သည့်နှစ်မှာပင် ဆင်ဖြူမရှင် မိဖုရားကြီး၏ ကုသိုလ်တော် အလယ်ဗဟို မဟာတုလွတ် ဝေယန်ကျောင်းတော်ကြီး မီးသင့်လောင်ခဲ့သည်။ ကျောင်းတော်ကြီး၏ မြောက်ဘက် အရှေ့ဘက်ရှိ အဆောက်အအုံအားလုံး လောင်ကျွမ်း၏။ အနောက်ဘက် တောင်ဘက်မီးလွတ်သည်။ မီးမလောင်ခင်က စနူဆောင်မှာ ဆရာတော်ကြီး သီတင်းသုံး၏။ ဦးစန္ဒသည် စနူဆောင်မြောက်ဘက် စာတက်ခဲ့ရသည်။ ဦးစန္ဒမှာ မိုးကောင်းကျောင်း၌ နေရ၏။ မီးလောင်ပြီးနောက် ဆရာတော်ကြီး သိမ်ကျောင်း၌ သီတင်းသုံးသည်။ ဦးစန္ဒသည် ဝိသုဒ္ဓါရုံတိုက်တွင် အထက်တန်းကျမ်းစာများကို ဆရာ

တော်ကြီးထံ သင်ယူရင်း ကောင်းဆရာတော့်ညီ ဘုန်းကြီးဦးဉာနိန္ဒထံ ဋီကာကျော်၊ စာချဘုန်းကြီး ဦးဝိရိယထံ ဘေဒစိန္တာ၊ ကြေးမုံဘုန်းကြီးဦးပညာထံ ပုဒ်စစ် စသည်တို့ကို သင်ခဲ့ရသည်။

## သုတ်နက်ရေးပေးမယ်မိန့်၍ တားခဲ့

၁၂၅၄ ခုနှစ်တွင် ကြေးမုံဘုန်းကြီးဦးပညာသည် ချောင်းဦးမြို့နယ် ကြေးမုံရွာ သီတာရုံတိုက်သို့ ကျောင်းထိုင်ကြွရသည်။ ဘုန်းကြီးဦးပညာထံ စာတက်နေသော ဦးစန္ဒသည် စာဝါပျက်မည်စိုး၍ သီတာရုံတိုက်သို့ လိုက်နေရန် ဆရာတော်ကြီးထံ ပန်ကြား၏။ ဦးစန္ဒ၏ဆန္ဒကို ဆရာတော်ကြီးရိပ်မိ၍ ဦးပဉ္စင်းက သဒ္ဒါတက်ချင်လို့ ကြေးမုံလိုက်ချင်တာလား။ မလိုက်နဲ့ ဒို့သဒ္ဒါ တတ်အောင် လုပ်ပေးမယ်။ သုတ်နက်ရေးပေးမယ်ဟု မိန့်သည်။

## ကစ္စာနသံခိပ်ကိုစောင့်နေရ၍ သုတ်နက်နောက်ကျ

ဝိသုဒ္ဓါရုံသုတ်နက်ကို ရေးပေးမယ်ဆိုသော်လည်း ၁၂၅၈ ခုနှစ်ကျမှ ရေးဖြစ်သည်။ တွံတေးဆရာတော် ဦးနာဂသည် ကစ္စာနသံခိပ်ကျမ်းရေးနေသည်ကိုကြားသိရ၍ဆရာတော်ကြီးကကစ္စာနသံခိပ်ကျမ်းကိုစောင့်ကြည့်နေသည်။ ကစ္စာနသံခိပ်ထွက်လာသောအခါ ဆရာတော်ကြီးက "ဒို့သုတ်နက်အရေးမလွတ်သေးပါဘူး" ဟု မိန့်ကာ ဝိသုဒ္ဓါရုံသုတ်နက်ကြီးကို ရေးသည်။ ကစ္စည်းဝုတ္တိ၏ ဩဇာကိုမခံ၊ မှန်ရာကိုသာ ဦးတည်ရေးသော သဒ္ဒါကျမ်းဖြစ်၍ ထူးခြားပြောင်မြောက်သည်။ ဤမျှထူးခြားလှသော ဝိသုဒ္ဓါရုံသုတ်နက် ထွက်ပေါ်လာရခြင်းမှာ ဦးစန္ဒကြောင့် ဖြစ်သည်။ ဦးစန္ဒ၏ အရည်အချင်းကိုသိ၍ မိမိအပါးမှ ဦးစန္ဒထွက်မသွားစေချင်ပေ။ ကျမ်းဂန်ဘက်ကလည်း အထက်တန်းရောက် တတ်မြောက်စေချင်သည်။ သို့အတွက် ဦးစန္ဒကို အဖက်ဖက်မှ မြှောက်စားအားပေးခဲ့သည်။

## ကြေးမုံရွာသီတာရုံကျောင်းတိုက်သို့

ဦးစန္ဒသည် လေးဝါမြောက်တွင် ချောင်ဦးမြို့နယ် ကြေးမုံရွာသီတာရုံ ကျောင်းတိုက်၌ ဝါဆို၍ သဒ္ဒါကျမ်းများနှင့် မဟာဝါ စူဠဝါ ပရိဝါ ဝိနည်းအဋ္ဌကထာ သုံးစောင်ကို ပေါက်ရောက်အောင် သင်ယူခဲ့သည်။ သီတာရုံကျောင်းတိုက်ကားကုန်းရွာနှင့်ကြေးမုံရွာတို့၏အလယ်တွင်တည်ရှိသည်။ဦးစန္ဒသည် ကုန်းရွာသို့ နေ့စဉ်ဆွမ်းခံကြွသည်။ ကုန်းရွာမှာ ဆပ်ပြာမြေလွှာတွင် တည်ထားသော ရွာဖြစ်၏။ ဆပ်ပြာမြေနင်းရဖန်များလာသဖြင့် ဦးစန္ဒသည် ဝါကျွတ်သောအခါ မကျန်းမမာဖြစ်လာခဲ့သည်။ အဖျားဝင်ရုံမျှမက ထုံနာကျင်နာပါ စွဲကပ်လာသဖြင့် မန္တလေးပြန်လာခဲ့ပြီး ရေပန်းတိုက်၌ ဆေးစားနေရ၏။ ညောင်ကုန်း လှည်းတန်းရှိ အဒေါ်နှစ်ဦးက ဆွမ်းတာဝန်ယူ၏။ လင်းယဉ်ဘုန်းကြီးဦးနရိန္ဒကလည်း သင့်လျော်မည့်ဆေးဝါးများကို ကိုယ်တိုင် လာရောက်တိုက်ကျွေး၏။ သီဟဗလဆေးကိုလည်း ပေး၏။ ထိုဆေးဖြင့် ဦးစန္ဒ၏ ထုံနာကျင်နာရောဂါ ပျောက်သွားသည်။

ရောဂါပျောက်သောအခါ တပေါင်းလတွင် အရှေ့ဝိသုဒ္ဓါရုံတိုက်သို့ ပြန်နေထိုင်၏။ ၁၂၅၅ ခုနှစ်တွင် လင်းယဉ်ဘုန်းကြီး ဦးနရိန္ဒမကျန်းမာ၍ ဦးစန္ဒ ရွာပြန်လာရန် ခေါ်၏။အခြားတပည့်များရှိသော်လည်းဦးစန္ဒကိုပိုမိုအားကိုး၏။ လင်းယဉ်တွင် နေထိုင်စဉ် အလယ်ကြွလာသော ခနေဖြူမြို့ ဂန္ဓာရုံဘုန်းကြီးက ဦးပဋ္ဌင်းလို စာတော်ပေတော် ပုဂ္ဂိုလ်ကတော့ နေလို့မဖြစ်ဘူး တိုက်တွန်း၍ မန္တလေး ဝိသုဒ္ဓါရုံတိုက်တွင် ပြန်နေခဲ့သည်။

❋

# အခန်း (၃)
# သာသနာအတွက် အရေးပါသောဘဝ စတင်လာ

## ဝိသုဒ္ဓါရုံစာချပုဂ္ဂိုလ် ဖြစ်လာခြင်း

ဦးစန္ဒသည် ရဟန်း ၅ ဝါအရ ၁၂၅၆ ခုနှစ်တွင် ဝိသုဒ္ဓါရုံ စာချပုဂ္ဂိုလ်အဖြစ် ဝိသုဒ္ဓါရုံဆရာတော်ကြီး၏ ချီးမြှောက်မှုကိုခံရသည်။ စာချပုဂ္ဂိုလ်ဖြစ်စရဟန်း ၅ ဝါမှစ၍ ဆရာတော်ကြီးက အစစအရာရာ ထောက်ပံ့တော်မူသည်။ ဆွမ်းမခံဘဲ ချမ်းသာစွာနေရတော့သည်။ စာချဘုန်းကြီးဖြစ်စတွင် ရူပသိဒ္ဓိစသော သင်ရိုးကျမ်းများနှင့် ပါဠိ အဋ္ဌကထာ ဋီကာကျမ်းများကို စတင်ပို့ချတော်မူသည်။ စာသင်သားတို့အား တတ်စေချင်သည့် စေတနာ၊ တပည့်တို့အပေါ်တွင် ထားရှိသော မေတ္တာ၊ ကရုဏာ၊ တစ်ဖက်သားနားလည်အောင် စိတ်ဝင်စားအောင် ပို့ချနိုင်သည့် စာချဘုန်းကြီးတို့၏ စွမ်းရည်သတ္တိ ပညာအရည်အသွေးတို့ကြောင့် စာလိုက်သူ တပည့်ပရိသတ်တို့မှာ စာတက်ရသည်ကိုပျော်စရာထင်လာသည်အထိ ကျေနပ်အားရစရာ တွေ့လာသည်။ စာချဘုန်းကြီးဦးစန္ဒသည် မိမိပို့ချသော ကျမ်းမှခက်ဆစ်များကို ကဗျာလင်္ကာဆောင်ပုဒ်များ သီကုံး၍ စာသင်သားတို့အား ကျက်မှတ်ခိုင်းပြီး သင်ပြသည်။

## လက်စွမ်းပြဒွေဘော်လင်္ကာကြီး

ဝိသုဒ္ဓါရုံသုတ်နက်ကြီးတွင်ပါသော ဝိသုဒ္ဓါရုံဒွေဘော်ကဗျာသည် ဦးစန္ဒ၏ လက်ရာဖြစ်သည်။ ဝိသုဒ္ဓါရုံဆရာတော်ကြီးက ဒွေဘော်နှင့်စပ်၍ မှတ်လွယ်စေရန် တပည့်စာချဘုန်းကြီးများအား ဒွေဘော်ကဗျာကို စီကုံးစေသည်။ ဉာဏ်ရှိသမျှအစွမ်းပြ စီကုံးတင်ပြကြ၏။ ဦးစန္ဒလည်း ရူပသိဒ္ဓိချပို့နေစဉ်ဖြစ်၍ ရူပသိဒ္ဓိအဆိုနှင့်အညီ ဒွေဘော်ကဗျာကို စီကုံးသည်။ ဆရာတော်ကြီးထံ ရောက်လာသောအခါ သဘောကျ၍ ရွေးချယ်ခဲ့သည်။

"သောတုနနယ် မှတ်သားလွယ်အောင် မိပ္ပာယ်ရှင်ပျ ဒွေဘာဝ၏ ဌာနသဘော အမြွက်ဟောပိမ့် နစ်နောကြည်ဆွ ကျက်မှတ်ကြလော့... ရသသရာ အာဒီယာ၏ နောက်မှာရောက်ရှိ ပ.ပတိနှင့် ပဋိ.ကမ.ဂဟ.ဒ.ကီ. တလီကုသ. ဉာ. ဇုတဟု ကုစ. သိ. သု. သမ္ဗု. သံရ. သံသ. စဏ. ကိလေသာ. ပီတိ. တိကာဒိတို့ အာဒိဗျည်းမှာ ဒွေဘော်သာတည်း၊ ပုနာ ဝတု နိ ဥ ဒု တ၊ စတု ဆနှင့် သဏ္ဍကိုပြု သဗျည်းစုနောက်၊ ဒွေဘော်ရောက်၏။ မဖောက် တသသ စဝဂ္ဂနှင့် ယဝတံ၊ ဖော့ သယေ တတန်၊ သဗ္ဗောစံဟု ငါးတန်သောသုတ် ပြီးပြယုဂ်လည်း ဆင့်ထုတ်ဒွေချည်း စ ဖြင့်ဆည်းသည့် ပြင်ဗျည်းများကို ဝကို ဗ ပြု ဆန္ဒာနုရက်၊ အချက်ချက်မှာ၊ ဒွေဘော်သာတည်း၊ ဝဂ္ဂါဒုတိယ၊ စတုတ္ထလည်း ဌာနချင့်ထောက်၊ ဒွေဘော်ရောက်၏၊ ရွေးထောက်မမှား၊ အကျဉ်းထားသည့် မှတ်သားလွယ်ဘို့ကဗျာတည်း။

ဝိသုဒ္ဓါရုံဆရာတော်ကြီးသည် ဦးစန္ဒ၏ ဒွေဘော်ကဗျာကို ဝိသုဒ္ဓါရုံသုတ်နက်ကျမ်းတွင် ထည့်သွင်းထားတော်မူသည်။ နစ်နောကြည်ဆွ ကျက်မှတ်ကြလော့... ဟူသော အပိုဒ်မှ ကျက်မှတ်ကြလေဟု ဤမျှသာ ဆရာတော်ကြီးက အပြောင်းအလွဲလုပ်၍ မူရင်းအတိုင်းပင် အသုံးပြုတော်မူခဲ့သည်။ ဦးစန္ဒ၏ ဒွေဘော်ကဗျာသည် ယနေ့တိုင် သောတုဇနတို့အတွက် အသက်ပင် ဖြစ်နေလေသည်။

## ဆပ္ပစ္စယဒီပနီကျမ်းကို ပြုစုခြင်း

၁၂၅၆ ခုနှစ်တွင် ဝိသုဒ္ဓါရုံဆရာတော်ကြီးသည် သက္ကတရေး ဆန္ဒောမဥ္ဇရီကျမ်းကို မှီငြမ်းပြု၍ ပါဠိရေး ဆန္ဒောမဥ္ဇရီကျမ်းကို ရေးခဲ့သည်။ လက်ရှိ ပါဠိရေး ဝုတ္တောဒယဆန်းကျမ်း၏ မပြည့်စုံခြင်းအချို့ ချွတ်ယွင်းချက်ရှိနေခြင်းတို့ကြောင့် ဆန္ဒောမဥ္ဇရီကျမ်းကို ရေးသားရကြောင်း ဆရာတော်ကြီးက ဖော်ပြထား၏။ ဝုတ္တောဒယကျမ်းဖြင့် အချို့ဂါထာများ အမည်မပေးတတ်ဖြစ်နေရာ ဆန္ဒောမဥ္ဇရီကျမ်းပေါ်လာမှ အမည်ပေးတတ်တော့၏။ ဆရာတော်ကြီးသည် ဆန္ဒောမဥ္ဇရီကျမ်းကို ပါဠိရောနိဿယပါ ပို့ချရင်း ရေးသွားသည်။ ဦးစန္ဒသည် ဆန္ဒောမဥ္ဇရီကျမ်းစာလိုက်သူများတွင် တစ်ဦးအပါအဝင် ဖြစ်၏။ ဦးစန္ဒသည် ဆန်းတက်သူများထဲတွင် စာအမြင့်ဆုံးအဖြစ် ချီးကျူးခံရ၏။ ဆန်းတော်သောကြောင့်ဆန်းစန္ဒဟုပင်ခေါ်ခဲ့ကြ၏။ဦးစန္ဒသည်ဆန်းတက်ရင်းဆပ္ပစ္စယပိုင်းကို တွက်ချက်ပြထားသော ဆပ္ပစ္စယဒီပနီကျမ်းကိုပင် ရေးသားနိုင်ခဲ့သည်။ ဆန်းကျမ်းသင်သူတို့ အခက်တွေ့တတ်သော ဆပ္ပစ္စယပိုင်းကို ဦးစန္ဒက ဆပ္ပစ္စယဒီပနီဖြင့် ကူညီဖြေရှင်းပေးခဲ့၏။ ဝိသုဒ္ဓါရုံဆရာတော်ကြီးကို ဦးစန္ဒက ဒီပနီကို ဆက်ကပ်သောအခါ အလွန်ကျေနပ်အားရတော်မူ၍ သက္ကလတ်ခြုံထည် တစ်ထည် ဆုချတော်မူသည့်အပြင် နိဂုံးဂါထာရေးသားထည့်သွင်း၍ ဦးစန္ဒအမည်ကို ဂုဏ်ပြုခဲ့သည်။ သက္ကလတ်ခြုံထည်သည် ထိုခေတ်က ၇ ကျပ် တန်လေသည်။

## ကျောင်းဘုန်းကြီးခန့်အပ်ချီးမြှင့်တော်မူခြင်း

ဦးစန္ဒ ၇ ဝါအရ ၁၂၅၈ ခုနှစ်တွင် ဝိသုဒ္ဓါရုံတိုက်ကြီး၏ ရမည်းသင်းကျောင်း၏ ကျောင်းဘုန်းကြီးအဖြစ် ဆရာတော်ကြီးက ခန့်အပ်ချီးမြှောက်တော်မူသည်။ ဆရာတော်ကြီးလက်အောက်တွင် သံဃာနှင့်တိုက်တာစီမံအုပ်ချုပ်ရေးအတွက် ကူညီရသော ဘုန်းကြီးတစ်ပါးဖြစ်လာသည်။ ဝိသုဒ္ဓါရုံဆရာတော်ကြီးသည်တော်သူကိုရွေးကောက်ချီးမြှောက်တော်မူလေ့ရှိ၏။မောင်စန္ဒက နေရာတကာတော်တယ်၊ နောက်ဖယ်တွင်းနက်တာလေး တစ်ခုပဲ ပြော

စရာရှိတယ်ဟု မိန့်လေ့ရှိသည်။ ကျောင်းဘုန်းကြီးဖြစ်လာသောအခါ ဆရာတော်ကြီးလက်အောက်မှ ပရိသတ်ကို အုပ်ချုပ်ရ စာပေပို့ချရသည့် တာဝန်ရှိလေသည်။ ရဟန်းကိုရင်များကို နိုင်နင်းအောင်အုပ်ချုပ်ရသည်။ မိမိကျောင်းမှ အပြစ်တစ်စုံတစ်ရာပေါ်လျှင် ကျောင်းဘုန်းကြီးပါ အုပ်ချုပ်ရေးညံ့မှုကြောင့် ဒဏ်ထမ်းရသည်။

## ပြောရမှာအားနာတဲ့အတွက် အားနာပြစ်ဒဏ်ထမ်း

ဦးစန္ဒသည် ရမည်းသင်းကျောင်းဘုန်းကြီး ဖြစ်လာသည့်တစ်နေ့၊ ဝိသုဒ္ဓါရုံဆရာတော်ကြီးသည် ညနေနေဝင်ဖျိုးဖျအချိန်တွင် တိုက်ကြီးကို လှည့်ပတ်ပြီး လမ်းလျှောက်လေ့ရှိသည်။ တစ်နေ့သောအခါ ဆရာတော် လမ်းလျှောက်နေစဉ် တိုက်အနောက်ပေါက်မှ ဝင်လာသော ဦးပဍ္ဍင်းနှစ်ပါးကို မြင်လိုက်သည်။ ဦးပဍ္ဍင်းတို့သည် ဆရာတော်ကို မြင်သဖြင့် ရမည်းသင်းကျောင်းအောက်သို့ ခပ်သုတ်သုတ်ဝင်သွားသည်။ ရမည်းသင်းကျောင်းမှာ တိုက်အနောက်ပေါက် လမ်းမြောက်ဘက် ကပ်လျက်ရှိသည်။ ဆရာတော်ကြီးက ဦးပဍ္ဍင်းနှစ်ပါး ရမည်းသင်းကျောင်းမြောက်ဘက်သို့ ထွက်လာမလား စောင့်ကြည့်နေရာ ထွက်လာသည်ကို မတွေ့ရပေ။ ညဘုရားဝတ်ပြီးချိန်တွင် ဆရာတော်ကြီးက စစ်မေးသည်။ ညနေက ဦးပဍ္ဍင်းနှစ်ပါး တိုက်အနောက်ပေါက်က ဝင်လာတယ်။ သင်္ကန်းမရုံဘဲ မြို့ထဲသွားပုံရတယ်။ ဒို့ကို မြင်တော့ ရမည်းသင်းကျောင်းအောက်ဝင်သွားတာ တွေ့လိုက်တယ်။ အဲဒါ ဘယ်သူများလဲ ပြောကြ၊ သံဃာတော်များ ငြိမ်နေကြသည်။ ဦးစန္ဒကလည်း မသိ၍ မလျှောက်တတ် ဖြစ်နေသည်။ ကာယကံရှင်မပေါ်လျှင် ရမည်းသင်းကျောင်း ဘုန်းကြီးအပေါ် တာဝန်ကျလာသည်။

ဦးပဍ္ဍင်း လူကြီးလုပ်နေ ပြောမှပေါ့။ ပြောရမှာအားနာတတ်တယ်လို့ ကြားရတယ်။ အားနာပြစ်ကလေး ပေးရဦးမယ်ဟု မိန့်တော်မူကာ ဦးစန္ဒရေဒဏ်ထမ်းစေသည်။ ရမည်းသင်းကျောင်းမှာ သံဃာ ၂၅ ပါးရှိသည့်အတွက် ၂၅ ရက်တိုင် အလယ်ကျောင်းကြီးအနီး ရေအိုးစင်မှာ ရေခပ်ဖြည့်ရသည်။

သို့ရာတွင် ၂ရက်၃ရက်ကြာသောအခါရေဒက်မှစာဒက်သို့ပြောင်းပေးသည်။ ဆရာတော်ကြီးရေးသော "လလွန်ဝါထပ် အဆုံးအဖြတ်ဖြစ်သော အဓိမာသ ဝိနိစ္ဆယကျမ်းကို သီဟိုဠ်အက္ခရာမှ မြန်မာအက္ခရာသို့ ဖလှယ်ကာ ရေးသား နိုင်းသည်။ ဆရာတော်ကြီး သီဟိုဠ်သို့ ရေးပို့သော ပါဠိဘာသာရေး ဝိနိစ္ဆယ ဖြစ်သည်။ ဦးစန္ဒ မြန်မာအက္ခရာ ဖလှယ်ထားသည့်မူအတိုင်း ယခု ဖတ်ရှုနိုင် သည်။

## ကုသိုလ်တော်ရေတွင်း

အရှေ့ဝိသုဒ္ဓါရုံတိုက် ရမည်းသင်းကျောင်းရှေ့ မြောက်ဘက်နားတွင် ရေတွင်းတစ်တွင်း ရှိသည်။ ၎င်းတွင်းကို "ကုသိုလ်တော်ရေတွင်း" ဟု ခေါ်ကြ ၏။ အကြောင်းရှိပါသည်။ မန္တလေးမြို့ကုသိုလ်တော်ဘုရားပွဲနေ့တွင် ဝိသုဒ္ဓါရုံ တိုက်မှ ဦးပဥ္စင်းကိုရင်များသည် ဘုရားဖူးရင်း ဆွမ်းတော်ပွဲ ကြည်ညိုရင်း သွား ကြသည်။ ပျော်ပွဲရွှင်ပွဲများလည်း ပါသည်။ ၎င်းပွဲနေ့တွင် ဆရာတော်ကြီးသည် ကျောင်းစဉ်လှည့်၍ သံဃာစစ်ဆေးသောအခါ ရမည်းသင်းကျောင်းမှ ၁၂ ပါး၊ မိုးကောင်းကျောင်းမှ ၅ ပါး မရှိသည်ကို တွေ့ရသည်။ ဆရာတော်ကြီးက ၎င်း ပဥ္စင်းကိုရင်များကို တိုက်မှအပ သုံးလနှင်ဒဏ်ပေးလိုက်သည်။

ရမည်းသင်းကျောင်းမှ ကိုရင်တစ်ပါးမှာ သူ့အိမ်ကလည်း ဝိသုဒ္ဓါရုံ တိုက် အနောက်ကပ်လျက်ရှိရာ ၎င်းအိမ်မှာခေတ္တနေ၍ သုံးလမပြည့်မီ တိုက် ထဲ ပြန်ဝင်နေသည်။ မိုးကောင်းကျောင်းမှ ကိုရင်တစ်ပါးမှာ ဆရာတော်ကြီး နှင်ထုတ်သော်လည်း ထွက်မသွားဘဲ ပေကပ်နေရစ်သည်။ ထိုကိုရင်နှစ်ပါး တိုက်ထဲ ပြန်ရောက်နေကြောင်းကို နှင်ဒဏ်ခံရ၍ အပြင်ထွက်သွားကြရသော ဦးပဥ္စင်းများက ဆရာတော်ကြီးထံ စာဖြင့်လှမ်းလျှောက်ကြသည်။ ထိုအခါ ဆရာတော်ကြီးက ထိုကိုရင်နှစ်ပါးနှင့်ဆိုင်ရာ ကျောင်းဘုန်းကြီးများကိုခေါ်၍ "ရေတွင်းတူးစေ" ဟုအမိန့်ချဒဏ်ပေးတော်မူသည်။ ကိုရင်နှစ်ပါးက အောက်မှ တူး၊ရမည်းသင်းကျောင်းဘုန်းကြီးဦးစန္ဒနှင့်မိုးကောင်းကျောင်းဘုန်းကြီးတို့က အပေါ်မှနေပြီး မြေကြီးများကို ဆွဲတင်ကြရသည်။ ၎င်းရေတွင်းကို ကုသိုလ်

တော် ဘုရားပွဲနှင့်စပ်၍ ဒကာ်ထမ်းရသူများ တူသောတွင်းဖြစ်သောကြောင့် "ကုသိုလ်တော်ရေတွင်း" ဟု ဆရာတော်ကြီးက ခေါ်တွင်စေသည်။

## အပြစ်ရှိသူကိုဒဏ်ပေး၍ ဆုံးမသောအလေ့

ဝိသုဒ္ဓါရုံဆရာတော်ကြီးသည် အပြစ်ရှိသူကို ဒဏ်ပေး၍ ယဉ်ကျေးလိမ္မာအောင် ဆုံးမလေ့ရှိသည်။ "ဒို့ ဆရာတော်ကြီးက ဒဏ်ပေးစရာ အပြစ်တွေ့လာရင် ဒေါသကင်းပြီး အမြဲတမ်းပြုံးပြုံးနဲ့ ပြောဆိုဒဏ်ပေးလေ့ရှိတယ်။ အခါတစ်ပါးအရှေ့ဝိသုဒ္ဓါရုံရေလယ်ကျောင်းက ဦးပဉ္ဇင်းတစ်ပါးနည်းနည်းကြီးလေးတဲ့အပြစ် ကျူးလွန်လို့ ဆရာတော်ကြီးက ဒဏ်ပေးချင်ပေမဲ့ စိတ်ဆိုးနေတာနှင့် ဘုရားဝတ်တက်ရာ သုံးရက်ကြာမလာဘဲ စိတ်ဆိုးပြေအောင် မေတ္တာပို့နေတယ်။ နောက်စိတ်ပြေမှ ဘုရားဝတ်တက်ရာလာပြီး ပြုံးပြုံး ပြုံးပြုံးနဲ့ ပြောဆို ဒဏ်ပေးတယ်။ ရှေးတုန်းက ဆရာသမား ဒဏ်ပေးဆုံးမရင် နာခံကြတယ်။

## ဒဏ်ပေးတာမခံချင်လို့ ဓားကိုင်လာတဲ့သူ

တစ်ခါတုန်းက အရှေ့တိုက်မှ ဦးပဉ္ဇင်းနှစ်ပါး ရန်ဖြစ်ကြတယ်။ တစ်ပါးကတုတ်နှင့်လာရိုက်တော့ တစ်ပါးကလက်သီးနဲ့ပြန်ထိုးလိုက်တယ်။ နှာခေါင်းထိုးမိလို့ လာရိုက်တဲ့ ဦးပဉ္ဇင်း တော်တော်နာသွားတယ်။ သွေးက ဝိုင်းဖြန်ဖြေကြရတယ်။ ဒီအမှုဆရာတော်ကြီးထံ ရောက်လာတော့ ဆရာတော်ကြီးက လက်သီးနဲ့ထိုးတဲ့ ဦးပဉ္ဇင်းကို အနောက်ပြင် သွားအအိပ်ခိုင်းတယ်။ အထိုးခံရတဲ့ ဦးပဉ္ဇင်းက ဓားနဲ့ လက်စာချေမယ် တကဲကဲလုပ်နေတယ်။ နောက်နေ့ ဆရာတော်ကြီးက အထိုးခံရတဲ့ ဦးပဉ္ဇင်းကို အနားလာဖို့ခေါ်တော့ မောင်းချဓားကြီးကိုကိုင်ပြီး ဆရာတော်ကြီးထံလာတယ်။ ရှေ့ရောက်တော့ ဆရာတော်ကြီးက ဦးပဉ္ဇင်းတို့ ဒီလိုဖြစ်ကြတယ်လို့ ကြားရတယ်၊ မြင်တော့ မမြင်ရပါဘူး။ ဒီလို တစ်ပါးနှင့်တစ်ပါး ဒေါသထားနေရင် ခုလည်း မကောင်း၊ နောင်သံသရာလည်း မကောင်း ဖြစ်တော့မပေါ့။ ဘုရားရှင်ရဲ့ အေးလမ်းစဉ်လိုက်နေသူဟာ ပူပန်စေတတ်တဲ့ ဒေါသကိုငြိမ်းအောင် ပယ်သတ်ရတယ်။ ဒါမှသာ ကြေကြ

မယ်... စသည်ဖြင့် တရားဟောတော့ အဲဒီဦးပဉ္ဇင်း မောင်ချမ်းကြီးပိတ်ပြီး သည်းခံတော်မူပါဘုရားလို့ ရှိခိုးတောင်းပန်တယ်။

ဒီတော့ ဆရာတော်ကြီးက "ကဲ... တိုက်ဥပဒေအရ ဒဏ်ထမ်းရင် ပိုကောင်းမယ်" လို့ မိန့်တော်မူတဲ့အခါ ပျော်ပျော်ရွှင်ရွှင် ဒဏ်ထမ်းတယ်။ အဲဒီ ဦးပဉ္ဇင်းဟာ ပထမက သူလက်စားချေမယ့် ဦးပဉ္ဇင်းကို တခြားခွဲပို့ရကောင်း လားဆိုပြီး ဆရာတော်ကြီးကို ရန်မူမယ့်သဘောပဲ။ ဒါပေမဲ့ ဆရာတော်ကြီးရဲ့ ဩဝါဒနာရတော့မှ ကျေနပ်ပြီး တောင်းပန်ဝန်ချတာ ဖြစ်တယ်။ အဲဒီဦးပဉ္ဇင်း ဟာ သခွတ်တောကတဲ့။ နောက်ကျောင်းထိုင်တဲ့အခါ ဆရာတော်ကြီးကို နှစ် တိုင်း လာကန်တော့တယ်။ သူ "စက်တိုင်" တက်ရမယ့်ကိစ္စ ဆရာတော်ကြီး ကြောင့် အေးငြိမ်းရတယ်ဆိုပြီး ကျေးဇူးတင်မဆုံး ရှိခဲ့တယ်။

## ဗုဒ္ဓဘာသာ၏ ဆုံးမနည်းမှာ ဒဏ်ပေးဆုံးမခြင်းဖြစ်

အပြစ်ရှိသူကို ဒဏ်ပေးခြင်းသည် ဗုဒ္ဓကိုယ်တော်တိုင် ကျင့်သုံးတော် မူသော ဆုံးမနည်းဖြစ်သည်။ ဒဏ္ဍမှ ဒဏ်ဖြစ်လာသည်။ ဒဏ္ဍသဒ္ဒါသည် ဆုံးမ ခြင်းအနက်ဟောရာ ဒဏ်ပေးသည်ဆိုသည်မှာ အဆုံးအမပေးခြင်းပင် ဖြစ် သည်။ ဒဏ်ပေးသည့်သဘောမှာ ရှောင်ကြဉ်စေလိုသည့်သဘောပင် ဖြစ် သည်။

ဗုဒ္ဓသည် အမှုဖြစ်အင်နှင့် ပုဂ္ဂိုလ်ကိုသုံးသပ်၍ ဒဏ်ပေးခြင်းကို ပညတ်တော်မူသည်။ ရဟန်းတော်များနှင့် ဆက်ဆံရေး မပြေပြစ်သော သာ မဏေကို သူနေထိုင်ရာကျောင်းသို့ မသွားမလာ မဝင်မထွက်စေရအောင် ပိတ်ပင်ခြင်းဒဏ်ကို ခွင့်ပြုခဲ့သည်။ (ဝိနယမဟာဝဂ္ဂ ပါဠိ ၁၁၇)

ကဏ္ဍကမည်သော သာမဏေသည် ဗုဒ္ဓဝါဒနှင့်စပ်လျဉ်း၍ အယူအဆ လွဲမှားနေသည်ကို ရဟန်းများက ပြုပြင်ဖျောင်းဖျပေးကြသော်လည်း သူ့အမှား ကို မစွန့်ချေ။ ထိုအခါ ဗုဒ္ဓမြတ်စွာက ကိုရင်များရနိုင်သော အခွင့်အရေးများကို ရုပ်သိမ်းစေ၍ နင်ဒဏ်ပေးရန် ပညတ်တော်မူခဲ့သည်။ (ပါစိတ္တိယပါဠိ ၁၈၁)

ဗုဒ္ဓအားကိုးဖြင့် သံဃာအာဏာကိုဖီဆန်လျက်ရှိသော အရှင်ဆန္နကို ဆုံးမရန် ပရိနိဗ္ဗာန်စံခါနီး ဗုဒ္ဓက ပညတ်တော်မူခဲ့သည်။ ဗြဟ္မဒဏ်ပေးခဲ့သည်။ ဗြဟ္မဒဏ်ဟူသည်မှာ "ဆန္နပြောချင်ရာ ပြောပစေ၊ ဆန္နကို မည်သူကမျှ အဖက်မလုပ်ရ" ဟု ကြဉ်ထားသော ဒဏ်ပေးခြင်းဖြစ်သည်။ ဘုရားရှင်ရှိစဉ်က ငါက ဘုရားရှင်၏ တောမထွက်ခင် ဘုရင်ဘဝကပင် ငယ်ကျွန်ဖြစ်သည်။ သင်တို့သည် နောက်မှပေါ်လာသည့် သူများဖြစ်သည်။ ငါသည် သင်တို့ပြောဆိုသည်ကို ဂရုစိုက်စရာမလိုဟု မည်သည့်ရဟန်းကိုမျှ အဖက်မလုပ်လိုသော အရှင်ဆန္နသည် ဗုဒ္ဓရှင်တော် ပရိနိဗ္ဗာန်စံသွားပြီဖြစ်သဖြင့် စိတ်ဓာတ်ကျနေရသည့်အပြင် ဗြဟ္မဒဏ်ကိုပါ ခံရပြန်သောအခါ အရှင်အာနန္ဒာ လာရောက်ပြောသောစကားကို ကြားရသောအခါ မူးမေ့လဲကျသွားရရှာလေသည်။ အရှင်ဆန္နသည် ဗြဟ္မဒဏ်ကိုခံရသောအခါ အရှင်အာနန္ဒာအား ဝန်ချတောင်းပန်၍ ဆုံးမသြဝါဒနာယူပြီး တရားအားထုတ်ရာ မကြာမီပင် ရဟန္တာအဖြစ်သို့ ရောက်ရှိလေသည်။ ဗုဒ္ဓသာသနာ နှစ်တစ်ရာရောက်ချိန် ဒုတိယသင်္ဂါယနာတင်ရန် သံဃာ့အစည်းအဝေးကြီး ဖိတ်ကြားရာသို့ မလာရောက်ခဲ့သဖြင့် သံဃာ့ခေါင်းဆောင်ထေရ်ကြီးများသည် အရှင်သိဂ္ဂဝနှင့် အရှင်စဏ္ဍဝဇ္ဇီတို့အား ဒဏ်ပေးခဲ့ကြသည်။ တိဿမည်သောလူငယ်ကို ဗုဒ္ဓဘာသာ ဘဝရောက်၍ ရဟန်းဖြစ်အောင် စည်းရုံးသွေးဆောင်ရန် ရဟန်းဘဝရောက်လာသော လူငယ်ကို တစ်ပါးက ဗုဒ္ဓစာပေသင်ကြားပေးရန် ဒဏ်ပေးခဲ့သည်။ (ပါရာဇိကကဏ်အဋ္ဌကထာ၊ ပတွဲ ၂၈)

ဒဏ်ပေးသည့်စနစ်ကား ဘုရားရှင်မပွင့်မီကပင် ရှိနေနှင့်၏။ ရှေးဘုရားအလောင်း သူတော်ကောင်းကြီးတို့ ကျင့်သုံးသော စနစ်ဖြစ်၏။ ရှေးတုန်းက သူတော်စင်ရသေ့တစ်ထောင်တို့သည် သူတော်ကောင်းတို့နှင့် မသင့်မလျော်သော မတော်သည်ကို စိတ်ကူးမိတိုင်း မိမိကိုယ်ကို ဒဏ်ပေး၍ သဲဖက်ရွက်တစ်ထုပ်ဆောင်ယူပြီး သတ်မှတ်ထားရာ နေရာ၌ စုပုံဒဏ်ထမ်းကြရသည်။ ထိုအချိန်မှစ၍ ဥရုဝေလခေါ် သဲပုံကြီးဖြစ်လာလေသည်။ (ပါစိတျာဒိအဋ္ဌကထာ ၂၃၄)

ဘုရားရှင်ပညတ်တော်မူချက်ကို အမြဲတမ်းလိုက်နာသော ရွှေကျင်ဂိုဏ်းကြီးသည် ဒကာ်ပေးသည့်စနစ်ကို အများဆုံးလိုက်နာ ကျင့်သုံးလျက်ရှိသည်။ ရွှေကျင်ဂိုဏ်းဥပဒေများတွင် အပြစ်ရှိသူကို အပြစ်အလျောက် ဒဏ်ပေးရန် ဖော်ပြထားရာ ရွှေကျင်ဂိုဏ်းဝင်တို့သည် ဒဏ်ပေးသည့် စနစ်အောက်တွင် ပိပြားသေဝပ်လျက် ရှိသည်။ ဒဏ်ပေးသည့်စနစ်ကြောင့်ပင်လျှင် ရွှေကျင်သံဃာတော်တို့သည် စည်းကမ်းသေဝပ်ခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ ကြည်ညိုဖွယ်အသွင်ဆောင်လျက်ရှိသည်။ ဝတ်ပုံ၊ စားပုံ၊ သွားပုံ၊ လာပုံ အနေအထိုင်အပြု အမူတို့သည် စည်းကမ်းကျနစွာ သွန်သင်သည့်အတိုင်း ဖြစ်လာသည်။ စည်းကမ်းမကျ နည်းလမ်းမကျ အချိုးမကျအပြစ်ရှိသူများကို ဒဏ်ပေးခြင်းဖြင့် မြှင့်တင်ပေးခဲ့သည်။

## အင်္ဂလိပ်ခေတ် ပထမပြန်စာမေးပွဲစတင်ကျင်းပချိန်

ဆရာတော် ၆ ဝါရချိန်တွင် ပထမပြန်စာမေးပွဲ စတင်ကျင်းပသည်။ အစ ကျင်းပချိန်က ဝင်ရောက်ဖြေမည့်သူ မရှိပေ။ မောင်ဒေဝဆိုသူက ပထမပြန် စာမေးပွဲဝင်ရောက်ဖြေဆိုကြရန် ဘုန်းကြီးကျောင်းတိုက်များသို့ လိုက်လံနှိုးဆော်လျှောက်ထားသည်။ အင်္ဂလိပ်အစိုးရက သူ့ကို အဖိုးအခပေးပြီး လျှောက်ခိုင်းတာနဲ့ တူပါရဲ့။ အဲဒီတုန်းက စာမေးပွဲကို ဆရာတော်လည်း ဝင်ဖြေတယ်။ ဦးစန္ဒမှာ ၇ ဝါအရတွင် စာမေးပွဲဝင်ဖြေခဲ့တယ်။ အငယ်တန်းနှင့် အလတ်တန်းအောင်တယ်၊ အကြီးတန်းဖြေတဲ့ နှစ်မှာတော့ ပုစ္ဆာပေါက်လို့ ဂေဇက်မထွက်ဘူး။ နောက်နှစ် အကြီးတန်းဖြေတော့လည်း မအောင်ခဲ့ဘူး။ အငယ်ဖြေတဲ့နှစ်က ပုစ္ဆာတစ်ခု ကြံလို့မရဘူး ဖြစ်နေတယ်။ နောက်တော့ စာမေးပွဲကြီးကြပ်တဲ့ဒကာကြီးတစ်ယောက်က အဖြေမှန်လာပြောတယ်။ သူပြောတာနဲ့ အဲဒီပုစ္ဆာမဖြေတော့ဘဲ ဒီအတိုင်း ထားပစ်ခဲ့တယ်။ ခိုးဖြေတာဖြစ်မှာ ကြောက်လို့ပေါ့။

၁၂၅၇ ခုနှစ်မှစပြီး အင်္ဂလိပ်အစိုးရတို့ ကျင်းပပေးသော ပထမပြန်စာမေးပွဲကို အထင်မကြီးဘဲ နိုင်ငံရေးအရ ဟန်ပြသဘောအဖြစ်သာ ယူဆ၍ စာမေးပွဲဖြေဆိုသူ နည်းပါးဟန် ရှိလေသည်။

## သက္ကတဘာသာသင်ယူခြင်း

ဦးစန္ဒသည် ၁၂၆၁ ခုနှစ် ၁၀ ဝါအရတွင် မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးထံ သက္ကတသင်ယူခဲ့ပသည်။ မုဒ္ဓဗောဓ သဒ္ဒါကျမ်းကို စတင်သင်ရသည်။ ပါဠိဘာသာနှင့် သက္ကတဘာသာတို့သည် လွန်စွာနီးစပ်သော ဘာသာနှစ်ရပ်ဖြစ်ရာ ပါဠိတတ်မြောက်ပြီးသူမှာ သက္ကတကို ရက်တိုတိုနှင့် တီးမိခေါက်မိ ဖြစ်နိုင်သည်။ ဝိသုဒ္ဓါရုံဆရာတော်ကြီးသည် ကိုယ်တိုင်လည်း ပါဠိသက္ကတ နိုင်နင်းတော်မူသည်။ ရှေးကအမှန်ဟု ယတိပြတ်ဝိနိစ္ဆယမချနိုင်သော ပုဒ်ပါဠိအက္ခရာအချို့နှင့်စပ်၍ သက္ကတကျမ်းရင်းများကို ကိုးကားပြီး ဆုံးဖြတ်ချက် တိကျစွာချနိုင်ခဲ့သည်။ ပါဠိ အဋ္ဌကထာ ဋီကာတို့တွင် ချွတ်ယွင်းနေသော ပုဒ်ပါဠိများကို အကိုးအကားပြု၍ ပါဠိပျက်ဟု ရဲဝံ့စွာ ဖော်ပြတော်မူနိုင်သည်။

ဝိသုဒ္ဓါရုံဆရာတော်ကြီးသည် သက္ကတကျမ်းများကို ခက်ခဲစွာ သင်တော်မူရဘဲ တတ်မြောက်ခဲ့သည်။ မန္တလေးမြို့မှ သက္ကတတတ် ပုဏ္ဏားကြီးတစ်ဦးကို ကျောင်းခေါ်ပြီး သင်ယူသည်ဆို၏။ တစ်ခါက သမဏ ဗြဟ္မဏဟူသော ပုဒ်နှင့်စပ်၍ ဆရာတော်ကြီးက ဗြဟ္မဏဆိုသော ခုပုဏ္ဏားတွေပြောတာ မဟုတ်ဘူးဟု မိန့်တော်မူရာ ပုဏ္ဏားကြီးကလည်း အားကျမခံ သမဏဆိုတာလည်း ခုဘုန်းကြီးတွေပြောတာ မဟုတ်ဘူးဟု ပြန်ပြောကြောင်း သိရ၏။

## အဘိဓာနပ္ပဒီပိကာသူစိကျမ်း

ဤကျမ်းသည် မြန်မာပညာရှင်တို့ ဖော်ထုတ်ခဲ့သော ကျမ်းတစ်ကျမ်းဖြစ်သည်။ ဝိဇယပုရပင်းယမြို့ တတိယနန်းစံလေးစီးရှင် သီဟသူ (၇၁၃-၇၂၃) လက်ထက် အတွင်းဝန်အဖြစ် အမှုထမ်းခဲ့သူ သိရိမဟာစတုရင်္ဂဗလဘွဲ့ရ ကျမ်းပြုစာဆိုတော် အမတ်ကြီးသည် အဘိဓာနပ္ပဒီပိကာဋီကာကျမ်းကို ပါဠိဘာသာဖြင့် ဖွင့်ဆိုရေးသားခဲ့သည်။

၎င်းဋီကာကျမ်းကို သီဟိုဠ်ဆရာတော် အရှင်သုဘူတိထေရ်က အချို့အဝက် ဖြည့်စွက်ထည့်ချင်၍ အက္ခရာစဉ်ပြီးလျှင် "အဘိဓာနပ္ပဒီပိကာသူစိ"

ဟူသော အမည်ဖြင့် သီဟိုဠ်အက္ခရာဖြင့် ကျမ်းတစ်စောင် ပြုစုခဲ့သည်။ ထိုကျမ်းကို အင်္ဂလိပ်အစိုးရ တိုက်တွန်းချက်အရ သီဟိုဠ်နိုင်ငံ ကိုလံဘိုမြို့အစိုးရ ပုံနှိပ်တိုက်၌ ၁၈၉၃ ခုနှစ်တွင် ပထမအကြိမ် ပုံနှိပ်ခဲ့သည်။

ထိုကျမ်းသည် မြန်မာပြည်သို့ မကြာမီရောက်လာခဲ့ပြီး ဟံသာဝတီသတင်းစာပုံနှိပ်တိုက်က မြန်မာအက္ခရာဖြင့် ရိုက်နှိပ်ရန် သီဟိုဠ်အက္ခရာမှ မြန်မာအက္ခရာ ဖလှယ်ရေးအတွက် ရန်ကုန်မြို့ကျောင်းတော်ရာ ရွှေကျင်တိုက်နေ ဘာသန္တရကောဝိဒ ဦးဓမ္မောဒယထံ အကူအညီတောင်းခဲ့သည်။

ဦးဓမ္မောဒယက မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးထံ အကူအညီတောင်းသည်။ ဆရာတော်ကြီးက ရမည်းသင်းကျောင်းဘုန်းကြီး ဦးစန္ဒကို တာဝန်ပေးတော်မူသည်။ ဆရာတော်ကြီး၏ တာဝန်ပေးချက်အရ ဦးစန္ဒနှင့် ဦးဓမ္မောဒယတို့သည် နှစ်ပါးပူးတွဲတာဝန်ယူ၍ ၁၂၆၁ ခုနှစ်တွင် သီဟိုဠ်အက္ခရာမှ မြန်မာအက္ခရာ ဖလှယ်ကာ ရေးသားကြ၏။ ၁၂၆၂ ခုနှစ်တွင် အပြီးသတ်နိုင်ခဲ့ပသည်။ နောက်ပိုင်းတွင် ဦးဓမ္မောဒယမပါတော့ဘဲ ဦးစန္ဒတစ်ပါးတည်းသာ ပြီးသည်အထိ တာဝန်ယူခဲ့ရသည်။ ဦးဓမ္မောဒယသည် ဝိသုဒ္ဓါရုံဆရာတော်ကြီးကို အလွန်လေးစားသည်။ မြန်မာအက္ခရာဖြင့် ရေးသားတည်းဖြတ်ပြီးစီးသောအခါ ဝိသုဒ္ဓါရုံဆရာတော်ကြီးက ပါဠိဘာသာဖြင့် နိဒါန်းရေးသားချီးမြှင့်ခဲ့သည်။ ပထမအကြိမ်အဖြစ် ၁၂၆၇ (၁၉၀၅) ခုနှစ်တွင် ဟံသာဝတီသတင်းစာ ပုံနှိပ်တိုက်က ရိုက်နှိပ်ခဲ့သည်။

ဦးစန္ဒသည် အဘိဓာနပ္ပဒီပိကာသူစိကျမ်းထွက်ချိန်တွင် ဓနုဖြူမြို့စံကင်းရွာ ဓမ္မာရုံကျောင်း၌ စံကင်းဘုန်းကြီးဖြစ်နေပြီဖြစ်သည်။

## ပုဆိန်ပဲ့ရွာ ပျဉ်ချရိုးကျောင်း

အဘိဓာနပ္ပဒီပိကာသူစိကျမ်းကို ပြန်ဆိုရေးသားဆဲတွင် ဝိသုဒ္ဓါရုံဆရာတော်ကြီး ပုသိမ်ဘက်ရောက်နေကြောင်း သိရ၍ ကျောင်းကုန်းမှ စောင့်ကြိုနေရာ ၅ လကြာသွား၏။ ကျောင်းကုန်းဒက္ခိဏာရုံ ရွှေကျင်တိုက် အရှေ့ပေါက်တောင်ဘက် ဝေဇယန္တာကျောင်းတွင် ညဝါပို့ချရင်း အဘိဓာနပ္ပဒီပိကာ

သူစိကျမ်းကို ဆက်လက်ရေးသားခဲ့သည်။ ကျောင်းကုန်းဒက္ခိဏာရုံ ဆရာတော် ဦးကေသရကသူနှင့် လက်တွဲကျောင်းကုန်းနယ်၌ သာသနာပြုရန် တိုက်တွန်းနေ၏။ ကျောင်းကုန်းမြို့အနီး ပျဉ်ချရိုးရွာမှ ဦးဆန်း၊ ဦးဖားလူ စသော ဒကာများက လာပင့်ကြ၏။ ဒက္ခိဏာရုံဆရာတော်ကို လေးစားသဖြင့် မရှောင်သာဘဲ ဦးစန္ဒ လက်ခံခဲ့ရသည်။

ပျဉ်ချရိုးရွာသည် ပုဆိန်ပဲ့ရွာကြီး၏ အပိုင်းတစ်ပိုင်း ဖြစ်သည်။ အထက်ပိုင်း အောက်ပိုင်း သုံးပိုင်းရှိရာ အောက်ပိုင်းကို ပျဉ်ချရိုးဟု ခေါ်ကြသည်။ သစ်ပျဉ်များ ရေစီးအတိုင်း မျှောချရာ ရိုးချောင်းကြီးကို အစွဲပြု၍ ပျဉ်ချရိုးဟု ခေါ်တွင်ခြင်းဖြစ်၏။ အိမ်ခြေ ၆၀ ခန့်ရှိ၏။ ပုဆိန်ပဲ့ရွာကြီးတစ်ခုလုံးမှာ အိမ်ခြေ ၄၀၀ ကျော်ရှိ၍ ဈေးတန်းဖြင့် စည်ကားသည်။ ကျောင်းကုန်းမြို့အထက် ၃ မိုင်ခန့် ဝေးသည်။ ဒါးကချောင်းရိုးကြီးတစ်လျှောက် တောင်မြောက်တန်း လျက် တည်ရှိသည်။

## ဒွါရဂိုဏ်းအားကောင်းခဲ့

ဟသ်ာတမှ ပုသိမ်အထိ နယ်တစ်ဝိုက်ကား ထိုစဉ်ကာလ ဒွါရဂိုဏ်း ဝင် များခဲ့သည်။ ထင်ရှားသော ဒွါရဆရာတော်ကြီးများ သီတင်းသုံးခဲ့၏။ ပုဆိန်ပဲ့ရွာကြီးသည် ကံဒွါရအကွဲတွင် ဒွါရဘက်က ထင်ရှားသော ရွာကြီး ဖြစ်၏။ သင်္ဂဇာဆရာတော် အောက်ပြည်အောက်ရွာ တရားဟော လှည့်လည်ပြီး မန္တလေးပြန်အရောက် တပည့်များက "ဆရာတော် ပုဆိန်ပဲ့ရွာများ ရောက်ခဲ့ ပါသေးသလား" ဟု လျှောက်ကြရာ "ရောက်ခဲ့ရုံတင်မကဘူး၊ ပုဆိန်အပဲ့ ကလေးတောင် ပြင်ပေးခဲ့ရသေးဗျာ" ဟု အမိန့်ရှိဖူးသည်ဟု ပြောကြ၏။ ထိုရွာ အရောက်စဉ် သင်္ဂဇာဆရာတော်နှင့် ပုဆိန်ပဲ့ဆရာတော်ကြီးတို့ စာပေ ကျမ်းဂန်အရာ ငြင်းခုံဆွေးနွေးခဲ့ကြသည်။ ပုဆိန်ပဲ့ဆရာတော်ကြီးနှင့် အယူ အဆ မတူညီကြရာ၌ ပြုပြင်ခဲ့ရသေးသဗျာ" ဟု မိန့်ဆိုခြင်းဖြစ်၏။

ဘုန်းကြီးဦးစန္ဒသည် ပျဉ်ချရိုးကျောင်း၌ တပည့်ရဟန်း ၅ ပါး သာမဏေ ၇ ပါးနှင့်အတူ ဝါကပ်၍ မဟာဝါစူဠဝါပရိဝါ ဝိနည်းပါဠိတော်ကြီး သုံး

ကျမ်းကုန်အောင် ပို့ချခဲ့သည်။ ရေးလက်စ အဘိဓာနပ္ပဒီပိကာသူစိကျမ်းကို လည်း အပြီးသတ်ရေးသားနိုင်ခဲ့သည်။ ပျဉ်ခရိုးကျောင်းဒကာ ဦးဆန်းသည် ဒွါရသန်သူ ဖြစ်သည်။ သူ့ကျောင်းကိုလည်း ဒွါရကျောင်းဟု ခေါ်ကြ၏။ ဘုန်းကြီးလေး ဦးစန္ဒရှာရောက်စ ဒကာများက အကဲခတ်ကြ၏။ ဘုန်းကြီးကတော့ ကံဘုန်းကြီးပဲ။ ဒကာကြောင့် ဒွါရယောင်ဆောင်နေဟန် တူပါရဲ့ဟု ထင်ကြေးပေးပြီး ကျောင်းသို့ သီတင်းနေ့သွားကာ ဥပုသ်စောင့်သီလယူကြ၏။ အရှင်ဘုရား သြကာသစပြီး ချပေးကာ သီလပေးတော်မူပါဘုရားဟု လျှောက်၏။ ဘုန်းကြီးလေးဦးစန္ဒက ဒို့သြကာသချပေးရိုး ထုံးစံမရှိဘူး။ ကိုယ်ရတာ ကိုယ်ဆိုကြပေ့ါဟု ပါးနပ်စွာ အမိန့်ရှိလိုက်သည်။ သြကာသနှင့်စပ်၍ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးက ကံဒွါရအငြင်းမပွား အများလိုက်နာနိုင်လောက်သော စတုသစ္စဝန္ဒနာ သြကာသကို ရေးခဲ့သည်။ ဘုန်းကြီးဦးစန္ဒသည် ဒွါရအစွဲသန်သော ကျောင်းဒကာကို ယောနိသောမနသိကာရရှိစေရန် မကြာခဏ တရားဟော၏။ "ဒကာကြီး ဘုန်းကြီးချင်းဆိုတာ ဓမ္မသမ္ဘောဂ ရှိရတယ်။ သူမကောင်းသူ့တာဝန်ပေ့ါ။ ရဟန်းအချင်းချင်း ကံပဲဖြစ်ဖြစ် ဒွါရပဲဖြစ်ဖြစ် ဝါကြီးသူကို အရိုအသေပေးရ တယ်။ ရှိခိုးဝတ်ချရတယ်။ ကိုယ့်ဘက် ဝတ်မပျက်စေရဘူး ဟု ဟောပါများမှ ကျောင်းဒကာ ဦးဆန်းဒွါရမှ ဒွါရစွဲကိုလျော့၍ အထိုက်အလျောက် စိတ်ထားတတ်လာသည်။

ဦးစန္ဒသည် မဟာဝိသုဒ္ဓါရုံဆရာတော်၏ သြဝါဒကို ခံယူ၍ အနီးအပါးတွင် နေရသလောက် မပျော်မွေ့လှပေ။ သို့အတွက် ဝါကျွတ်သောအခါ ဝိသုဒ္ဓါရုံသို့ ပြန်ရန် စီစဉ်ထား၏။ ဟသ်ာတတွင်နေသော မိတ်ဆွေ သီဟိုဠ် ရဟန်းတော် ဦးသီရိဓမ္မထံသို့ ဝိသုဒ္ဓါရုံသို့ အတူသွားကြရန် စာရေးအကြောင်းကြားခဲ့သည်။ ဝိသုဒ္ဓါရုံဆရာတော်သာ ငါ၏ကိုးကွယ်ရာဖြစ်၏။ မြေတစ်ပြင်လုံးတွင်သည် မထေရ်မှတစ်ပါး ကိုးကွယ်ရာ ဆရာမရှိပြီ။ ဆရာမြတ်ကို အမြဲသတိရနေပါ၏။ ဆရာမြတ်စကားကို အမြဲကြားနာနေလိုပါ၏။ ထိုဆရာမြတ်ကို အမြဲရှိခိုးချင်ပါ၏။ ဆရာထံရင်း မြဲဝပ်စင်းကာ နေလိုပါ၏ဟု ဂါထာရေးစီ၍ ဦးသီရိဓမ္မထံသို့ ပို့ခဲ့သည်။

ဦးသီရိဓမ္မာဟာ သူ့ဘွဲ့ရှေ့က A ဆိုတဲ့စာလုံးထည့်ရေးလေ့ရှိ၏။ A သီရိဓမ္မပေါ့။ A က သူ့ဇာတိရပ်အမည်ရဲ့အစအလုံးပဲ။ သူတို့သီဟိုဠ်မှာတော့ ဇာတိရပ်ရွာအမည်ရဲ့ အစအလုံးကို သူတို့အမည်ရဲ့ ရှေ့ထားပြီး ရေးလေ့ရှိတယ်။ ဆရာတော်ကြီး ကျိုက္ကဆံနေတုန်း ဒီဂါထာလေးကို ဦးသီရိဓမ္မက ပြတော့ ဆရာတော်ကြီးက ယူထားလိုက်တယ်။

၁၂၆၃ ခုနှစ် တန်ခူးလတွင် ဦးစန္ဒ ပုဆိန်ပဲ့ပျဉ်ချရိုးကျောင်းမှ မဟာဝိသုဒ္ဓါရုံတိုက်သို့ ပြန်လာသည်။ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးမှာ ရန်ကုန် ကျိုက္ကဆံတိုက်ကို အလှူခံရ၍ ထိုတိုက်၌ သီတင်းသုံးနေသည်။ ထိုနှစ် ဆရာတော်ကြီး ကျိုက္ကဆံ၌ ဝါကပ်သည်။ ဦးစန္ဒမှာ ဆရာတော်ကြီးဆန္ဒအရ ဝိသုဒ္ဓါရုံတိုက်သို့ပြန်၍ ရမည်းသင်းကျောင်းဘုန်းကြီး ပြန်လုပ်ရသည်။ ၁၂၆၄ ခုနှစ် နယုန်လဆန်း ၈ ရက် ဆရာတော်ကြီး ဝိသုဒ္ဓါရုံ ပြန်ကြွလာသည်။ လယ်တီပဏ္ဍိတပါ ပါလာသည်။ ဦးစန္ဒနှင့် ရင်းနှီးသွားသည်။

## မဟာဝိသုဒ္ဓါရုံတိုက်သစ်တည်စအချိန်

မန္တလေးအနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ်သည် ရွှေကျင်နိကာယ ဗဟိုဌာနဖြစ်သည်။ ရွှေကျင်သာသနာပိုင် အဆက်ဆက် သီတင်းသုံးရာဌာန ဖြစ်သည်။ သံဃာဦးရေများသော တိုက်တစ်တိုက်ဖြစ်သည်။ အများဆုံးနှစ်တွင် သံဃာ ၄၀၀ ကျော်အထိ ရှိသည်။ ရွှေကျင်သနာပိုင်ဆရာတော်အောက်တွင် တိုက်အုပ်၊ တိုက်ကြပ် ကျောင်းဘုန်းကြီးတို့ ရှိကြသည်။ စာသင်သားတို့သည် အာမခံပုဂ္ဂိုလ်ရှိမှ နေရသည်။

တိုက်တာမှာ ဆုံးမဩဝါဒကိုနာခံ၍ နေလိုပါကြောင်းနှင့် မကောင်းစကောင်း သူတို့ကလျှောက်ထားလာလျှင် တိုက်အုပ်တိုက်ကြပ် ကျောင်းဘုန်းကြီးများသဘောတူ၍ ဆေးသောက် ကွမ်းစား ဆေးဝါး ပွဲသွား မရှိစေရပါ။ သူတော်တကာနည်းတူ ရေလှူ ပန်းလှူ ညဉ့် နံနက်ဝတ်တက် တရားနာ ဥပုသ်ပဝါရဏာပြုမှုများကို အညီအညွတ်လိုက်၍ ပြုကျင့်အောင် ပြောဆိုဆုံးမပါမည်ဟု အာမခံဆရာရမှ သံဃာ့အလယ်မှာ လျှောက်ထားစေ၍ လက်ခံရမည်။

ပညာရေးနှင့် ပတ်သက်၍ ကျမ်းဂန်ရေးသားဆုံးဖြတ်နိုင်မှုကို ပန်းတိုင်ထား၍အခြေခံကောင်းသင်ပြသည်။ ပိဋကတ်တိုက် တံခါးကြီးကို ဖွင့်လှစ်လိုသောသူသည် သဒ္ဒါကျမ်းအတတ်တည်းဟူသောသော့ကြီးကိုဆောင်ထားရမည်ဖြစ်သည်။ ဝိသုဒ္ဓါရုံ ကစ္စည်းသုတ်နက်ဟူသော အကောင်းဆုံးသော့ကြီးကို တီထွင်ထားသည်။ ဝိသုဒ္ဓါရုံသုတ်နက်ကျမ်းသည် ပိဋကတ်တိုက်ကြီးကိုဖွင့်ရန် အကောင်းဆုံးသော့ကြီး ဖြစ်သည်။ ဝိသုဒ္ဓါရုံကစ္စည်းသုတ်နက်ကို အခြေခံ၍ သဣ္ဏတဗျာကရုဏ်းကျမ်းများအထိ လမ်းခင်းထားရာ ပုဒ်ပါဠိ ဝိနိစ္ဆယနှင့် စပ်လာလျှင် တိကျသော အဖြေမှန်ကို ပေးစွမ်းနိုင်လေသည်။

နေ့စဉ် နံနက် ၄ နာရီထိုး၍ ၂၄ ချက်တုံးကြီး ထိုးလိုက်လျှင် သံဃာတော်များသည် နေရာကျောင်းအသီးသီးမှ အလယ်ဗဟိုဘုရားဝတ်တက်ရာကျောင်းကြီးသို့နေရာထိုင်ခင်းကိုယ်စီပခုံးတင်၍ငြိမ်သက်စွာသွားကြရသည်။ သတ်မှတ်ထားသောနေရာ၌ ထိုင်ကြရသည်။ ဘုရားဝတ်တက်ပြီးလျှင် အရုဏ်ဆွမ်းဘုဉ်းပေးရန် ဆွမ်းစားကျောင်းအသီးသီးသို့ သပိတ်ကိုယ်စီဖြင့်ကြွကြသည်။ မြို့တွင်းသို့ အတန်းလိုက် သပိတ်လွယ်ဖြင့် ဆွမ်းခံကြွကြရသည်။ သံဃာတော်တန်း ရှုခင်းသည် ဆွမ်းလောင်းသူတို့စိတ်ကို ကြည်နူးစေသည်။ နေ့ဘက်တွင် အချိန်ပြည့် စာပေလေ့လာကြ စာဝါတက်ကြရသည်။ ညနေအချိန်တွင် ဝေယျာဝစ္စများကို တာဝန်ဝတ္တရားများကို ဆောင်ရွက်ကြရသည်။ အဖိတ်နေ့တိုင်း ဩဝါဒခံယူ၍ သီတင်းနေ့တိုင်း အလှည့်ကျဓမ္မကထိကတို့၏ တရားကို နာကြရသည်။

မဟာဝိသုဒ္ဓါရုံတိုက်သစ်ကို ၁၂၆၅ ခုနှစ်တွင် မန္တလေးမြို့ အနောက်ပြင် ယောမင်းကြီး၏ စာရေးတော်ကြီး ဦးလူကလေးက လှူဒါန်းခဲ့သည်။ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးသည် ၁၂၆၅ ခုနှစ် ဝါဆိုလဆန်း ၁၀ ရက်နေ့တွင် အရှေ့ဝိသုဒ္ဓါရုံတိုက်မှ နောက်ပါသံဃာတော် ၁၀၀ ခန့်လိုက်ပါလျက် မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ ကြွရောက်သီတင်းသုံးတော်မူသည်။

ဆရာတော်ကြီး ကြွရောက်သောအခါ ရမည်းသင်းကျောင်းဘုန်းကြီး ဦးစန္ဒလည်း ပါလာခဲ့သည်။ မိမိငယ်စဉ်က နေခဲ့ဖူးသည်ကို သတိရမိသည်။

## ပန်းဝါခရီးသည်

၁၂၆၅ ခုနှစ် ပြာသိုလပြည့်ကျော် ၂ ရက်နေ့တွင် ဝိသုဒ္ဓါရုံဆရာတော်ကြီးသည်တပည့်များလိုက်ပါလျက်ရန်ကုန်သို့ကြွတော်မူသည်။ဝိသုဒ္ဓါရုံတိုက်အုပ် ဦးကောသလ္လ (ကန္တီဆရာတော်)၊ စာချဘုန်းကြီး ဦးစန္ဒ၊ အရှေ့ဝိသုဒ္ဓါရုံဖန်ချက်ကျောင်းဘုန်းကြီးနှင့် အနောက်ဝိသုဒ္ဓါရုံ ဝါဆိုကျောင်းရဟန်းတစ်ပါးတို့ လိုက်ပါကြသည်။ ဆရာတော်ကြီးသည် ရန်ကုန်မှ ပန်းဝါရဟန်းခံပွဲသို့ကြွရန်ဖြစ်သည်။ မိမိဇာတိဖြစ်သည့် ရခိုင်တိုင်း ပန်းဝါမြို့တွင် ရဟန်းခံရှင်ပြုပွဲကျင်းပပြုလုပ်လိုပါသည်။ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး အမှူးရှိသော မြန်မာနိုင်ငံမှ ဆရာတော်များ ရဟန်းခံရှင်ပြုပွဲသို့ ကြွရောက်ချီးမြှောက်ပါရန် ရန်ကုန်မြို့နေ ညီဖြစ်သူ မောင်တိုးအောင်မှတစ်ဆင့် လာရောက်ပင့်လျှောက်သည်။ ရခိုင်လူမျိုးပွဲစားကြီး ချဉ်စာရီမှာ အလျှုရှင် ဖြစ်သည်။ အိန္ဒိယနိုင်ငံ ကာကလကတ္တားမြို့ ချန်ပါတိုလာလမ်း၌ နေထိုင်သူ ဗုဒ္ဓဘာသာ ရခိုင်လူမျိုးတစ်ဦး ဖြစ်သည်။ မိမိဇာတိရခိုင်ပြည် ပန်းဝါးတွင် ရဟန်းခံရှင်ပြုပွဲ ပြုလုပ်လို၍ ညီမှတစ်ဆင့် ပင့်လာသည်။

ရဟန်းခံရှင်ပြုပွဲသို့ ကြွရောက်လာကြမည့် မြန်မာပြည်မှ ဆရာတော်များကို ပွဲအပြီးတွင် မဇ္ဈိမဒေသသို့ ဘုရားဖူးပို့ပေးမည့် အစီအစဉ်လည်း ပါရှိသည်။ ဝိသုဒ္ဓါရုံဆရာတော်ကြီးနှင့်အတူ မိမိစရိတ်ဖြင့် ဘုရားဖူးလိုက်ကြမည့် ဘုန်းကြီး သီလရှင် ဒကာ ဒကာမများ ၁၀၀ ခန့် ပါဝင်လာသည်။ ရန်ကုန်ဆိပ်ကမ်း အရောက်တွင် ဝိသုဒ္ဓါရုံဆရာတော်ကြီးက "အင်း... လိုက်မယ့်သူတွေကအတော်များနေတယ်။ ဒီတော့ ဒို့ရဲ့ ဥပဒေငါးချက် လိုက်နာနိုင်မှ လိုက်ကြရမယ်" ဟု မိန့်ပြီး ခရီးသွားသူများ လိုက်နာရန် ကျင့်ဝတ်ငါးချက်ကို ထုတ်ပြန်လိုက်တယ်။

## ခရီးသွားကျင့်ဝတ် ငါးပါး

ခရီးသွားရင်း သူတစ်ပါးအပြစ်မပြောရ၊ တစ်ထပ်သာ စားရမည်၊ သဘောစသည်မှာ သဟာသေယျလောက်သောနေရာတွင် မအိပ်ရ၊ မထေရ်

အကြီးအကဲတို့ကို ပန်ကြားပြီးမှ သင့်လျော်ရာ အရပ်သို့သာ သွားလာကြရမည်။ ဂိလာနမဟုတ်ဘဲ ခရီးပင်ရှည်သော်လည်း နွားလှည်း မြင်းရထား မစီးသွားရ

ဤင်းကျင့်ဝတ် ငါးချက်နှုတ်တတ်ဆောင်လွယ်လရန် စာချဘုန်းကြီး ဦးစန္ဒကို ဂါထာစီကုံးခိုင်းသဖြင့် အောက်ပါအတိုင်း ဂါထာစီခဲ့သည်။

၁။ ပရဝဏ္ဍ န ဘာသေယျ၊ ဘဝေယျ ကေဘတ္တိကော။
နာဝါယံ န သယေရတ္တိ၊ သဟသေယျ ပဟောနကေ။

၂။ အာပုစ္ဆိတွာ မဟာထေရေ၊ အာဟိဏ္ဍေ ယုတ္တဒေသကံ၊
ဒီဃမဂ္ဂမ္ပိယာနေန၊ န ဂစ္ဆေယျ အရောဂိကော၊

၃။ ဂစ္ဆန္တာ နော မဟာဗောဓိ၊ ဗောဓိ သုလဘာကာရဏံ၊
ပဥ္စမံ ပူရေယျာမ၊ ဝတ္တံ ဂမိကာသိက္ခိယံ။

ဦးစန္ဒသည် ထိုနေ့မှစ၍ ခရီးသွားတိုင်း ဆရာတော်ကြီးချမှတ်ခဲ့သော အထက်ပါ ခရီးသွားကျင့်ဝတ်များကို လိုက်နာကာ သွားလေ့ရှိသည်။ အထူးသဖြင့် မီးရထား၊ မီးသင်္ဘောပေါ်တွင် သဟသေယျ လုံခြုံစေရန် ကျောချကျိန်းလေ့ မရှိပေ။ ထိုစဉ်အချိန်က ဘုရားဖူးမဇ္ဈိမဒေသသို့ သွားလိုလျှင် သင်္ဘောနှင့်သွားရသည်။ သင်္ဘောခရီးစဉ်မှာ ရန်ကုန်မှ စစ်တကောင်းသို့ သင်္ဘောကြီးဖြင့်သွားကြရသည်။ စစ်တကောင်းမှ ပန်းဝါသို့ သင်္ဘောကလေး ပြောင်းစီးရသည်။ စစ်တကောင်းနှင့် ပန်းဝါအကြား ဖလောင်းချိပ်သို့ ရောက်သည်။ ဖလောင်းချိပ်နှင့် ပန်းဝါတို့မှာ ရခိုင်မြန်မာ စစ်ပွဲတွင် ရခိုင်တို့ ရှုံးနိမ့်၍ နောက်ဆုတ်ကာ စစ်တကောင်းအနီး "ဖယောင်းချိပ်" "ပန်းဝါ" ဟု ရွာတည်နေခြင်းက စခဲ့သည် ဟု ဆို၏။

ပန်းဝါရောက်ပြီးနောက် မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးသည် တပို့တွဲ လဆန်း ၉ ရက်နေ့တွင် ရခိုင်ကိုရင်ကြီး ရှင်စန္ဒမုနိကို ဥပသမ္ပဒကံဆောင် ရဟန်းဘောင်အရောက် ချီးမြှောက်တော်မူသည်။

## မဇ္ဈိမဒေသသာသနာပြု အကျော်ဆရာတော် ဦးစန္ဒမုနိ

မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးနှင့်တကွ သံဃာတော်အရှင်မြတ်တို့၏ ချီးမြှောက်မှုဖြင့် ရဟန်းသစ်ကလေးဖြစ်လာသော အရှင်စန္ဒမုနိသည် သူ၏ရဟန်းခံပွဲအကြောင်းတို့ ကိုယ်တိုင်ဂါထာသီကုံး၍ မှတ်တမ်းတင်ခဲ့သည်။ သီဟိုဠ်မှ အနာဂါရိက ဓမ္မပါလနှင့် မြန်မာနိုင်ငံမှ ရခိုင်လူမျိုးရဟန်းတော် အရှင်စန္ဒမုနိတို့၏ ကြိုးပမ်းအားထုတ်မှုကြောင့် ပျောက်ကွယ်နေပြီဟု ဆိုနိုင်သော မဇ္ဈိမဒေသ ဗုဒ္ဓသာသနာတော်သည် တစ်ဖန်ပြန်၍ အလင်းရောင်ဖြာခဲ့သည်။ ကိုယ်ကျိုးကိုစွန့်၍ အနစ်နာခံ အဆင်းရဲခံ ဒုက္ခမျိုးစုံခံကာ အခက်အခဲ အကြပ်အတည်းမျိုးစုံခံ၍ ဟိန္ဒူအင်အားကောင်းလှသော အိန္ဒိယနိုင်ငံ၏ နှောင့်ယှက်မှု နယ်ချဲ့ဗြိတိသျှ ခရစ်ယာန်အစိုးရတို့၏အာဏာဖြင့် ဖိနှိပ်ချုပ်ချယ် ဟန့်တားနှောင့်ယှက်မှု အမျိုးမျိုးကိုခံကာ ဗုဒ္ဓသာသနာတော်ကို ရဲဝံ့စွာ ဖော်ထုတ်နိုင်ခဲ့သည့် ကျေးဇူးကြောင့် မဇ္ဈိမဒေသ ဗုဒ္ဓသာသနာ အောင်မြင်ရေးလမ်းကြောင်းပေါ် ပြန်လည် ရောက်ရှိလာခဲ့သည်။ အရှင်စန္ဒမုနိ၏ ရဟန်းခံပွဲကို ကိုယ်တိုင် မှတ်တမ်းတင်ခဲ့သည်။

## ဂါထာများ၏ အဓိပ္ပာယ်အချုပ်မှာ

ချဉ်စာရီအမည်ရှိ သဒ္ဓါတရားနှင့် ပြည့်စုံသော ပံဝါပုရ်မြို့သား ရခိုင်လူမျိုး သူဌေးပွဲစားကြီးသည် ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှောက်ခဲ့သည်။ စစ်တွေမြို့တွင် တပည့်အများ အကျိုးစီးပွားကို ဆောင်ရွက်နေတော်မူသော ဦးစန္ဒိမာအမည်ရှိ မဟာထေရ်ကြီးကို ဥပဇ္ဈာယ်ဆရာပြုလုပ်၍ သံဃာအပါး ၄၀ ဖြစ်သော ထေရမဇ္ဈိမနဝကြီးငယ် အသွယ်သွယ်တို့သည် ကာရကသံဃာ ဉတ္တိစတုတ္ထကမ္မဝါစာ ဆရာများအဖြစ် ချီးမြှောက်ခဲ့သည်။

အလွန်တရာ ဝိနည်းသိက္ခာ ပိဋကတ်စာပေအရာတွင် ချီးမွမ်းလေးစားအပ် ကိုယ်ကျင့်သိက္ခာ သာသနာတော်ပြုရာတွင် မြင့်မြတ်တော်မူသော ကိုယ်စိတ်နလုံး အစဉ်ဖြောင့်မှန်ပြီး ပညာရှိကြီးတစ်ဆူအဖြစ် တစ်ကမ္ဘာလုံးကပူဇော်အပ်သောဇမ္ဗူဒိပ်မြေအပြင်ဝယ်အလွန်လျှင်ထင်ရှားကျော်ကြား

တော်မူသည့် ရွှေကျင်ဂိုဏ်းကြီး၏ ဦးစီးနာယက ဝိသုဒ္ဓါရာမကျောင်းတိုက်ကြီး၏ ပဓာနနာယက ဘဒ္ဒန္တဝိသုဒ္ဓါစာရမဟာထေရ်မြတ်ကြီးသည် တပည့်ပရိသတ် ခြံရံကာ ပံဝါပုရ်မြို့သို့ ပေါင်းစုံညီညာ ချီးမြှောက်သောအားဖြင့် ကြွရောက်လာခဲ့ပါသည်။

အလွန်ကောင်းမြတ်သည့် ၁၂၆၅ ခုနှစ် တပို့တွဲလဆန်း ၉ ရက် တနင်္လာနေ့တွင် ယောကျ်ားအရိပ်အတိုင်းအရှည် ဆယ်ဖဝါးခွဲအချိန်၌ စန္ဒမုနိအမည်ရှိသော ပုဂ္ဂိုလ်သည် မြင့်မြတ်သော ဥပသမ္ပန္နပဉ္စင်းအဖြစ်သို့ ရောက်ခဲ့ပါသည်။ တပည့်တော် စန္ဒမုနိသည် ကာရကသံဃာတော်အသီးသီး၏ ခြေတော်အစုံ ကြာပဒုံကိုလည်းကောင်း၊ ကိလေသာကို ပယ်ခွာခြင်းဖြင့် အလွန်ဖြူစင်သန့်ရှင်းသော အကျင့်မြတ်ကိုလည်းကောင်း ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့် ရိုသေစွာ ရှိခိုးပါ၏။ အလိုရှိတိုင်း တောင့်တခဲ့သော ရနိုင်ခဲသည့် ပဉ္စင်းအဖြစ်သို့ ကောင်းစွာရောက်ခဲ့ပြီ၊ ထိုသို့ရဟန်းပြုရသော ကုသိုလ်ကို လူနတ်ပြဟ္မာတို့သည် ဝမ်းမြောက်နမော် သာဓုခေါ်ကြပါစေကုန်သတည်း၊ ကျွန်ုပ်ကိုလည်း စောင့်ရှောက်ကြပါစေကုန်သတည်း။ အရှင်စန္ဒမုနိသည် မန္တလေးမြို့ ပတ္တမြားတိုက်တွင် ပညာသင်ယူနေထိုင်ခဲ့ဖူး၏။ ထိုသို့ ပညာသင်ယူစဉ်က မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးထံ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ လိုက်ဖူးသည်။ စာချဘုန်းကြီး ဦးစန္ဒနှင့် သန္ဒိဋ္ဌသမ္ဘတ္တမိတ်ဆွေ ဖြစ်ခဲ့ဖူးသည်။ အရှင်စန္ဒမုနိ ရဟန်းဖြစ်ပြီးနောက် အိန္ဒိယနိုင်ငံ ကုသိနာရုံတွင် သာသနာပြု သီတင်းသုံးနေထိုင်ခဲ့သည်။

ဦးစန္ဒမုနိသည် ပါဠိစာပေတတ်မြောက်သည့်အပြင် ဟိန္ဒီသက္ကတကျွမ်းကျင်လှ၍ ဟိန္ဒူတွေသဘောကျအောင် ဗုဒ္ဓဝါဒကို ဟောပြောလေရာ ဟိန္ဒူအများအပြား ဗုဒ္ဓဝါဒီများ ဖြစ်လာကြသည်။

ပွဲစားကြီး ချဉ်စာရီက ရဟန်းခံပွဲအပြီးတွင် မြန်မာပြည်မှ ဆရာတော်များအဖွဲ့ကို ပန်းဝါမြို့မှ ကာလကတ္တားသို့ သင်္ဘောဖြင့်ပင့်၍ မိမိတိုက်တွင် တည်းခိုစေပြီး မဟာဗောဓိနှင့်တကွ ဗုဒ္ဓ၏ထူးမြတ်သည့် ဌာနများကို ဖူးမြော်ကြည့်ရှုဂါရဝပြုကြ သံဝေဂယူကြရန် ပို့ဆောင်ပေးပြီး နေရင်းဌာနီ မြန်မာပြည်

သို့ ပြန်ပို့ပေးခဲ့သည်။ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးကား အထူးပင့်လျှောက် ချက်အရ ပန်းဝါမြို့သို့ တစ်ဖန်ကြွတော်မူရပြန်သည်။ ပွဲစားကြီး ချဉ်စာရီသည် ထိုခေတ်အခါက သိန်း ၂၀ ခန့် ချမ်းသာသည်ဟု ဆိုကြ၏။ ပစ္စည်းဥစ္စာချမ်းသာ သလောက် သဒ္ဓါကြည်ဖြူသူဖြစ်ရာ မြန်မာပြည်မှ ဘုရားဖူးလာရောက်၍ သူ့ တိုက်တွင် တည်းခိုသူများအား အကုန်အကျခံ ကျွေးမွေးစောင့်ရှောက်ခဲ့လေ သည်။

မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးမှာ မြန်မာပြည်အနှံ့ ကျော်ကြား ရှိသာမက နောင်အခါတွင် အလွန်အားကိုးရသည့် ဦးစန္ဒမုနိကဲ့သို့သော တပည့်များကိုပါ မွေးထုတ်နိုင်ခဲ့သဖြင့် ပို၍ကျော်ကြားလာသည်။ ဆရာတော် ကြီးသည် ဗုဒ္ဓသာသနာတော် တိုးတက်ထွန်းကားရေးအတွက် ပန်းဝါအထိ အပင်ပန်းခံ ကြွရောက်ရဟန်းခံပေးခဲ့သည်။ ဆရာတော်ကြီး၏ အားထုတ်မှု ကြောင့် မဇ္ဈိမဒေသ သာသနာပြုပုဂ္ဂိုလ်ကျော် ဦးစန္ဒမုနိကို ချီးမြှောက် အားပေး နိုင်ခဲ့လေသည်။

# အခန်း (၄)
# စံကင်းဆရာတော် အမည်တော်ရရှိခြင်း

## ရွှေကျင်သာသနာစံကင်းရွာသို့ ရောက်ရှိခြင်း

မြန်မာသက္ကရာဇ် ၁၂၄၀ ပြည့်နှစ် သီပေါမင်းနန်းတက်ပြီးစ အချိန်ကာလတွင် ခနေဖြူမြို့ အရှေ့ဘက်ကမ်းရှိ စံကင်းရွာ တာပေါင်းပိုင်းရပ်၌ ဦးရွှေရိုး ဒေါ်ရွှေမိသားစုတို့က ခရီးသွားများ ချမ်းချမ်းသာသာ နားနေတည်းခိုသောက်သုံးနိုင်ရန်အတွက် ရေချမ်းစင်တစ်ခု ပြုလုပ်လှူဒါန်းထားသည်။ နေ့စဉ်နေ့တိုင်း တံမြက်လှည်းခြင်း ရေဖြည့်ခြင်း စသည်ဖြင့် အာစိဏ္ဏကံကုသိုလ်မှုကို ပြုလုပ်မြှုပ်နှံလျက်ရှိ၏။

တစ်နေ့တွင် ထိုရေချမ်းစင်သို့ ကြည်ညိုဖွယ်ရာ ရဟန်းတော်လေးသုံးပါး ကြွရောက်လာကြကာ သောက်ရေဘုဉ်းပေးပြီး နားနေကြ၏။ သက်တော် ၃၀ ဝန်းကျင်လောက် ရှိကြမည်ဟု ထင်ရ၏။ ရေချမ်းစင်ဒကာ ဦးရွှေရိုးသည် မိမိရေချမ်းစင်သို့ ရဟန်းတော်သုံးပါး ရောက်ရှိနေကြောင်း သတင်းကြားရ၍ ဝမ်းသာအားရ လာရောက်နှုတ်ဆက်ရင်း မေးမြန်းလျှောက်ထား၏။

အရှင်ဘုရားတို့ ဘယ်ကကြွလာကြပါသလဲ ဘုရား၊ မန္တလေးရွှေမြို့တော်ကြီးကပါ ဒကာကြီး၊ ဘယ်ကိုကြွကြမှာပါလဲ၊ ဘယ်ရယ်လို့တော့

အတိအကျ မရည်ရွယ်ပါဘူး။ သပွါယဖြစ်တဲ့နေရာကို သွားကြဖို့ပါပဲ ဒကာကြီး၊ ဘယ်အကြောင်းကြောင့် ကြွလာကြပါသလဲ ဘယ်ကျောင်းတိုက်က များပါလိမ့်၊ ရွှေမြို့တော်အရှေ့ပြင် ဆင်ဖြူမရှင် အလယ်နန်းမတော် ဆောက်လုပ်လှူဒါန်းထားတဲ့ မဟာဝိသုဒ္ဓါရာမတိုက်ကပါ၊ ကြွလာရတာကတော့ ဒကာကြီးရယ် ရွှေနန်းတော်နှင့် စပ်နေတဲ့ အတွင်းရေးကြောင့်ပဲဆိုပါတော့... အမိန့်ရှိပါဦးဘုရား၊ မသိချင်ပါနဲ့ ဒကာကြီးရယ်။ ဪ... အချိန်တောင် အတော်နည်းသွားပြီ၊ ခရီးဆက်ကြဦးမှ ထင်ပါရဲ့။

ဒီည ဒီမှာသီတင်းသုံးကြပါ ဘုရား၊ နေလည်းအတော်နည်းနေပါပြီ ဒီလိုဆိုရင်လည်း ကောင်းပါရဲ့။ ညဥ့်တရားလေးဘာလေး နာချင်ရင်လည်း ဟောရတာပေါ့။ အရှင်ဘုရားတို့ တရားဟောတတ်ပုံရတယ်။ ဟောရင် နာကြမှာပေါ့ ဘုရား။ အရှင်ဘုရားတို့ ဘွဲ့တော်တွေက ဘယ်လိုခေါ်ပါသလဲ ဘုရား။ ဦးပဥ္စင်းက ဦးဥတ္တရ၊ ဟောဒီကိုယ်တော်က ဦးဝါယာမ၊ ဒီကိုယ်တော်က ဦးမေဓာတဲ့ ဒီလိုဖြင့် ဒီည ဒီမှာပဲ သီတင်းသုံးကြပါဘုရား။ ဆွမ်း၊ ပန်းကိစ္စ တပည့်တော်များ တာဝန်ယူပါတယ်။ ညမှာလည်း တရားဟောတော်မူကြပါ တပည့်တော်တို့ တရားနာပါရစေ ဘုရား။

စံကင်းရွာ ကျောက်တိုင်ရွာလေးပိုင်း လေးရပ်လုံး တစ်ယောက်စကားတစ်ယောက်နားဖြင့်တရားပွဲကြေညာပြီးဖြစ်သွား၏။စံကင်းရွာတာကြီးပိုင်းမှာ ရွှေမြို့တော်က ကိုယ်တော်ကလေးသုံးပါး တရားဟောမတဲ့။ ဦးရွှေမိုး ဒေါ်ရွှေမိတို့ကလည်း ရဟန်းတော်သုံးပါး သီတင်းသုံးရန် ရေချမ်းစင်ကို ကာရံပြုပြင်ကြ၏။ အရပ်က ဝိုင်းဝန်းကူညီကြသဖြင့် မကြာမီပြီးစီးသွား၏။ ထိုညက ဓာတ်မီးထွန်း၍ မီးတထိန်ထိန်ဖြင့် ဦးဥတ္တရ၏ ယပ်လှဲတရားသံက နားမငြီးအောင် ကောင်းလှသည်။ ယပ်ထောင်တရားများကိုသာ နာကြားခဲ့ရသော ဒကာ၊ ဒကာမတို့သည် ဂါထာပါဠိထမ်းရွက်လိုက် အနက်ပေးလိုက် အမိပ္ပာယ်ဖွင့်လိုက်ဖြင့် မြိုင်လည်းမြိုင် ရှင်းလည်းရှင်းလှသော ဟောပုံဟောနည်း၊ ကြည်လင်သောအသံ ချောမောဖြူစင်သော ရုပ်သွင်တို့ကြောင့် ဦးဥတ္တရကိုယ်တော်ကို ကြည်ညိုသွားကြ၏။ အခြားအရပ်သို့ ကြွသွားမည်ကိုပင် စိုးရိမ်လာကြ၏။

ရုပ်သွင်တို့ကြောင့် ဦးဥတ္တရကိုယ်တော်အကြောင်းကို ပြောလာကြတော့၏။
ဒီကိုယ်တော် ဒို့ရွာနေရင်ကောင်းမယ်။ တရားများများ နာရမယ်။ ဦးရွှေရိုးနှင့် ရပ်ရွာဒကာများက ကိုယ်တော်လေးသုံးပါးကို အခြားမကြွရန် လျှောက်ထားပြီး ကျောင်းသစ်တစ်ကျောင်း အားထုတ်ကြ၏။ မကြာမီ ပြီးစီးသွား၏။ အဆောက်အအုံအနေအထား မထည်ဝါလှသော်လည်း စေတနာကြွယ်လှသဖြင့် နေချင့်စဖွယ်ကောင်းလှ၏။ အမည်ကား စံကျောင်းဖြစ်၏။ ထို ကျောင်းကို ဦးဥတ္တရအား တင်လှူကြ၏။ ဦးဝါယာမ ဦးမေဓာတို့လည်း အတူ သီတင်းသုံးကြ၏။ မကြာမီမြောက်ဘက် တစ်မိုင်ခန့်ဝေးသော လင်းလွန်းပင်ရွာမှ ဦးဝါယာမကိုပင့်၍ ကိုးကွယ်ကြ၏။ ဦးမေဓာကိုလည်း တောင်ဘက် နှစ်မိုင်ကွာ ရေပေါက်ရွာမှ ပင့်သွားကြ၏။ ဤသို့ဖြင့် စံကင်းရွာ ကျောက်တိုင်ရွာနှင့်တကွ လင်းလွန်းပင်ရွာ ရေပေါက်ရွာတို့၌ ရွှေကျင်သာသနာ အခြေချမိတော့၏။

## နန်းမတော်ဆရာ ဦးဥတ္တရမှ ဆရာတင်ဘဝ ရောက်သွားပုံ

စံကင်းရွာစံကျောင်းဘုန်းကြီးကလေး ဦးဥတ္တရသည် ရွှေဘိုနယ် သရိုင်ရွာဇာတိ ဖြစ်၏။ ကိုရင်ငယ်အဖြစ်ဖြင့် အရှေ့ပြင်မဟာဝိသုဒ္ဓါရာမတိုက်သို့ ပညာသင်ရန် ရောက်လာခဲ့၏။ ရုပ်ချောသူဖြစ်၍လည်းကောင်း၊ ဉာဏ်ရည်ဉာဏ်သွေးကောင်းသဖြင့် ၎င်းအဟောအပြောကောင်းခြင်းကြောင့် လည်းကောင်းထင်ပေါ်ကျော်ကြားလူသိများသော ကိုရင်ဖြစ်လာ၏။ အခြားကျောင်းတိုက်များကပင် တကူးတက လာရောက်ကြည့်ရှုရသူ ဖြစ်၏။ ရဟန်းဘဝ ရောက်သောအခါ ကျောင်းတိုက်အမကြီး ဆင်ဖြူမရှင်မိဖုရားကြီး၏ သမီးတော် မြတောင်မြို့စား စုဖုရားလတ် တွေ့မြင်ကြည်ညို၍ မယ်တော်ဆင်ဖြူမရှင်၏ ကျောင်း တိုက်ဖြစ်သော မဟာဝိသုဒ္ဓါရာမတိုက် မြောက်ပေါက်အရှေ့ဘက် (ယခုပွဲစား ကျောင်းနေရာ) ၌ ကျောင်းဆောက်၍ မြတောင်ကျောင်းဟု ကမ္ပည်းထိုးပြီးကကိုးကွယ်ခံရ၏။ သီပေါမင်းနန်းတက်လာသောအခါကျောင်း အမမှာ နန်းမတော်ဖြစ်လာ၍ "နန်းမတော်ဆရာ" အမည်တွင်လာ၏။

စံကင်းသို့ရောက်သောအခါ ထိုစံကျောင်းဘုန်းကြီးကလေး ဦးဥတ္တရသည် ကျောင်းဒကာ ဦးရွှေရိုး၏ သမီးနှင့်ရင်းနှီးကြပြီး လူဝတ်လဲသောအခါ ဆရာတင်ဘဝသို့ကူးပြောင်းရောက်ရှိသွား၏။ ရပ်ရွာရှိကလေးသူငယ်များကို စာပေသင်ကြားခြင်း နယ်ပယ်သို့ထွက်၍ တရားဟောပြောဆုံးမခြင်းတို့ ပြုလုပ်ကာ သာသနာတော်နှင့် အမျိုးဘာသာအကျိုးကို ဆောင်ရွက်ခဲ့သည်။

## တရုတ်ပြည်ကြီးက တရုတ်ကလေး

တစ်နေ့သောအခါ ကျောက်တိုင်ရွာမှ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာသော ဦးဖိုးချမ်းသည် ဆရာတင်ထံသို့ ရောက်လာ၏။ တရုတ်ကလေး မောင်ထွန်းလူသည် တရုတ်ပြည်ကြီးက ရောက်လာသူ ဖြစ်သည်။ ညောင်တုန်းနားက မြတ်လုရချောင်ရွာ ဘုံဆိုင်နားမှာနေရင်း ဆရာကြီးဦးဖိုးမောင်ထံ မြန်မာစာသင်ပါတယ်။ မြန်မာစာရေးတတ်၊ ဖတ်တတ်ဖြစ်တော့ သင်္ဂြိုဟ်တက်နေပါတယ်။ နောက် စံကင်းရွာဘုံဆိုင် ရောက်လာတယ်၊ ဒီမှာလည်း သင်္ဂြိုဟ် ကျက်ပါတယ်၊ အဘိဓမ္မာကို တကယ်တမ်း သိချင်လေ့လာချင်ပါတယ်။ အခွင့်ရရင် သာသနာ့ဘောင် ဝင်ချင်ပါတယ်ပြောတာနဲ့ ကျွန်တော့်အိမ်မှာနေဖို့ခေါ်လာပြီး ဓာတ်တော်ကျောင်းပို့ထားခဲ့တယ်။ ဒါပေမဲ့ တခြားကျောင်းသား ကိုရင်များရဲ့ ပညာရေးကလည်း ရှိသေးတော့ ဘုန်းကြီးက သူ့ကို သိပ်ပြီးဂရုမစိုက်နိုင်ဘူး။ ဒါနဲ့ ဆရာ့ဆီမှာဆိုရင် သူတတ်ချင်လှတဲ့ သင်္ဂြိုဟ် ပိုမိုခရီးရောက် တတ်မြောက်လိမ့်မယ်လို့ အကြံရပြီး လာခဲ့တယ်လို့ ပြောလာတယ်။

ဆရာတင်က သူ့မှာလည်း တရားဟောရ ကလေးတွေ စာသင်ပေးရနဲ့ ထူးမှာမဟုတ်ဘူး။ အကောင်းဆုံးကတော့ ဒီလိုဉာဏ်ကောင်းသူကို မန္တလေးပို့ရင်ကောင်းမယ်ပြောတော့ ဆရာ ကြည့်စီစဉ်ပေးပါဆိုလို့ ကျေးရူးရှင် မဟာဝိသုဒ္ဓါရာမဆရာတော်ထံ အပ်ပေးမယ်။ စာပေကျမ်းဂန် တတ်မြောက်ရုံတင်မက နေနည်း၊ ထိုင်နည်း၊ စားသောက်သွားလာနည်းများကိုလည်း သင်ပြပေးလိမ့်မယ်လို့ ပြောလိုက်တယ်။ ကောင်းပါတယ်၊ ပဋိပတ်ကျင့်စဉ်မပါဘဲ ပရိယတ် သက်သက်နဲ့ သာသနာမှာ ကြီးပွားတိုးတက်ဖို့ မဖြစ်နိုင်ပါဘူး။ ပြောပြီး

နောက် တရုတ်လူမျိုးမောင်ထွန်းလူသည် ဦးဖိုးချမ်းတို့၏ ပစ္စည်းလေးပါး ထောက်ပံ့မှု၊ ဆရာတင်၏ကူညီမှုကြောင့် မန္တလေးမဟာဝိသုဒ္ဓါရုံ တိုက်သစ် ဆရာတော်ဘုရားကြီးထံရင်း၌ ရှင်ဇမ္ဗောသအဖြစ်ဖြင့် ရောက်ရှိသွားတော့ သည်။ ကိုရင်ဇမ္ဗောသသည် အဘိဓာန်ခုဒ္ဒသိက္ခာပါဠိ နေ့ဂါထာ ၃၀၊ ညဥ့် ဂါထာ ၃၀ တစ်ရက် ဂါထာ ၆၀ နှုတ်တက်အာဂုံကျေပွန်အောင် စွမ်းဆောင်နိုင် သဖြင့် အများ၏ချီးကျူးမှုကို ခံရ၏။

## ကိုရင်ဇမ္ဗောသရဟန်းခံပွဲ

သက္ကရာဇ် ၁၂၆၆ သို့ ရောက်သောအခါ တရုတ်ကလေး ကိုရင်ဇမ္ဗော သရဟန်းဘောင်ဝင်ရန် အဆင်သင့် ဖြစ်နေ၏။ ထို့ကြောင့် မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး မဇ္ဈိမဒေသ မဟာဗောဓိမှ ပြန်ကြွလာသောအခါ ရန်ကုန်မှ ဆီး ကြိုပင့်လျှောက်ပြီး ရဟန်းခံပွဲကျင်းပရန် စီစဉ်ကြ၏။ ဆရာတော်များတည်းခို ရန် စံကင်းနှင့် ကျောက်တိုင်နှစ်ရွာကြားရှိ မြကျိုက်ပျံ စေတီတော်ကြီး၏ အနောက်မြောက်တာရိုးကြီးအနီးတွင် တဲကျောင်းများဆောက်ကြ၏။ ထိုတဲ ကျောင်းများမှာ သေးငယ်ပြီး လူသွားလမ်းနှင့် ကပ်နေသဖြင့် ရဟန်းတော်များ နှင့် မသင့်လျော်သဖြင့် အသုံးမပြုခဲ့ကြပေ။ နောင်အခါ ဇရပ်အဖြစ် အသုံး ပြုကြသည်။ တဲကျောင်းနေရာအသစ်ရှာကြရာ ရွာအရှေ့ဘက် ခဲနှစ်ပြန်ခန့် အကွာရှိ နတ်ကြီးလှသည်ဟု ပြောစမှတ်ပြုကြသော သရက်ပင်ကြီးအနီး ပြန့် ပြူးသာယာလှသည့် နှစ်ဧကအကျယ် လယ်ကွင်းကို ရွေးချယ်ကြ၏။ ထိုနေရာ တွင် ပျဉ်းကတိုး၊ သစ်ရာတိုင်၊ ဝါးကပ်မိုး၊ ကြမ်းခင်းဖြင့် လေးပင် ငါးပင် တဲ ကျောင်းကြီးကို ဆောက်လုပ်ပြီးလျှင် မဇ္ဈိမဒေသ မဟာဗောဓိမှ ပြန်ကြွလာ သော မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးကို ရန်ကုန်မှ ဆီးကြိုပင့်လျှောက်ကြ၏။

မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးသည် ဒီပဲရင်းဆရာတော် တွံတေး ဆရာတော်စသော တပည့်ကြီးများခြံရံလျက် ကြွရောက်တော်မူလာ၏။ ဘုန်း ကြီးကလေး ဦးစန္ဒလည်း ပါဝင်၏။ မြစ်ဆိပ်မှ တဲကျောင်းအထိ ဖျာကော်ဇော တို့ဖြင့် ခင်းကျင်းပူဇော်ကြိုဆိုကြ၏။ စံကင်းသို့ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး

ရောက်သောအခါ အရှေ့ဝိသုဒ္ဓါရုံတိုက်သားဟောင်းများဖြစ်ကြသော ဆကာကြီး ဂုံမင်းကျောင်းဘုန်းကြီး ဦးပဏ္ဍိစ္စ၊ လင်းလွန်ပင်ကျောင်းဘုန်းကြီး ဦးဝါယာမ၊ ရေပေါက်ကျောင်းဘုန်းကြီး ဦးမေဓာတို့ ကြွရောက်ပြီး ဆရာတော်ကြီး ဩဝါဒကို ခံယူကြကုန်၏။

ကိုရင်ဓမ္မောသဓသည် မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ပရမတ္ထုစက္ကူကျမ်းပြု ဆရာတော်ဒီပဲရင်း ဆရာတော်၊ ကစ္စာနသံခိပ်ကျမ်းပြု တွံတေးဆရာတော်၊ ဘုန်းကြီးကလေး ဦးစန္ဒစသော မထေရ်တို့၏ ဓမ္မာနုဂ္ဂဟ၊ ကျောက်တိုင်ရွာ ဦးဖိုးချမ်းတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းဘောင်သို့ ရောက်ရှိခဲ့လေသည်။ နောင်အခါ ညောင်တုန်းမြို့နယ် ချောင်းနားစုကျေးရွာ ကံသာကျောင်းတိုက်၌ သီတင်းသုံးပြီး ဝါတော် ၆၀၊ ၁၃၂၅ ခု ဝါဆိုလပြည့်ကျော် ၉ ရက်နေ့၌ ပျံတော်မူသည်။

## စံကင်းကျောင်းလှူဒါန်းပွဲ

စံကင်းရွာနှင့် ကျောက်တိုင်ရွာလေးပိုင်း လေးရပ်ရှိ ဒကာ၊ ဒကာမတို့သည် သီလ၊ သမာဓိ၊ ပညာသိက္ခာသုံးရပ်တို့ကို ပျော့ကွက်၊ လျော့ကွက်၊ လိုကွက်မရှိရအောင် ဖြည့်ကျင့်မှုကြောင့် သမဏာအေးငြိမ်းသူဟူသော ဂုဏ်ပုဒ်ကို ထိုက်ထိုက်တန်တန် ရယူထားရှိသာမက ကျော်စောသတင်း သင်းပျံ့ကြိုင်လှိုင်နေသော မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးနှင့် အခြံအရံ တပည့်ရဟန်းတော်တို့၏ ဣန္ဒြေသိက္ခာအပြည့်နှင့် ဝတ်ရုံစားသောက်နေထိုင်မှုတို့ကို ကိုယ်တိုင်ကိုယ်ကျ ဖူးမြင်ရပြီး ချဉ်းကပ်လုပ်ကျွေးရခြင်းကြောင့် ဒေသတစ်ခုလုံး ဆွမ်းကျွေးကိစ္စ အားပါးတရ ဆောင်ရွက်နေကြသည့်အပြင် နေ့စဉ် ညတိုင်း တရားပွဲကြီးများ ဆက်တိုက်ဆင်ယင် ကျင်းပကြသဖြင့် နယ်လုံးတိုင်အောင် သာသနာရောင် တောက်ပလျက်ရှိသည်။

ကပ်ဦးသားတို့သည် လင်းထိန်ထွန်းပြောင် နေမင်းကြီး၏ အလင်းရောင် ကွယ်ပျောက်သောအခါ အလင်းရောင်ပေးဝေမည့် နောက်ထပ် အရာတစ်ခုကို လိုလားတောင့်တကြပြန်သကဲ့သို့ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး

မန္တလေးမြို့သို့ ပြန်ကြွချိန်ရောက်လာသောအခါ စိတ်အားငယ်လာကြပြီး မိမိတို့အား ဘုရားအလိုကျ တရားနည်းလမ်းမှန်ကို အမြဲတမ်းညွှန်ပြပေးမည့် ရဟန်းတော်တစ်ပါးရရှိရန် လိုလားသည့်ဆန္ဒ ပြင်းထန်စွာ ဖြစ်လာကြသဖြင့် ဆရာတင် ဦးဖိုးချမ်းစသော စံကင်းကျောက်တိုင် ဒကာများတို့သည် မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးထံ ကျောင်းထိုင်ဆရာတော်တစ်ပါး တောင်းခံလေသည်။ ရွှေကျင်ဂိုဏ်းသံဃာအား ခေတ္တကျောင်းကို အာရာမ်မြေနှင့်တကွ ကျောင်း တိုက်ကို လှူဒါန်းလိုက်ကြ၏။ "မဟာဝိသုဒ္ဓါရာမ ရွှေကျင်သာသနာပိုင်ဆရာတော်ဘုရားကျောင်းတိုက်" ဟူသောကမ္ပည်းစာတန်းရေးထိုးစိုက်ထူလိုက်ကြသည်။ ဆရာတော်များကမူ ဓမ္မာရုံကျောင်းတိုက်ဟူသော အမည်ကိုသာ နှစ်သက်ကြ၏။ ဤသို့ဖြင့် စံကင်းကျောက်တိုင်ရပ်သူ ရွာသားတို့သည် ရဟန်းခံပွဲကိုသာမက ကျောင်းလှူတတ်ပူဇော်ပွဲကိုပါ ပူးတွဲပြုလုပ် ကုသိုလ်ထုပ်စိုက်မြှုပ်လိုက်ကြရလေသည်။

## ကျောင်းတိုက်နာယက ရွေးချယ်ခြင်း

ထိုကျောင်းတိုက်ကို ဦးစီးအုပ်ချုပ်မည့် နာယကတစ်ပါး ပေးသနားပါရန် လျှောက်ထားကြ၏။ အကျင့်သီလနှင့် ပြည့်စုံခြင်း၊ ပါဠိအဋ္ဌကထာကို ကျနသေချာစွာ လေ့လာပြွမ်းတီးခြင်းဟူသော သုတနှင့်ပြည့်စုံခြင်း အင်္ဂါရပ်များနှင့် ပြည့်စုံသော အရှင်ဖြစ်ပါမည့်အကြောင်း လျှောက်ထားကြ၏။

မဟာဝိသုဒ္ဓါရာမဆရာတော်၊ ဒီပဲရင်းဆရာတော်၊ တွံတေးဆရာတော် စသော ဆရာတော်ကြီးများသည် ဓမ္မာရုံကျောင်းတိုက် နာယက ရွေးချယ်ကြရာတွင် ကျမ်းဂန်ဗဟုသုတဘက်ကလည်း ထိပ်တန်း၊ ဟောပြောမှုကလည်း ကောင်း၊ ကိုယ်ကျင့်သီလဘက်ကလည်း စံပြ၊ သည်းခံခြင်း စသောဂုဏ်တို့နှင့်လည်း ပြည့်စုံသည့် မိမိတို့အတွက်လည်း အားကိုးစိတ်ချရသည့် ဆန္ဒောမဉ္ဇရီ၊ ဆပ္ပစ္စယဒီပနီကျမ်း၊ အဘိနပ္ပဒီပိကာသူစိကျမ်းတို့ကို ရေးသားပြန်ဆိုတော်မူသော ဘုန်းကြီးလေးဦးစန္ဒကို ရွေးချယ်တော်မူလိုက်ကြသည်။

ဘုန်းကြီးလေးဦးစန္ဒမှာ ၁၅ ဝါ ရပြီး ဖြစ်သည်။ အရွယ်အားဖြင့်သင့်၊ ဝုဒ္ဓဘူမိအရာသို့လည်း ရောက်နေသည်။ ဂုဏ်အားဖြင့်လည်း ထေရ်ခေါ် လောက်သည့် နိုင်မာရင့်ကျက်သော အစိတ်အပိုင်းသို့ ရောက်နေပေပြီ။ မိမိတို့ တောင့်တမှုဆန္ဒအလျောက် အအေးဓာတ်လင်းရောင်ခြည်ကို ဖြန့်ဖြူးလျက် ပေါ်ထွက်လာသော သီတဂုစန္ဒကို မြင်တွေ့ရသည့် ကမ္ဘာဦး လူသားတို့ကဲ့သို့ စံကင်းကျောက်တိုင် ဒကာ ဒကာမတို့သည် ဘုန်းကြီးလေးဦးစန္ဒကို ကိုးကွယ်ရသဖြင့် ဝမ်းအသာကြီး ဝမ်းသာကြလေသည်။

လယ်တီပဏ္ဍိတက ထိုကျောင်းတိုက်၌ ဗျတ္တပဋိဗလနှင့် ပြည့်စုံတော်မူသော ဆရာတော်ဘုရားကြီး၏ တပည့်ရင်း စစ်ကိုင်းနယ်ဇာတိ အရှင်စန္ဒမည်သော မထေရ်မြတ်ကို လွှဲအပ်နေထိုင်တော်မူ၏။ ထိုအရှင်စန္ဒမထေရ်ကား ထက်မြက်သော ဂမ္ဘီရသဘောရှိတော်မူ၏။ အထူးအားဖြင့် ဆန်းကျမ်းတို့၌ လိမ္မာတော်မူ၏။ ဂါထာဖွဲ့သီဆိုရာတို့၌ လျင်မြန်သော ဉာဏ်ပညာရှိတော်မူ၏ဟု ချီးမွမ်းခဲ့သည်။

ဆရာတော်ဦးစန္ဒသည် စံကင်းရွာ ဓမ္မာရုံကျောင်းတိုက် နာယကအဖြစ် လက်ခံလိုက်ရသော်လည်း တစ်ခါတည်း မနေရစ်သေးဘဲ မန္တလေးသို့ ပြန်လိုက်လာသည်။ ရပ်ရွာရှိ မယ်တော်ကြီးနှင့် ဆွေမျိုးသားချင်းများကို အသိပေးပြီး အခြားဆောင်ရွက်စရာကိစ္စများကို ဆောင်ရွက်ခဲ့လေသည်။

## စံကင်းရွာ

စံကင်းရွာကြီးမှာ အောက်မြန်မာနိုင်ငံ ဧရာဝတီတိုင်း မအူပင်ခရိုင် ညောင်တုန်းမြို့နယ်၊ ယခု ဓနုဖြူမြို့နယ်တွင် ထင်ရှားသော ရွာကြီးတစ်ရွာဖြစ်သည်။ ဓနုဖြူမြို့၏ အရှေ့ဘက်ကမ်းတွင် တည်ရှိသည်။ အိမ်ခြေ ၁၂၀၀ ဝန်းကျင် ရှိမည်ဟု ခန့်မှန်းရ၏။ ရန်ကုန်မန္တလေးစသော မြို့ကြီးများနှင့် ဧရာဝတီမြစ်ကြီးက ဆက်သွယ်ပေးထားသဖြင့် စံကင်းရွာကြီးသည် ကူးသန်းရောင်းဝယ်ရေး လွယ်ကူသည်။ အဓိကထွက်ကုန်မှာ ဆန်စပါး ဖြစ်သည်။ စပါးမှာ တစ်သီးစားဖြစ်သော်လည်း ရေမိုးအဆင်ပြေသောကြောင့် စီးပွားရေး မနိမ့်

ကျပေ၊ စီးပွားရေးကောင်းသဖြင့် အမြတ်ကြီးစား ချစ်တီးကုလားတို့ ခြေရှုပ်ရာ ဌာနဖြစ်သည်။ မြို့ကြီးများနှင့် အရောက်အပေါက်များသဖြင့် လူနေမှုအဆင့် အတန်းလည်း မြင့်မားသည်။ ဝါးကျောင်းဆရာတော် ဓာတ်တော်ကျောင်း ဆရာတော်များကြောင့် သာသနာရေး မနိမ့်ကျလှပေ။ မြကျိုက်ပျံဘုရားကြီး အနီး၌ နံနက်ဈေးလည်း ရှိသည်။ စာပေစကားအရ တံတိုင်းဈေးရှိလျှင် မြို့ တံတိုင်းမရှိ ဈေးသာရှိက နိဂုံး၊ တံတိုင်းဈေးမရှိလျှင် ရွာဟုသတ်မှတ်ကြသဖြင့် နိဂုံးပင် ဖြစ်၏။

**စံကင်းဆရာတော်**

၁၂၆၆-ခုနှစ် နယုန်လတွင် မန္တလေးသို့ လာရောက်ကြိုဆို ပင့်ဆောင် လာကြသော ဒကာများ အကူအညီဖြင့် မဟာဝိသုဒ္ဓါရုံတိုက်သစ်တည်စက ဆောက်လုပ်ခဲ့သော ယာယီတဲကျောင်းကြီး သုံးကျောင်းအနက် တစ်ခုဖြစ် သော သထုံသံတဲကျောင်း မိမိနေသောကျောင်းမှ စံကင်းသို့ မန္တလေး- ရန်ကုန် အစုန် စာပို့သင်္ဘောကြီးဖြင့် စုန်ဆင်းလာခဲ့၏။ ဧရာဝတီမြစ်၏ ရေ အလျဉ်သည် အဆက်မပြတ် တသွင်သွင်စီးဆင်းလျက် ရှိနေသည်။ ရေသွား လမ်းကြောင်း၏ ဦးတည်ရာသို့ စီးဆင်းလျက် ရှိ၏။ ဘုန်းကြီးလေးဦးစန္ဒသည် လည်း မိမိဘဝရေစီးကြောင်းကို ပြန်ပြောင်းသတိရမိ၏။ ခရစ်ယာန်ကျောင်း သို့လည်းရောက်ခဲ့၏။ လှည်းသမားလည်းဖြစ်ခဲ့၏။ ကိုရင်ဘဝက ဦးပဋ္ဌင်းဘဝ ကျောင်းဘုန်းကြီးဘဝဖြင့် လှည့်လည်ခဲ့ရပြီး ကျော်ဖြတ်ခဲ့ရသည့် ကန္တာရက လည်း အမျိုးမျိုးပင်။ ခရီးကား အဆုံးမသတ်သေး။

ယခုလည်း မမျှော်လင့်ခဲ့သောခရီးကို ဆက်နေရပြန်၏။ မဇ္ဈိမဒေသ မှအပြန် စံကင်းသို့ ရဟန်းခံကိစ္စဖြင့် ဝင်ရောက်ခဲ့ရာမှ ဘဝလမ်းခရီးအသစ် စတင်ခဲ့ပြန်ပြီ။ ကံလမ်းညွှန်ရာ ခရီးလမ်းသို့သွားနေရသည့် ခရီးသွားများပါ တကားဟု တွေးမိ၏။ ရန်ကုန်စာပို့သင်္ဘောကြီးနှင့် လိုက်ပါလာသော ဦးစန္ဒ တို့သည် ဓနဖြူဆိပ်ကမ်းသို့ရောက်ပြီး ဆင်းခဲ့ကြရသည်။ စံကင်းရွာ ဓမ္မာရုံ ကျောင်းသို့ ရောက်ကြ၏။ သာမဏေရှင်ပညာသာမိကို လူဝတ်လဲစေ၍

နောက်ပါအဖြစ် ခေါ်ဆောင်ခဲ့၏။ ဘုန်းကြီးရောက်လာသည်ဆိုလျှင် မျှော်နေကြသော ဒကာ၊ ဒကာမတို့ရောက်လာကြကုန်၏။ မိမိတို့၏ သားငယ်များကို ဘုန်းကြီး၏ တပည့်ကျောင်းသားအဖြစ် အပ်နှံလာကြကုန်၏။ စံကင်းဓမ္မာရုံကျောင်း ရောက်သစ်စနေ့၌ ၇ နှစ်အရွယ် မောင်စိန်ညိုကို အစဦးဆုံးတပည့်အဖြစ် အပ်နှံလာ၏။ ထို့နောက် မောင်ဘိုးစိန် မောင်စံခိုင်စသည်တို့ အပ်နှံလာကြ၏။ ၁၃၀၀ ပြည့်နှစ်၌ ကျောင်းသား ၁၀၀ ကျောင်းသူ ၁၂၀ ကျော်ကျော်လာရောက်အပ်နှံလာကြ၏။

၁၂၆၆ ခုနှစ်ရောက်စနစ်က ဝါဆိုသံဃာမှာ ကျောင်းကုန်းဦးဝေပုလ္လတွဲတေးမှ ဦးပဥ္စင်းတစ်ပါး နောက်ထပ် ရဟန်းသုံးပါး မန္တလေးမှပါလာသော ကိုရင်ပညာသာမိပါ သာမဏေသုံးပါး ဝါဆိုကြသည်။ သံဃာ့ကိစ္စ ဆောင်ရွက်စရာ သီးခြားသိမ်မရှိသေး။ လပြည့်လကွယ် ဥပုသ်နေ့တို့၌ ဥပုသ်ပြုရန် မြစ်သို့သွား၍ ဥပုသ်ကိစ္စ ပြုလုပ်ကြရ၏။ ပါဝရဏာပြုသောအခါ ခနေဖြူမြို့ဂန္ဓာရုံသွားပြီး ပြုကြရ၏။ ထိုဥပုသ်ကိစ္စပါဝရဏာ ကိစ္စအတွက် မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးကို လျှောက်ထားရာ "မြစ်နီးသားပဲ၊ ခနေဖြူလည်း နီးသားပဲ" ဟူသော ညွှန်ကြားချက်အရ ဆောင်ရွက်ကြရခြင်း ဖြစ်၏။

စံကင်းရွာ၌ သီတင်းသုံးတော်မူသည်မှစ၍ ဆရာတော်ဦးစန္ဒကို သာသနဝုဒ္ဓိအကျိုးငှာ သီတင်းသုံးရာ သာသနာပြုဌာနဖြစ်သော ရွာနယ်၏အမည်ကို ဌာနီဖြစ်သော မထေရ်၌ တင်စားသောအားဖြင့် စံကင်းဆရာတော်ဟု ခေါ်တွင်အသိအမှတ်ပြုကြလေသည်။ စံကင်းဆရာတော်၏တပည့် မန္တလေးမြို့ပတ်ကုန်း ပျော်ဘွယ်ရပ် နယူးစီဗီလိုင်း ဝိဇိတာရုံဆရာတော် (ယခင် ရတနာမာရ်အောင်ဆရာတော်) က စံကင်းဆရာတော်၏ တပည့်သံဃာအရေအတွက်သည် သောင်းကျော်မက များမြတ်လှ၏ဟု မှတ်တမ်းတင်ခဲ့သည်။

## ကျောင်းတိုက်၏ နေ့စဉ်လုပ်ငန်း

မဟာဝိသုဒ္ဓါရုံက ချမှတ်ခဲ့သော ရွှေကျင်ဂိုဏ်းသားပီပီ "ပရိယတ်ပဋိပတ် စွယ်စုံတိုးတက်ရေးမှု"အရ စံကင်းဆရာတော် အပါအဝင် ရွှေကျင်

ကျောင်းတိုက်များ လိုက်နာကြသကဲ့သို့ပင် ယခုအခါ ရွှေကျင်ဆရာတော် ဦးစန္ဒသည်လည်း စံကင်းကျောင်းတိုက်၏ နေ့စဉ်မှုများ ချမှတ်၍ သာသနာတော် တိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သည်။ နေ့စဉ်အရုဏ်မတက်မီ ထကြ၍ ဘုရားရှိခိုးကြရသည်။ ပြီးလျှင် ပစ္စဝေက္ခဏာဆင်ခြင် မေတ္တာပို့ ဒွတ္တိံသာ ကာရကမ္မဋ္ဌာန်းခေါ် ၃၂ ကောဋ္ဌာသ ရွတ်ပွားကြရသည်။ အာပတ် စင်ကြယ်စေရန် ဒေသနာကြားကြရသည်။ ထို့နောက် နိသဇ်ဓုတင်ဖြင့်သာ အရုဏ်တက်စေရသည်။ မိုးတိမ်ကင်း၍ ရာသီဥတုကောင်းလျှင် အဗ္ဘောကာသိကဓုတင်၊ ရုက္ခမူဓုတင်တို့ဖြင့် လွင်တီးခေါင်သစ်ပင်ရင်းတို့၌ အရုဏ်တက်စေရ၏။

အရုဏ်တက်လျှင်ဆွမ်းစားရ၏၊ဆွမ်းစားနေစဉ်ကျောင်းသားများက အာဟာရနှင့်စပ်၍ သတိဉာဏ်ဝင်စား တဏှာမာန်မပွားစေရန် ကမ္မဋ္ဌာန်းများ ရွတ်ပေးကြရ၏။ ဆွမ်းစားပြီးလျှင် စာအံ စာတက်ကြရသည်။ နံနက် ၈ နာရီလောက်တွင် ဆွမ်းခံထွက်ကြ၏။ ပိဏ္ဍစာရိကဝတ်ကို ဖြည့်ကျင့်ကြရသည်။ ဆွမ်းခံသဖြင့် စားသောက်ဖွယ် ဆွမ်း၊ ဆွမ်းဟင်းတို့ကို လောင်းလှူကြသည်။ ဆွမ်းအုပ်များလည်း ပို့ကြသည်။ အလှူပွဲ၊ မွေးနေ့ပွဲ၊ သာရေးနာရေးပွဲများကို ပြုလုပ်လှူဒါန်းကြသဖြင့် စားသောက်ဖွယ်ရာ လွန်စွာပြည့်စုံသည်။ ကျောင်းသား ၃၀၀ ကျော်လောက်ကိုပင် နေ့စဉ် ဝေငှစားသောက်၍ မကုန်နိုင်အောင် ရှိသည်။ ကျောင်းဆရာများပင် ညနေစာ စားကောက်မကုန်နိုင်အောင် ပေါများ၏။

ဆွမ်းခံပြန်ရောက်လျှင် စာအံ့ကြရပြန်၏။ နံနက် ၁၀ နာရီခွဲတွင် နေ့ဆွမ်းစားကြ၏။ နံနက် အရုဏ်ဆွမ်းစားစဉ်တုန်းကလိုပင် ကမ္မဋ္ဌာန်းရွတ်ပေးကြ၏။ နေ့လယ် ၁၂ နာရီအချိန်တွင် ရဟန်းတော်များနားနေ ကျိန်းစက်ကြသည်။ (ရွှေကျင်ဂိုဏ်းထုံးစံမှာ ညဉ့်အခါ အချိန်ပိုင်းဖြင့် ဝိပဿနာဓုရတာဝန်ကို ထမ်းဆောင်ကြရပြီး နံနက် အရုဏ်မတက်မီ ၄ နာရီလောက်ကပင် သဟသေယျ အာပတ်လွတ်အောင် ထကြရ၏။ နေ့ဆွမ်းစားပြီးချိန်တွင် သို့အတွက် ခေတ္တနားနေ ကျိန်းစက်ကြရ၏။)

နေ့လယ် ၁ ချက်တီးထ၍ စာအံစာဖတ်ကြရသည်။ နေ့ ၂ နာရီအချိန်လောက်တွင် ကျောင်းသားများ စာအံနားကြရ၏။ နေ့ ၃ နာရီ အချိန်မှစ၍ ကဏန်းသင်္ချာတွက်ကြရ၏။ အလီပေါင်း ကျက်ကြရ၏။ ဆရာတော်ဦးစန္ဒမှာ လွယ်ကူစေရန် လင်္ကာလေးများကျက်ခိုင်းပြီး အတွက်ကိုသင်ပေး၏။ ညနေ ၄ နာရီတွင် ကျောင်းသားများ ဝတ်တက်ကြရ၏။ ဝတ်တက်ပြီးလျှင် ဘုရားတပည့်တော် သူငယ်ဖော်ကို ကျောင်းတော်ဝိဟာ တိုက်တော်သာ၌ ပညာအတတ် သင်ယူမှတ်၍ လေးမြတ်ကြည်သာ မြတ်ဆရာ၏ မိန့်မှာသမျှ ဩဝါဒကို မချမဖျက် ဦးဖြင့်ရွက်၍ ထိပ်ထက်အမြဲ မယ်န(သံမှိုစွဲသို့ လွန်ကဲသဒ္ဓါ ယူပြီးပါပြီ။ သူရိယာနေဝန်း ဂေါယာကျွန်းသို့ လှည့်ယွန်းချိန်ခါ အိမ်ဂေဟာသို့ ပြန်ပါရမည့်အကြောင်း ခွင့်တောင်းပန်ကြား လျှောက်ထားပါသည် ကျေးဇူးတော်သခင် အရှင်မြတ်ဘုရားဟူသော ခွင့်ပန်စာကို ရွတ်ဆိုလျှောက်ထားပြီးမှ ဘုရားဦးချ၍ လက်အုပ်ချီ နောက်ဆုတ်၍ တစ်ဦးပြီးတစ်ဦး ထပြန်ကြရသည်။ စာသင်ရှံသာ ကျောင်းလာပြီး ညချမ်းချိန်ခါ ကျောင်းလွှတ်ချိန်တက်သော နေ့တက်များနှင့်ရော၍ ကျောင်းသားအားလုံး ဝတ်တက်ရခြင်းဖြစ်သည်။ ကျောင်းအိပ်၊ ကျောင်းစားများက ကျောင်းဝင်းထဲရှိ အမှိုက်များကို ကောက်ခြင်း အပင်အခက်များ ရေလောင်းခြင်း ပြုကြရပြီး ရဟန်းသာမဏေများက သေနာသနဝတ် ဖြည့်ကြရသည်။ ဘုရားရေချမ်းတော်ဖြည့်ခြင်း၊ သံဃာတော်များအားလုံးအတွက် သောက်ရေ သုံးရေ ခြေဆေးရေ ဖြည့်ခြင်း၊ ပန်းတော်များကို လဲလှယ်ကပ်လှူကြရသည်။ ဆရာတော်ထံ တစ်လ ရေအကြိမ် ၃၀၊ ပန်းအကြိမ် ၃၀ လှူပါမည်ဟု တာဝန်ယူထားကြရသည်။

ည ၇ နာရီတွင်အားလုံးဘုရားရှိခိုးဝတ်တက်ကြရသည်။ ပါတိမောက်ပရိတ်တရားတော်များ ရွတ်ဖတ်ကြရသည်။ မေတ္တာပွားကြရသည်။ ဘုရားဝတ်တက်ပြီးနောက် နေ့လယ်က ကျက်မှတ်ထားသော စာများကို အလွတ်ပြန်ဆိုကြရပြီး ၉ နာရီကျော်၊ ၁၀ နာရီလောက်မှ အိပ်ရာဝင်ကြရသည်။ ဤကား ဓမ္မာရုံကျောင်းတိုက်၏ နေ့စဉ်လုပ်ရှားကြရသော ပရိယတ်၊ ပဋိပတ် ဆောင်ရွက်ချက်များ ဖြစ်သည်။

လဆန်း လဆုတ် ၈ ရက်၊ လပြည့်လကွယ်နေ့တို့၌ ကျောင်းအိပ်ရာ နေရာစသည်တို့ကို နေပူလှန်း ဖုန်သုတ် သေနာသနဝတ် ပြုကြရသည်။ ည အခါ ဆရာတော်၏ဩဝါဒကို နာယူကြရသည်။ ဥပုသ်သီတင်းနေ့တို့၌ ရဟန်း သာမဏေများ ဧကာသနိက်ဓုတင် ဆောက်တည်ကြရသည်။ ကျောင်းသား များလည်း ဥပုသ်သီလ ဆောက်တည်ကြရသည်။ အလှည့်ကျ ဦးပဥ္စင်းတစ်ပါး ပါးက တရားဟောသည်။ ရွှေကျင်ဂိုဏ်းဥပဒေကို ဖတ်ကြရ၊ နာကြရသည်။ ဝါဆိုဦးအခါတို့၌ ရွှေကျင်ထုံးနည်းအတိုင်း ဘွဲ့ ဝါ နေ့ပို့ချစာ ညဥ့်ပို့ချစာ နေ့ တက်စာ ညဥ့်ဆိုစာ နေ့စဉ်လှည့်အံစာ နှုတ်တက်ကျက်ဆဲစာ နှုတ်တက်ရပြီး ဆောင်ဆဲစာ ပါဠိပဟာရိယဓုတင်၊ တစ်လ၌ လှူသော ရေပန်း နေ့စဉ်ဝတ်တို့ကို ရေးသား၍ ရွှေကျင်နိကာယ ဗဟိုဌာန ဆရာတော်ကြီးများထံ ပို့ချရသည်။

ဥပုသ်နေ့တိုင်း မနက်ပိုင်းရွာတွင်းဇရပ်သို့ကြွ၍ သီလပေးသည့် တရားဟောသည်၊ အဟောအပြောရှင်း၍ သိလွယ်သည်။ အေးငြိမ်းသည်၊ ဆရာတော် တရားနာလိုက်ရလျှင် သဒ္ဓါတရားတိုးလာကြသည်။ သောကရှိ သူများ စိတ်ချမ်းသာကြသည်။

## စံကင်းဆရာတော်၏ ဆောင်ရွက်ချက်များ

### သောကငြိမ်းသွားသူ

စံကင်းဇာတိ ဒကာမတစ်ယောက် ကျုံ့ရှုရွာ၌နေစဉ် သမီးဆုံး၍ သောကမီးတောက်နေသည်။ စိတ်ပြေလက်ပျောက်စံကင်းသို့ ရောက်လာ၏။ ကျောင်းသို့ရောက်လာပြီး ဆရာတော်တရားနာရသောအခါ သောကငြိမ်း သွားဖူးသည်။

### ဆွမ်းခံဝတ်များ မပျက်စေရ

ဥပုသ်သီတင်းနေ့တို့မှအပ နေ့စဉ်ဆရာတော်သည် ပိဏ္ဍစာရိက ဝတ်မပျက် တာကြီးပိုင်းကစ၍ စံကင်းကျောက်တိုင်လေးပိုင်း လေးရပ်လုံး

ဆွမ်းကြွ၏။ သပိတ်ကိုင်၍ ကျောင်းသားများက လိုက်ကြရသည်။ သွားရင်း သိမှတ်ဖွယ်ရာများ တရားစာများ နှုတ်တိုက်ချပေးလေ့ရှိသည်။

## ဆရာဟန်၏ ဒါနပြုနည်း

ကျောက်တိုင်ပိုင်းက ဆရာဟန်ဆိုသူ ဒကာကြီးသည် ဆွမ်းခံဝတ်မြဲသော ဆရာတော်ကို အလွန်ကြည်ညိုသည်။ အိမ်တွင်းသို့ပင့်၍လက်ဖက်ရည်ကပ်ချင်၏။ စီးပွားရေးက အခြေအနေမပေး။ ဆရာဟန် ကြိုးစားသည်။ လက်ဖက်ရည်ချိုတစ်ခွက်လောက် ကပ်ဖြစ်အောင် ကပ်မည်ဟု စိတ်ကူး၏။ ဆန္ဒရှိလျှင် အရာရာဖြစ်နိုင်သည်ဆိုသည့်အတိုင်း ကြိုးစားခဲ့ရာ အချိုတစ်ခွက် ကပ်နိုင်လာသည်။ ဆရာတော်အား လှူချင်သောဆန္ဒဖြင့် ကြိုးစားရာ၏။ ဒကာမကြီးက ခြောက်မုန့်အရင်းတည်၍ ဈေးရောင်းသည်။ အလုပ်လုပ်သမျှ လှူဖို့စိတ်ကူး၏။ အခြေအနေကောင်းလာသည်။ အချိုတစ်ခွက်အပြင် မုန့်ပါကပ်လာနိုင်၏။ နောက်တွင် စားပွဲဝိုင်းကြီးဖြင့် မုန့်မျိုးစုံ၊ သစ်သီးမျိုးစုံစားပွဲဝိုင်းကြီးအပြည့် ကပ်လှူနိုင်သည်။ ဆရာတော်က အနည်းငယ်သာ ဘုဉ်းပေးနိုင်၏။ စုံသည်ထက် စုံအောင် ကြိုးစား၏။ ဆရာတော်ဘုဉ်းပေးပြီးနောက် အိမ်နီးချင်းလူကြီးများကိုခေါ်၍ တိုက်ကျွေး၏။ မိမိလည်း သောက်၏။ ဆရာတော့်အကျန်သောက်ရသော လက်ဖက်ရည်သည် အခြားသောလက်ဖက်ရည်ထက် အရသာပိုရှိသည်ဟု ထင်ရ၏။ ဆရာတော်ကြွ၍ တအောင့်ကြာလျှင် ကျောင်းသို့ သွားသည်။ ဆွဲခြင်းတစ်လုံးကိုင်၍ ဈေးလှည့်သည်။ ကျောင်းသွားမယ်ဟေ့... ဟု ကြေညာသည်။ ဈေးရောင်းသော ဒကာ၊ ဒကာမများက နေ့ဆွမ်းအပြီးအချိုပွဲဘုဉ်းပေးရန်အတွက် သင့်တော်သောမုန့်မျိုးစုံ၊ သစ်သီးမျိုးစုံတို့ကို လှူလိုက်ကြ၏။ ဤသို့ဖြင့် ကိုယ်တိုင်လည်း ကုသိုလ်ရ၊ သူတစ်ပါးကိုလည်း ကုသိုလ်ပွားစေအောင် ဆရာဟန် အကျိုးဆောင်လေသည်။

## သာသနာတော်ကို အသိဉာဏ်ပါပါ ယုံကြည်စေချင်

လွန်စွာရတောင့်ရခဲသော သာသနာတော်ကြီးနှင့် ကြုံတုန်း လူတိုင်းကြိုက်နှစ်သက်စေချင်သည်။ ကြုံတုန်းမှမကြိုက်လိုက်ကြလျှင် သံသရာဝယ်

ဆုံးရှုံးခြင်းမက ဆုံးရှုံးကြမည် ဖြစ်သည်ဟု ဆရာတော် ယုံကြည်သည်။ သာသနာတော်ကို ကိုးကွယ်ယုံကြည်ကြရာ၌ အသိဉာဏ်ပါပါ ယုံယုံကြည်ကြည် သဒ္ဓါစိတ်ဖြင့် ကိုးကွယ်စေချင်သည်။ ဒို့မိခင်ဖခင် ကိုးကွယ်တဲ့ဘာသာ၊ ယုံကြည်ကျင့်သုံးခဲ့တဲ့ သာသနာပဲဟူသော သံယောဇဉ်စွဲမျှဖြင့် ကိုးကွယ်ခြင်းသည် သာသနာတော် ရေရှည်တည်တံ့ရေးအတွက် စိတ်မချရပေ။

ဘုရားရှင်က အင်္ဂုတ္တိုရ်၊ ဒုကနိပါတ်စာမျက်နှာ ၆၁ တွင် "မုန်းသောသူ အရမ်းမဲ့ယုံကြည်သူ၊ ထိုနှစ်ယောက်သည် ငါဘုရားကို မဟုတ်မမှန် လုပ်ကြံစွပ်စွဲကြကုန်၏" ဟု အသိဉာဏ်မပါ မျက်ကန်းယုံကြည်သူ (မုဓပ္ပသန္န) များကို မုန်းသူ၊ ရန်သူ၊ ဘာသာခြား မိစ္ဆာဒိဋ္ဌိများနှင့် တစ်တန်းတည်းထား၍ ဟောကြားတော်မူ၏။ သုနက္ခတ္တလို ရဟန်းမျိုးသည် မုန်းတီးစိတ်ဖြင့် ရဟန်းဂေါတမမှာ ဉတ္တရိမနုဿဓမ္မဆိုတာ မရှိပါဘူးဟု မဟုတ်မတရား ပြောဆိုနိုင်သကဲ့သို့ပင် မျက်ကန်းယုံကြည်သူများကလည်း အမွေးအမျှင်ပါမကျန် ဘုရားတစ်ကိုယ်လုံး လောကုတ္တရာတုံးကြီးပဲဟု စွဲယူမည်ဖြစ်သည်။ ပထမလူ၏ ပြောဆိုစွပ်စွဲချက်သည် ဘုရားရှင်အပေါ် မုန်းတီးစိတ်ဖြင့်ဖြစ်စေနိုင်သလို နောက်လူ၏ စွပ်စွဲချက်သည်လည်း ဘုရားရှင်အပေါ် အမြင်မှား၍ တဏှာစွဲ၊ ပုဂ္ဂိုလ်စွဲ ဖြစ်စေနိုင်သည်။

ထို့ကြောင့် ဘာသာခြားနှင့် ရုပ်ကြမ်းဝါဒသမားတို့က သာသနာတော်ကို မဟုတ်မတရား ပုတ်ခတ်စွပ်စွဲနေကြသလို မျက်ကန်းယုံကြည်နေကြသူများကလည်း အလွဲလွဲအချော်ချော် ယုံကြည်ပြောဆိုနေကြသည်။ နှစ်မျိုးလုံး သာသနာ့အန္တရာယ်များပင် ဖြစ်သည်။ မျက်ကန်းယုံကြည်သူများ၏ သာသနာအပေါ် သုံးသပ်ချက်တို့သည် သံယောဇဉ်စွဲမှ ပေါက်ဖွားလာကြသည်များသည်။ အပြုသဘောလိုလိုဖြင့် အပျက်သဘောကို ဆောင်ကြသည်။

ယခုခေတ်သည် လူတို့အရာရာကို ဆန်းစစ်ဝေဖန်သုံးသပ်လာကြသဖြင့် အသိဉာဏ်ပါပါ ယုံကြည်သူ ရဟန်းတော်များမရှိ၍ မဖြစ်ပေ။ များများရှိလေကောင်းလေ ဖြစ်သည်။ ဘာသာခြားနှင့် ရုပ်ကြမ်းဝါဒသမားတို့၏ ထိုးနှက်ချက်တို့ကို ချေပ၍ သံယောဇဉ်စွဲသမားတို့ကို လက်တွဲခေါ်ဆောင်ကာ အသိ

မှန်ကို ဖွင့်ပေးရမည့် တာဝန်သည် စာပေကျွမ်းဂန်တတ်သော ဆရာသမားတို့၏တာဝန် ဖြစ်လာသည်။ ထိုအကြောင်းကို ကောင်းကောင်းသိနေသော စံကင်းဆရာတော်ဦးစန္ဒသည်တပည့်ရဟန်းသာမဏေ၊ဒကာ၊ဒကာမတို့အား ပိဋကတ်စာပေ ဗဟုသုတပြည့်ဝရေးကို အားပေးတော်မူသည်။ မျက်စိမိုတ်လက်ခံမှုမျိုးကို အားမပေးပေ။ ပိဋကစာပေတို့ကို လေ့လာရာ၌ ဘုရားရှင်၏ အာဘောဂမှန်ကို သိဖို့အရေးကြီးသည်။ နာခံသူအခြေအနေ၊ ခေတ်အခြေအနေ၊ ပတ်ဝန်းကျင်လူနေမှုတို့က မည်သို့ရှိသည်ကို လေ့လာတွက်ဆ အကဲခတ်ရသည်။

ရဟန်းတော်တို့ခရီးသွား၍ မြက်သစ်ပင်တို့ ပျက်စီးသောအခါ လူတို့က ကဲ့ရဲ့ကြသည်။ မြက်သစ်ပင်တို့၌ အသက်ဇီဝတစ်မျိုးရှိသည်ဟူသော ထိုခေတ်လူတို့၏ ယုံကြည်ချက်ကို မဝေဖန်ဘဲ မိမိတပည့်ရဟန်းတော်တို့ကို ဝါတွင်းသုံးလခရီးမထွက်ဘဲ ဝါဆိုရန် သိက္ခာပုဒ်ပညတ်ခဲ့သည်။ အဘိဓမ္မာဒေသနာအရာတွင် စေတနာက အဓိက ဖြစ်သည်။ စေတနာ ပါမပါပေါ်မှာ လိုက်၍ အပြစ်ရှိမရှိ ဟောခဲ့သည်။ ဝိနည်းအရာတွင် အာဏာဒေသနာဖြစ်၍ အာဏာကို လွန်မလွန်ဆုံးဖြတ်ရသည်။ သုတ္တန္တဒေသနာတော်တွင် နည်းစနစ်မှန်မမှန် သုံးသပ်ရသည်။ ဒါန၊ သီလ၊ သမထဝိပဿနာ၊ ဘာဝနာကျင့်စဉ်၏ အနုအရင့် သတ္တိအနုအရင့် ဆက်သွယ်ကွာခြားမှုကို ဟောပြခဲ့သည်။

ရှင်ပြုရဟန်းခံရာ၌ ဆောင်ရွက်ဖွယ်များကို ပေါ့ပေါ့ဆဆ သဘောမထား၊ရှင်လောင်းဆံချသည်ကစစာနည်းကျအောင်လုပ်ရသည်။ရှင်လောင်းဆံချတဲ့အခါ တစပဉ္စက ကမ္မဋ္ဌာန်း အနုလုံ၊ ပဋိလုံ ရွတ်ဆိုရှင်းပြပေးရသည်။ ဆရာတော်၏ သာသနာပြုနည်းစနစ်တို့ကို ပီပြင်စေသည်။

## ဝတ်ကြောင်ပုဆိုးကောင်းကျိုးမပေး

ဤစကား၏ အဓိပ္ပာယ်အတိမ်အနက်ကို ပြောပြသည်။ ဝတ်ကြောင်ဘဝဟာ လူ့ဘဝဟာ ဆင်းရဲတယ်၊ မကောင်းဘူး၊ ဘုန်းကြီးဘဝမှ ကောင်းတယ်။ ချမ်းသာတယ်ဟု နနယ်သောအသိဉာဏ်ရှိသော ကလေးသူငယ်များ

နားလည်အောင်ပြော၍ သာသနာထဲ စွဲဆောင် မြဲအောင်လုပ်တယ်။ ဝတ်ကြောင်ပုဆိုးဆိုတာ ကိလေသာတဏှာရဲ့ အမည်ပဲ၊ တဏှာကို ရည်ရွယ်တဲ့ စကားပဲ။ အာရုံငါးပါး ကာမဂုဏ်တရားဆိုးတို့ကို လိုက်စား ပျော်ပါး လူ့ဘဝ နေနေပြီး သားကျွေးမှု၊ မယားကျွေးမှု၊ အသက်မွေးမှု မိစ္ဆာဇီဝ ဒုစရိုက်တရား နေ့တိုင်းပွားပြီးလူ့ဘဝတစ်သက်တာကုန်ဆုံးရခြင်းဟာရှည်လျားလှစွာသော သံသရာတစ်လျှောက်လုံး အပါယ်လေးပါး လူဆင်းရဲသားဘဝများဖြင့် ကုန်းခံ ရန်းခံ ဒုက္ခခံကြရမှာမို့လို့ ကောင်းကျိုးမပေး၊ ဆိုးကျိုးတွေသာပေးတဲ့အတွက် ဘဝခဏ ပျော်ရွှင်ရမည့် လူ့ဘဝကို ပယ်စွန့်ပြီး ရဟန်းဘဝချမ်းသာရမည့် သူတော်ကောင်းဘဝနှင့် အရိုးထုတ်ရမယ် စသည်ဆုံးမကာ ရဟန်းတော်များ တိုးပွားစေသည်။ သာသနာတော်၌ ပျော်ပိုက်သာသနာ ပြုစေခဲ့သည်။

## ပညာမရှိသူ၏ ဝန်ထမ်း

ကလေးများအတွက် စာပေကို ကောင်းကောင်းသင်ရမယ်။ စာမတတ်ရင် သူများခိုင်းတိုင်းလုပ်ရတယ်။ သူ့ကျွန်ဖြစ်နိုင်တယ်။ အစေအပါး ဆင်းရဲနုံချာ အောင်တန်းကျတဲ့အလုပ်တွေလုပ်ပြီး ဘဝမွေးရတယ်။ ဒါကြောင့် ငယ်စဉ်အခါ ပညာရှာတဲ့အခါမှာ ပျင်းရိပေါ့ပါး ဆော့ကစားအချိန်မဖြုန်းကြဘဲ ဆရာသင်ပြ အားထုတ်ကြရမယ်။ ပညာသင်စိတ်အားတက်စေခဲ့တယ်။ စဉ်းစားဉာဏ်ရှိသော ရဟန်းသာမဏေ ဒကာ၊ ဒကာမတို့အတွက်ကတော့ အရာရာမှာ သဘာဝအမှန်ကို ကြောင်းကျိုးဆက်စပ် တွေးတောသုံးသပ် ဆုံးဖြတ်တတ်သော အသိပညာရှိအောင် လေ့လာဆည်းပူး နာယူကျက်မှတ် သုံးသပ်တတ်ရမယ်။ စိတ်အလိုက် စိတ်အကြိုက်ဆောင် စိတ်ထင်ရာလုပ် တဏှာ ကျွန်ဘဝဖြင့် တဏှာခိုင်းရာ ပညာမပါဘဲ မလုပ်ရဘူး။ တဏှာ့ကျွန်၊ တဏှာ့အလိုကိုလိုက်ပြီး အမျိုးမျိုးလုပ်ဆောင်ရတဲ့ တဏှာရဲ့ဝန်ထမ်းသာ ဖြစ်နိုင်တယ်။ ငယ်စဉ်အခါ တဏှာအလိုအရ လူ့ဘဝသို့ပြောင်းပြီး တဏှာ့ကျွန်ခံကာ သားမယား၊ ဘဝဒုက္ခမျိုးစုံခံပြီး လုပ်ကိုင်အသက်မွေးရခြင်းဟာ တဏှာရဲ့ ဝန်ထမ်းသာဖြစ်၍ ပညာမရှိ သူ၏ဝန်ထမ်း၊ သူတစ်ပါးအခိုင်းအစေအဖြစ် မခံကြနဲ့။

စာပေနှင့် ပတ်သက်လျှင် ကြောင်းကျိုးဆက်စပ် သုံးသပ်စေခဲ့တယ်။ ပိဋကတ်စာပေကို စနစ်တကျ အသိဉာဏ်သုံး၍ လေ့လာနည်းကို လိုလားကြသော အရှင်ဉာနာဝါသစသော သီဟိုဠ် အာသံ ဝေသာလီ တရုတ် ရခိုင်ရဟန်းတော်များ၊ ဦးဝိမလဗုဒ္ဓိစသော မြန်မာရဟန်းတော် တပည့်များသည် ဆရာတော်ထံ ရောက်လာကြပြီး ပညာသင်ယူခဲ့ကြသည်။ ဆရာတော်ထံမှ နည်းရသော ပညာ၏တန်ဖိုးကို အလေးအနက် သဘောထားကာ လိုက်နာကြသဖြင့် သာသနာတော်ဝယ် အောင်မြင်မှုရကြသည်။ အရှင်ဉာနာဝါသမှာ သီဟိုဠ်နိုင်ငံ ရွှေကျင်နိကာယ၏ဥက္ကဋ္ဌအဖြစ် သာသနာပြုလျက် ရှိသည်။ သီဟိုဠ်မြန်မာ ရွှေကျင်သာသနာကို ဆရာတပည့် အဆက်ဆက် ဆောင်ရွက်ခဲ့သည်။

## လူ့ပီသရေးအလေးပေးသင်ပြ

ဆရာတော်သည် မိမိ၏တပည့်ရဟန်းရှင်လူတို့ကို အသိဉာဏ်ပါပါ ယုံကြည်သက်ဝင်မှုခိုင်မာသော သာသနာတော်အတွက် တိုက်စစ်အားကောင်းသော ခံစစ်လုံသော ခံစစ်မှုတစ်ဖက်သူတို့မထိုးဖောက်နိုင်သော တံခါးမှူးများဖြစ်စေရန် မျှော်လင့်ချက်ထားပြီး အရံတပ်သား၊ ကျောင်းသားလူငယ်များကို လူကောင်းလူတော်ဖြစ်ရေး၊ လူ့ပီသရေးအတွက် အလေးပေးဆောင်ရွက်ပေးခဲ့သည်။ သချိုင်း၏ ဤမှာဘက်လောက်ကိုသာ ကြည့်ရှုတတ်ပြီး ကိုယ်အခွင့်အရေးသာတုန်းတိရစ္ဆာန်များပမာ နိုင်ရာစားသော သဘောတရား အယူဝါဒ အတွေးအခေါ်များကို ပွေပိုက်၍ သူတစ်ပါးထမင်းလုတ်ကို လုတတ်ကြသည့် "လုဝါဒီ"များ ဖြစ်လာမည်ကို စိုးရိမ်ရွံ့မုန်းသလို ဘူးလုံးနားမထွင်း အသိဉာဏ်ကင်းပြီး အငတ်ငတ်အပြတ်ပြတ် လူးလိမ့်ခံစားရသော အဖိနှိပ်ခံ "လူးများ" ဖြစ်မည်ကိုလည်း ကြောင့်ကြသည်။

"လူ" ဆိုသည်မှာ ကိုယ်ကျင့်သိက္ခာ၊ အသိပညာ၊ မေတ္တာ ကရုဏာ စသော ဂုဏ်အင်္ဂါတို့ဖြင့် တည်ဆောက်ထားသူသာ ဖြစ်ရမည်။ ထင်ရာလုပ်၊ ထင်ရာပြောလူ့ကျင့်ဝတ်လူ့စိတ်ဓာတ်လူ့အသိကင်းလွတ်ပြီးကရုဏာမေတ္တာ မုဒိတာခေါင်းပါးသူမဖြစ်ရပေ။ ပညာမဲ့၊ အသိမဲ့၊ သတိမဲ့၊ ဘာသာမဲ့၊ သာသနာမဲ့၊

အမျိုး ဘာသာ သာသနာစိတ် နိမ့်ကျ အဖိနှိပ်ခံ လူ့သုညလည်း မဖြစ်ရပေ။ လူပီသရေးမှာ ဗုဒ္ဓဘာသာ အသိဉာဏ်ပေါ် အခြေစိုက်နေရမည်။ ဗုဒ္ဓဘာသာ အသိဉာဏ်သည် ဤကမ္ဘာလောကတွင် သတ္တဝါတိုင်းလိုက်နာကျင့်ကြံရမည့် အကောင်းဆုံး အမှန်ဆုံး အကျိုးရှိဆုံးဖြစ်သည်ဟု တစ်ထစ်ချယုံမှားမရှိ ယုံကြည်သည်။ သင်ကြားမှုသည် သုတကို တိုးပွားစေသည်။ သုတသည် ပညာကိုတိုးစေသည်။ ပညာဖြင့်သာအကျိုးရှိသောလုပ်ငန်းများကိုသိမြင်နိုင်သည်။ အသိတရားရှိမှ အကျိုးစီးပွားလွယ်လွယ်ကူကူ ရနိုင်သည်ဟူသော ထေရဂါထာပါဠိ စာမျက်နှာ ၂၅၀ လာ မဟာနန္ဒထေရ်၏ နည်းလမ်းညွှန်ပြမှုကို ယုံကြည်ခဲ့သည်။ မဟာစုန္ဒမထေရ်၏ ညွှန်ပြချက်သည် သချိုင်း၏ ဤမှာဘက်လောက်ကိုသာ ကြည့်မြင်တတ်သည့် ဘာသာရေးအကွပ်မဲ့ အသိမျိုး မဟုတ်ပေ။ စစ်မှန်သောအကျိုး ဘဝသံသရာ အကျိုးကောင်းများကို ဖော်ဆောင်သွားနိုင်သည့် ဘာသာရေးထိန်းကွပ်မှုပါသော ပညာရေးစနစ်ကို "မှု" အဖြစ် သတ်မှတ်တော်မူသည်။ ဆရာတော်၏ သတ်မှတ်မှုမှာ လူတော်လူကောင်း လူပီသရေးအတွက် "မှု" လည်းကောင်း "လူ" လည်းကောင်းစေမည့် ဘုရားရှင်၏ အဆုံးအမတော် ဖြစ်လေသည်။

## သင်ကြားပေးသော ဘာသာရပ်များ

ဆရာတော်သည် မိမိ၏တပည့်များကို ဗုဒ္ဓဘာသာစာပေယဉ်ကျေးမှု အမွေများကို ဆက်ခံစေလိုသည်။ ယခုခေတ်ပညာရေးသည် လောကီလောကုတ္တရာ နှစ်ဖြာကွဲပြားနေသည်။ လောကီပညာရေးသည် ဘဝတစ်သက်တာ အသက်မွေးမှုလောက်ကိုသာ အထောက်အကူပြုနိုင်သည်။ လောကီပညာရေး တတ်ကျွမ်းရုံလောက်မျှနှင့် လူတစ်ယောက်အတွက် လုံလောက်မှု မရှိသေးပေ။ လူသည် ယခုဘဝ နောင်ဘဝများစွာ သံသရာကို ကျင်လည်ရဦးမည်။ လောကီပညာရေးသည်သံသရာဘဝကောင်းစားရေးသံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ရေးအတွက် မည်သို့မျှအထောက်အကူမပြုနိုင်ပေ။ ရှင်တော်ဗုဒ္ဓ၏ ဗုဒ္ဓဓမ္မ သံဃာ့ရေးရာအဖြာဖြာကို အခြေခံမှာမူ လောကုတ္တရာ ပညာရေးဟု ဆိုရမည်။

လောကုတ္တရာပညာရေးသည်သာ လူတစ်ယောက်အတွက် လုံလောက်သော အသိဉာဏ်ပါသည့် ပညာရေးဖြစ်သည်။ ထိုပညာရေးကို မိမိသည် ပိဋကတ်စာပေများမှ ရရှိခဲ့သဖြင့် မိမိကျွမ်းကျင်သော လမ်းဖြစ်သည်။ ထိုပညာရေးကို တတ်ကျွမ်းလျှင် ဤဘဝလည်း ချမ်းသာရသလို သံသရာဘဝများစွာအတွက်လည်း အဖိုးတန်လှသည်။ မိမိဘဝကို သုံးသပ်လျှင် လောကုတ္တရာပညာ တတ်ကျွမ်းခဲ့သဖြင့် ယခုလိုချမ်းသာသုခ ခံစားရခြင်းဖြစ်သည်။ ငွေကုန်ကြေးကျလည်းမရှိ၊ လူပီသသော ပညာဉာဏ်ကို ရရှိနိုင်သဖြင့် လောကုတ္တရာ ပညာအမွေကို အဆင့်ဆင့်ပေးခဲ့သည်။

ယဉ်ကျေးမှု၊ လူမှုရေး၊ ဘာသာရေးတို့ကို လမ်းညွှန်ပြသော ကျောင်းသားကျင့်ဝတ်၊ ဘုရားရှိခိုး၊ သံဃာတော်တို့နှင့် ဆက်ဆံနည်း၊ သိင်္ဂါလောဝါဒသုတ်လာ သားသမီးကျင့်ဝတ် မိဘကျင့်ဝတ်စသော ကျင့်ဝတ်များ၊ မင်္ဂလာတရားတော် လောကနီတိ ပရိတ်တော်များ ပဋိစ္စသမုပ္ပါဒ် အတွင်းယဉ်ကျေးခြင်း၊ ကလျာဏပုထုဇဉ်ဖြစ်အောင် ပြုကျင့်နေထိုင်နည်းနှင့် ဘဝအတွက် တွက်ချက်တက်စေရန် ဂဏန်းသင်္ချာဘာသာရပ်တို့ကို သင်ပေးသည်။

ဤစာပေများမှ ရရှိသော အသိဉာဏ်စွမ်းအားကြောင့် ကျောင်းမှထွက်၍ လူ့လောကကို တည်ဆောက်သောအခါ အိမ်တွင်းသာယာမှု ရပ်ရွာနယ်ပယ် တိုင်းနိုင်ငံယဉ်ကျေးလိမ္မာ သာယာတိုးတက် စည်းလုံးညီညွတ်မှုတို့ကို လုပ်ကိုင်နိုင်လာကြသည်။ ရပ်ရွာနယ်ပယ် ငြိမ်းချမ်းသာယာပါမှ လူ့ဘဝသာယာမည်၊ ငြိမ်းချမ်းမည်၊ ပျော်ရွှင်စရာ ဖြစ်ပေသည်။

မင်္ဂလာတရားတော်၏ အဓိပ္ပာယ်မှာ ကြီးပွားရေး၊ တိုးတက်ရေးဟု အဓိပ္ပာယ်ရသည်။ လောကကြီးပွားရေးကိုသာမက တမလွန်ကြီးပွားရေးကိုပါ မင်္ဂလာတရားတော် ကျင့်ဝတ်များက တာဝန်ယူထားသည်။ လောကမျက်မြင်အားဖြင့် လေ့လာကြည့်လျှင်လည်း မင်္ဂလာတရားတော်တို့ မှန်ကန်ကြောင်းသိရသည်။ မျက်မြင်ကြီးပွားချမ်းသာနေသူတို့သည် သင့်တော်သည့် အရပ်ဒေသ၌ နေရခြင်း၊ အပေါင်းအသင်းကောင်းခြင်း၊ သောက်စားမူးယစ်မှု ဟော့ရမ်းမှုမရှိခြင်း အသိပညာအတတ်ပညာ လောကထုံးတမ်းစဉ်လာ ဥပဒေတို့ကို

နားလည်ကြသူများ ဖြစ်သည်။ မင်္ဂလာတရားတော်အတိုင်း လိုက်နာလျှင် ယခုဘဝ၊ နောင်ဘဝ နိဗ္ဗာန်ရသည်အထိ တိုးတက်ကြမည်။ ကျောင်းသားတို့ သင်ယူရသဖြင့် စိတ်ကောင်းနလုံးကောင်း ပညာရှိသူတော်ကောင်းတို့ ဖြစ်လာကြသည်။

## သေးဟာရုပ်လား နာမ်လား

တစ်နေ့သောအခါ ကျောင်းသားတစ်ယောက်က သူ့ခြေထောက်ကို သေးပန်းခံရကြောင်း လာလျှောက်သည်။ အလျှောက်ခံရသော ကျောင်းသားကလည်း မတော်တဆဖြစ်ရကြောင်း လျှောက်ပြန်သည်။ ဆရာတော်က ဒို့ မေးပါဦးမယ် မင်းဖြေပေ့။ မကျေနပ်လည်း သူ့ကိုဒဏ်ပေးရတာပေ့။ အဲဒီသေးဟာ ရုပ်လား၊ နာမ်လား၊ ရုပ်တရားပါ ဘုရား။ မင်းခြေထောက်ကရော ရုပ်ပါဘုရား၊ ရုပ်ရုပ်ချင်းထိတာမဟုတ်လား။ ဒါရွံစရာလား ရွံစရာမဟုတ်ပါဘူး။ ကဲ… ဒီတော့ ကျေနပ်ပြီလား။ ကျေနပ်ပါပြီ ဘုရား၊ အေး… ရုပ်ရုပ်ချင်းထိတာ ဘာမှအပြစ်မရှိဘူး။ အဲဒါကို အကြောင်းပြုပြီးပေါ်လာတဲ့ နာမ်တရားက နလုံးသွင်းမတတ်ရင် အပြစ်ဖြစ်တတ်တယ်။ စိတ်ဆိုးတယ်ဆိုတာ ဒါပဲ တပည့်ဟု ရှင်းပြမှ ကျေအေးသွားသည်။

## တစ်ကိုယ်လုံးမှာ အမြတ်ဆုံးဟာဘာလဲ

ဆရာတော်သည် ကလေးနားလည်လောက်အောင် တရားဟော ဆုံးမလေ့ ရှိသည်။ ကျောင်းသားများကို မေးခွန်းထုတ်သည်။ မင်းတို့ကိုယ်မှာ ဘယ်ဟာအမြတ်ဆုံးထင်သလဲ၊ ဆံပင်ပါဘုရားဟု စဉ်းစား၍ ဖြေကြသည်။ အဲဒီဆံပင်ဟာ ခေါင်းမှာနေတုန်းကတော့ နှစ်သက်စရာလို့ ထင်ရတယ်။ အဲဒီဆံပင်ဟာ ကျွတ်ပြီး ထမင်းပန်းကန်ထဲရောက်လာလျှင် နှစ်သက်စရာလား၊ ရွံစရာလား၊ ရွံစရာပါဘုရား… အေး… အဲဒီတော့ ခန္ဓာကိုယ်ကြီးမှာရှိတဲ့ ခြေသည်း လက်သည်း၊ သွားစသည်တို့ဟာ ဆံပင်လိုပဲ ရွံစရာတွေပါပဲ၊ ခန္ဓာကိုယ်မှာ ရှိတုန်းကတော့ ငါ့ဥစ္စာဆိုပြီး အထင်လွဲနှစ်သက်နေကြတာ။ စင်စစ်အားဖြင့်

တော့ ခန္ဓာကိုယ်မှာရှိသည်ဖြစ်စေ အခြားနေရာမှာရှိသည်ဖြစ်စေ ရွံစရာသာ ဖြစ်တယ်။

ဤသို့ဖြင့် ဘာသာရေးအခြေခံရင့်လာအောင် ဟောပြသည်။ ကျောင်းသားလေးတွေက တပည့်တော်တို့ထက် သာကုန်ပါပြီဘုရား တပည့်တော်တို့က သူတို့ကို အတုခိုးနေကြရပါပြီဟု အမှန်သိမြင်သော လူကြီးများက လျှောက်ထားဝန်ခံလာကြသည်။

## သိမ်သမုတ်ခြင်း

ဆရာတော် ဓမ္မာရုံကျောင်းမှာ အသစ်တည်ထောင်ရသော ကျောင်း ဖြစ်၍ သီးခြားဖွဲ့ထားသော ခဏ္ဍသိမ်မရှိချေ။ သီးခြားသိမ်တစ်ခုသမုတ်ရန် ဒကာများကို တိုင်ပင်ကြ၏။ မန္တလေးရှိ ကျေးဇူးရှင်မဟာ ဝိသုဒ္ဓါရုံဆရာတော် ကြီးထံ လျှောက်ထား၍ ကိုယ်တော်တိုင် ကြွရောက်ချီးမြှောက်တော်မူပါရန် တောင်းပန်သဖြင့် ၁၂၆၇ ခုနှစ် တန်ခူးလပြည့်ကျော် ၁၂ ရက် ပုသိမ်ကျောင်း တိုက် အလှူခံကြွရန် ရှိသည်။ ပုသိမ်မှအပြန် ဝင်ရောက်ချီးမြှင့်မည်ဟု ပြန် ကြားချက်ရသည်။

ဝိသုဒ္ဓါရုံဆရာတော်ကြီး ပုသိမ်ရောက်ပြီဟုကြားလျှင် စံကင်းဆရာ တော်ကိုယ်တိုင် ပုသိမ်လိုက်သွားသည်။ နေဖြူ ကျုံပျော်တစ်ဖက်ကမ်း ခဲပေါင် ရွာသို့ ခြေကျင်ကြွ၏။ ထိုမှ ကျောင်းကုန်းသို့ ခရီးဆက်ရ၏။ ကျောင်းကုန်းမှ ပုသိမ်သွားရန် စီစဉ်ထားသော်လည်း ကျောင်းကုန်း ဒက္ခိဏာရုံကျောင်းတိုက် ၌ပင် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးကို တွေ့ရသည်။

မောင်စန္ဒ ဒို့ရေးတဲ့ ပစ္စယေလက်ကကိုင်မပြုရာစတဲ့ ဂါထာရရဲ့လား၊ ရကြောင်းပါဘုရား။ အဲဒီဂါထာကို အနက်ရေးရန် မိန့်သည်။ စံကင်းဆရာတော် သည် ကျေးဇူးရှင်ဆရာတော်ကြီး၏ အမိန့်အရ ထိုဂါထာနစ်ပုဒ်ကို အနက်ရေး ပြီးလျှင် ဆက်ကပ်ခဲ့သည်။ သို့သော် ထိုအနက်သည် ဆရာတော်ကြီးလက် တွင်းရောက်မှ ပျောက်သွားသဖြင့် ဆရာတော်ကြီးကိုယ်တိုင်ပင် အနက် ပြန် လည်ရေးသားရသည်။ သို့ဖြင့် ဆရာတော်ကြီးသည် စံကင်းသို့ ဒုတိယ

အခါက် ကြွရောက်ခဲ့ရသည်။ နှစ်စဉ်နှစ်တိုင်း ဝါဆိုလဆန်း ၈ ရက်နေ့တွင် မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး၏ အထိမ်းအမှတ်ပွဲသဘင်ကို ယခုတိုင် ကျင်းပ ပြီး ပုညကာရီအသင်းတို့ ရွှတ်ဆိုသီကျူး ကျေးဇူးအမြဲအောက်မေ့ကြဆဲပင် ဖြစ်သည်။

၁၂၆၇ ခုနှစ် နှစ်ဦးပိုင်း၌ ကျေးဇူးရှင်မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး၏ ဦးစီးဆောင်ရွက်မှုကြောင့် သာသနာတော်၏ မူလဘူတဖြစ်သော ဝိနည်းကံ သံဃာ့ကိစ္စဆောင်ရွက်စရာ သိမ်(သီးခြားဌာန)သည် အောင်မြင်စွာ ပြီး မြောက်ခဲ့လေသည်။

## ဂိုဏ်းထောက်တာဝန်

မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးသည် ထိုအချိန်၌ အရပ်ရပ်ရှိ မြို့ ရွာဒေသတို့၌ မိမိ၏ ရွှေကျင်ဂိုဏ်းသံဃာတော်တို့ကို ထပ်မံစည်းကြပ်နေဆဲ အချိန်အခါဖြစ်သည်။ အရည်အချင်းအလိုက် ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်း ထောက်ရာထူးတို့ကို ရွေးကောက်တင်မြှောက် သာသနာကြီးပွားတိုးတက် ရေးကို ဆောင်ရွက်တော်မူနေချိန်ဖြစ်သည်။ တပည့်ဖြစ်သော စံကင်းဆရာ တော်ကလေးကိုလည်း အရည်အသွေးအလိုက် ဂိုဏ်းထောက်တာဝန် ပေး အပ်ရန် သတ်မှတ်ထားတော်မူသည်။ သို့သော် နိဝါတ (နှိမ့်ချမှု) မင်္ဂလာဖြင့် တစ်ဖက်သားကို အခွင့်အရေးပေးတတ်သော စံကင်းဆရာတော်လေးသည် ထိုအစီအစဉ်ကို ပယ်ဖျက်၍ အခြားသင့်တော်သာ ပုဂ္ဂိုလ်တစ်ပါးပါးကိုသာ ရွေးချယ်တော်မူပါရန် ရန်ကုန် မင်းကျောင်းဆရာတော်မှတစ်ဆင့် ဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးထံ လျှောက်ထားတောင်းပန်လိုက်သည်။ ဤသို့ ရှောင် လွှဲခြင်းသည် တာဝန်ကိုရှောင်လွှဲလို၍ မဟုတ်ဘဲ ဂိုဏ်းထောက်ဟူသော ရာ ထူး ဂုဏ်ထူးကိုသာ ငြင်းပယ်၍ နိဝါတမင်္ဂလာကုသိုလ်ကို အတုယူလိုက်ခြင်း ဖြစ်သည်။ ထိုစဉ်က ရေပေါက်ဆရာတော်ကြီး ဦးမေဓာကို ဂိုဏ်းအုပ်၊ ဆကာကြီး ဂုံမင်းကျောင်းဆရာတော် ဦးပဏ္ဍိစ္စကို ဝိနည်းမှိုရ်ဂိုဏ်းထောက် ဆရာတော်အဖြစ် သတ်မှတ်တင်မြှောက်ခဲ့သည်။

## အင်္ဂလိပ်ရဟန်း ဦးအာနန္ဒမေတ္တေယျ

အင်္ဂလိပ်ရဟန်းတော် အရှင်အာနန္ဒမေတ္တေယျကိုလည်း အတိုင်းတိုင်း အပြည်ပြည်၌ နိယျာနိက ဗုဒ္ဓသာသနာပြန့်ပွားအောင် "ဗုဒ္ဓသာသနသမာဂမ" အသင်းကြီး တည်ထောင်ကြိုးပမ်းခြင်းကြောင့် "နာနာရဋ္ဌ နိယျာနိက ဗုဒ္ဓသာသနာဘိဝမုက အာနန္ဒမေတ္တေယျ မဟာဇနဂုရု" ဟု ဘွဲ့အမည် ပေးအပ်ချီးမြှောက်တော်မူသည်။ ထိုဘွဲ့ထူးပေးအပ်ချီးမြှောက်ရန် စံကင်းဆရာတော်လေးက ကျေးဇူးရှင် ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးကို အကြံပေးလျှောက်ထားခဲ့သဖြင့် ဆရာတော်ဘုရားကြီးကပါ သဘောကျ ကျေနပ်နှစ်သက်၍ သဘောတူ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ထိုရစန်တော်သည် ခရစ်နှစ် ၁၈၇၂၊ ဒီဇင်ဘာလ ၈ ရက်နေ့၌ အင်္ဂလန် လန်ဒန်မြို့တွင် မွေးဖွားခဲ့သည်။ လူအမည်မှာ ချားလ်စ်ဟင်နရီအယ်လင် ဘင်းနက် ဖြစ်၏။ သူ၏ဖခင်သည် လျှပ်စစ်အင်ဂျင်နီယာတစ်ယောက်ဖြစ်၍ အမေမှာ ဘုရင်ကိုးကွယ်ဘာသာဝင်တစ်ယောက်ဖြစ်သည်။ ငယ်စဉ်ကပင် ဘုရင်ကိုးဘာသာကို မယုံကြည်နိုင်ကြောင်း ကြေညာခဲ့သည်။ ရူပဗေဒဓာတ်ခွဲဆရာ အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း၍ ၁၈၉၀ ပြည့် အသက် ၁၈ နှစ်အရွယ်တွင် "ဆာအက်ဒွင်အာနိုးလ်" ၏ "အာရှအလင်းရောင်" ကဗျာကြီးကိုဖတ်ရပြီး ဗုဒ္ဓဘာသာကို စိတ်ဝင်စားလာခဲ့သည်။ ရနိုင်သမျှသော ဗုဒ္ဓစာပေ အင်္ဂလိပ်ဘာသာပြန် စာပေများကို လေ့လာဖတ်ရှုခဲ့သည်။

၁၈၉၈ ခုနှစ်၌ ဗုဒ္ဓဘာသာကို လေ့လာနိုင်ရန် အရှေ့တိုင်းသို့ ထွက်ခဲ့သည်။ သီဟိုဠ်သို့ရောက်၍ ထင်ရှားကျော်ကြားသော ဘုန်းတော်ကြီးတစ်ပါးထံတွင် ဗုဒ္ဓဓမ္မများကို သင်ယူခဲ့သည်။ ၁၉၀၁ ခုနှစ်တွင် သူ၏ပထမဆုံးသော တရားအဖြစ် "သစ္စာလေးပါးတရားတော်" ကို သီဟိုဠ်၌ ဟောကြားတော်မူခဲ့သည်။ သူသည် မိမိ၏မွေးရပ်မြေဖြစ်သော အင်္ဂလန်၌ သာသနာပြုရန် လွန်စွာစိတ်အားသန်နေ၏။ ရဟန်းတော်ဖြစ်မှ ပို၍သာသနာပြုခရီးရောက်မည်ဟု ယုံကြည်ပြီး သာသနာတော်တွင်းသို့ဝင်ရန် ကြိုးစားသည်။ သီဟိုဠ်၌ အခက်အခဲရှိသဖြင့် ဗမာပြည်သို့ ခြေဦးလှည့်ခဲ့၏။ ပထမဆုံး စစ်တွေသို့ရောက်သည်။ နောက်မှ ရန်ကုန်ရောက်သည်။

၁၉၀၁ ခုနှစ်၌ သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခွင့်ရသည်။ နောက်နှစ် ၁၉၀၂ ခုနှစ် မေလ ၂၁ ရက် (ကဆုန်လပြည့်နေ့) တွင် ရဟန်းဘောင်သို့ တက်သည်။ ထိုနှစ်မှာပင် မန္တလေးသို့ကြွ၍ ရွှေကျီးမြင့်ဘုရား၌ တည်းခိုသီတင်းသုံးသည်။ ရွှေလက်ဝါးဦးကျော်ရန်တို့က သွားရောက်တွေ့ဆုံ၍ အရှေ့ပြင်မဟာဝိသုဒ္ဓါရာမတိုက်ကျေးဇူးရှင် မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးထံ ပင့်ခဲ့သည်။ ထိုနှစ်ရွှေကျီးမြင်ဘုရားတွင်း၌ ဝါကပ်သည်။ အနောက်ဝိသုဒ္ဓါရုံတိုက် တိုက်အုပ်ဖြစ်မည့် ဆရာတော်ဦးဝိစာရက မပြတ်ကြွရောက်၍ ဝိနည်းနှင့်စပ်သမျှတို့ကို သင်ပြရသည်။ သီတင်းကျွတ်သောအခါ အရှေ့မဟာဝိသုဒ္ဓါရုံတိုက်သို့ ကြွရောက်ဂါရဝပြုသည်။ ဝါအငယ်ဆုံးဖြစ်၍ နောက်ဆုံးမှာ နေရာယူဆောင့်ကြောင့်ထိုင်ကာထေရပ်ကြီးတို့၏ပဝါရဏာပြုဖိတ်ကြားချက်တို့ကို နာခံရင်း မိမိ၏ပါဝရဏာပြုအလှည့်ကို စောင့်ဆိုင်းနေစဉ် ညောင်းအားကြီး၍ မူးလဲသွား၏။

"အင်္ဂလိပ်ရဟန်း ဦးအာနန္ဒမေတ္တေယျ ရွှေကျီးမြင့်မှာ ဝါဆိုတယ်။ ဦးကျော်ရန်ပွဲစားကြီး ဦးကာ၊ မန်ကျည်းပင်ဈေး ဦးရင်ကလေးတို့က အရှေ့တိုက်သို့ လိုက်ပို့တယ်။ "နိုင်ငံခြား ဗုဒ္ဓသာသနာပြုအဖွဲ့" ခေါင်းဆောင် ဦးကျော်ရန်တို့နဲ့ ပိုပြီးရင်းနှီးတယ်။ ဝိသုဒ္ဓါရုံဆရာတော်ကြီးထံ ဥပဇ္ဈာယ်ယူပြီး သိက္ခာထပ်သေးသလား မပြောတတ်ဘူး။ အနောက်တိုက် တိုက်အုပ်ဖြစ်မယ့် ဦးဝိစာရက စကားပြန်နဲ့ ဝိနည်းပြောပေးရတယ်။ အရှေ့ကိုလိုက်လာပြီး ပဝါရဏာပြုတယ်။ နောက်ဆုံးမှပြုရလို့ ညောင်းပြီး မူးလဲသွားတယ်။ ဆရာတော်ကြီး ဘွဲ့ပေးတော့ သူက အင်္ဂလန်ရောက်နေပြီ။ ဒို့ကလျှောက်လို့ ဆရာတော်ကြီးက သဘောတူတာ ဘွဲ့ပေးတာပဲ"

အင်္ဂလိပ်ဘုန်းကြီးလေးသည် သာသနာ့အသက်ဖြစ်သာ ဝိနည်းဒေသနာလာ သိက္ခာများကိုလေ့လာလိုက်နာရင်းတစ်ဖက်က သာသနာတော်ပြန့်ပွားရေးအတွက် "အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာအသင်း" တည်ထောင်ရန် ကြိုးစားလေသည်။ သူ၏ရည်ရွယ်ချက်မှာ ပထမ၌ အရှေ့တိုင်းမှာ တည်ထောင်ဖွဲ့စည်း၍ နောင်အခါမှ အနောက်တိုင်းပါ တိုးချဲ့ဖွဲ့စည်းရန် ဖြစ်သည်။

မနားမနေ ကြိုးပမ်းအားထုတ်မှုကြောင့် ၁၉၀၃ ခု၊ မတ်လ ၁၅ ရက်နေ့၌ "ဗုဒ္ဓ သာသနသမာဂမအသင်း"၏ ပထမဆုံး အစည်းအဝေးကို ကျင်းပနိုင်လေသည်။ သူက အသင်း၏ အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ယူ၍ ဆရာတော် ဦးဝိစိတ္တက ဥက္ကဋ္ဌ၊ ဒေါက်တာအီးအာရ်ရော့စ်တ်က အကျိုးဆောင်အဖြစ် တာဝန်ယူကြသည်။ အသင်း၏နာယကမှာ တောင်ခွင်သာသနာပိုင် အရှင်ဝိသုဒ္ဓသီလာစာရ ဖြစ်သည်။ မဟာဝိသုဒ္ဓါရာမဆရာတော်၊ ဆာအက်ဒွင်အာနိုးလ် ရီးစ်ဒေးဗစ် ဇနီးမောင်နံတို့အပြင် အခြားကျော်ကြားသော မြန်မာ သီဟိုဠ် ဗုဒ္ဓဘာသာဝင် ဘုန်းတော်ကြီးများနှင့် လူပုဂ္ဂိုလ်များလည်း ဂုဏ်ထူးဆောင် အသင်းသားများအဖြစ် ပါဝင်ကြသည်။ အသင်းက Buddhism အမည်ရှိစာစောင် ထုတ်ဝေသည်။ စာမျက်နှာ ၂၀၀ ပါ ပထမဆုံးစာစောင် ၁၉၀၃ ခု စက်တင်ဘာလတွင် ထွက်ပေါ်လာသည်။ ကဗျာဆရာကြီး အာနိုးအထူးရေးသားပေးသော ကဗျာကို စာစောင်အစတွင် ထည့်သွင်းဖော်ပြထားသည်။ ယင်းစာစောင်ကို အများအလွယ်တကူ ကြည့်ရှုဖတ်မှတ်နိုင်မည့် နေရာ၌ထားရန် မေတ္တာရပ်ခံ၍ ကမ္ဘာ့စာကြည့်တိုက်ကြီးများသို့ အခမဲ့ပေးပို့ ဖြန့်ဝေသည်။ ဗုဒ္ဓဘာသာကို စိတ်ဝင်စားသူ လေ့လာလိုသူများ များစွာပေါ်ထွက်ခဲ့သည်။ အရှင်အာနန္ဒမေတ္တေယျ မြန်မာပြည်၌ ရှိနေစဉ် ၁၉၀၇ ခုနှစ်တွင် အင်္ဂလန်၌ "ဂရိတ်ဗြိတိန်နှင့် အိုင်ယာလန် ဗုဒ္ဓဘာသာအသင်း" ပေါ်လာသည်။ ထိုအသင်းကို "ရီးစ်ဒေးဗစ်" က ချယ်ယာမင်အဖြစ် အုပ်ချုပ်ဆောင်ရွက်သည်။

ရည်ရွယ်ရင်းဖြစ်သော အနောက်တိုင်း၌ "ဗုဒ္ဓသာသနာသမာဂမအသင်း" တည်ထောင်နိုင်ရေးအတွက် ၁၉၀၈ ခု ဧပြီလတွင် အင်္ဂလန်သို့ သွားလေသည်။ အသင်း၏ငွေထိန်း ဦးလှအောင်၏ဇနီး သားချွေးမများ ပါကြ၏။ အသွားအပြန်ခရီးစရိတ်ကို ဦးလှအောင်၏ဇနီးက ကျခံလှူဒါန်းသည်။ လန်ဒန်၌ နေရန် အိမ်တစ်လုံးရှာထားကြသော်လည်း သဟသေယျသိက္ခာပုဒ်ကြောင့် နေထိုင်ရန်ခက်ခဲသဖြင့် အိမ်တစ်လုံး သီးသန့်ရှာရ၏။ ဥစ္စာသယန မဟာသယနကို လုံးဝပယ်စွန့်ရန် ကြမ်းပြင်ပေါ်မှာပင် အိပ်သည်။ ဝိနည်းကို အတတ်နိုင်ဆုံး ထိန်း၏။ အပြင်ထွက်ရာတွင်လည်း အမြဲကပ္ပိယပါ၏။ သက်န်းရုံ၏၊

ထိုအချိန်တွင် အသက်မှာ ၃၆ နှစ်သာရှိသေးသဖြင့် အလွန်ကြည်ညိုဖွယ်ရှိပါသည်။ တွေ့မြင်သူတိုင်း ကြည်ညိုကြ၏၊ စိတ်ဝင်စားကြ၏။

သို့သော် ၁၈ နှစ်သားအရွယ်ကစ၍စွဲကပ်လာသော ပန်းနာရောဂါက သူ၏စိတ်ဆန္ဒရှိတိုင်း သာသနာပြုနိုင်ရေးကို တားဆီးနေသဖြင့် အခက်တွေ့ရ၏။ ရောဂါသက်သာချိန်၌သာ ဗုဒ္ဓသာသနာပြန့်ပွားရေးအတွက် မနားမနေကြိုးစားရ၏။ ရောဂါသည်ဘဝဖြင့် သာသနာပြုရသည်မှာ ထင်တိုင်းမပေါက်ချေ။ ၁၉၀၈ ခုနှစ် အောက်တိုဘာလ၌ မြန်မာပြည်သို့ ခြေလှည့်ခဲ့၏။ ၁၉၁၃ ခုနှစ်တွင် သည်းခြေကျောက်တည်ရောဂါက ထပ်ဆင့်နှိပ်စက်လာပြန်၏။ ခွဲစိတ်ကုသသော်လည်း အကျိုးမများလှ။ ထို့ကြောင့် ရန်ကုန်ဥတုထက် ပိုသင့်တော်မည့် အစ်မတစ်ယောက်နေထိုင်ရာ အမေရိကန်ပြည် ကယ်လ်ဖိုးနီးယားသို့ သွားရောက်နေထိုင်ရန် ဆုံးဖြတ်လိုက်၏။ သင်္ဘောဆိပ် လီဗာပူးမြို့၌ ဆုံရန် စီစဉ်ထား၏။ သွားစရိတ် မြန်မာပြည်က လှူ၏။ ကပ္ပိယမခေါ်နိုင်သဖြင့် ငွေကိုင်ရန်အခက်အခဲဖြစ်နေ၏။ထို့ကြောင့်သူမြတ်နိုးလှစွာသောရဟန်းဘဝကို ဝမ်းနည်းကြေကွဲစွာဖြင့် စွန့်လွှတ်လိုက်ရသည်။ မေလတွင် လီဗာပူးသို့ရောက်၏။ စက်တင်ဘာ ၁၂ ရက်နေ့တွင် တွေ့ရန် သင်္ဘောပေါ်တွေ့ရန် စီစဉ်ထားကြ၏။ သင်္ဘောပေါ်တက်မည်လုပ်မှ ဒီကျန်းမာရေးအခြေအနေဖြင့် နယူးယောက်ဆိပ်ကမ်းက လက်ခံမည်မဟုတ်ကြောင်း ပြောဆိုတားမြစ်ခဲ့ရသဖြင့် သင်္ဘောခန်းထဲရှိ အစ်မကိုသာ ခေါ်ပေးရန် တောင်းပန်၍ တွေ့ဆုံခဲ့ရသည်။ အာနန္ဒမေတ္တေယျ မလိုက်ရတော့။ လီဗာပူး၌ သောင်တင်နေ၏။ သင်္ဘောထွက်သွား၏။ မကြာမီ ပထမကမ္ဘာစစ်ကြီး ဖြစ်၏။

၁၉၂၃ ခု မတ်လ ၉ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ခါနီးအချိန်ပင် သူတောင်းစားတောင်းသံကြား၍ ပိုက်ဆံပေးခိုင်းသေးသည်။ ဤမျှစိတ်ကောင်းရှိသော သူတော်စင်တစ်ယောက် ဖြစ်၏။ သူ ရေးသားခဲ့သော ကျမ်းများနှင့် စာတမ်းများမှာ အရိယာတို့၏ ပညာ၊ ဗုဒ္ဓဘာသာအကျဉ်းချုပ် သို့မဟုတ် မြန်မာပြည်၏ဘာသာနှင့် အခြားဗုဒ္ဓဘာသာဆိုင်ရာ ဆောင်းပါးများစွာ ဖြစ်၏။

နိုင်ငံခြားသား ဘာသာခြားများသည် အိန္ဒိယ အာရှနိုင်ငံများသို့ စီးပွားရေးနယ်ချဲ့ရန် ရောက်လာကြသည်။ ဒတ်ချ်၊ ပေါ်တူဂီ၊ စပိန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ အင်္ဂလိပ်တို့သည် လက်နက်အင်အားဖြင့် အပြိုင်နယ်ချဲ့ပြီး စစ်အင်အားနည်း၊ စည်းလုံးမှုနည်းပါးသော နိုင်ငံများကို အနိုင်ယူကာ ကိုလိုနီနိုင်ငံအဖြစ် အုပ်ချုပ်ခဲ့ကြသည်။ ထိုအခါ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ဘာသာရေး၊ စစ်ရေးစသည့်အကြောင်းမျိုးစုံကြောင့် လက်အောက်ခံနိုင်ငံများသို့ ရောက်ရှိလာပြီး ဗုဒ္ဓဘာသာ ဟိန္ဒူဘာသာစသော အရှေ့တိုင်းဘာသာရပ်များကို လေ့လာရာမှ ဗုဒ္ဓဘာသာဖြစ်လာကြသူများမှာ အတော်များလာသည်။ ဖန်ဆင်းရှင်ဝါဒနှင့် ကြီးပြင်းလာခဲ့ကြသော အနောက်နိုင်ငံသားများသည် ထူးဆန်း၍ လက်တွေ့ကျင့်သုံးနိုင်သော ဗုဒ္ဓဘာသာသို့ သက်ဝင်ယုံကြည်လာကြသည်။

# အခန်း (၅)

# ဘူမိနက်သန် အောင်မြေမှန်သည့် မန္တလေးသို့ ပြန်ရောက်ခြင်း

ကျေးဇူးရှင် မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးသည် စံကင်းဆရာတော် ကလေးအပေါ် လွန်စွာယုံကြည်အားကိုးသည်။ ရိုးသားဖြောင့်မတ် အမြော် အမြင်ရှိမှု အကြံပေးလျှောက်ထားဖော်ရမှုတို့ကြောင့် အနီးအပါးတွင် ရှိထိုက် သော ပုဂ္ဂိုလ်ဟု ဆုံးဖြတ်ထား၏။ အနီးပြန်ခေါ်ရန် စိတ်ကူးရှိသော်လည်း စံကင်း ကျောက်တိုင်ဒေသ ဒကာ၊ ဒကာမတို့၏ သာသနာရေးကို ငဲ့ကွက်၍ စံကင်း၌ နေထိုင်ခွင့်ပြုထားရခြင်း ဖြစ်သည်။ သို့သော် လိုအပ်ပါက မန္တလေး ပြန်ခေါ်ရန် စိတ်အစဉ်မှာ အမြဲသိမ်းထား၏။

ဆရာတော်လေးဦးစန္ဒ၏ တစ်ခါက အကြံပေးလျှောက်ထားမှု ဖြစ်ခဲ့ သည်။ ကုသိုလ်ပါရမီတရားတို့ ယိုစီးကျရာ အပေါက်သဖွယ်ဖြစ်သော တရား ခြောက်ပါးတို့ကို ပိတ်ဆို့ဖာထေးရန် နည်းတို့ကို ညွှန်ပြသော "ဆိဒ္ဒပိဓာနနီ" ကျမ်းကြီးကို ရေးသားတော်မူရင်း ယောအတွင်းဝန် ဦးဘိုးလှိုင်ရေးသော "ဝိမုတ္တိရသကျမ်း" ၏ မှားယွင်းသောအချက်တို့ကို ကျယ်ကျယ်ဝန်းဝန်း ထောက်ပြရှင်းလင်းပြီး လမ်းမှန်ကျအောင် ညွှန်ပြတော်မူခဲ့သည်။ ဆိဒ္ဒပိဓာနနီ

ကျမ်း စာမူကြမ်းကို ကြည့်ရှုခွင့်ရသော စံကင်းဆရာတော်လေး ဦးစန္ဒက "ရွှေပြည်ဝန်ကြီး၏ဝိမုတ္တိရသကျမ်းနှင့် ပတ်သက်သော အချို့ရေးသားချက်တို့သည် သူနှင့်စပ်သူတို့ စိတ်မချမ်းမသာဖြစ်ရန် အကြောင်းရှိပါကြောင်း" လျှောက်ထားခဲ့၏။ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးကမူ "ရွှေပြည်ဝန်ကြီးရဲ့ အယူအဆ အရေးအသားတွေဟာ မှားနေတယ်။ သူ့ကို အထင်ကြီးပြီး သူ ရေးတာတွေ အမှန်ထင်ကာ ယူများပြောမှားဖြစ်ပြီး ဆင်းရဲကြလိမ့်မယ်" ဟု အကြောင်းပြမိန့်တော်မူပြီး လျှောက်ထားချက်ကို ပယ်ချခဲ့သည်။ သို့သော် စံကင်းဆရာတော်ကလေးဦးစန္ဒ၏လျှောက်ထားချက်ကြောင့် အချို့စကားလုံးများကို ဖြုတ်ချထားခဲ့သည်။ ၁၂၆၆ ခုနှစ်တွင် ရန်ကုန်မြို့ပြည်ကြီးမဏ္ဍိုင်ပုံနှိပ်တိုက်၌ပြန်လည်ရိုက်နှိပ်သောစာအုပ်ထွက်လာသောအခါ ရွှေပြည်ဝန်ကြီးနှင့် စပ်နွယ်သူအချို့က မခံမရပ်နိုင်ဖြစ်ကြတော့၏။ ရွှေပြည်ဝန်ကြီး၏သားမက် ရွှေပြည်ဦးမောင်ကလေး၊ စာရေးဖြစ်သော ဥယျာဉ်အုပ်ကြီး ဦးဆင်တို့တစ်သိုက်က တရားစွဲရန် စီစဉ်ကြ၏။ ဆရာတော်ကြီးကမူ "ကိုယ်သိတိုင်း ရေးတာပဲ။ စွဲချင် စွဲပေါ့" ဟု အမိန့်ရှိ၏။

ရွှေပြည်ဦးမောင်လေးနှင့် ဦးဆင်တို့သည် ကင်းဝန်မင်းကြီး၏ အကြံပေးချက်အရ အရှေ့ဝိသုဒ္ဓါရာမတိုက်အုပ်ကြီးထံ လျှောက်ထားရာ တိုက်အုပ်ကြီးက ထိုကိစ္စပြေငြိမ်းရန် ပြောဆိုလိုက်သည်။ နောက်မှဆရာတော်ကြီးကို အသိပေးလျှောက်ထား၏။ မဟာဝိသုဒ္ဓါရာမဆရာတော်ကြီးကား လေးနက်တည်ကြည်လှ၏။ ထိုကိစ္စကြောင့် ညှိုးမှိန်မှုမရှိ၊ ပြုံးပြုံး ပြုံးပြုံးနှင့် မိမိဆောင်ရွက်ရမည့် ဘာသာရေးကိစ္စတို့ကို မငဲ့မစောင်း ဆက်လက် ဆောင်ရွက်နေတော်မူသည်ကို တပည့်အများတွေမြင်ရသဖြင့် ပို၍ကြည်ညိုကြ၏။ ရွှေပြည်ဝန်ကြီးမှာအထူးကျော်ကြားထင်ရှားသောစာပေပညာရှင်ကြီးဖြစ်သော်လည်း မဟာဝိသုဒ္ဓါရာမဆရာတော်ကြီးမှာ စာပေအရာနှံ့စပ် ကျွမ်းကျင်တော်မူသည် ဖြစ်၍ ရဲဝံ့စွာဝေဖန်ခဲ့ခြင်း ဖြစ်လေသည်။ ထိုကိစ္စနှင့်ပတ်သက်၍ စကားစပ်မိတိုင်း "မောင်စန္ဒကတော့ ပြောပေသားပဲ" ဟု ကျေးဇူးစကားဆိုလေ့ ရှိသည်။

ဆရာတော်ကြီးမှာ နှိပ်ထိုက်သူကို ကရုဏာဖြင့်နှိပ်၍ ချီးမြှောက် ထိုက်သူကို အနုဂ္ဂဟတရားဖြင့် ချီးမြှောက်လျက် သာသနာပြုရာ၌ စံပြု လောက်သော ပုဂ္ဂိုလ်ကြီးဖြစ်သည်။ ဘုရားရှင်သည်လည်း ထိုနည်းအတိုင်း ပင် သာသနာပြုခဲ့သည်။ "အထ ခ ပန တွံ မောဃပုရိသ အတ္တနာဒုဂ္ဂဟိတေန အမှေစေဝ အဗ္ဘာစိက္ခသိ၊ အတ္တာနဉ္စ ခဏသိ၊ ဗဟုံစ အပုညံ ပသဝတိ၊ တံ ဟိတေ မောဃပုရိသ ဘဝိဿတိ ဒီဃရတ္တံ အဟိတာယ ဒုက္ခာယ" စသည်ဖြင့် မူလပဏ္ဏာသပါဠိ မဟာတဏှာသင်္ခယသုတ် စာမျက်နှာ ၃၂၅ စသော သုတ် တို့တွင် ဟောတော်မူသည်။

နှိပ်ထိုက်သူကို နှိပ်ကွပ်ဆုံးမ လမ်းမှန်ပြပြီး ချီးမြှောက်ထိုက်သူကို လည်း မြှင့်တင်ချီးမြှောက်ခဲ့သည်။ ချီးမြှောက်ထိုက်သူကို မချီးမြှောက်ခြင်း သည် သာသနာကြီးပွားမှုမဖြစ်စေနိုင်သကဲ့သို့ နှိပ်ထိုက်သူကို မနှိပ်ခြင်းသည် လည်း သာသနာတော် ဆုတ်ယုတ်ပျက်စီးကြောင်းဖြစ်သည်။

## ဆရာတော်ကြီးအမိန့်ကြောင့် မန္တလေးသို့ ပြန်ရောက်လာ

၁၂၆၈ ခုနှစ်ဦးသို့ ရောက်လာသောအခါ စံကင်းဆရာတော်လေး ဦးစန္ဒကို မိမိထံမှောက် ပြန်လည်ရောက်ရှိအောင် ခေါ်ယူဖို့ အခွင့်ကြုံလာ၏။ ဆရာတော်ကြီးရေးသော "ဓာတွတ္ထသင်္ဂဟကျမ်း" ကြီး၏ အဖွင့်ဋီကာကို ဝိသုဒ္ဓါရာမိကထေရုပ္ပတ္တိကျမ်းပြုဆရာ သီရိဓမ္မထေရ်၏ ဆရာဖြစ်သော အရှင်ဥပသေနမဟာထေရ်၏ လောကီနည်း သာသနာနည်းအမျိုးမျိုးဖြင့် အကျယ်တဝင့် ဖွင့်ဆိုရေးသားချက်တို့ကို သီဟိုဠ်အက္ခရာဖြင့် ရေးသားပေးပို့ ရောက်ရှိလာသည်။

သီဟိုဠ်အက္ခရာရေး ဓာတွတ္ထသင်္ဂဟဋီကာ ရောက်လာသည်ကို အကြောင်းပြု၍ "ဓာတုတ္ထသင်္ဂဟဋီကာ" ကို ဘာသာပြန်ဖို့ရန် စံကင်းဘုန်းကြီး ကို ပြန်ခေါ်ကြ" ဟု အမိန့်ချမှတ်တော်မူလေသည်။ ထိုအမိန့်တော်ကြောင့် စံကင်းဘုန်းကြီးလေးဦးစန္ဒသည် ၁၂၆၈ ခု ဝါဆိုဦးအခါ မန္တလေးသို့ ပြန်လည် ကြွရောက်တော်မူလာရသည်။ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်းတွင်

သီတင်းသုံးဝါကပ်ပြီး ဘာသာပြန်ကိစ္စ ဆောင်ရွက်တော်မူရသည်။ မြန်မာအက္ခရာဖြင့် တိုက်ရိုက်ပါဠိဘာသာပြန်ဆိုခြင်း ဖြစ်သည်။ မုံရွာလယ်တီကျောင်းတိုက်သို့ ပြန်လည်ဝါဆိုရင်း မဟာဝိသုဒ္ဓါရာမိက ထေရုပတ္တိ ဒီပနီ နိဿယကို လယ်တီပဏ္ဍိတသည် ရေးသားသည်။ တန်ဆောင်မုန်းလတွင် ပြီး၍ ကိုယ်တိုင်ဖတ် လျှောက်တင်ပြချက်ကို စံကင်းဆရာတော်ကလေး အပါအဝင် မဟာဝိသုဒ္ဓါရုံပညာရှင်များ ကြားနာအတည်ပြုကြသည်။

## စံကင်းသို့ ပြန်ကြွခြင်း

ဘာသာပြန်သောအလုပ်ကိုလုပ်ရင်း အခြားသောတိုက်တာ ကိစ္စ၊ ဂိုဏ်းကိစ္စများကိုလုပ်ရင်း ပရိယတ္တိစာပေပို့ချတို့ကိုပါ တွဲဖက်ဆောင်ရွက်နေရင်း ဆောင်းကျွတ်၍ နွေဘက်သို့ရောက်ရှိလာသောအခါ စံကင်းသို့ပြန်ရန် အကြောင်းကြုံလာ၏။ မိမိပြန်ဆိုနေသော ဓာတွတ္ထသင်္ဂဟဋီကာကျမ်းကြီးမှာ သီဟိုဠ်မှ နောက်ထပ်မပို့တော့သဖြင့် ရပ်ဆိုင်းထား၏။ ထို့ပြင် မန္တလေး၌ ပလိပ်ရောဂါကပ် ပြန့်ပွားနေ၏။ ထို့ကြောင့် မိမိတို့သင့်ရာ အရပ်ဒေသတို့သို့ ပြောင်းရွှေ့နေကြရ၏။ ဆရာတော်ကြီးကိုယ်တိုင် သရိုင်ရွာကပင့်ကြ၏။ စံကင်းဒကာများကလည်း စောင့်စားငံ့မျှော်နေကြသဖြင့် စံကင်းသို့ပြန်မှ သင့်မည်ဖြစ်၏။ ထို့ကြောင့် ၁၂၆၉ ခုနှစ် နွေဦးပိုင်းတွင် စံကင်းသို့ပြန်ကြွ၏။ စံကင်းသို့ရောက် သောအခါ စာပို့ချခြင်း၊ ဟောပြောဆုံးမခြင်းဖြင့် သာသနာရေးကိစ္စပို၍ ဆောင်ရွက်တော်မူသည်။ တွံတေးဦးဉာဏိန္ဒ၊ ကျောင်းကုန်း ဦးကိတ္တိ၊ ပုသိမ် ဦးဝေပုလ္လ၊ စံကင်းဦးကလျာဏ၊ ဦးခမ္မောသဓ၊ ဦးဝိမလဗုဒ္ဓိ၊ ဦးဝိမလာစာရ စသော ရဟန်းသာမဏေတို့ ဆရာတော်ထံ စာသင်ချိန်ဖြစ်၏။ တစ်နေ့စာဝါ သုံးဝါချ၍ သာသနာပြုနိုင်ခဲ့သည်။

## ဆရာတော်မေတ္တာနှင့် ကျွဲနှစ်ကောင်

ညနေပိုင်းတွင် ဆရာတော်သည် တစ်မိုင်ခန့်ဝေးသော လဟာပြင်တောသို့ ကျောင်းသား ကိုရင်များနှင့် လမ်းလျှောက်လေ့ရှိ၏။ တစ်ညနေတွင်

လဟာပြင်တောမှအပြန်တွင် လယ်ကွင်းပြင် ကန်စွန်းအိုင်၌ ကျွဲနှစ်ကောင် ခတ်နေရာမှ တစ်ကောင်ရှုံး၍ ဆရာတော်တို့ရှိရာဘက်သို့ ပြေးလာ၏။ နောက်က ကျွဲကလည်း ဒေါသတကြီးလိုက်ခတ်လျက်ရှိ၏။ ကိုရင်ကျောင်းသားတို့ ပြေး၍ နီးရာသစ်ပင်များပေါ်တက်ပြေးကြ၏။ ဆရာတော်ကမူရပ်လျက် ကျွဲနှစ်ကောင်ကို မေတ္တာပို့နေ၏။ ပြေးလာသော ရှေ့ကကျွဲသည် ဆရာတော့်အနားမှာ ဝပ်လာ၏။ နောက်ကကျွဲလည်း ဒေါသပြေ၍ ရပ်နေ၏။ မြင်တွေ့နေရသော ဦးပွင့်၊ ဦးဖိုးရင်၊ ဦးဖီးတို့ ပြေးလာကြပြီး ရိုက်နက်ခြောက်လှန့်ရန် ပြင်ဆင်သော အခါ သတ္တဝါတွေ ဆင်းရဲကုန်ပါ့မယ်။ သူတို့စိတ်ပြေကုန်ပါပြီ ဘုန်းကြီးတို့ကိုလည်း ဘာမှရန်မပြုပါဘူးဟု မေတ္တာရပ်ခံတားမြစ်တော်မူသည်။ ဆရာတော်၏ မေတ္တာတော်ကြီးမားပုံကို ကြည်ညိုမဆုံးနိုင်အောင် ရှိလေသည်။

## မယ်တော်ကြီး စံကင်းသို့ရောက်လာခြင်း

ဆရာတော်စံကင်းသို့ရောက်သည်မှာ လေးနှစ်တွင်း ရောက်လာသည်။ တစ်နေ့နံနက်ခင်းတွင် ဒကာမကြီးတစ်ယောက် ရောက်လာတယ်။ ဆရာတော့်မယ်တော်ကြီးတဲ့ဟူသော အသံနှင့် မရှေးမနှောင်းပင် ကျောင်းပေါ်စာကြည့်ရာနေရာသို့ မယ်တော်ကြီး ရောက်လာသည်။ ရပ်ရွာအကြောင်း မန္တလေးအကြောင်း အနည်းငယ်ပြောဆိုပြီး မယ်တော်ကြီးကို အနောက်ဘက် သီလရှင်ဇရပ်သို့ နေရာပေးလိုက်သည်။ သားနှင့်ကွဲနေသည်မှာ အချိန်ကြာပြီဖြစ်၍ အလွမ်းကို မဖြေသိမ့်နိုင်ဘဲ ဖြစ်လိုရာဖြစ်စေဟု စွန့်စားရောက်လာခြင်းပင် ဖြစ်သည်။ သားစွဲကြီးလှသော မယ်တော်ကြီးကို တရားပြရ၏။

သတ္တဝါဆိုသည်မှာ ကိုယ့်ကံနှင့်ကိုယ် လာကြတာဖြစ်တယ်။ ကိုယ်ဆိုင်ရာဘဝခရီးကို ဆက်ကြရမယ်၊ အမိအဖ သားသမီးစတဲ့ ပညတ်ချက်တို့မှာ တစ်ဘဝအတွက် ဆုံတုန်း ကြုံတုန်း သုံးနှုန်းခေါ်ဝေါ်ထားကြတာ။ ဘယ်သူ့ကို ဘယ်သူက ဆိုင်တယ်လို့ တရားသဘောမရမဆိုသာဘူး။ ကိုယ့်ကိုယ်သော်မှ ကိုယ်မပိုင်ဘူး။ မပိုင်မဆိုင်တာကို ပိုင်ဆိုင်တယ်ထင်မှတ်ပြီး စွဲလမ်းလွန်းနေပါက ဆင်းရဲပိုရုံသာ ရှိမယ်။ အရေးကြီးတာက ကံဆုံလို့တွေ့ကြတုန်း တစ်ဦးနဲ့

တစ်ဦး မေတ္တာ ကရုဏာမှန်နဲ့ ယခုဘဝချမ်းသာ သံသရာချမ်းသာရေးကို ဆောင်ရွက်ကြဖို့ နိဗ္ဗာန်တိုင်ရောက် ပေါက်မြောက်စေဖို့ အားပေးကူညီ ကလျာဏမိတ္တ ပီသဖို့တော့ အရေးကြီးတယ် စသည်ဖြင့် နည်းမှန်၊ လမ်းမှန် ဖြစ်အောင် ဟောပြတော်မူသည်။ မယ်တော်ကြီးသည် စံကင်း၌ တော်တော် ကြာကြာနေပြီးမှ အညာပြန်၏။ သားရဟန်းကိုလည်း အထက်အညာသို့ ပြန်ကြွရန် လျှောက်ထားလိုသော်လည်း မလျှောက်ဝံ့ခဲ့။ ဆရာတော်ကမူ အကဲခတ်မိ၍ သနားငဲ့ညှာစိတ် များစွာဖြစ်ခဲ့ရသည်။

## မောင်စန္ဒကို လက်မလွှတ်နဲ့

ကျေးဇူးရှင်မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးသည်ယခုအခါသက်တော် ၇၃ နှစ် ရှိနေပေပြီ။

ဇိဏ္ဏာ အင်္ဂ စ နာရ စ၊ ဂတ္တာနိ နဝဟန္တိမေ

ဇိဏ္ဏာဝ သကဋ္ဌော ဘာရံ၊ သာယံ လောကဿ ဓမ္မတာ။

ငါ၏အရိုးအကြောတို့သည် အိုမင်းလျော့ရဲကုန်ပြီ။ လှည်းအိုကြီး သည် ဝန်ကိုမဆောင်နိုင်သကဲ့သို့ ထိုအရိုးအကြောတို့သည် ငါ၏ကိုယ်အင်္ဂါ တို့ကို မဆောင်ရွက်နိုင်ကြတော့။ ဤသို့ဖြစ်ရခြင်းသည် လောကတံထွာ ဓမ္မတာပင်တည်းဟု စိတ်သွားတိုင်း ကိုယ်မပါ လိုရာကိစ္စတို့ကို အလိုရှိတိုင်း မဆောင်ရွက်နိုင်တော့သဖြင့် ညည်းညူကာ သံဝေဂပွား ရှုစားနေရသော အကြိမ်များ၍ များ၍လာတော့၏။

သို့အတွက်ဆရာတော်ကြီးသည်အားကိုးလောက်သောတပည့်ကြီး များအနီးအပါးတွင် ရှိစေချင်သည်။ တိုက်တာဝန်၊ ဂိုဏ်းတာဝန်တို့ကို ဝေမျှ ယူစေချင်သည်။ မိမိကို ကူညီစေချင်သည်။ ဆရာတော်ကြီး တောင့်တ မျှော်လင့်သည့် တပည့်ကြီးများထဲတွင် စံကင်းဆရာတော်သည် ထိပ်တန်းက ပါဝင်၏။ စံကင်းဆရာတော်၏ ဖြောင့်မတ်တည်ကြည်မှုကို ဆရာတော်ဘုရား ကြီး အမြဲယုံကြည်သည်။ စံကင်းဆရာတော်၏ ရှေ့ရေးအမြော်အမြင်ရှိမှုကို လည်း အားရသည်။ စိတ်ကောင်းနှလုံးကောင်းဖြင့် အရာရာပြေပြစ်အောင်

ဆောင်ရွက်တတ်သော စံကင်းဆရာတော်နှင့် တိုက်တာဝန်၊ ဂိုဏ်းတာဝန်တို့ ပိုမိုသင့်လျော်သည်။ ဆရာတော်ဦးစန္ဒကို လက်လွှတ်ထား၍ မဖြစ်ဟု မြင်တော်မူသည်။

"ဦးပဥ္စင်း ဒို့မရှိတဲ့နောက် ဥက္ကဋ္ဌဆိုတာတော့ ဂိုဏ်းကရွေးချယ်သူ ဖြစ်ရမှာပဲ။ ဒါပေမဲ့ တိုက်ထဲကတော့ ဦးပဥ္စင်းမခွာနဲ့။ မောင်စန္ဒကိုလည်း လက်မလွှတ်နဲ့"ဟု ထိုစဉ်က တိုက်ကြပ် နောင်အခါ ပဋ္ဌမဝိသုဒ္ဓါရုံတိုက်အုပ်ဆရာတော် အဋ္ဌမရွှေကျင်နိကာယဥက္ကဋ္ဌ ကန်ဦဆရာတော်အား မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးက မိန့်တော်မူခဲ့သည်။

ဤသို့ အားထားမျှော်လင့်နေကြောင်းသိရသောအခါ စံကင်းဆရာတော်သည်ကျေးရွာရှင်ဆရာတော်ကြီး၏ခြေတော်ရင်းသို့ပြန်၍ပေးအပ်သော တာဝန်ကို ထမ်းဆောင်ရန်မှတစ်ပါး အခြားမရှိတော့ပေ။ ထို့ကြောင့် ဆရာတော်သည် ၁၂၇၃ ခုနှစ်၌ မဟာဝိသုဒ္ဓါရုံတိုက်သို့ ပြန်ကြွတော်မူခဲ့သည်။

"မန္တလေးသို့ပြန်ရတာ ဒကာမကြီးနဲ့ ဆရာတော်ဘုရားကြီးကို အကြောင်းပြုတယ်။ ဒကာမကြီးက ရွာမှာ ဘုန်းကြီးကို သတိရတယ်၊ လွမ်းတယ်လို့ ပြောပြနေတယ်လို့ ပြောကြတယ်။ ဆရာတော်ဘုရားကြီး ခြေတော်ရင်းပြန်၍ တာဝန်ထမ်းဆောင်လိုလို့ စံကင်းမွှာရုံကျောင်းတိုက်ကို ရွှေဘိုနယ် ဝက်လက်အနီး အင်းဘဲရွာဇာတိ ဦးပညာဒီပစသော တပည့်များကို စောင့်ရှောက်စေခဲ့တယ်။ ဆရာတော် မန္တလေးပြန်ကြွခါနီး မြစ်ဆိပ်၌ လိုက်ပို့သူတွေဟာ တချို့က မှိုင်ဖြစ်နေတယ်။ ဆရာတော်က "ဒို့ ဩဝါဒပေးခဲ့မယ်၊ ဒို့ မရှိပေမဲ့ အဲဒီဩဝါဒအတိုင်း နေရစ်ကြ"လို့ မိန့်တော်မူပြီး လိုက်ဆိုကြရန် "ဖြဟွစိုရ်လေးဆူ တရားဟူသည် နတ်လူချစ်ဆေး ရှုတိုင်းမွှေး"လို့ ချပေးတယ်။

မန္တလေး ဝိသုဒ္ဓါရုံတိုက်သစ်သို့ ပြန်ရောက်စ အောင်မြေသာစည် အလယ်ကျောင်းကြီးအောက်ထပ်တွင် နေတယ်၊ စာချပေးတယ်။ ဆရာတော်ကြီးထံမှ ပဒ်စစ်ဂဏ္ဌိကျမ်းပြု အရှင်စာရိတ္တနှင့်အတူ ပါရာဇိကဏ် အဋ္ဌကထာကြီးကို ထပ်မံလိုက်တယ်။ မဟာဝိသုဒ္ဓါရုံပါရာဇိကဏ် အဋ္ဌကထာနိဿယကို

ရေးတယ်။ နောင်အခါ သိမ်တိုက်ထဲ ပြောင်းနေရင်း ဆန်းကျမ်းကို ပို့ချတယ်။ ဆန်းပို့ချရင်း ပါဠိဂါထာသီကုံးနည်းတို့ကို သင်ပြရေးသားစေတယ်။

## ယွန်းကျောင်းဘုန်းကြီးဘဝနှင့် လင်းယဉ်သို့ခေတ္တ

၁၂၇၄ ခုနှစ်တွင် မန္တလေးပဲလှော်ချောင်ရပ်နေ ဒေါ်ထယ်က ဝိသုဒ္ဓါရုံ တိုက် ရာဟုထောင့်တွင် ကျောင်းဆောက်၍ လှူရတယ်။ အထက်က ယွန်း ဆောင်ပါရှိ၍ ယွန်းကျောင်းသမုတ်ကြတယ်။ စံကင်းဆရာတော် အုပ်ချုပ်ရ တယ်။ ၁၂၇၅ ခုနှစ်မှာ သိမ်တိုက်ထဲက ယွန်းကျောင်းသို့ ရွှေ့ပြောင်းတယ်။ ၁၂၇၇ ခုနှစ် ဝါခေါင်လလောက်တွင် မန္တလေးမြို့၌ ဝမ်းရောဂါကပ်ရောက် သဖြင့် ရောဂါကင်းရာ ဝါတွင်းကြီးမှာပင် အခြားအရပ်သို့ ကြွကြရတယ်။ စံကင်းဆရာတော်လည်း မနေသာတော့ဘဲ တော်သလင်းလမှာ ဇာတိရပ်ရွာ ပြောင်းရတယ်။ လင်းယဉ်ကျောင်းကြီးတွင် သီတင်းမသုံးဘဲ ဆရာတော် ဦးပုည၏ ရွှေဘုံသာကျောင်းတွင် သီတင်းသုံးတယ်၊ ဦးပုညနှင့် စံကင်းဆရာ တော်မှာ လွန်စွာချစ်ခင်ကြတယ်။ စံကင်းမှလိုက်ပါလာသော ဦးဝိမလဗုဒ္ဓိနှင့် ပုသိမ်ဦးသုဇာတတို့လည်း လိုက်ပါလာကြ၏။

ထိုနှစ် နတ်တော်လလောက်ကစ၍ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး မကျန်းမမာဖြစ်လာသည်။ထိုသတင်းကိုကြားလျှင်ဆရာတော်သည်တောရွာ မှ ပြန်လာခဲ့သည်။ မိမိနေရင်း ယွန်းကျောင်း၌ ပလိပ်ပိုးပါသော ကြွက်သေများ တွေ့ရ၍ အလယ်တိုက်ကြီးသို့ ပြောင်းရွှေ့ကာ ဆရာတော်ဘုရားကြီးကို ပြုစု တယ်။နောက်ဝါဆိုကျောင်းအရှေ့ဘက်ဦးပဏ္ဍိတခမွဇရပ်သို့မိမိကျန်းမာရေး ကြောင့်ပြောင်းရွှေ့ရပြန်၏။ထိုဇရပ်မှပင်ဆရာတော်ကြီးကိုမပြတ်လာရောက် ပြုစုသည်။

## ဝိသုဒ္ဓါရုံဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတဘွဲ့ဆက်ကပ်ပွဲ

၁၂၇၆ ခုနှစ်တွင်အင်္ဂလိပ်တို့သည်မြန်မာနိုင်ငံ၌ပထမဦးဆုံးအကြိမ် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲကျင်းပသည်။ မဟာဝိသုဒ္ဓါရုံ

ဆရာတော်ကြီး ဘွဲ့တံဆိပ်ရသည်။ အင်္ဂလန်ပြည် လန်ဒန်မြို့၌ ၁၂၇၃ ခုနှစ် နယုန်လ၊ အိန္ဒိယပြည်ဒေလီမြို့၌ ၁၂၇၃ ခုနှစ် နတ်တော်အတွင်း ပြုလုပ်သည့် ပဥ္စမဂျော့ဘုရင်၏ အဘိသေကမင်္ဂလာအတွက် ၁၂၇၇ ခု တန်ဆောင်မုန်းလ ဆန်း တစ်ရက်နေ့ ၁၉၁၅ ခု နိုဝင်ဘာ ၇ ရက် တနင်္ဂနွေနေ့၌ ရဟန်းပညာရှိကြီး ၁၁ ပါးနှင့် လူပညာရှိဦးဖြေတို့ကို အစိုးရမင်းတို့ကိုယ်စား တောင်ခွင်သာသနာ တော်ပိုင် ဆရာတော်က အဂ္ဂမဟာပဏ္ဍိတတံဆိပ် ဆက်ကပ်ချီးမြှင့်ခဲ့သည်။ ဘွဲ့တံဆိပ်ပါခုနှစ်မှာ ၁၂၇၆ ခု ဖြစ်၏။ ထို့ကြောင့် ၁၂၇၆ ခုနှစ်၌ ဘွဲ့တံဆိပ်ဆပ် ကပ်ကြောင်း ကြေညာ၍ ၁၂၇၇ ခုနှစ်၌ ကပ်လှူသည်ဟု မှတ်ယူရမည်ဖြစ်၏။ ဌာနမှာ မန္တလေးတောင်ခြေ ကျောက်တော်ကြီးဘုရား အရှေ့မုခ်တောင်ဘက် အမိုးသုံးထပ်စမြင် ပတ်လည်ချ ၇ ဌာနအပါအဝင် သုဓမ္မာရွှေဇရပ်၌ ဖြစ်လေ သည်။ ယခုရှိ သုဓမ္မာဇရပ်တန်း မဟုတ်ပေ။

ဇရပ်ကြီးအလယ်တွင် သာသနာပိုင်အတွက် ဖလ်ကုလားထိုင်ကြီး သာသနာပိုင်နှင့် တစ်တန်းတည်း လက်ယာဘက်၌ အင်္ဂလိပ်အရာရှိကြီး လေးဦး၊ တရုတ်လူမျိုး ကျောက်စာဝန်တော် စိန်နို၊ သာသနာပိုင်၏လက်ဝဲ ဘက်၌ အတုမရှိဆရာတော်၊ ခေမာသီဝံဆရာတော်၊ တပယင်းဆရာတော် အရှေ့ပြင်ဌာနချုပ်ဆရာတော်နှင့် ဝက်မစွတ်ဝန်ထောက်တို့အတွက် နေရာ များ၊ သာသနာပိုင်ဆရာတော်၏ ရှေ့တန်း၌ တံဆိပ်လက်ခံကြမည့် ပုဂ္ဂိုလ်ကြီး များဖြစ်သော မန္တလေးမြို့ မဟာဝိသုဒ္ဓါရာမဆရာတော်ကြီး ဦးဝိသုဒ္ဓါစာရ၊ ''သုဓမ္မာဝင် စံကျောင်းဆရာတော် ဦးနန္ဒ၊ သံဃနာယက မောက်ကျိုးဆရာ တော်ဦးကဝိန္ဒ၊ သုဓမ္မာဝင် စိန်ပန်းဆရာတော်ဦးဇောတ၊ ကျောက်ပန်းတောင်း ဆရာတော် ဦးဂုဏ၊ အနောက် ခင်မကန်ဆရာတော် တိုက်အုပ်ဆရာတော် (သံဃနာယက ဆရာတော်ဦးခန္တီ ပျံတော်မူသဖြင့် ကိုယ်စားယူခြင်းဖြစ်၏။) ရန်ကုန်မြို့ဂိုဏ်းအုပ်ဆရာတော် ဦးအာသဘ၊ ကြည့်မြင်တိုင် စလင်းဆရာ တော်ဦးသီဟ၊ မုံရွာမြို့လယ်တီဆရာတော်ဦးဉာဏ၊ ရန်ကုန်မြို့သံယုတ်ဆရာ တော် ဦးကုမာရ၊ ဂိုဏ်းထောက် ဆရာတော် ဦးကောသလ္လနှင့် ရန်ကုန်မြို့ ပါဠိဆရာ ဆရာဖြေတို့အတွက် ဝါစဉ်အလိုက် နေရာများ ခင်းကျင်းထားသည်။

အခမ်းအနားသို့ သာသာနာပိုင်ဆရာတော်သည် နံနက် ၇ နာရီတွင် သံဃာ ၂၀၀ နှင့်အတူ တောင်ခွင်တိုက်မှ ဝေါယာဉ်စီး၍ ကြွတော်မူသည်။ ထီးဖြူ ၄ လက်မိုး၍ ကျိုင်း၊ ယမ်မား (အရိုးရှည်ယပ်ကြီး)ကိုင် အမှုထမ်းများ ခြံရံလိုက်ပါရ၏။ မြင်းစီးပုလိပ်၁၀ယောက်အပါအဝင် ပုလိပ်အမှုထမ်း၁၅ယောက် စောင့်ရှောက်လိုက်ပါရ၏။ မိုးနဲစစ်ကဲကြီးကတော် မခင်က သံဃာ ၅၀၀ ဆွမ်းကပ်၏။ နေ့လယ် ၂ နာရီတွင် အခမ်းအနားသို့ သာသနာပိုင်ဆရာတော် ကြွတော်မူရာ အမြောက် ၁၁ ချက် ပစ်ဖောက်ဂုဏ်ပြု၏။ အခမ်းအနားသို့ သံဃာတော်၅၀၀နှင့်ရန်ကုန်ရွှေတိဂုံဂေါပကလူကြီးများမန္တလေးမြို့မှမဟာမုနိဘုရားဂေါပကလူကြီးများ အပါအဝင် လူပေါင်း ၅၀၀ တက်ကြ၏။ ရသေ့ကြီး ဦးခန္တီလည်း ကြွလာ၍ မင်းမျိုးမင်းနွယ်တို့၏နေရာ၌ နေရာယူ၏။ အခမ်းအနား၌ ရွှေလက်ဝါးဦးကျော်ရန်က သာသနာပိုင်ဆရာတော်အား လျှောက်ထားသောစာလွှာဖတ်၏။ သာသနာပိုင်၏ ပြန်ကြားလွှာမိန့်ခွန်းကို ဂူကြီးဆရာတော်က ဖတ်ကြားသည်။ ရန်ကုန်မြို့ ရွှေတိဂုံဂေါပက ဦးမောင်ကြီးက ထုတိမင်္ဂလာသြဘာစာဖတ်သည်။

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် ဆက်ကပ်ပွဲသို့ သံဃာတော် ၁၁ ပါး၊ လူပညာရှိတစ်ဦး ဆက်ကပ်သော်လည်း မဟာဝိသုဒ္ဓါရုံဆရာတော်၊ ရန်ကုန်ဂိုဏ်းအုပ်ဆရာတော် ဦးအာသဘ၊ ကြည့်မြင်တိုင်ဆရာတော် ဦးသီဟ၊ မုံရွာလယ်တီဆရာတော် ဦးဉာဏ၊ ရန်ကုန်မြို့ သံယုတ်ဆရာတော် ဦးကုမာရနှင့် ဂိုဏ်းထောက်ဆရာတော် ဦးကောသလ္လတို့ ဆရာတော် ၆ ပါး မကြွကြပေ။ တချို့ကိုယ်စားယူကြသော်လည်း ဝိသုဒ္ဓါရုံဆရာတော်မှာ ဤတံဆိပ်ရမှ အဂ္ဂမဟာပဏ္ဍိတ မဟုတ်ပါ။ အလိုလို အဂ္ဂမဟာပဏ္ဍိတဖြစ်ပြီးဖြစ်၍ ယူစရာမလိုပါဟုဆုံးဖြတ်ကာ ကိုယ်စားလှယ်မလွှတ်ပေ။ ကိုယ်တိုင်က မယူသဖြင့် ဘုရင်ခံထံတင်ပြရာ မလာလျှင် သွားကပ်ပါ အမိန့်ချမှ ဆပ်ကျောင်းအုပ်ကြီး ဦးကျန်လာကပ်သည်။

# အခန်း (၆)
# ရွှေတောင်ကြီးဖြင့် ပြိုလေပြီ

ရွှေကျင်ဂိုဏ်းကြီး၏ ဦးဆောင်နာယက မဟာနာယက နိကာယ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ကဝိအဆူဆူတို့၏ ထွဋ်ခေါင်မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးကျန်းမာရေးချို့ယွင်းလာမှုကိုအားလုံးကသတိထားစောင့်စားစောင့်ရှောက် ပြုစုနေကြရသည်။ ၁၂၇၇ ခုနှစ် နတ်တော်လမှစ၍ ဖြစ်ပွားလာသော ရောဂါသည် အနတ်လက္ခဏာမပြ၊ တိုးလိုက် တန့်လိုက်ဖြင့်သာ ၁၂၇၈ ခုနှစ် နှစ်ဦးသို့ ကူးလာခဲ့သည်။ အသက်ယွင်းယို အဒိုပိုင်းရောက် အိုနာပေါက်နေသော အချိန်မှာပင် ရောဂါသစ်တစ်မျိုး ဝင်လာပြန်သဖြင့် တပည့်ကြီးများ စိုးရိမ်စိတ်မှာ ပိုကဲလာသည်။ သမားအကျော်အမော်တို့ဖြင့် ရောဂါကို နတ်ကြ၏။ မဆုတ်ပေ၊ ဆေးအမျိုးမျိုး ထိုးကြ သွင်းကြ၏။ မယွင်းပေ။

ထိုသို့သေမင်းနှင့် လက်ငင်းယှဉ်ပြိုင် အနိုင်လုနေကြရာမှ သင်္ခါရတရားတို့၏ ဓမ္မတာ မရှောင်သာသောလမ်းသို့ ၁၂၇၈ ခုနှစ် ဝါဆိုလဆန်း ၈ ရက်နေ့ နံနက် ၇ နာရီ ၁၀ မိနစ်အချိန်တွင် လိုက်တော်မူရသည်။

## တပည့်ကြီးအသီးသီးတို့၏ သံဝေဂစကားညည်းတွားကြပုံ

ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသောအခါ သာသနာအတွက် အားပျက်သွားကြသော လက်ရုံးတပည့်ကြီးတို့သည် အောက်ပါအတိုင်း သံဝေဂစကားအသီးသီး ညည်းတွား ဝမ်းနည်းခဲ့ကြသည်။

## စံကင်းဆရာတော် ဦးစန္ဒ

ငါ့ဆရာများတို့တွင် ဂိုဏ်းမြတ်ဥက္ကဋ္ဌ ဝိသုဒ္ဓါရုံမဟာထေရ်မြတ်သာ လျှင် ငါ၏ကိုးကွယ်ရာ ဖြစ်၏။ တစ်မြေပြင်လုံးတွင်သည် မထေရ်မှတစ်ပါး ကိုးကွယ်ရာ ဆရာမရှိပြီ။ ထိုမထေရ်ကို ယခုအခါ (သက်ရှိထင်ရှား) မတွေ့မြင်ကြရတော့ပြီ။ ထိုမထေရ်၏ ဩဝါဒကိုသာ လိုက်နာကျင့်သုံးနေထိုင်ကြရတော့မည်။

## အရှင်စာရိတ္တက ဤသို့ညည်းတွားခဲ့သည်

မီးပုံကြီးငြိမ်းသည့်ပမာ သမုဒ္ဒရာကြီးခန်းသလို မြင်းမိုရ်တောင်ကြီး ပြိုသည့်အလား မထေရ်သည်ကား မရှိတော့ပြီ။ နေမင်းကြီးပမာ ကြယ်အပေါင်းကို ခွာရှောင်၍ အနောက်ဘက်နေဝင်တောင်သို့ ဝင်ရောက်သွားသောအလား တပည့်ကြယ်တာရာများကို စွန့်ခွာသွားရလေပြီ။

## အရှင်အဂ္ဂဓမ္မာဘိဝံသထေရ်က ဤသို့သတိစကားမိန့်ခဲ့သည်

အချင်းတို့ သေမင်းသည် အရှက်ကင်းလှ၏။ ဂုဏ်ရှိ မရှိ မသိ၊ ဂုဏ်အနှစ်တို့တည်ရာ မဟာသမုဒ္ဒရာအသွင် ထေရ်အရှင်ကိုပင် အပါခေါ်သွားဘိ၏။

အချင်းတို့ နွားသတ်ရုံသို့ ဆောင်ယူခံရသော နွား၏ခြေလှမ်းတိုင်း သေခြင်းအနီးသို့ကပ်ရောက်လာဘိသည့်အလားငါတို့၏အနီးအပါးသို့လည်း ထိုသေမင်းသည် နေ့တိုင်းကပ်ရောက်လာချေပြီတကား...။

## အရှင်နာရဒါဘိဝံသထေရ်

ကျွန်းရပ်မြေပြင်နှင့်သားတော်ကြီးစသည်ကိုစွန့်ခွာ၍နတ်ရွာစံသည့် စကြာမင်းကြီးအလား တပည့်အပေါင်းနှင့် ရွှေကျင်နိကာယကြီးကို စွန့်ခွာ၍ ဆရာတော်ဘုရားကြီးကြွတော်မူချေပြီ။ ရှိရာဖွယ်သင်္ခါရအစုမှလွတ်မြောက်မှု ရအောင် အားထုတ်သင့်လှပေ၏တကား...။

## အရှင်ကောသလ္လာဘိဝံသထေရ်

ပညာနို့အေး တိုက်ကျွေးတော်မူသော မထေရ်မြတ်ကြောင့် လိမ္မာသော အဖြစ်သို့ ရောက်ရပေ၏။ ရထိုက်သော အသိပညာကို ကောင်းစွာပေးတော်မူခြင်းကြောင့် ဇာတိဉာဏ်ဖြင့် အရယူနိုင်ခဲ့၏။ သီလ၊ သမာဓိ၊ ပညာ စင်ကြယ်တောက်ပသော ဤကဲ့သို့သော မထေရ်သည်ပင် ပျက်စီးရတုံသေး၏။ သင်္ခါရမှန်သမျှ မမြဲကြပါတကား...

ဘုရားသာသနာကို တောက်ပစေ၍ နိကာယဖြင့် တိုးတက်စေလျက် ဂုဏ်အစုမျှ ချန်ထားခဲ့ပြီးလျှင် သံဃနာယကကြီး ငြိမ်းပျောက်ခဲ့လေပြီ။ သင်္ခါရတရားတို့သည် မခိုင်မြဲကုန်၊ လူမိုက်တို့ကသာ ခိုင်မြဲ၏ဟု ဆိုကြကုန်၏။ ထိုသို့ဂုဏ်ရှင်မထေရ်၏ အလိုဆန္ဒသည်ပင် ထိုသင်္ခါရတရားအစုတို့၌ (အလိုအတိုင်း) မဖြစ်နိုင်ပါတကား...

ဤသို့လျှင် တပည့်ကြီးအသီးသီး ထိတ်လန့်ကြောင့်ကြ သံဝေဂပွားဝမ်းနည်းစွာ ညည်းတွားကြကုန်၏။

ဝါဆိုရန် နီးကပ်နေပြီဖြစ်၍ ဈာပနာပူဇော်ပွဲသဘင်ကို တပေါင်းလဆန်း ၁၂ ရက်နေ့အထိ ရွှေ့ဆိုင်းထားလိုက်ကြ၏။ သည်ကာလအတွင်း ဆရာတော်ဘုရားကြီး၏ ရုပ်ပုံတော်နှင့် အသုံးအဆောင်များထားရန် ပရိဘောဂဌာနစေတီယဃရ၊ ပိဋကတ်တော်များထားရှိရန် ဓမ္မဘဏ္ဍာဂါရ ပိဋကာလယ၊ အလောင်းတော်ထားရှိရန် စံကျောင်းသရီရဃရ ၄ ဌာနအကျိုးပြီးသော အထိမ်းအမှတ်အုတ်တိုက်ကြီး တည်ဆောက်ရန်နှင့် ကြေးရုပ်သွန်းခြင်း စသော ကိစ္စများပြီးပြေအောင် ဆောင်ရွက်ကြရန် ဆုံးဖြတ်ချက်ချကြ၏။ ထို

ကိစ္စအားလုံးကို မဟာဝိသုဒ္ဓါရုံ နာယကများအား လွှဲအပ်ကြသည်။ ရှာပန အခမ်းအနားရောက်မှ နိကာယဥက္ကဋ္ဌ သမ္ဗုတိသာသနာပိုင် ရွေးကောက်တင်မြှောက်ရန်လည်း ဆုံးဖြတ်ကြ၏။

## ရှာပနကိစ္စစည်းဝေးစဉ်က အချေအတင် ဆွေးနွေးခဲ့ကြပုံ

ဆရာတော်ကြီးရဲ့ ရုပ်ကလာပ်နားမှာ စည်းဝေးတော့ စည်ရှင်ဆရာတော်စတဲ့ ခပ်ရွယ်ရွယ်ပိုင်းက တစ်ဖက်၊ လူကြီးပိုင်းက တစ်ဖက်ဖြစ်နေတယ်။ ခပ်ရွယ်ရွယ်ပိုင်းကအရိုးအိုးစေတီတည်ရန် ပိဋကတ်တိုက်စံကျောင်းဆောက်ရန် ကြေးရုပ်သွန်းရန် အကြံပေးလျှောက်ထားကြတယ်။ အရှေ့အနောက်တိုက်အုပ်ကြီးများက "ဘုန်းကြီးပျံဆိုတာကြွလာတဲ့အာဂန္တုများဆွမ်းကျွေးနိုင်ပြီးတာပဲ။ ဟိုဟာလုပ်ချင် ဒီဟာလုပ်ချင် မကောင်းဘူး၊ မလုပ်သင့်ဘူး။ ဘယ်က ငွေရမလဲ တကယ်လို့ ငွေရရင်လည်း ဒီကလှူတဲ့ဟာ ဟိုလှူ၊ ဟိုကလှူတဲ့ဟာ ဒီလှူလုပ်ပစ်လိုက်ပြီးတာပဲ" ဟု မိန့်ပြီး ပယ်ကြသည်။ ကျိုက်လတ်ဆရာတော်ကြီးလည်း ရှိတယ်။

ကျိုက်လတ်ဆရာတော်ကြီးက တိုက်အုပ်တို့ပြောတာ သဘောကျပြီး "မောင်ကောသလ္လတို့က သူများပစ္စည်းအားကိုးနဲ့ ဝက်မွေးချင်ကြတာကိုး" လို့ မိန့်တယ်။ တောင်ဖီလာဆရာတော်ကြီးကလည်း "ရွှေကျင်ဂိုဏ်း စာတတ်မရှိဘူး အပြောခံရလိမ့်မယ်။ အရိုးစေတီမတည်ရဘူး သဘောမတူနိုင်ဘူး" ဟု ပြောတယ်။

အရိုးအိုးစေတီဆိုသော်လည်း ဘုရားဓာတ်တော်များ ဌာပနာပြီး ပြုလုပ်မှာ ဖြစ်ပါတယ်လို့ လျှောက်ကြတော့ "အဲ... အဲ... ဒီလိုဆို လုပ်လုပ်" လို့ သဘောတူသွားတယ်။ လူငယ်ပိုင်းက မလျှော့ကြဘူး။ ဒီလိုနဲ့ မပြီးနိုင်အောင်ဖြစ်နေတယ်။ အဲဒီအခါမှာ အနားရောက်နေတဲ့ မေမြို့က ဒကာက "ဒီလိုလုပ်ကြပါဘုရား။ အရိုးအိုးစေတီတည်မယ် ပိဋကတ်စံကျောင်းတိုက် တည်မယ်လို့ မဆုံးဖြတ်ပါနဲ့ အရိုးအိုးစေတီတည်ချင်တယ်၊ ပိဋကတ်စံကျောင်းတို့ ဆောက်ချင်တယ်၊ ကြေးရုပ်သွန်းချင်တယ်လို့သာ ဆုံးဖြတ်ကြပါ။ ဒကာပေါ်လာလို့

စေတီတည်ပါရစေဆိုရင် ခွင့်ပြုလိုက်ပေ့ါ ဘုရား။ မပေါ်လည်း နေလိုက်ပေ့ါ ဘုရား"လို့ အကြံပေးလျှောက်ထားတယ်။ နောက် လူငယ်တို့အကြံ အောင်မြင်တယ်လို့ စံကင်းဆရာတော်ကြီးက မိန့်တော်မူတယ်။ ပင့်စာရေးသားမှုနှင့် အခြားစာဖြင့် ရေးသားဆက်သွယ်ရန် ကိစ္စအားလုံးကို စံကင်းဆရာတော်အား နာယကအဖွဲ့က တာဝန်ပေးသည်။ "အရှေ့တိုက်အုပ်ကြီး ပင့်စာရေးတာက ရှည်လို့ ဒို့ကိုလွှဲတာပဲ။ ဂုဏ်တွေ သိပ်ဖော်မနေပါဘူး။ ရိုးရိုးသံဝေဂဖြစ်လောက်ရုံ ရေးတာပဲ။ ဆရာတော်ကြီးရဲ့ဂုဏ်ကပေါ်ပြီးဆိုတော့ အထူးဖော်မနေတော့ဘူးပေ့ါ..." ဟု မိန့်တော်မူသည်။

## ဈာပနကိစ္စ

မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးရဲ့ ဈာပနကိစ္စကို မူလဆုံးဖြတ်ချက်အတိုင်း ၁၂၇၈ ခုနှစ် တပေါင်းလဆန်း ၁၂ ရက် တနင်္ဂနွေနေ့မှစ၍ ကျင်းပကာ တပေါင်းလဆန်း ၁၅ ရက် ဗုဒ္ဓဟူးနေ့မှာ ပြီးဆုံးစေခဲ့တယ်။ အရှေ့မဟာဝိသုဒ္ဓါရာမတိုက် အရှေ့ပေါက်မုခ်ဝ၌ ဝိသုဒ္ဓါရာ အရိုးအိုးစေတီတည်ထားကိုးကွယ်ကြသည်။ မြန်မာပြည် လွတ်လပ်ရေးခေတ်၌ စေတီကို ပြန်လည်ပြင်ဆင်ကြသောအခါ စံကင်းဆရာတော်က ကျပ်တစ်ထောင် ထည့်ဝင်လှူဒါန်းပူဇော် သည်။

## တတိယရွှေကျင်သာသနာပိုင်

ဆရာတော်ကြီး၏ အန္တိမဈာပနကိစ္စပြီးစီးသောအခါ ရွှေကျင်ဂိုဏ်းကြီး၏ ဦးဆောင်ဆရာတော်တို့သည် ရွှေကျင်နိကာယဥက္ကဋ္ဌ သမ္မုတိ သာသနာပိုင် ရွေးချယ်ရန် အရေးကြီးလှသော ဆုံးဖြတ်ချက်များကို ချမှတ်ကြရန် စဉ်းစားကြရတော့၏။

ဂဏသမုဋ္ဌာပက ရွှေကျင်ဂိုဏ်းကြီးကို အစအဦးပကာတူ တည်ထောင်ခဲ့သော ရွှေကျင်ဆရာတော်ဘုရားကြီးသည် ပထမဆုံး ရွှေကျင်သာသနာပိုင် ဖြစ်ခဲ့၏။ ဆရာတော်ဘုရားကြီးမရှိသည့်နောက် ဆရာတော်ဘုရား

ကြီး အလွန်အားကိုးရပြီး ဘုရားသာသနာတော်တွင် စာပေအရာ ကိုယ်ကျင့်သိက္ခာအရာ၊ ဂိုဏ်းကြီးနှင့် ရဟန်းသံဃာတော်တို့ကို ဦးဆောင်ရာတွင် ပြိုင်ဘက်ကင်းလောက်အောင် ထူးချွန်ထက်မြက်တော်မူလှသော ဆရာတော်ကြီး ညာလက်ရုံး မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးကို တညီတညွတ်တည်း ဥက္ကဋ္ဌအဖြစ် ရွေးချယ်တော်မူခဲ့ကြသည်။ ဂဏနာယကဆရာတော်ကြီးများ ရွေးချယ်မှုမှန်ကန်ခဲ့သည်။ စုစည်းတည်ဆောက်ခဲ့ပြီးသော ရွှေကျင်နိကာယကြီး လျော့ပါးမသွားသည့်အပြင် တိုးတက်ဖွံ့ထွားကြီးမား ကျယ်ပြန့်ခဲ့သည်။ ထေရဝါဒသာသနာတော်တွင် ရွှေကျင်တပည့်သား သံဃာတို့သည် ကြည်ညိုဖွယ်ရာ ဂုဏ်အင်္ဂါနှင့် ပြည့်စုံခဲ့ကြသည်။ မြန်မာပြည်အနှံ့ ရွှေကျင်စာသင်တိုက်ပေါင်း မြောက်မြားစွာကို အောင်မြင်ပြောင်မြောက် တည်ဆောက်နိုင်ခဲ့သည်။ ရွှေကျင်ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင်ကပင် ဝိသုဒ္ဓါရုံဆရာတော်ကို သူ့နေရာကို ဆက်ခံစေဖို့ ရည်ရွယ်ရင်း ရှိခဲ့သည်။

## ရှေးထုံးနမူနာစဉ်အလာ

ဘုရားရှင်သည် အင်္ဂုသာဝက မဟာသာဝက အသီတိသာဝက တပည့်သံဃာများစွာထဲမှ အရှင်မဟာကဿပကိုရွေး၍ သင်္ကန်းချင်းလဲလှယ်ဝတ်ရုံခဲ့သည်။ ရည်ရွယ်ချက်မှာ ဘုရားရှင်မရှိသည့်နောက် သံဃာတော်များကို ဦးဆောင်မည့် ပုဂ္ဂိုလ်ဟူ၍ လူအများသိအောင် ဘုရားရှင်က အသိအမှတ်ပြု ဗျာဒိတ်ပေးသတ်မှတ်ခဲ့သည့် သဘောဖြစ်သည်။ ဤနည်းအတိုင်းပင် ရှေးသူတော်ကောင်းတို့သည် နှုတ်ဖြင့်မမြွက်ဘဲ နိမိတ်ပြတတ်ကြသည်။

ရွှေကျင်ဆရာတော်ကြီးသည် ဆွမ်းဘုဉ်းပေးသောအခါ တစ်ပါးတည်း ဝိနည်းသိက္ခာနှင့်အညီ အာဟာရေပဋိကူလသညာဖြင့် ဘုဉ်းပေးလေ့ရှိသည်။ အသားဟင်းများကို ရှောင်ရှားတတ်ပြီး ငါးဟင်းများကိုပင် ခေါင်း၊ အမြီး ကိုယ်သန္တာန်မပေါ်မှ အထူးသဖြင့် အမှုန့်ဖြစ်မှ ဘုဉ်းပေးလေ့ရှိသည်။ ထို့ကြောင့် ရွှေကျင်ဆရာတော်ကြီးသည် အေးအေးလူလူ တရားနလုံးသွင်း၍ ဇောသနိက်မုတင်ဆောင်ကာ ဘုဉ်းပေးတတ်သည်။ ရွှေကျင်ဆရာတော်ကြီး

သက်တော်ရလာသောအခါ သူ့နေရာဆက်ခံဖို့ မှန်းထားပြီး မဟာဝိသုဒ္ဓါရုံ ဆရာတော်ကို ချီးမြှောက်တဲ့အနေနှင့် ဆွမ်းအတူခေါ်စားတော်မူတတ်သည်။ ဘုရားရှင်နှင့် အရှင်မဟာကဿပထုံး နှလုံးမူသည့် သဘောမျိုးဖြစ်ဟန် ရှိသည်။ ထို့ကြောင့်ပင် ရွှေကျင်ဆရာတော်ကြီးမရှိသည့်နောက် မဟာဝိသုဒ္ဓါရုံ ဆရာတော်ကို ရွေးချယ်နိုင်ခဲ့ကြခြင်း ဖြစ်သည်။ ဝိသုဒ္ဓါရုံဆရာတော်ကား ထီးကလည်းလို မင်းကလည်းလိုသည် ထီးလိုမင်းလို သာသနာပိုင်ကြီးဟု ဆို လောက်ပါသည်။

ရှေးထုံးကို နှလုံးမူ၍ ဝိသုဒ္ဓါရုံဆရာတော်ကြီးကလည်း ဒီပဲရင်းဆရာ တော်ကို ဆွမ်းအတူတူခေါ်၍ စားခဲ့သည်။ ဒီလိုရည်ရွယ်တာပဲဟု စစ်ကိုင်း တောင် ကျစွာဆရာတော်ကြီး (ရွှေမျက်မှန် ဦးဝိဇယ)က အမိန့်ရှိသည်ကို မှတ်သားဖူးကြသည်။

ထိုစကားနှင့်စပ်၍ စံကင်းဆရာတော်ကြီးက ဤသို့မိန့်ဖူးသည်။ "ရွှေ ကျင်ဆရာတော်ကြီးက မဟာဝိသုဒ္ဓါရုံဆရာတော်ကို ရည်ရွယ်တယ်ဆိုတာ ဒို့ ကိုယ်တိုင်ကြားဖူးပါတယ်။ ၁၂၅၃ ခုနှစ်က ထင်တယ်။ ရွှေကျင်ဆရာတော်ကြီး ရှိမ်းမကားမှာရှိတုန်း ကျောင်းအချင်းချင်း သစ်ပင်ခုတ်တာနဲ့ပတ်သက်ပြီး မကျေမနပ် ဖြစ်ကြတယ်။ ရွှေကျင်ဆရာတော်ကြီးထံရောက်လို့ ရွှေကျင်ဆရာ တော်ကြီးက ရှိမ်းမကားရှိ တောရတိုက်၊ ရွှေဘုန်းပွင့်တိုက် သရက်ချောင်း ချမ်း သာကြီးဆရာတော်များနှင့် မန္တလေး မဟာဝိသုဒ္ဓါရာမ ဆရာတော်တို့ကို ဆင့် ခေါ်ပြီး "ဒို့မရှိတဲ့နောက် ဦးပဋ္ဌင်းပဲ။ ခုလည်း ဒို့သေပြီထားလိုက်ပေ့ါ။ ဒီကိစ္စကို ဆုံးဖြတ်ပါလို့ မဟာဝိသုဒ္ဓါရုံကို စေခိုင်းတယ်။ အဲဒီတုန်းက ဒို့ရဟန်းဖြစ်ပြီး ဝိသုဒ္ဓါရုံဆရာတော်ကြီးနောက်က လိုက်ရလို့ ကိုယ်တိုင်ကြားခဲ့ရတယ်။

ဒီပဲရင်းကိုလည်း မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးက သူ့လက်အောက် မှာထားပြီး ချီးမြှောက်တာပဲ... ဟု မိန့်ခဲ့သည်။

## ဒီပဲရင်းဆရာတော် သာသနာပိုင်

ယခုလည်းဂဏနာယကနိကာယဦးစီးဆရာတော်များသည်အရည် အချင်းပြည့်ဝ၍ မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးရည်ရွယ် မှန်းထားရင်းရှိသော

ဒီပဲရင်းဆရာတော်ကြီးကို ရွှေကျင်နိကာယဥက္ကဋ္ဌအဖြစ် ရွေးချယ်ခဲ့ကြသည်။ ဒီပဲရင်းဆရာတော်ကြီးသည် တတိယရွှေကျင်သာသနာပိုင် ဖြစ်လာတော့သည်။ ထို့ပြင် အောက်မြန်မာနိုင်ငံအတွက် တွဲဖက်ဥက္ကဋ္ဌအဖြစ် ကျိုက္ကလဆံဆရာတော်ကြီးကိုလည်း ရွေးချယ်ကြသည်။ ထိုဆရာတော်ကြီးနှစ်ပါးသည် ကျေးဇူးတော်ရှင် ရွှေကျင်ဆရာတော်ဘုရားကြီးနှင့် ကျေးဇူးတော်ရှင် မဟာဝိသုဒ္ဓါရုံဒုတိယရွှေကျင်သာသနာပိုင်ဆရာတော်ကြီးများ၏ခြေရာလက်ရာကို မပျက်စီးစေဘဲ ထိန်းသိမ်းစောင့်ရှောက်ကြသည့် ဂဏဥက္ကဋ္ဌ ရွှေကျင်နိကာယ ထိပ်ခေါင်တင်အဖြစ်သို့ ထိုက်ထိုက်တန်တန် ရောက်ရှိလာကြလေသည်။

## ရွှေကျင်နိကာယဗဟိုအဖွဲ့

အသင်းအဖွဲ့ဂိုဏ်းကြီးတစ်ခုကို အုပ်ချုပ်စီမံကွပ်ကဲရာ၌ ဗဟိုသည် အရေးကြီးသည်။ဗဟိုချုပ်ကိုင်လှုပ်ရှားမှုဖြင့်အဖွဲ့အစည်းကြီးရှင်သန်ကြီးထွားရ၏။ ရွှေကျင်ဂိုဏ်းကြီးရှင်သန်ရေးအတွက် ဗဟိုအုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့ကြ၏။ ယခင်က တိုက်အုပ်တိုက်ကြပ်နှစ်ပါးဖြင့် အဆင်ပြေခဲ့သော်လည်း ကျယ်ပြန့်ကြီးထွားလာပြီဖြစ်၍ အခြေအနေ အချိန်အခါနှင့်အညီ ပြင်ဆင်ဖွဲ့စည်းရ၏။

တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဝိစာရ၊ တိုက်ကြပ် ဘဒ္ဒန္တကောသလ္လ၊ စံကင်းဆရာတော်ဘဒ္ဒန္တစန္ဒာဘိဝံသ၊ဘဒ္ဒန္တစာရိတ္တအဘယာရာမဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသ၊ ဘဒ္ဒန္တနာရဒါဘိဝံသ၊ ဝိသုဒ္ဓါရုံတိုက်သစ် နာယကကြီးများကို မဟာနာယကများအဖြစ် ရွေးချယ်ကြ၏။ ဝါဆိုကျောင်းဘုန်းကြီး ဦးဟိတေသက၊ ဦးနိဝရ၊ ဦးသောပါက၊ ဦးပဏ္ဍိစ္စ၊ ပန်းတနော်ဘုန်းကြီး ဘုန်းကြီးဦးကုမာရ၊ ဦးပညာဝံသ၊ ဦးဝံသ၊ ဦးတိန္ဒုက၊ ဦးဇောတတို့ကို အနုနာယကအဖွဲ့ဖြစ် ဖွဲ့ခဲ့ကြ၏။

## ပညာရေးဦးဆောင်နာယကများ

မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး ချမှတ်ထားသော ပညာရေးမူဝါဒကို ဆက်လက်ထိန်းသိမ်းရန် ကျမ်းဂန်ယူဆနည်း စစ်ဆေးနည်း၊ ဆုံးဖြတ်နည်းတို့

ကို မပျောက်ပျက်စေရန် ပညာရေးလက်ရုံးတပည့်ကြီးများက တာဝန်ယူကြရ၏။ အရှင်စန္ဒာဘိဝံသ၊ အရှင်စာရိတ္တ၊ အရှင်အဂ္ဂဓမ္မာဘိဝံသ၊ အရှင်ဝိဇယသာမိဘိဝံသ၊ အရှင်နာဂဒါဘိဝံသ၊ အရှင်ကောသလ္လာဘိဝံသတို့ ပါဝင်ကြ၏။

## ပိဋကတိုက်အုပ်ဘုန်းကြီး

အထိမ်းအမှတ်စံကျောင်းကို ဝိသုဒ္ဓါရုံပိဋကတိုက်ဟု ကမ္ပည်းတင်လိုက်၏။ ဆရာတော်ကြီး၏ ကြေးရုပ်ပုံတော်၊ သစ်သားရုပ်ပုံတော်၊ အဋ္ဌပွတ္တိကျောက်စာ၊ မင်းတုန်းမင်း၏ ပထမတံဆိပ်၊ သားတော်သီပေါမင်း၏ ဒုတိယတံဆိပ်၊ အင်္ဂလိပ်ဆက်ကပ်သော တတိယတံဆိပ်တော်များနှင့် အခြားပရိဘောဂများ ကျမ်းစာအုပ်၊ ပေစာ၊ သတင်းစာများ သိမ်းဆည်းထား၏။ မဇ္ဈိမဒေသမှ လိုက်ပါလာသော ဘုန်းတော်ကြီး ဦးသုန္ဒရကို ပိဋကတ်တိုက်အုပ်အဖြစ် ရွေးချယ်ကြ၏။

## ဝိသုဒ္ဓါရုံအထိမ်းအမှတ်

ဆရာတော်ကြီး လွန်တော်မူပြီးနောက် ၁၂၇၉ ခုနှစ် ဝါဆိုလဆန်း ၈ ရက်နေ့တိုင်း သတိရအထိမ်းအမှတ်ပွဲ ပြုလုပ်ခဲ့ကြ၏။ ကြေးရုပ်ပုံတော်ကို ပူဇော်ကြ၊ ရွှေကျင်နာယကဆရာတော် မြို့နယ်အသီးသီးမှ ဂုဏ်ကျေးဇူးကို ပြောဆိုပြီး ဩဝါဒပေးကြ၏။

## စံကင်းသို့တစ်ခေါက်ပြန်

၁၂၈၀ ပြည့်နှစ်ဆန်းလျှင် စံကင်းမှ တပည့်များက လာရောက် ပင့်ကြပြန်၏။ ဆရာ၏ အဆုံးအမနှင့်ကင်းလျှင် မီးဝေးချိပ်ပမာ ခက်မာကျွတ်ဆတ်မကောင်းမှုတွေ အထပ်ထပ်နှင့် ပျက်စီးတတ်သည် သတိထားတော်မူ၍ ပြဋ္ဌာန်းချက်ငါးရပ်ဖြင့်ပုညကာရီအသင်းကိုဖွဲ့စည်းပြီးလိုက်နာမှုပြန်လိုက်မည် ဆို၍ အားလုံးလိုက်နာကြ၏။ ဝါဆိုလဆန်း ၈ ရက်နေ့တွင် နှစ်စဉ် ဝိသုဒ္ဓါရုံ ဆရာတော်ကြီး အထိမ်းအမှတ်ပွဲလုပ်မည်။ ငါးပါးသီလနေ့စဉ်မပြတ် စောင့်

ထိန်းပါမည်။ တစ်လလျှင် အနည်းဆုံးတစ်ကြိမ်ကျ ဆရာဘုန်းတော်ကြီးထံ သြဝါဒခံပါမည်။ အရှုံးအနိုင် လောင်းကစားခြင်းမှ ရှောင်ကြဉ်ပါမည်။ မိဘ၊ ဘိုးဘွားများကို စွမ်းအားရှိသမျှ ပြုစုလုပ်ကျွေးပါမည် ဖြစ်၏။

ဆရာတော်စံကင်းပြန်ကြွ၍ ပုညကာရီအသင်းသို့ တစ်ရွာလုံး ဝင်ကြ၏။ အချင်းချင်းရင်းနှီးလာကြ၏။ အသင်းကြီးဖွဲ့စည်းပြီး လူမှုရေးကိုပါ ဆောင်ရွက်၏။ ချစ်တီးကုလားတို့ကြောင့် လယ်သမားများ ဝမ်းစာပြတ်ကြ၏၊ ဆင်းရဲကြ၏။ ထို့ကြောင့် အသင်းကြီးက လယ်သိမ်းချိန်တွင် တစ်ဦးတစ်တင်းကျစုကြ၏။ တင်း ၄၀၀ ကျော် ၅၀၀ ရ၏။ ဝမ်းစာပြတ်သောသူကို အတိုးမဲ့ချေး၏။ စပါးပေါ်မှ အရင်းတိုင်း ပြန်ဆပ်ရ၏။ ကျန်သောစပါးကို ရောင်းချ၍ သာမှု၊ နာမှု ကူညီသဖြင့် လယ်သမားတို့ အဆင်ပြေလာ၏။

## ပုညဝမနအသင်း

ပုညကာရီအသင်းသည် အောင်မြင်လာ၏။ စနစ်တကျ တိုးချဲ့ဖွဲ့စည်းပြီး အမျိုးသားအသင်း၊ အမျိုးသမီးအသင်း အမှုဆောင်ရွေးချယ်ကာ ချဲ့ထွင်လာကြရ၏။ ကျောင်းသားကလေးများအတွက် ပုညဝမုနအသင်း ဖွဲ့ပေး၏။ တစ်လလျှင် မုန့်ဖိုးထဲမှ ၁ ပဲကျ စုကြ၏။ သင်ပုန်းစာအုပ်စသည် ဝယ်ကြ၏။ သင်ကြားမှုပစ္စည်းများ တိုးပွားလာ၏။ စာပေသင်ကြားရေးအတွက် မျိုးချစ်စိတ်ရှင်သန်ရေးအတွက် အမျိုးဘာသာ သာသနာရေးအတွက် တိုးတက်လာသည်။ နောင်အခါတွင် ငွေပိုများကို ဘဏ်တွင်စုလာကြ၏။

## သီဟိုဠ်သားရဟန်းတော်

ဆရာတော် စံကင်း၃၁သီတင်းသုံးသည်ဟု သတင်းကြား၍ ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက်၌နေသော သီဟိုဠ်သားရဟန်းတော် ဦးဉာနာဝါသ ရောက်လာ၏။ မြန်မာစာနှင့် ယမိုက်ကို သင်ယူ၏။ မဟာဝိသုဒ္ဓါရာမိက ထေရုပ္ပတ္တိ ဒီပနီကျမ်းပြုအရှင်သီရိဓမ္မ၏တပည့်ဖြစ်၏။ ယခုအခါ သီဟိုဠ်ကျွန်း ရွှေကျင်နိကာယ၏ မဟာနာယကကြီးအဖြစ် ဒေမတဂိုဒလမ်း သီရိရတနာ

ရာမကျောင်း၌ ပြုလုပ်သော အစည်းအဝေးက ရွှေကျင်ဂိုဏ်း ကာရကမဟာ သံဃအဖွဲ့က ၁၉၆၉ ခု ဇူလိုင်လ ၂ ရက်နေ့တွင် ဆုံးဖြတ်ချက်အရ တင်မြှောက်လေသည်။

## ပထမအကြိမ် ဂိုဏ်းလုံးကျွတ်အစည်းအဝေးကြီး

ရွှေကျင်ဂိုဏ်းကြီးသည် တဖြည်းဖြည်း ကျယ်ပြန့်လာသည်။ ကျယ်ပြန့်လာသော ဂိုဏ်းကြီးကိုစောင့်ရှောက်ဖို့ ဂိုဏ်းဝင်သံဃာတော်တို့တွင် တာဝန်ရှိလာသည်။ တိုးတက်ကြီးပွားမှုဆိုသည်မှာလည်း သန္နိပါတခေါ် စည်းဝေးတိုင်ပင်မှုနှင့်ကင်း၍ မဖြစ်နိုင်။ ထို့ကြောင့် ဝန်ဆောင်ဗဟိုအဖွဲ့က ဂိုဏ်းလုံးကျွတ် သံဃာ့အစည်းအဝေး (မဟာသန္နိပါတ) ပြုလုပ်ရန် ပင့်ထားသည်။ ၁၂၈၂ ခုနှစ် ပထမဝါဆိုလဆန်း ၈ ရက်ဖြစ်၍ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ဖြစ်သည်။ စံကင်းဆရာတော်မှာကြိုတင်ကြွသွားရသည်။ အစည်းအဝေးပွဲကြီးက သုံးနှစ်တစ်ကြိမ်ကျ မဟာသန္နိပါတဂိုဏ်းလုံးကျွတ် သံဃာ့အစည်းအဝေးပွဲကြီး ပြုလုပ်ရမည်ဟု ဆုံးဖြတ်ခဲ့သည်။

## ဇာတိရွာ၌ ဝါဆိုတော်မူခြင်း

အစည်းအဝေးပွဲကြီးပြီးသောအခါ မယ်တော်ကြီးကို ငဲ့ကွက်၍ ဇာတိရွာ လင်းယဉ်ရွာကျောင်းကြီး၌ ဝါကပ်သည်။ ဆရာတော် ဝါကပ်သဖြင့် ဒကာ၊ ဒကာမတို့ ဘာသာရေး ပိုစိတ်ဝင်စားလာကြသည်။ ဝတ်ရုံရှိလျက် ဝတ်မတက်သက်ကြီးရက်စရာ ဥပုသ်နေ့ရက် ညစာချက် သက်ကြီးရက်စရာစသော ဆုံးမစာများကြောင့် လင်းယဉ်ဝတ်ရုံကျောင်း၊ မိုးသောက်ဝတ်ရုံကျောင်း၊ ကုန်းကြီးဝတ်ရုံကျောင်း၊ ရှမ်းကုန်းဝတ်ရုံကျောင်းတို့၌ လူစည်ကားလာသည်။ ဥပုသ်နေ့တို့၌ သီတင်းသည်တို့ဖြင့် ကျောင်းတိုင်းပြည့်လျက် ရှိသည်။ ဆရာတော် သီတင်းသုံးသော လင်းယဉ်ကျောင်းကြီးနှင့် ရွှေဘုံသာကျောင်းတို့၌ သီတင်းစဉ် ဘုရားပွဲများ ရှိသည်။ ဘုရားပွဲများ၏ ဘွဲ့တော်ကို သက်၊ လော၊ ဇေ၊ လု၊ တော၊ သစ်၊ ဦး၊ တန်း၊ ဘုံ၊ လယ်၊ ဘော်၊ သာ၊ ရ၊ ကန်၊ ကျွတ်ဟု အတိုကောက်

အမှတ်အသား ပြုထားသည်။ ဝါဆိုလပြည့်နေ့မှစ၍ သက်တော်ရဘုရား လောကထိပ်ပန်ဘုရား၊ ဇေတဝန်ဘုရားများ၏ပွဲတော်၊ ဝါခေါင်လ၌ ဘုရားလှ ဘုရား၊ တောဘုရား၊ သစ္စာဂူဘုရား၊ ရွှေဘုံသာကျောင်းဦးဘုရားပွဲတော်များ။ တော်သလင်းလ၌ ရွှေဘုံသာကျောင်းဘုရားတန်း၊ ရွှေဘုံသာဘုရား၊ ရေလယ် ဘုရား၊ ဖိုးတော်ဘုရားပွဲတော်များ၊ သီတင်းကျွတ်လဆန်း ၈ ရက်နေ့၌ ဖိုးသာလှဘုရား၊ လပြည့်နေ့၌ သက်တော်ရဘုရား လပြည့်ကျော် ၈ ရက် ဖိုးကန်ဘုရားပွဲများ ရှိသည်။ ဆရာတော်ရှိသောအခါ လင်းယဉ်ရွာတစ်ဝိုက် ဘုရားဖူး တရားနာ ပေါ်များစည်ကားလှသည်။ ဘုရားပွဲတော်များတွင် ရန်ဖြစ်မှု မဖြစ်စေရန် ဆရာတော်က ဤသို့ကဗျာရေး၍ ဆုံးမသတိပေးခဲ့ရသည်။

သစ္စာဂူပွဲတော်ဖွင့်ပြီမို့ နွဲပျော်ခွင့်တူဆုံ၊
တွဲဖော်နှင့် လူစုံသည် မူတဖုံဟန်ကျင်း
ပြုပြင်မှု သူ့အသွင်မှာ နအယဉ် မိုးနတ်ဖန်ဆင်း
တီးအမှုတ် က၊ အဆိုငယ် ကြွပိုမိုမာန်တင်း
စမလို ထန်ပြင်းလို့ ရန်မကင်း ချိတ်စောင်
စေတီတော် ကျယ်တန်ခိုးရယ်ကြောင့် နွယ်အမျိုး မြင့်သူကရောင်
သံသရာဝဋ်နှောင်ကို လွတ်လွတ်အောင် ခေတ်ထူးမို့
ယစ်အမူး မူမပို ပြုကြကုသိုလ်
နိဗ္ဗာန်ဆု ပန်လျက်ဆိုသည် ဉာဏ်မင်ဖိုလ်ရကြောင်းကွယ့်လေး

## မန္တလေး၌ အမြဲသီတင်းသုံးတော်မူခြင်း

၁၂၈၅ ခုနှစ် ပဌမဝါဆိုလဆန်း ၈ ရက်နေ့တွင် မန္တလေးမြို့ မဟာ ဝိဒ္ဒါရုံတိုက်သစ် ရွှေကျင်နိကာယ ဗဟိုဌာန၌ ဒုတိယအကြိမ်မြောက် ရွှေကျင် ဂိုဏ်း သံဃာ့အစည်းအဝေးကြီး ကျင်းပသည်။ အစည်းအဝေးပြီးသောအခါ မဟာဝိသုဒ္ဓါရုံ ယွန်းကျောင်း၌ သီတင်းသုံး၍ စာပေပို့ချခြင်းစသော ဂိုဏ်း တာဝန်၊ တိုက်တာဝန်တို့ကို ဆောင်ရွက်သည်။ ထိုနှစ်က ၁၂၈၅ ခုနှစ် ဝါက စ၍ မန္တလေးမဟာဝိသုဒ္ဓါရုံတိုက်၌သာ သီတင်းသုံးတော်မူသည်။ ၁၂၈၆ ခုနှစ်

တွင် ဝါဆိုကျောင်းသို့ ပြောင်းရွှေ့သီတင်းသုံးသည်။ ၁၂၈၆ ခုနှစ် တန်ဆောင်မုန်းလတွင် စစ်ကိုင်းတောင်ရိုး ရတနာမာန်အောင်ချောင်၌ နှစ်ထပ်တိုက်ကျောင်းကို အလှူခံရသည်။ အမြဲသီတင်းမသုံးပေ၊ ဝါကျွတ်သောအခါမှသာ ကြွရောက်သီတင်းသုံးသည်။

## ဇာတိမြေက စာပြန်ပွဲ

ဆွေမျိုးများကို စောင့်ရှောက်ရန် စာပေအမွေ ပေးလိုသည်။ ယောက်ျားလေးများမှာဘုန်းကြီးကျောင်းများတက်၍စာတတ်ကြသော်လည်း မိန်းကလေးများ စာမတတ်ကြပေ။ ထို့ကြောင့် ၁၂၈၆ ခုနှစ် ဝါဆိုကျောင်း၌ စတင်သီတင်းသုံးသောနှစ်မှစ၍ တပေါင်းလတိုင်း လင်းယဉ်ကျောင်းတိုက်ကြီး၌ ကျောင်းသူကျောင်းသားတို့အတွက် စာပြန်ပွဲပြုလုပ်ပေးသည်။ ပရိတ်တရားတော်၊မင်္ဂလာတရားတော်စသည့်သင်ရိုးစာများဖြစ်သည်။လက်ရေးလှပြိုင်ပွဲ ကျင်းပပေးသည်။ ဂဏန်းကိုလည်း ပြိုင်တွက်ကြသည်။ ဆရာတော်လာလျှင် ပျော်ကြသည်။ ဆုတွေများများရအောင် ကြိုးစားကြသည်။ ထိုနှစ် ၃၅ ယောက် အောင်သည်၊ ဆုချသည်။ ခင်ပုတ်ငှက်သည် နေ့အခါ၌ ကန်း၏၊ ကျီးသည် ညအခါ၌ ကန်း၏၊ အတတ်ပညာမှ ကင်းသောသူသည် မိုက်၍နေ့ရောညပါ ကန်း၏။

## ပရိယတ္တိသာသနဟိတအသင်း၏ ကိုးကွယ်မှုကို ခံယူရခြင်း

လူမျိုးခြားလက်အောက်တွင် ညှိုးမှိန်သိမ်နွမ်း၊ ပြိုရောင်သန်းနေသော ပရိယတ္တိသာသနာကို တစ်တပ်တစ်အားကူညီရန် တိုင်ပင်၍ ၁၂၆၀ ပြည့်နှစ်တွင် မန္တလေးသားတို့သည် "ပရိယတ္တိသာသနဟိတအသင်းကြီး" ကို တည်ထောက်လိုက်ကြ၏။ စာမေးပွဲကျင်းပ ဘွဲ့တံဆိပ်ကပ်၊ ဆုတော်ငွေ လှူဒါန်းကြ၏။ စံကင်းဆရာတော်ကိုလည်း ဘဒ္ဒန္တစန္ဒာဘိဝံသ ပရိယတ္တိသာသနဟိတဓမ္မာစရိယ ဘွဲ့တံဆိပ်ကပ်၍ ၁၂၈၇ ခုနှစ်မှစ၍ ဆရာအဖြစ် ကိုးကွယ်ကြလေသည်။

## တတိယအကြိမ် ရွှေကျင်ဂိုဏ်းအစည်းအဝေးကြီး

စံကင်းရွာ၌ရှိနေသော ၁၂၈၄ ခုနှစ်တွင် ပထမတိုက်အုပ် ဆရာတော်ကြီး ဦးဝိစာရ လွန်တော်မူသည်။ ၁၂၈၉ ခုနှစ် ပြာသိုလတွင် ရွှေကျင်နိကာယဥက္ကဋ္ဌမဟာနာယက ဒီပဲရင်းဆရာတော် လွန်တော်မူပြန်သည်။ ထို့ကြောင့် ၁၂၈၉ ခုနှစ် တပေါင်းလတွင် တတိယအကြိမ် ရွှေကျင်ဂိုဏ်း အစည်းအဝေးကြီးကျင်းပသည်။ အစည်းအဝေးကြီးက နိကာယဥက္ကဋ္ဌအဖြစ် ပတ္တမြား ဆရာတော်ကြီးနှင့် ဒုဥက္ကဋ္ဌအဖြစ် အလုံဆရာတော်တို့ကို တင်မြှောက်ကြသည်။ ပတ္တမြားဆရာတော်က အရွယ်ကြီးပြီး ကျန်းမာရေးမကောင်းတော့၍ တာဝန်အားလုံးကို အလုံဆရာတော်ကြီးကို လွှဲအပ်လေသည်။ အလုံဆရာတော်ကြီး တစ်ပါးသာ နိကာယဥက္ကဋ္ဌ ဖြစ်လာလေသည်။ စံကင်းဆရာတော် ဦးစန္ဒ၊ သုဝဏ္ဏဝတီဆရာတော် ဦးအဂ္ဂဓမ္မ၊ ဆီးပင်ဆရာတော် ဦးနာရဒ၊ စည်ရှင်ဆရာတော် ဦးကောသလ္လတို့ အတိုင်ပင်ခံ တွဲဖက်မဟာနာယကများ ဖြစ်လာကြ၏။

## တိုက်ကြပ်ဆရာတော်ဖြစ်လာခြင်း

၁၂၉၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၃ ရက်နေ့တွင် နိကာယ၏ စတုတ္ထဥက္ကဋ္ဌဖြစ်သော အလုံဆရာတော် လွန်တော်မူသည်။ ထို့ကြောင့် ဥက္ကဋ္ဌ၏တာဝန်ကို မဟာဝိသုဒ္ဓါရုံတိုက်သစ် တိုက်အုပ်ဆရာတော် ဦးကောသလ္လ ထေရ်ခေါင်းဆောင်သည့် မဟာနာယကအဖွဲ့က အုပ်ချုပ်ရ၏။ အဖွဲ့ဝင်တိုက်ကြပ်ဆရာတော်မှာ ဆီးပင်ဦးနာရဒမှာ လူ့ဘဝရောက်နေ၏။ အဘယာရာမ ဆရာတော် ဦးအဂ္ဂဓမ္မမှာ သီဟိုဠ်ရောက်နေ၏။ စည်ရှင်ဆရာတော် ဦးကောသလ္လမှာ အိန္ဒိယရောက်နေ၏။ တိုက်အုပ်ဆရာတော်နှင့် စံကင်းဆရာတော်နှစ်ပါးသာ ဗဟိုဌာန၌ ရှိနေ၏။ နိကာယဥက္ကဋ္ဌသစ်ရွေးရန် စတုတ္ထအကြိမ် ဂိုဏ်းလုံးကျွတ် သံဃာ့အစည်းအဝေးကြီး ကျင်းပဖို့ စီစဉ်ရ၏။ တိုက်ကြပ်အဖြစ် စံကင်းဆရာတော်ကို ရွေးချယ်၏။

မော်လမြိုင်မြို့ ပန်းဘဲတန်းရပ် ပုဂံတောင်ကျောင်းတိုက်၌ ၁၂၉၁ ခုနှစ် ကဆုန်လပြည့်ကျော် ၂ ရက်နေ့မှစ၍ ၄ ရက်နေ့ထိ ၃ ရက်တိုင် စတုတ္ထ

အကြိမ် အစည်းအဝေးကျင်းပသည်။ မန္တလေးမြို့အနီး ရှမ်းမကားမြို့ ချမ်းသာကြီးဆရာတော် ဘဒ္ဒန္တဇလိန္ဒထေရ်ကို နိကာယဉက္ကဋ္ဌ သာသနာပိုင်အဖြစ် ရွေးကြ၏။

## မယ်တော်ကြီး ကံကုန်ခြင်း

ကဆုန်လတွင် ဂိုဏ်းအစည်းအဝေးကြီး ပြီးဆုံးသောအခါ မန္တလေးသို့ပြန်ကြွ၍ဝါဆိုလတွင်မယ်တော်ကြီးရှိရာလင်းယဉ်ရွာသို့ကြွတော်မူသည်။ ၁၂၉၁ ခုနှစ် ဝါဆိုလပြည့်ကျော် တစ်ရက်နေ့တွင် မယ်တော်ကြီးက ဝါဆိုသင်္ကန်း ကပ်လှူသည်။ ညီမဝမ်းကွဲတော်သူ ဒေါ်ငွေညွန့်တို့ အိမ်သို့ ရွှေ့ပြောင်း၏။ ဝါဆိုလပြည့်ကျော် တစ်ရက်နေ့ရောက် သုံးရက်လောက်နေပြီး မကြာမီ မယ်တော်ကြီး ကံကုန်လေသည်။ အသက် ၈၆ နှစ် ရှိလေပြီ။ လပြည့်ကျော် ၇ ရက်နေ့တွင် ရာပနကိစ္စ ပြီးလေသည်။

## မန်းစက်တော်ဘုရားဖူးထွက်ခြင်း

စစ်ကိုင်းတောင်ရိုး ဝိပဿနာဆရာတော်၏ ပင့်လျှောက်ချက်အရ မင်းဘူးနယ်ရှိ စက်တော်ရာစေတီများသို့ ထိုနှစ်တပို့တွဲလတွင် ကြွသည်။ လယ်ကိုင်းမြို့ ဘုရားရှင်သီတင်းသုံးရာ စန္ဒကူးကျောင်းတော်စေတီကိုလည်း ဖူးခဲ့၏။ ပုဂံစေတီများကိုလည်း ဝင်ရောက်ဖူးခဲ့၏။

## ကုန်းကြီးရွှေဘုံသာကျောင်းဓမ္မစကြာစာပြန်ပွဲ

ဘုရားဖြစ်ကြောင်း ရဲဝံ့စွာဝန်ခံ၍ ဆင်းရဲအားလုံးမှ လွတ်မြောက်ရေးလမ်းကြောင်းအစစ်ကို မဇ္ဈိမပဋိပဒါအဖြစ် ဟောပြခဲ့သော ဓမ္မစကြာသုတ်မပျောက်ကွယ်ရေးအတွက် လင်းယဉ်ရွှေဘုံသာဆရာတော်ကြီး ဦးပုညနှင့်တွဲ၍၁၂၉၂ခုနှစ်ဝါဆိုလပြည့်နေ့၌ဓမ္မစကြာစာပြန်ပွဲကျင်းပပြုလုပ်ပေးသည်။ လူပေါင်း ၂၀၀ ကျော် ဝင်ရောက်ပြန်ဆိုကြသည်။

## တွဲဖက်ဥက္ကဋ္ဌဖြစ်လာခြင်း

ရွှေကျင်နိကာယဥက္ကဋ္ဌ ရှိမ်းမကားမြို့ချမ်းသာကြီးဆရာတော်ဘုရားကြီးသည် ချမ်းသာကြီးတိုက်မှနေ၍ အုပ်ချုပ်၏။ ဆရာတော်ကြီးမှာ ဥက္ကဋ္ဌဖြစ်ပြီး လပိုင်းမျှသာရှိသေးသော ထိုနှစ်ဝါခေါင်လပြည့်ကျော် တစ်ရက်နေ့တွင် လွန်တော်မူပြန်သည်။ ထို့ကြောင့် ဥက္ကဋ္ဌတာဝန်ကို ဝန်ဆောင်နာယကများက ယူရ၏။ ၁၂၉၁ ခုနှစ် ကဆုန်လက ဥက္ကဋ္ဌဖြစ်ပြီး ဝါခေါင်လတွင် ပျံတော်မူခြင်းဖြစ်သည်။ ဈာပနကိစ္စကို တပို့တွဲလမှာ လုပ်ရတယ်။ ဝန်ဆောင်နာယကအဖွဲ့က အုပ်ချုပ်လာရာ သုံးနှစ်ခရီးသို့ရောက်လာ၏။ ဂိုဏ်းအစည်းအဝေးကျင်းပဖို့လိုလာ၏။

အဖွဲ့အစည်းများတိုင်းပြည်လွတ်လပ်ရေးအတွက် လှုပ်ရှားနေကြ၏။ လှိုင်မြတ်ပေါ်အဖွဲ့၊ မော်မြင့်ပြုအဖွဲ့တဲ့၊ ပြည်သူ့ပါတီတဲ့၊ ရွှေတောင်ကြားတဲ့ စုံလှ၏။ နိုင်ငံရေးဂယက်ကြောင့် အရှိန်ပျက်လျက်ရှိသော ဂိုဏ်းဝင်သံဃာတို့၏ စိတ်ဓာတ်ကို ပြန်လည်ချုပ်ထိန်းကြရဦးမည်။ သာသနာရေးဘက်သို့ ဦးလှည့်ပေးကြရလိမ့်မည်။ ၁၂၉၄ ခု ဝါခေါင်လဆန်း ၅ ရက်နေ့မှစ၍ ပဌမအကြိမ် အစည်းအဝေးကြီး မန္တလေးမြို့ ရွှေကျင်နိကာယဗဟိုဌာန မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ ကျင်းပ၏။

ရွှေကျင်နိကာယမဟာနာယက ဥက္ကဋ္ဌအဖြစ် ရွှေဘိုမြို့နယ် ဝက်လက်နယ် လှတောရွာဆရာတော်ဘုရားကြီးကို တင်မြှောက်ခဲ့သည်။ စံကင်းဆရာတော်မှာ တွဲဖက်ဥက္ကဋ္ဌ ဖြစ်လာ၏။ ခွဲရေး၊ တွဲရေးကြောင့် လင်းယဉ်ငါးရွာသည် ၁၂၉၄ ခုနှစ် တန်ဆောင်မုန်းလ ၁၉၃၂ ခုနှစ် နိုဝင်ဘာလ ဥပဒေပြုကောင်စီရွေးကောက်ပွဲကြောင့် ကွဲကြ၊ ပြဲကြ၊ ငြင်းခုံကြကုန်၏။ ဆရာတော်က ဩဝါဒလင်္ကာရေးပြီး ဆုံးမရ၏။

## ရှမ်းကုန်းရွာဝိနည်းစာပြန်ပွဲ

ခွဲရေး၊ တွဲရေးကြောင့် စိတ်ဝမ်းကွဲမှုပြေငြိမ်းစေရန် ၁၂၉၅ ခုနှစ် တန်ခူးလဆန်း ၁၅ ရက်နေ့တွင် လင်းယဉ်ကျောင်းကြီး၌ ဝိနည်းစာပြန်ပွဲ ကျင်းပသည်။

## ကြခတ်ရွာစာပြန်ပွဲ

၁၂၉၆ ခုနှစ်ကစ၍ ဆရာတော်၏တပည့် ရှမ်းကုန်းရွာဇာတိ ဦးဝိသုဒ္ဓ နေသော စစ်ကိုင်းနယ်မြေ ကြခတ်ရွာ၌ စာပြန်ပွဲကျင်းပ၏။ ဓမ္မစကြာပရိတ် မိမိတို့ရသည့်စာကို ပြန်ဆိုကြရ၏။ ထိုနှစ်လင်းယဉ်ကျောင်းကြီး တပေါင်းလ စာပြန်ပွဲ၌ ၄၆ ယောက် အောင်ကြသည်။

## သာသနာဝန်ထမ်းများသို့

ဆဋ္ဌမအကြိမ် ရွှေကျင်ဂိုဏ်းသံဃာ့အစည်းအဝေးကြီးကို ၁၂၉၇ ခုနှစ် တန်ခူးလဆန်း ၁၃၊ ၁၄၊ ၁၅ ရက်နေ့များ၌ ရန်ကုန်မြို့ မြို့မအမျိုးသားကျောင်းကြီးတွင် ကျင်းပသည်။ လောကဓာတ်ကျောင်းများ၏ ဝါးမျိုမှုကြောင့် ဘုန်းကြီးကျောင်းများတွင် ကျောင်းသားမရှိသောအဖြစ်ရောက်လာပြီး သာသနာ့ဝန်ထမ်း၊ ရဟန်းသာမဏေများ ပျောက်ကွယ်မလို ဖြစ်နေ၏။ ထို့ကြောင့် ကျောင်းသားပညာရေးကို ချမှတ်ပေးကြ၏။ တစ်သာသနာလုံးရှိ သာသနာ့ဝန်ထမ်းများကိုလည်း တင်ပြနှိုးဆော်ပေးကြသည်။

## မိုးသောက်ရွာ အဘိဓမ္မာစာပြန်ပွဲ

ဥရောပတွင် ဂျာမနီ၊ အီတလီတို့နှင့် အင်္ဂလန်၊ ပြင်သစ်တို့ စောင့်နေကြ၏။ အာရှ၌ တရုတ်ပြည်ကို ဂျပန်က ဝင်လုနေ၏။ နယ်ချဲ့လက်အောက်မှ လွတ်ရန် နယ်ချဲ့ခံတိုင်းပြည်များက ကြိုးစားနေ၏။ ကမ္ဘာကြီးတစ်ခုလုံး ပွက်လောထနေ၏။ ဒုတိယကမ္ဘာစစ်ကြီးသို့ ရှေးရှုနေ၏။ လွတ်လပ်ရေးရရန် မြန်မာကလည်း တိုက်ပွဲဝင်နေ၏။ ၁၂၉၇ ခု တပို့တွဲလတွင် ဘောက်သောက်ကျောင်း၌ အဘိဓမ္မာစာပြန်ပွဲကြီး ပြုလုပ်သည်။ သဒ္ဒါတတ်တော့ နှုတ်ဆော့ သင်္ဂြိုဟ်တတ်တော့ စိတ်ပျော့ ဖြစ်လာကြ၏။

# အခန်း (၇)
# ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးဘဝ

## ၁၃၀၀ ပြည့်နှစ်

ဂျပန်ပြည် နဂါးနက်အသင်း အရာရောက်သကဲ့သို့ မြန်မာပြည် နဂါးနီတို့ ခေတ်စားလာ၏။ "လူမွဲတွေက သူဌေးဖြစ်မည် ဒို့နဂါးနီ" သီချင်းလွှမ်းမိုးနေ၏။ ၁၃၀၀ ပြည့်နှစ် ဝါခေါင်လတွင် ကုလား၊ မြန်မာ အဓိကရုဏ်းဖြစ်သည်။ တစ်နိုင်ငံလုံး ပျံ့နှံ့သွားသည်။ မန္တလေးရဟန်းတော်များက "ကုလား တရုတ်ဆိုင် ဈေးမဝယ်ရ" ဟု ဟောပြောကြရာ "ဘုန်းကြီးများ ဈေးချိုမလာရ" ဟု တား၏။ မြန်မာဈေးသူဈေးသားတို့က မခံနိုင်၊ ဆန္ဒပြသည့်အနေဖြင့် တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက် (၁၉၃၈ ခု နိုဝင်ဘာလ ၁၁) ရက်ကစ၍ ဈေးချိုကို သပိတ်မှောက်ကာ အိမ်တော်ရာ၌ တဲထိုးဆိုင် ထွက်ကြသည်။ ညဥ့်အချိန် ရဟန်းပျိုတို့က ထိုဈေးကို စောင့်ရှောက်ကြ၏။ နတ်တော်လပြည့်ကျော် ၁၂ ရက်နေ့ ၁၂ နာရီအချိန် ဈေးချိုသို့ ပြန်ရွှေ့ကြသည်။ ရဟန်းပျိုတို့က လိုက်ပါစောင့်ရှောက်ကြသည်။ တပို့တွဲလပြည့်ကျော် ၇ ရက်နေ့ ရဟန်းတော် ၇ ပါးနှင့် လူ ၁၀ ယောက် လှည့်လည်ဆန္ဒပြရင်း ကျဆုံးသည်။ ထိုနှစ်၌ စံကင်းရွာ၌ ဆရာ တော် ဝါဆိုသည်။ တပည့်ရင်းဖြစ်သော စံကင်းရွာဇာတိ ဦးဥဿာဟ

အား အပြီးသတ် ကျောင်းကိုလွှဲအပ်၍ ၁၃၀၁ ခုနှစ် နှစ်ဆန်းလျှင် ဆန်းချင်း မန္တလေးသို့ ပြန်ကြွတော်မူသည်။

## စံကင်းအလယ်တန်းကျောင်းကြီး

မွှာရုံကျောင်းမြောက်ဘက်ရှိ ဇရပ်ကို စာသင်ကျောင်းအဖြစ် အသုံးပြု၍ မွှာရုံကျောင်းသား ၄၃ ယောက်ဖြင့် ၁၃၀၀ ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၇ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၁၂ နာရီအချိန်တွင် စတင်၍ အကြိုမူလတန်းကျောင်း ဖွင့်လှစ်၏။ ဆရာတော် ဦးဉာဏသဟ အုပ်ချုပ်၏။ ကျောင်းသားများလာ၍ ကျောင်းတွင် ဇရပ်များပါ နေရာချပေး၍ ဘုန်းကြီးများပါ ကူညီပြသကြ၏။ ၁၉၃၇ (၁၂၉၉) ခု ဩဂုတ်လတွင် အဆိုတင်သွင်း၍ ၁၉၄၆ ခုနှစ် (၁၃၀၇) ဖေဖော်ဝါရီလ ၂၂ ရက်နေ့ မူလတန်းကျောင်းဖြစ်လာ၏။ ၁၉၅၂ (၁၃၁၄) ခုနှစ် တွင် အလယ်တန်းကျောင်း ဖြစ်လာ၏။ လူထုပညာရေး ဆန်စက်အမည်ဖြင့် ကျောင်းရန်ပုံငွေထောင်၍ ကျောင်းကြီးကို ပြုပြင်၏။ ယခုအခါ အထက်တန်း ကျောင်းကြီးဖြစ်ရန် လုံးပမ်းလျက်ရှိ၏။ ဆရာတော်၏ ကျေးဇူးပင် ဖြစ်၏။

## ဆရာတော်နှင့် စစ်မီးတောက်ချိန်

၁၃၀၃ ခုနှစ် နတ်တော်လပြည့်ကျော် ၆ ရက် (၈-၁၂-၁၉၄၁) နေ့၌ ဂျပန်တို့သည် အမေရိကန်ဟာဝိုင်ယီကျွန်းရှိ ပုလဲဆိပ်ကမ်းကို ဗုံးကြဲ၏။ ဗြိတိန်နှင့် အမေရိကန်တို့ကို စစ်ကြေညာ၍ အာရှတွင် စစ်မီးတောက်တစ်ခုကို မွှေးလိုက်၏။ မန္တလေးတွင် ဆရာတော် သီတင်းသုံးနေ၏။ ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယက သတ္တုမရွှေကျင်သာသနာပိုင်မှာ ပစ္ဆိမာရုံဆရာတော်ကြီး ဖြစ်၏။ သက်တော်ကြီးရင်သဖြင့် ဥပဥက္ကဋ္ဌဆရာတော်များအား လွှဲထား၏။ ကျိုက်လတ်မြို့ပစ္ဆိမာရုံတိုက်၌ သီတင်းသုံးလျက် ရှိ၏။

ဥရောပစစ်သတင်း၊ ဂျပန်တို့ စစ်အောင်ပွဲသတင်းများကို အလု အယက် နားထောင်နေချိန် ဖြစ်၏။ ၁၃၀၃ ခု ပြာသိုလဆန်း ၇ ရက်နေ့ (၂၃-၁၂-၁၉၄၁) တွင် မြန်မာပြည်သို့ စစ်မီးကူးလာ၏။ ဂျပန်လေတပ်မှ လေယာဉ်

အစင်း ၉၀ ခန့် ရန်ကုန်မြို့ကို စတင်ဗုံးကြဲ၏။ လူများစွာသေကြ၏။ ထို့နေ့မှာပင် ဘီအိုင်အေ ဗမာ့လွတ်လပ်ရေး တပ်မတော်စစ်ကြောင်း လေးကြောင်းခွဲ၍ မြန်မာပြည်တွင်းသို့ ဝင်လာပြီး အင်္ဂလိပ်တို့ကို တိုက်ခိုက်၏။ မန္တလေးသည် အောက်ပိုင်းပြေးလာသော စစ်ပြေးဒုက္ခသည်များနှင့် ပြည့်နေ၏။ ဈေးနှုန်းတွေ ကလည်း တက်နေ၏။ မကြာမီပင် မန္တလေးသို့ စစ်မီးကူးလာ၏။ တပေါင်းလ ဆန်း ၅ ရက် (၁၈-၂-၄၂) နေ့တွင် မန္တလေးနန်းတွင်းရှိ ဗမာပြည်အသင်း တိုက်ကို ဂျပန်လေယာဉ်များက ဗုံးကြဲချ၏။ မန္တလေးတုန်လှုပ်နေ၏။ လူများ စစ်ကိုင်း မင်းကွန်းတောင်ရိုးနှင့် ကျေးလက်များသို့ ပုန်းရန် ပြေးကြ၏။

ဆရာတော်လည်း မိမိဇာတိဖြစ်သည့် လင်းယဉ်ရွာသို့ ကြွရောက် ရောင်တိမ်း၏။ အားလုံးစစ်ဒဏ်မခံရဘဲ ငြိမ်းချမ်းနေ၏။ မန္တလေးသို့ ၁၃၀၃ ခုနှစ်၊ နှောင်းတန်ခူးလဆုတ် ၄ ရက် (၃-၄-၄၂) နေ့တွင် အကြီးအကျယ် ဗုံးကြဲခံရပြန်၏။ တစ်မြို့လုံး မီးဟုန်းဟုန်းတောက် သေကျေကြ၏။ မြန်မာ့ယဉ် ကျေးမှုလက်ရာများ၊ ဘုန်းကြီးကျောင်းတိုက်များ၊ မြတောင်ရွှေကျောင်းတော် ကြီးများ ဆုံးရှုံးခဲ့၏။ ၁၃၀၄ ခုနှစ်၊ ကဆုန်လဆုတ် ၂ ရက် (၃၀-၄-၄၂) နေ့၌ အင်္ဂလိပ်တို့ မန္တလေးမြို့ကို လုံးဝလက်လွှတ်ရ၏။ စစ်ကိုင်းသို့ ဆုတ်ခွာပြီး နောက် အင်းဝတံတားကြီးကို ချိုးပစ်လိုက်၏။ ထိုနေ့၌ပင် ဂျပန်တပ်ဦးက မန္တလေးမြို့ကို သိမ်း၏။ ၁၃၀၄ ခုနှစ် နယုန်လဆန်း ၈ ရက် (၂၁-၅-၄၂) နေ့ တွင် ဒေါက်တာဘမော် မိန့်ခွန်းပြောပြီး ဂျပန်ကိုယုံကြပါဟု တိုက်တွန်း၏။ မကြာမီ ဗမာရာဇဝင်ကို ရွှေကညစ်ဖြင့် ရေးရတော့မည်ဟု ပြောခဲ့သည်။

နယုန်လဆုတ် ၇ ရက် (၄-၆-၄၂) နေ့၌ ဂျပန်စစ်သေနာပတိကြီး ဂျင်နရယ်အီးဒါးက ဗမာပြည်အုပ်ချုပ်ရေး စီစဉ်မှုကော်မတီကို ဖွဲ့ပေး၏။ ဒုတိယဝါဆိုလဆုတ် ၅ ရက် ၁-၈-၄၂ တွင် ဗမာပြည်အစိုးရသစ်ကို ဖွဲ့ပေး၏။ ၁၃၀၄ ခုနှစ်တွင် ဝါဦး၌ ဆရာတော်သည် လင်းယဉ်ရွာမှ မန္တလေးမဟာဝိသုဒ္ဓါ ရုံတိုက်သစ်သို့ ပြန်ကြွလာ၏။ သံဃာတော်တို့လည်း ကျောင်းသို့ပြန်ကြွလာ ၏။ စာအံသံတို့ ပြန်ပေါ်လာ၏။ အခြေအနေ ငြိမ်သက်သော်လည်း စစ်ပွဲကား မပြီးသေး။

ဆုပြည့်စုံထွန်းစာပေ

၁၃၀၄ ခုနှစ် တော်သလင်းလဆုတ် ၅ ရက် (၂၉-၉-၄၂) တွင် မဟာမိတ်တို့မန္တလေးကိုစတင်ဗုံးကြဲ၏။ ဝါတွင်းမှာပင် သံဃာတော်တို့ဘေးကင်းရာသို့ ရွှေ့ပြောင်းကြရပြန်၏။ ထိုအချိန်က ဆရာတော်သည် စစ်ကိုင်းတောင်ရိုး ရတနာမာန်အောင်ချောင်သို့ ပြောင်းရွှေ့ခဲ့၏။ ဝိပဿနာချောင်၌လည်း သီတင်းသုံးတတ်၏။ ၁၃၀၄ ခုနှစ် ပြာသိုလဆန်းစတွင် ဝိပဿနာချောင်ဆရာတော် နေထိုင်မကောင်းဖြစ်လာပြီး ပြာသိုလဆုတ် ၁၀ ရက်နေ့တွင် ပျံတော်မူ၍ ၁၃၀၄ ခုနှစ် ပြာသိုလမှစ၍ ၁၃၁၅ ခု ဝါဆိုလအထိ ဝိပဿနာချောင်၌ သီတင်းသုံးတော်မူ၏။

## ဂျပန်ခေတ်သာသနာရေး

ဂျပန်ခေတ်တွင် ဗမာပြည်အစိုးရအုပ်ချုပ်၍ တစ်နှစ်ပြည့်သည့်နေ့ ၁၃၁၅ ခု ဝါခေါင်ဆန်း တစ်ရက် (၁-၈-၁၉၄၃) နေ့တွင် ရွှေရည်စိမ် လွတ်လပ်ရေးပေး၏။ ဒေါက်တာဘမော် အဓိပတိဖြစ်၏။ ရန်ကုန်မြို့ဗုဒ္ဓသာသနာပြုအဖွဲ့ကြီးက ကြီးမှူး၍ ရိက္ခာပေါင်းစုံ ညီညွတ်ရေးလုပ်၏။

## သတ္တမအကြိမ်ရွှေကျင်ဂိုဏ်းအစည်းအဝေးပွဲကြီး

၁၃၀၇ ခု ဝါခေါင်လဆန်း ၆ ရက် ၁၉၄၅ ခု ဩဂုတ်လ ၁၄ ရက်နေ့၌ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံး၏။ ရွှေကျင်ဂိုဏ်းအစည်းအဝေးပွဲကြီး မလုပ်နိုင်သည်မှာ ၁၀ နှစ်ရှိပြီ။ သတ္တမအကြိမ် အစည်းအဝေးပွဲကြီးကို ၁၃၀၈ ခု တပေါင်းလပြည့်နေ့၌ပြုရန် ဆုံးဖြတ်၏။ ရှမ်းပြည်တောင်ပိုင်း တောင်ကြီးမြို့ အောင်မြေသာစည်ကျောင်းတိုက်၌ ပြုလုပ်၏။ ကြွခါနီး ၁၀ ရက်အလိုတွင်မှ မျက်စိရောဂါကပ်ရောက်လာသဖြင့် အစည်းအဝေးသို့ မကြွနိုင်ဘဲ ဆေးကုနေရ၏။ အစည်းအဝေးသို့ နိကာယဉက္ကဋ္ဌဖြစ်သော ကျိုက်လတ်ပစ္ဆိမာရုံဆရာတော်ကြီး မကြွနိုင်။

၁၃၀၉ ခုနှစ်တွင် စံကင်းဆရာတော်သည် မဟာဝိသုဒ္ဓါရုံတိုက်၌ ဝါကပ်တော်မူသည်။ ထိုနှစ်ဝါခေါင်လဆန်း နှစ်ရက် စနေနေ့ ၁၉၄၇ ခု ဇူလိုင်လ

၁၉ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ကြီးများ ကျဆုံးသည်။ ၁၃၀၉ ခုနှစ် ပြာသိုလပြည့်ကျော် ၉ ရက် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးရ၏။ ၁၃၀၉ ခုနှစ် တပေါင်းလဆန်း ငါးရက် လင်းယဉ်ရွာသို့ ကြွသည်။ နောက်ဆုံးအကြိမ် ဖြစ်၏။ သက်တော် ၇၈ နှစ်ရှိပြီး ၁၃၁၀ ခုနှစ်တွင် စစ်ကိုင်းတောင် ဝိပဿနာချောင်၌ ပြန်လည်ဝါကပ်၏။

## နဝမရွှေကျင်သာသနာပိုင်ဖြစ်တော်မူခြင်း

လွတ်လပ်ရေးရပြီး လေးနှစ်မြောက်ဖြစ်သည့် ၁၃၁၂ ခုနှစ်တွင် မြန်မာ ယိုးဒယား သီဟိုဠ်သုံးနိုင်ငံမှ ကျောင်းတိုက်ပေါင်း တစ်ထောင်ကျော်ရှိသော ရွှေကျင်နိကာယဂိုဏ်းကြီးကို ဦးစီးရသော နဝမရွှေကျင်သာသနာပိုင်ကြီးအဖြစ် တင်မြှောက်ခဲ့သည်။ ထိုနှစ်သည် ရွှေကျင်နိကာယ အနှစ် ၉၀ ပြည့်နှစ် ဖြစ်သည်။ ဆရာတော် သက်တော် ၈၀ ပြည့်သောနှစ်လည်း ဖြစ်လေသည်။ ၁၂၉၆ ခုနှစ် ဆဋ္ဌရွှေကျင်သာသနာပိုင် လှတောဆရာတော်ကြီး လွန်တော်မူသည်။ ကျိုက်လတ် ပစ္ဆိမာရုံဆရာတော်ကြီးက သတ္တမရွှေကျင်သာသနာပိုင် ဖြစ်လေသည်။ ထိုဆရာတော်ကြီး လွန်တော်မူသောအခါ ဝိသုဒ္ဓါရုံတိုက်အုပ် ကန္ဒီဆရာတော်ကြီးက အဋ္ဌမရွှေကျင်သာသနာပိုင် ဖြစ်လာသည်။

၁၃၁၂ ခုနှစ် ထိုဆရာတော်ကြီး လွန်တော်မူသောအခါ နဝမရွှေကျင်သာသနာပိုင်အဖြစ် စံကင်းဆရာတော်ကြီး ဖြစ်လာသည်။ မဟာဝိသုဒ္ဓါရုံတိုက်ကြီးကို ဦးစီးစေရန် မြောင်းမြပဇ္ဇောတာရုံဆရာတော်ကို ၁၃၁၁ ခုနှစ် ပြာသိုလတွင် စာပေး၍ ဗဟိုဌာနမှ ပင့်ခေါ်သည်။

## ရွှေကျင်နိကာယသံဃာ့အစည်းအဝေးကြီးများ

ရွှေကျင်သာသနာနှစ်ပေါင်း ၁၁၁ နှစ်အတွင်း ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးပွဲကြီးပေါင်း ၁၀ ကြိမ်တိတိ ကျင်းပခဲ့သည်။ သာသနာပိုင်ဖြစ်၍ နှစ်နှစ်မြောက်ဖြစ်သော ၁၃၁၄ ခုနှစ်၌ စစ်ကိုင်းတောင် မဟာဂန္ဓာရုံချောင်တွင် အဋ္ဌမအကြိမ် ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီး ကျင်းပ

ပြုလုပ်ခဲ့သည်။ မြို့နယ်ဝိနည်းပြန်ဌာနပေါင်း ၅၃ ဌာနမှ သံဃာ့ကိုယ်စားလှယ် ပေါင်း ၅၀၀ ကျော် ပါဝင်တက်ရောက်ခဲ့သည်။

၁၃၁၈ ခုနှစ်တွင် ပဲခူးမြို့၌ နဝမအကြိမ် ၁၃၂၅ ခုနှစ် မန္တလေးမြို့၌ ဒသမအကြိမ် အစည်းအဝေးပွဲကြီးများကို ကျင်းပခဲ့သည်။ သာသနာပိုင် ဆရာတော်ကြီးသည် သက်တော်ရာကျော်အထိ သတိတော်စွဲမြဲလျက် ထက်မြက်သော ဉာဏ်တော်ဖြင့် အရာရာမှာပင် ဦးဆောင်မှုပေးနိုင်သည်မှာ အလွန်ထူးခြားလှသည်။

## အဘိဓဇမဟာရဋ္ဌဂုရုတံဆိပ်တော်ကို ခံယူတော်မူခြင်း

၁၃၁၅ ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကြီးကို ထိုက်ထိုက်တန်တန် ဆက်ကပ်နိုင်ခဲ့သည်။ ၁၃၁၅ ခုနှစ် ဒုတိယဝါဆိုလဆန်း ၇ ရက် ၁၉၅၃ ခု ဇူလိုင်လ ၁၈ ရက် စနေနေ့တွင် သမ္ဗုတကြီးအိမ်တော်၌ နိုင်ငံတော်အစိုးရ ဆက်ကပ်သည်။ ဆဋ္ဌသံဂါယနာတင်ရန် အဆိုပြုသူမှာ ဝန်ကြီးချုပ် ဦးနု ကိုယ်တိုင်ဖြစ်သည်။ သက်တော် ၈၃ နှစ်ရှိပြီး မျက်စိမှုန်ဝါးနေလေသည်။ လူမျိုးစုလွှတ်တော် နာယကကြီး စပ်ရွှေသိုက်က လာရောက်ပင့်သည်။ ဘွဲ့တံဆိပ် ဆက်ကပ်ပွဲကြီးကို ၁၃၁၅ ခုနှစ် ဒုတိဝါဆိုလဆန်း ၇ ရက် ၁၉၅၃ ခုနှစ် ဇူလိုင်လ ၁၉ ရက် ညနေ ၃ နာရီတွင် သမ္ဗုတအိမ်တော်၌ ကျင်းပသည်။

## ဆဋ္ဌသင်္ဂါယနာတင်ပွဲသို့ ကြွတော်မူခြင်း

၁၃၁၆ ခု ကဆုန်လပြည့်နေ့၌ ရန်ကုန်မြို့ ကမ္ဘာအေးမဟာပါသာဏလိုဏ်ဂူတော်၌ သင်္ဂါယနာတင်ပွဲကျင်းပသည်။ ဆရာတော်ကြီးကို အထူးပင့်ဆောင်ခဲ့ကြသည်။ ဆရာတော်ကြီးသည် သက်တော်ရာကျော်သည်အထိ သာသနာ့တာဝန်နှင့် ရွှေကျင်ဂိုဏ်းကြီး၏ တာဝန်များကို မဟာနာယက ဆရာတော်များနှင့် တိုင်ပင်၍ သတိမလစ်ငယ်မှုမပြန် ပုံမှန်သတိဖြင့် ထမ်းဆောင်နိုင်ခဲ့သည်။

## ဘဝနိဂုံးအဆုံးသတ်တော်မူပြီ

၁၃၃၄ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၉ ရက်နေ့တွင် ဆရာတော်ကြီး အခြေအနေ အနည်းငယ် ပျက်လာသည်။ ရင်ကိုင်လာသည်။ အထက်ကို လေဆောင်နေသည်။ ဝမ်းချုပ်မရဖြစ်နေသည်။ ညနေ ၆ နာရီတွင် ဒေါက်တာသိန်းအောင် ရောက်လာသည်။ မောလာသည်။ ဆရာတော်က ဆေးသောက်ရန် ငြင်းသည်။ လေခံ၍ ပိုဆိုးလာသည်။ နောက် သတိလစ်သွားသည်။ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက်နေ့ ၅-၇-၇၂ နေ့ ၇ နာရီခန့် သွေးတိုင်း ဆေးထိုးလုပ်သည်။ ဒေါက်တာမြမြဝင်း ဆေးသွင်းရန် ကြိုးစားသည်။ အမောငြိမ်သလိုဖြစ်လာပြီး နံနက် ၈ နာရီ ၄၅ မိနစ် အချိန်တွင် ဘဝခရီးအပြီးသတ်တော်မူသည်။

သက်တော် ၁၀၂ နှစ်

သိက္ခာတော် ၈၂ ဝါ

တပည့်များဝမ်းနည်းပက်လက် ဖြစ်ကြရသည်။ အလယ်တိုက်ကြီး အပေါ်ထပ်မှ ကြေးဝိုင်းအချက် ၁၂၀ ချက်တီးခတ်ပြီး နဝမရွှေကျင်သာသနာပိုင် သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီး မျက်ကွယ်ပြုသွားပြီဖြစ်ကြောင်း ကြေညာလိုက်သည်။

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ် ၂၉၅၉၂
ရက်စွဲ...၅-၇-၉၆
ပိဋကသုတေသနစာကြည့်တိုက်

## နဝမရွှေကျင်သာသနာပိုင် စံကင်းဆရာတော်ဘုရားကြီး ပြုစုတော်မူသည့် ကျမ်းဂန်များ

၁။ ဆန္ဒောမဥ္စရီ ဆပ္ပစ္စယဒီပနီကျမ်း

၂။ သဒ္ဒါကြီးနိဿယ

၃။ ပါတိမောက္ခနိဿယ

၄။ ဆန်းနိဿယ

၅။ အလင်္ကာနိဿယ

၆။ ဝစ္စဝါစကနိဿယ


စသည့်ကျမ်းများပြုစုရေးသားခဲ့သည်။

## ကျမ်းကိုးစာရင်း

| | | |
|---|---|---|
| ၁။ | စံကင်းဆရာတော်<br>ဂုရုပွဲတွက်ကထာ | ဦးမာနိတသိရီ၊ ဦးနန္ဒမာလာဘိဝံသ<br>ပဥ္စင်္ဂပုံနှိပ်တိုက်<br>၁၆၇(က)၊ ၃၅ လမ်း(လယ်)<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| ၂။ | ရွှေကျင်နိကာယက<br>သာသနာဝင် | အရှင်ပဏ္ဍိတ (ရွှေဟင်္သာဆရာတော်)<br>ဆုပြည့်စုံထွန်းစာပေ၊ ရန်ကုန်မြို့။ |

QUALITY PUBLISHING HOUSE နှင့် **ဆုပြည့်စုံထွန်းစာပေတို့မှ**

စီစဉ်ထုတ်ဝေထားသော အတ္ထုပ္ပတ္တိစာအုပ်များ




လယ်တီဆရာတော်ဘုရားကြီး ဘဒ္ဒန္တဉာဏဓဇ


ဆုပြည့်စုံထွန်းအယ်ဒီတာအဖွဲ့

တန်ဖိုး - ၂၀၀၀

အမှတ်၅၀၈/၅၁၂၊ ပထမထပ်၊ ကုန်သည်လမ်း (ဆိပ်ကမ်းသာလမ်းထောင့်)၊ သရဖီကွန်ဒို၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။ **mail: qualityph@gmail.com**

QUALITY PUBLISHING HOUSE နှင့် **ဆုပြည့်စုံထွန်းစာပေတို့မှ**

**စီစဉ်ထုတ်ဝေထားသော အတ္ထုပ္ပတ္တိစာအုပ်များ**




မဟာစည်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသောဘန


ဆုပြည့်စုံထွန်းအယ်ဒီတာအဖွဲ့

တန်ဖိုး - ၂၀၀၀

အမှတ်၅၀၈/၅၁၂၊ ပထမထပ်၊ ကုန်သည်လမ်း (ဆိပ်ကမ်းသာလမ်းထောင့်)၊ သရဖီကွန်ဒို၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။ **mail: qualityph@gmail.com**

QUALITY PUBLISHING HOUSE နှင့် **ဆုပြည့်စုံထွန်းစာပေတို့မှ**

စီစဉ်ထုတ်ဝေထားသော အတ္ထုပ္ပတ္တိစာအုပ်များ




ဘုန်းတော်ကြီးဦးသီလ


ဆုပြည့်စုံထွန်းအယ်ဒီတာအဖွဲ့

တန်ဖိုး - ၂၀၀၀

အမှတ်၅၀၈/၅၁၂၊ ပထမထပ်၊ ကုန်သည်လမ်း (ဆိပ်ကမ်းသာလမ်းထောင့်)၊ သရဖီကွန်ဒို၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။ **mail: qualityph@gmail.com**

QUALITY PUBLISHING HOUSE နှင့် **ဆုပြည့်စုံထွန်းစာပေတို့မှ**

**စီစဉ်ထုတ်ဝေထားသော အတ္ထုပ္ပတ္တိစာအုပ်များ**




ထေရဝါဒဗုဒ္ဓသာသနာ့သမိုင်း၌နေတစ်ဆူ လတစ်စင်းအသွင် ထင်ရှားသည့်

ပထမရွှေကျင်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဇာဂရ


ဆုပြည့်စုံထွန်းအယ်ဒီတာအဖွဲ့

တန်ဖိုး - ၂၀၀၀

အမှတ်၅၀၈/၅၁၂၊ ပထမထပ်၊ ကုန်သည်လမ်း (ဆိပ်ကမ်းသာလမ်းထောင့်)၊ သရဖီကွန်ဒို၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။ **mail: qualityph@gmail.com**

QUALITY PUBLISHING HOUSE နှင့် **ဆုပြည့်စုံထွန်းစာပေတို့မှ**

စီစဉ်ထုတ်ဝေထားသော အတ္ထုပ္ပတ္တိစာအုပ်များ




သာသနာပြုအကျော် ဝိသုဒ္ဓါရုံ

မြောင်းမြပဋ္ဌောတာရုံဆရာတော်ဘုရားကြီး ဘဒ္ဒန္တဉာဏာဘိဝံသ


ဆုပြည့်စုံထွန်းအယ်ဒီတာအဖွဲ့

တန်ဖိုး - ၂၀၀၀

အမှတ်၅၀၈/၅၁၂၊ ပထမထပ်၊ ကုန်သည်လမ်း (ဆိပ်ကမ်းသာလမ်းထောင့်)၊ သရဖီကွန်ဒို၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။ **mail: qualityph@gmail.com**

## QUALITY PUBLISHING HOUSE နှင့် **ဆုပြည့်စုံထွန်းစာပေတို့မှ**

## စီစဉ်ထုတ်ဝေထားသော အတ္ထုပ္ပတ္တိစာအုပ်များ




နဝမမြောက်ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်ဘုရားကြီး

ဘဒ္ဒန္တစန္ဒာဘိဝံသ

ဆုပြည့်စုံထွန်းအယ်ဒီတာအဖွဲ့

တန်ဖိုး - ၂၀၀၀

အမှတ်၅၀၈/၅၁၂၊ ပထမထပ်၊ ကုန်သည်လမ်း (ဆိပ်ကမ်းသာလမ်းထောင့်)၊ သရဖီကွန်ဒို၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။ **mail: qualityph@gmail.com**

QUALITY PUBLISHING HOUSE နှင့် **ဆုပြည့်စုံထွန်းစာပေတို့မှ**

စီစဉ်ထုတ်ဝေထားသော အတ္ထုပ္ပတ္တိစာအုပ်များ




မြန်မာစစ်စစ် မင်းကျန်ရစ်

ဗုဒ္ဓပိဋကတ်စာပေနှင့် သမိုင်းစာပေ ဆက်စပ်သုတေသနပြုတွေ့ရှိချက်

ဦးလှသိန်းထွဋ်(ဓမ္မာစရိယ, **B.A, H.G.P**)

တန်ဖိုး - ၂၀၀၀

အမှတ်၅၀၈/၅၁၂၊ ပထမထပ်၊ ကုန်သည်လမ်း (ဆိပ်ကမ်းသာလမ်းထောင့်)၊ သရဖီကွန်ဒို၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။ **mail: qualityph@gmail.com**

သင်္ချိုင်း၏ ဤမှာဘက်လောက်ကိုသာ ကြည့်ရှုတတ်ပြီး ကိုယ် အခွင့်အရေးသာတုန်း တိရစ္ဆာန်များပမာ နိုင်ရာစားသော သဘောတရား အယူဝါဒ အတွေးအခေါ်များကို ပွေ့ပိုက်၍ သူတစ်ပါးထမင်းလုတ်ကို လုတတ်ကြသည့် “လုဝါဒီ”များ ဖြစ်လာမည်ကို စိုးရိမ်ရွံ့မုန်းသလို ဘူးလုံးနားမထွင်း အသိဉာဏ်ကင်းပြီး အငတ်ငတ်အပြတ်ပြတ် လူးလိမ့်ခံစားရသော အဖိနှိပ်ခံ “လူးများ” ဖြစ်မည်ကိုလည်း ကြောင့်ကြသည်။

“လူ”ဆိုသည်မှာ ကိုယ်ကျင့်သိက္ခာ၊ အသိပညာ၊ မေတ္တာ ကရုဏာ စသော ဂုဏ်အင်္ဂါတို့ဖြင့် တည်ဆောက်ထားသူသာ ဖြစ်ရမည်။ ထင်ရာလုပ်၊ ထင်ရာပြော လူ့ကျင့်ဝတ် လူ့စိတ်ဓာတ် လူ့အသိ ကင်းလွတ်ပြီး ကရုဏာ မေတ္တာ မုဒိတာ ခေါင်းပါးသူ မဖြစ်ရပေ။ ပညာမဲ့၊ အသိမဲ့၊ ဘာသာမဲ့၊ သာသနာမဲ့၊ အမျိုး ဘာသာ သာသနာစိတ် နိမ့်ကျ အဖိနှိပ်ခံ လူ့သုညလည်း မဖြစ်ရပေ။ လူပီသရေးမှာ ဗုဒ္ဓဘာသာ အသိဉာဏ်ပေါ် အခြေစိုက်နေရမည်။ ဗုဒ္ဓဘာသာ အသိဉာဏ်သည် ဤကမ္ဘာလောကတွင် သတ္တဝါတိုင်း လိုက်နာကျင့်ကြံရမည့် အကောင်းဆုံး အမှန်ဆုံး အကျိုးရှိဆုံး ဖြစ်သည်ဟု တစ်ထစ်ချ ယုံမှားမရှိ ယုံကြည်သည်။ သင်ကြားမှုသည် သုတကို တိုးပွားစေသည်။ သုတသည် ပညာကို တိုးစေသည်။ ပညာဖြင့်သာ အကျိုးရှိသော လုပ်ငန်းများကို သိမြင်နိုင်သည်။ အသိတရားရှိမှ အကျိုးစီးပွား လွယ်လွယ်ကူကူ ရနိုင်သည်။

**စံကင်းဆရာတော်ဘုရားကြီး**